www.burmeseclassic.com




# ခင်ဦးခင်ခင်
ဆေးတက္ကသိုလ်

# ရယ်မောခြင်းကမ်းပါး
နှင့်
# ရင်မောခြင်းကမ်းပါး

www.burmeseclassic.com

www.burmeseclassic.com



# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

## ရယ်မောခြင်းကမ်းပါး

နှင့်

## ငိုမောခြင်းကမ်းပါး



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းဘွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းချုပ်ကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

"အချစ်"ဆိုတဲ့ ဝင်လယ်ပြင်ကြီးရဲ့ တစ်ဖက် တစ်ချက်စီမှာ "ရယ်မောခြင်း"နဲ့ "ရင်မောခြင်း" ဆိုတဲ့ ကမ်းပါးတွေ ရှိကြပါတယ်။ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးဟာ အဲဒီကမ်းပါး တစ်ဖက်တစ်ချက်စီကို မနားတမ်း စုန်ဆန် ကူးခတ် နေကြရတာပါ။

သေချာတာ တစ်ခုကတော့ ဘယ်လို ချစ်သူ စုံတွဲမျိုး မှ ကမ်းပါး တစ်ဖက်တည်းမှာပဲ တစ်သက်စာ ကျောက်ချ နားနေခွင့် မရှိကြ တာပါပဲ။

ရွှေနှယ်ရိုး



www.burmeseclassic.com



www.burmeseclassic.com

# ၁

လမ်းမတော် ဆေးကျောင်းရဲ့ ဘားရပ်နားရာ နေရာမှာ ဗာဒံပင်များ ရှိသည်။ ထိုအထဲက တစ်ခုသော ဗာဒံပင်ရဲ့အောက်မှာ မိန်းကလေး၊ လေးယောက်သည် နေ့လယ်တိုင်း ထမင်းအတူစားကြလျက် ကျောင်းမတက်မချင်း ဇကားပြောလေ့ ရှိကြလေသည်။

တစ်ခုသောနေ့မှာတော့ ရွှေနှယ်ရီး ဆိုသည့် မိန်းကလေးက မေးခွန်းတစ်ခုကို ကောက်ခါငင်ခါ ထုတ်လိုက်သည်။

"ဟော့ ... ငါမေးမယ်၊ အချစ်ဆိုတာ ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရီးက တစ်ခုခု မေးလိုက်လေတိုင်း ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကောက်ခနဲ အဖြေပြန်ပေးတတ်သော သီလဝါ အပါအဝင် ကျန်သုံးယောက်စလုံး ပါးစပ်အဟောင်းသားနှင့် ငြိမ်သက်ကုန်ရလေသည်။

"မသိဘူး ... နင်ရော သိလို့လား"

အတန်ကြာမှ မြလွှာရုံ ဆိုသည့် တစ်ယောက်က ပြန်မဖြေရင်း တစ်ဆက်တည်း မေးခွန်းပြန်ထုတ်သည်။ ရွှေနှယ်ရီးက ရယ်မောကာ ...

"ငါမသိလို့ နင်တို့ကို မေးတာပေါ့ဟ ... ဟဲ ... ဟဲ"

"ဟုတ်တယ် ... ရွှေရီးရဲ့ မေးခွန်းက စိတ်ဝင်စားဖို့ကောင်းတယ် ... ဒါပေမယ့် အဖြေကို ငါတို့ မသိကြဘူးနော်၊ အဲဒါ ငါတို့ တစ်ယောက်မှ ရည်းစားမရှိကြသေးလို့လား မသိဘူး"

မေခိုင်မာက မေးဖျားကို လက်ညှိုးလေးနဲ့ ထောက်ကာ တွေးတွေးဆဆ ပြောသည်။

"အေး ... ဖြစ်နိုင်တယ်၊ အချစ်ဆိုတာ ကိုယ်တိုင်ခံစားကြည့်မှ သိနိုင်မဲ့ အရာမျိုးပဲ၊ ဒီတော့ ဒီလိုလုပ်ကြရအောင် ... ငါတို့တွေ တစ်ချိန်မှာ အားလုံး အိမ်ထောင်ကျသွားရင်ပဲ ဖြစ်ဖြစ် ... ဒါမှမဟုတ် အချစ်နဲ့ ပတ်သက်လို့ အတွေ့





အကြုံ တော်တော်ရလာကြရင်ပဲဖြစ်ဖြစ် အဲဒီအခါမျိုးမှာ ပြန်ဆုံတဲ့အခါကျမှ ဒီမေးခွန်းကို ဖြေကြရအောင်"

သီလဝါက စတင်အဆိုပြုလိုက်လျှင် အားလုံးသဘောတူကျေနပ်ကာ ခေါင်းတညိတ်ညိတ် ထောက်ခံကြလေသည်။

"ဟုတ်တယ် ... မိသီပြောတာ သဘာဝကျတယ်၊ ငါတို့တွေ အသက်ကြီးလာလို့ တစ်ချိန်မှာ လေးယောက်စလုံး ပြန်ဆုံကြလို့ရှိရင် ဒီမေးခွန်းကို သတိရတဲ့သူက ကောက်မေးလိုက်၊ အဲဒီအခါကျရင် ကိုယ့်ခံစားချက်ကို မဖုံးကွယ်တမ်း အမှန်အတိုင်း ပြောရမှာနော်"

"ပြောမှာပေါ့ဟယ် ... ဒီသူငယ်ချင်းလေးယောက် ဒီလောက်ခင်ကြတဲ့ဥစ္စာ၊ တစ်ယောက်အကြောင်းတစ်ယောက် အကုန်သိပြီးသား၊ ဘာမှ ဖုံးကွယ်ထိန်ချန်ထားစရာမှ မလိုတာ၊ ဒါပေမယ့် မြရုံ ... နင်က မြို့စေ့စေ့နဲ့ သိပ်လျှို့ဝှက်ချင်တာနော်၊ နင့်အလှည့်ကျရင် မပြောချင်ဘူး ဘာညာငြင်းလို့မရဘူး ... သိလား"

"အေးပါ နိုင်မာရယ်၊ နင်ကလည်း တကယ့်အချိန်တောင် မရောက်သေးဘူး ကြိုပြီး ခြိမ်းခြောက်ဟိန်းဟောက်နေလိုက်တာ၊ ငါ့မှာ နင်တို့ကို ဘယ်တုန်းက ထိန်ချန်လို့ လိုမှုလို့လဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှာ အအေးဆေးဆုံး မြလွှာရုံက မျက်တောင်လေး ဖုတ်ခတ်ဖုတ်ခတ်နှင့် သဘောတူလိုက်ပြီဆိုလျှင် အစကတည်းက တက်ကြွစွာ သဘောတူပြီးသားဖြစ်သော ကျန်သုံးယောက်က ဘာမှ ကန့်ကွက်စရာ မရှိတော့။

"ဒါဖြင့်ရင် ဖုတ်ပြီနော်၊ ဒါဆဲဒါ ငါတို့ကြားက အရေးကြီးတဲ့ ကတိကဝတ်ပဲနော်၊ ဘယ်အချိန် ဘယ်အခြေအနေပဲရောက်ရောက် ဒီစကားကို မမေ့ကြေး၊ ကိုယ့်ရဲ့ခံယူချက်ကိုလည်း ပြောပြဖို့ ဝန်မလေးကြေး၊ ဟုတ်ပြီလား"

လေးယောက်သား လက်ချင်းချိတ်လျက် ကတိကဝတ် ပြုလိုက်ကြပြီးလျှင် ရယ်ရယ်မောမောဖြင့် အတန်းတက်ဖို့ ထွက်လာခဲ့ကြလေတော့သည်။

ယောက်ျားလေးတစ်ယောက်ကို ဒီနေ့ အဖြေပေးမည်လို့ ဆုံးဖြတ်ထားပြီးသား မိန်းကလေးတစ်ယောက်ဟာ အဲဒီနေ့မနက် အိပ်ရာက နိုးနိုးချင်း ဘာလုပ်တတ်သည်ဟု ထင်ပါသလဲ။

တခြားသူတွေ ဘာလုပ်ကြသည် ဆိုတာတော့ စိတ်လိုလက်ရ သုတေသန မပြုဘူးလို့ မသိ။ ရွှေနှယ်ရိုး ဆိုသည့် မိန်းကလေးကတော့ မှန်တင်ခုံရှေ့မှာ ကျကျနနထိုင်ကာ ကိုယ့်မျက်နှာကိုယ် မှန်ထဲမှာ သေသေချာချာ ကြည့်မိလေသည်။

www.burmeseclassic.com



မှန်ကြည့်တယ်ဆိုတာတောင်မှ ကိုယ်ဘယ်လောက်လှသလဲ၊ ဘယ်နေရာလေးက လှလို့များ ကိုယ့်ချစ်သူအလောင်းအလျာလေးရဲ့ မျက်စိထဲ စွဲမက်စရာ ဖြစ်ရလေသလဲ၊ ကိုယ်ဘယ်လိုနေရင်များ ချစ်သူရဲ့ မျက်စိထဲမှာ ပသာဒဖြစ်စရာ ကောင်းလေမလဲ၊ အဖြေပေးသည့်အခါမှာ အလှဆုံး အနေအထားနဲ့ ဘယ်လိုလေး အဖြေပေးလိုက်မလဲ စသည့် စိတ်ကူးတွေနဲ့ ကြည့်တာမဟုတ်။ ကိုယ့်ရဲ့ချစ်သူ မရှိသေးသော မျက်နှာကို နောက်ဆုံးအနေနဲ့ ကြည့်ချင်တာပင်။

မှန်ထဲမှာ ပေါ်နေသည့် ဆံပင်ဖွာဖွာ၊ မျက်နှာဝိုင်းဝိုင်း၊ အသားညိုညို၊ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနဲ့ ကောင်မလေးသည် နဂိုကတည်းက ပြဲပြီးသား ပါးစပ်ကို ပိုပြီးကျယ်သွားအောင် အစွမ်းကုန် ဖွင့်ဟလျက် ပြုံးပြီးသား ဖြစ်နေလေသည်။

ရွှေနှယ်ရီးဟာ ဘယ်လိုအကြောင်းကြောင့်များ မျက်နှာကို ခပ်တည်တည် မထားနိုင်ရသလဲ မသိချေ။ အမေမွေးကတည်းက သူများကလေးတွေလို ငိုသံနှင့် ထွက်မလာဘဲ (ခပ်ပြုံးပြုံးဟု ထင်ရသော မျက်နှာထားမျိုးနှင့်) အမေ့ဗိုက်ထဲက ထွက်ချလာတာဟု ဆိုစမှတ် အပြုံးခံရှုံးသော ရွှေနှယ်ရီးဟာ အပြင်မှာလည်း ငိုဖို့ထက် ရယ်ဖို့ကိုသာ အားသန်တတ်သူပင်တည်း။

မယ်စဉ်တောင်ကျေး၊ ကလေးဘဝတုန်းကလည်း





ကစားရင်း ချော်လဲတာတို့၊ တစ်ခုခုကို ထိခိုက်မိတာတို့ရှိလျှင် ဘယ်တော့မှ မငိုတတ်ဘဲ ရယ်မြဲရယ်တတ်ခဲ့သော၊ လိုချင်တာတစ်ခုခုရှိလို့ ပူဆာလျှင် မျက်နှာပြုံးပြုံးလေးနဲ့သာ အမြဲပူဆာတတ်ခဲ့သော၊ လိုချင်တာမရလျှင်လည်း စိတ်မဆိုး၊ ကျိမကျဘဲ ချက်ချင်းစိတ်ကိုဖြေလိုက်နိုင်သော ရွှေနှယ်ရီးဟာ ကလေးသိမ္မာလေး တစ်ယောက်အဖြစ် နာမည်ကြီးခဲ့ရတာပင်။

တကယ်တော့ ရွှေနှယ်ရီးက လူကြီးတွေကို ဒုက္ခမပေးဘဲ သိပ်ကြီး လိမ္မာသိတတ်တာတော့ မဟုတ်ပါ။ လူတစ်ယောက်ဟာ "ငိုခြင်း"နှင့်"ရယ်ခြင်း"ဆိုသည့် အတတ်ပညာနှစ်ခုစလုံးကို မွေးကတည်းက တတ်မြောက်ပြီးသားပါလာဖို့ ရှိသည်ဆိုလျှင် ရွှေနှယ်ရီးက တစ်နေရာမှာ ချို့တဲ့ကာ "ငိုခြင်း"ဆိုသည့် အတတ်ပညာကို မတတ်မြောက်လာခဲ့တာပဲ ဖြစ်သည်။

နဂိုစီကတည်းက ငိုတတ်ခြင်းစွမ်းရည် ချို့တဲ့လာသူဝီဝီ အဖြစ်အပျက်တစ်ခုကို တုံ့ပြန်ရာမှာ အငိုနဲ့မတုံ့ပြန်ဘဲ အရယ်နဲ့ တုံ့ပြန်သည့် သဘောပင်။

ငိုရမည့် နေရာမှာ ရယ်တတ်တာကလွဲလျှင် ရွှေနှယ်ရီးဟာ ခပ်ဆိုးဆိုး ကောင်မလေး တစ်ယောက်ပင်။ ဘယ်သူ့ဘဲ့မှ ဂရုမစိုက်ဘဲ ကိုယ်လုပ်ချင်ရာ လုပ်တတ်သည့် နေရာမှာတော့ ကိုး ရှုးရှုန်ပြောင်မြောက်တတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ချွန်နှယ်ရိုးနဲ့ တွဲဖက်ဖြစ်သည့် သီလဝါကလည်း ကိုယ်လိုပဲ ခပ်ဆိုးဆိုးရယ်လေ။ ငယ်ငယ်တည်းက အတူပေါင်းသင်း တွဲဖက်လာသည့် သူငယ်ချင်းလေးယောက်စလုံး ဆေးကျောင်းကို အတူတူရောက်ခဲ့ကြတာပေမယ့် နည်းနည်းအေးသည့် မြလှာရုံနဲ့ မေခိုင်မာတို့ နှစ်ယောက်က တတွဲဖြစ်ကာ ချွန်နှယ်ရိုးနဲ့သီလဝါတို့က ခုံနံပါတ်ချင်းနီးလျက် တစ်တွဲဖြစ်သွားတာသည် ချွန်နှယ်ရိုးကို ပိုပြီး စိတ်လွတ်လက်လွတ် နေတတ်သူကလေး ဖြစ်လာစေသည့် အကြောင်းရင်းပင်။

အတန်းထဲမှာနေလျှင် ဟိုအငြိမ်စားနှစ်ကောင်ရဲ့ အုပ်ထိန်းမှုအောက်မှာ သေသေဝပ်ဝပ် ရှိသလောက် ဆေးရုံမှာနေချိန်ဆိုလျှင်တော့ ချွန်နှယ်ရိုးနဲ့ သီလဝါတို့ နှစ်ယောက်တည်းဖြစ်ပြီမို့ အကြီးအကျယ် သောင်းကျန်းကြပါလေသည်။

ဘုရားသခင်ကပဲ စရိုက်တူရာတွေ စုထားပေးသလားမသိ၊ ချွန်နှယ်ရိုးတို့ အတန်းထဲမှာ အက္ခရာစဉ်အလိုက် ခုံနံပါတ်ပေးပြီး နီးစပ်ရာခုံနံပါတ်တွေကို အုပ်စုခွဲကာ ဆေးရုံဆင်းရလေရာ ရှေ့ဆုံးဖြစ်သည့် ကကြီး,စ,လုံး အုပ်စုတွေဟာ အေးဆေးငြိမ်သက်လျက် စာကို တကုပ်ကုပ် လုပ်ကြသူတွေ၊ နငယ်နဲ့ မ,အုပ်စုတွေဟာ ချောချောလှလှလေးတွေ ဖြစ်လျက် အလှအပကိုလည်း စိတ်ဝင်စားကြသူတွေဖြစ်ပြီး ယပက်လက်, ရကောက်, လ, ဝ,





သ, အ, အုပ်စုတွေဟာ တကယ့် ပေါက်ကျော် မျောက်လောင်းတွေ။

နဂိုဗီဇကိုက အငြိမ်းစား မဟုတ်သည့် ချွန်နှယ်ရိုးဟာ ဒီလိုလူမျိုးတွေနဲ့ ပေါင်းဖက်လိုက်သောအခါ ဘယ်လိုမှ ချုန်းအုပ်မရတော့ချေ။

ဒါတောင် ချွန်နှယ်ရိုးက ပျော်တတ်ရုံ၊ အစအနောက်သန်ရုံသက်သက် ရှိသေးတာ။ သီလဝါဆို လူတကာကို ချောက်တွန်းပြီး သူများတကာ ချောက်တွန်းတိုင်းလည်းခံကာ ပေါက်ကရမျိုးစုံကို ထိပ်ဆုံးက လုပ်တတ်သေးတာ။

သီလဝါနဲ့ ချွန်နှယ်ရိုးဟာ မိန်းကလေးတန်မယ့် အဆော့သန်၊ အစအနောက်သန်၊ ပြောင်ချော်ချော်၊ ပေါတောတောနိုင်လွန်းလို့ပဲ ရုပ်ကလေးတွေ မဆိုးကြပါလျက် ဘယ်ကောင်လေးကမှ မကြိုက်ရဲတာ။

တကယ်တော့ ဘယ်လိုမှ မျှော်လင့်မထားသည့် အဖြစ်အပျက်ပါ။ ယောကျ်ားလေး တစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်မိသွားလိမ့်မည်ဆိုတဲ့ အတွေးမျိုးများ ဟိုးအရင်ကဆို ဘယ်တွေးမိပါလိမ့်မလဲ။

နောက်ပြီး ချွန်နှယ်ရိုး ချစ်မိသွားသည့် ကောင်ကလေးဟာ အခုမှ တွေ့ဖူးသည့် သူစိမ်းပြင်ပြင် အသစ်အဆန်းလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ချေ။ ကိုယ့်အုပ်စုထဲမှာပဲ 1st M.B ထဲက အတူတူရှိလာခဲ့ပြီး ရယ်မောဖော် ရယ်မောဖက်၊ အားပေးဖော် အားပေးဖက်၊ ရန်ဖြစ်ဖော် ရန်ဖြစ်ဖက်၊ စာမေးပွဲ ကျဖော်ကျဖက်၊ သူများကို ချောက်တွန်းဖော်တွန်းဖက်၊ စာခိုးချဖော်ချဖက် ဖြစ်သောသူ။ တစ်ယောက်ရဲ့ ဆိုးကွက်၊ ညံ့ကွက်၊ မကောင်းကွက်တွေကို ကျန်တစ်ယောက်က အကုန်အစင်သိကာ ဘယ်လိုမှ ဟန်ကြီးပန်ကြီး လုပ်လို့မရတော့သော သူမျိုးပင်။

တစ်ခါတစ်ခါမှာ ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩမိချင်ရဲ့။ ဘယ်လိုစိတ်ကူးမျိုးနဲ့များ "သာဒင်ညို" ဆိုသည့် ကောင်က်လေးကို ချစ်သွားမိတာပါလိမ့်။

နှစ်ယောက်စလုံးဟာ နောက်ချွတ်ချွတ်နိုင်တာ၊ ဗရုတ်သုတ်ခနိုင်တာတွေမှာ အကျင့်ချင်း တူညီလျက် တစ်ယောက်ကို တစ်ယောက် ဘယ်လိုမှ အထင်ကြီးလို့ မရသော၊ တည့်လည်း မတည့်ကြသော သူတွေသာ ဖြစ်ပါလျက် ဘာကြောင့်များ ချစ်သူတွေ အဖြစ် ကူးပြောင်းချင်စိတ် နှစ်ယောက်စလုံးမှာ ပေါ်ပေါက်လာခဲ့ရတာလဲ။

တကယ်တော့ ဒါဟာ လှောင်ပြောင်တတ်သော က်ကြမ္မာရဲ့ လက်စွမ်းပြမှု တစ်ခုပဲ ဖြစ်ဖို့များလေသည်။



## ၃

သာဒင်ညိုနဲ့ စတင်ဆုံစည်းခဲ့သည့်နေ့ကို မှတ်မှတ်ရရ ပြန်ပြောဖို့ မဖြစ်နိုင်တော့သော်လည်း သူ့ကိုယ်မသိ၊ ကိုယ့်သူမသိ ဘဝနဲ့ အတူတူ စာသင်နေကြရသော ပထမနှစ်ကျောင်းသားဘဝမှာ "သာဒင်ညို" ဆိုတဲ့ ကောင်ကလေးကို ရွေ့နှယ်ရိုးတို့ တစ်ဖွဲ့လုံး မှတ်မှတ်ထင်ထင် ရှိခဲ့ရသည့် နေ့ကတော့ ဓာတုဗေဒ လက်တွေ့ခန်း ဝင်ရသည့် နေ့တစ်နေ့ပဲ ဖြစ်သည်။

ထိုနေ့က လုပ်ရမည့် စမ်းသပ်မှုက ဓာတုဆေးရည်တစ်ခုထဲ နောက်ထပ်အမှုန့်တစ်ခုကိုရော၊ ရေထည့်ကာ မီးဖိုမှာ နဂိုရှိသည့်အရောင် ပျောက်သွားသည်အထိ အပူပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားအားလုံးဟာ ကိုယ်စီကိုယ်ငှ ဆေးရည်ခွေရောနှောပြီး မီးဖိုမှာ စုဖြိုတိုးဖေ့လျက် ကိုယ့်စမ်းသပ်ဖန်ပြွန်ကို အပူပေးဖို့ စောင့်ဆိုင်းကြရပါသည်။

တစ်ခန်းလုံးမှာ ကျောင်းသားငါးဆယ်ကျော်ရှိပြီး မီးဖိုက နှစ်လုံးတည်း ရှိတာမို့ ကိုယ့်အလှည့် အမြန်ရောက်အောင် သုယက်တိုးခွေ့ စောင့်ဆိုင်းနေသည့် လူတွေကြားထဲ ကျောင်းသားတစ်ယောက်ရဲ့ ကျယ်ကျယ်လောင်လောင် အော်ဟစ်လိုက်သံကြောင့် အားလုံး အလန့်တကြားတွေ ဖြစ်သွားရလေသည်။

"ဟာ ... ငါ့အရည်တွေက အရောင်ပျောက်မသွားဘဲ အပူပေးလေ အရောင်ရင့်လေလေ ဖြစ်လာပါရောလား"

သူ့အော်တော့မှ အနီးတဝိုက်မှာ ရှိနေကြသူတွေအားလုံး သူ့လက်ထဲက စမ်းသပ်ဖန်ပြွန်ကို ဝိုင်းကြည့်မိကြလျှင်ဘာကယ်ပင် နဂိုက ပန်းရောင်ဖျော့ဖျော့ ရှိခဲ့သော အရည်ဟာအရောင်ပျောက်သွားရမည့်အစား ခုတ်ခဲကျိုးရောင် ပုပ်ပုပ်ရင့်ရင့်ကြီး အဖြစ်သို့ ပြောင်းလဲသွားတော့သည်။

"ဟဲ့ ... နင် ကယ်မီကယ်(လ်)တွေထဲ ဘာထည့်သေးလဲ"

"ရေပဲထည့်တာလေ ... ဆရာမက ရေထည့်ပြီးမှ အပူပေးရမယ်ဆို"





"ဟုတ်ပါတယ်၊ ရေထည့်တယ်ဆိုတာ အပူပေးလိုက်ရင် အထဲက အရည်တွေ ချက်ချင်းဆူပွက်ပြီး ခမ်းမကုန်အောင်လို့ ထည့်ခိုင်းတာ"

ကောင်လေးက လူများနဲ့ တစ်ဘာသာ ခြားနားလျက်ရှိသော သူ့ test tube ကို မြှောက်ကြည့်လိုက်၊ ခေါင်းကုတ်ပြီး စဉ်းစားလိုက်နှင့် အတော်ကို ဦးနှောက်ချောက်နေရှာပုံပင်။

"နေပါဦး ... နင်တို့တွေ ရေထည့်တော့ ဘယ်ကယူထည့်လဲ"

"ဘုံပိုင်ကပေါ့"

အားလုံးရဲ့ တက်ညီလက်ညီ ဖြေသံကြောင့် ကောင်လေးက ရှုံ့မဲ့သွားကာ ...

"စားပွဲပေါ်က distilled water (ပေါင်းခံရည်)ပုလင်းထဲက မယူဘူးလား"

သူတို့ စမ်းသပ်မှု လုပ်ဖို့အတွက် စားပွဲရှည်ကြီးတွေ ချပေးထားရာ စားပွဲခုံတိုင်းရဲ့ အလယ်မှာ အသုံးများသော ဓာတုဆေးရည်တချို့ကို ချပေးထားပါသည်။ အဲဒီထဲမှာ ဖင်လုံးဖန်ဘူး တစ်ခုထဲ ထည့်ထားသော ပေါင်းခံရည်လည်း ရှိတာအမှန်ပင်။

သို့သော်လည်း ပိုက်နဲ့တပ်ထားသော ဖန်ဘူးထဲက ပေါင်းခံရည်ကို အပင်ပန်းခံ ယူနေမည့်အစား အားလုံးက ပြီးလွယ်သောကြောင်း ဘုံပိုင်ကရေကိုပဲ ထည့်လိုက်ကြတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ယူရမှာလဲ၊ အပင်ပန်းခံလို့၊ နင်က အဲဒီထဲက ယူလာတာလား"

"ဟုတ်တယ်လေ၊ ပေါင်းခံရည်ဆိုတော့ ပိုပြီးသန့်အောင်လို့"

စားပွဲပေါ် စီချထားသော ပေါင်းခံရည်ပုလင်း၊ ဆားလဖျူရစ်အက်ဆစ်အပြင်း ထည့်သောပုလင်း၊ ဓာတ်ဆေးရည်ပုလင်းတွေကို တစ်ချက်လှမ်းကြည့်ပြီး ရွှေနှယ်ရီးက တစ်စုံတစ်ခုကို သက်ခမကောင်း ဖြစ်လာကာ ...

"ကဲ ... ပြောစမ်း ... နင် ဘယ်ပုလင်းထဲကရေ ထည့်လိုက်တာလဲ"

"ဒီမှာလေ ... ဟောဒီပုလင်းလေးထောင့်ကြီးထဲက ယူတာလေ၊ မဟုတ်ဘူးလား"

"ဟား ဟား ဟား ... ထင်တဲ့အတိုင်းပဲ၊ နင်ယူတဲ့ပုလင်းက ပေါင်းခံရည်ထည့်တဲ့ပုလင်း မဟုတ်ဘူးဟဲ့ ဆားလဖျူရစ်အက်ဆစ် အပြင်းတွေ ထည့်ထားတာ၊ အဲဒါတွေ test tube တစ်ခုက်လောက် သွားထည့်လိုက်မှတော့ နင့်ဟာ ခံနိုင်ရည် ရှိပါဦးတော့မလား"

ထင်သည့်အတိုင်းပဲ ရေဘူးမှတ်လို့ သူထည့်လိုက်သည့် ပုလင်းဟာ အက်ဆစ်အပြင်းစားတွေ ထည့်ထားသည့် ပုလင်း ဖြစ်နေတော့တာ။





"ဘုရား ... ဘုရား ... ကံကောင်းလို့ ကြည့်စမ်း၊ အက်ဆစ်တွေ ဒီလောက်ထည့်ထားပြီး မီးအပူကလည်း တိုက်လိုက်သေးတယ်၊ ကံကောင်းလို့ပေါ့၊ ထပြီးပေါက်ကွဲကုန်ရင် နင်တင်မကဘူး၊ ဒီနားမှာ စုပြုံနေတဲ့ လူတွေအားလုံး ဒုက္ခရောက်မှာ"

အားလုံးက အခုမှပဲ ကိုယ့်အန္တရာယ် ဘယ်လောက်ကြီးမားခဲ့ကြောင်း တွေးမိကာ ရင်ဘတ်တဖိဖိ ဖြစ်ကုန်ကြလေသည်။

"နင့်ကို ဆရာမနဲ့ သွားတိုင်လိုက်လို့ကတော့ ကောင်းကောင်း အမှတ်လျှော့ ခံရမှာပဲ"

"ဟာ ... မလုပ်ပါနဲ့ဟာ ... နဂိုတည်းက အမှတ်လျော့ပြီးသားကောင်ကို ထပ်ပြီးလျှော့အောင်တော့ မရက်စက်ကြပါနဲ့"

အောင်မယ် ... သင်းက အသနားခံပြီး တောင်းပန်လို့သာနေသည် မျက်နှာက ဖြီးဖြီးဖြီး၊ ပြောင်စပ်စပ်။

တစ်ယောက်ကိုတစ်ယောက် သိပ်မသိကြသေးသည့်အနေအထားမှာ သာခင်ညို ဆိုသည့် ကောင်လေးရဲ့ စရိုက်ဟာ ရှုပ်ပလာ ရှုပ်ပလာ နိုင်လျက် ကိုယ်လုပ်ပြီးသည့် အပြစ်အတွက် ပြန်ခံရမှာကိုလည်း သိပ်မကြောက်တတ်သည့် ခပ်ပျော်ပျော်သားလေးပဲဆိုတာ ရွှေနှယ်ရီးက စတင်သတိထားမိခဲ့တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနွယ်ရီးလိုပဲ အားလုံးကလည်း သတိထားမိသွားကြပုံ ရပါသည်။ ရွှေနွယ်ရီးနဲ့ ပရယ်တီကယ်(လ်) တစ်ခန်းတည်း လုပ်ရသည့် သီလဝါက နားနားကပ်ကာ ...

"ကံကောင်းလို့နော် ... နောက်ဆိုရင် သာဒင်ညို့နား သိပ်မကပ်မိအောင် သတိထားရမယ်၊ သူပေါက်ကရလုပ်သမျှ အချောင်ခံနေရမှာ စိုးလို့"

"ဟုတ်တယ် ... သူ့ကိုမြင်ရင် အရိုးခေါင်းနဲ့ အရိုးနှစ်ခု ကြက်ခြေခတ်ထားတဲ့ ဒါမျိုးဇာံဆိပ်လေ ... အဲဒါကို မြင်ကြည့်ထားမှ"

ရွှေနွယ်ရီးကလည်း တီးတိုး ပြန်အတင်းပြောရင်း လက်ကုပါ အမူအရာတွေ လုပ်ပြနေတာကို သာဒင်ညိုက မလှမ်းမကမ်းက ကြည့်ပြီး သဘောပေါက်နေသလိုလိုနှင့် ပြောင်စပ်စပ် နှာခေါင်းရှုံ့ပြနေလေသည်။

* * *



၄

အဲဒီနောက်ပိုင်း ရွှေနွယ်ရီးတို့တွေ တစ်ယောက်နဲ့ တစ်ယောက် ပိုပိုပြီး ရင်းနှီးလာကာ ပြောမနာ ဆိုမနာ သူငယ်ချင်းတွေ ဖြစ်လာကြကာ သူ့အကြောင်း ကိုယ့်အကြောင်း ပိုပိုသိလာကြရသည်။ အဲဒီအချိန်မှာ သာဒင်ညိုရဲ့ မကောင်းသော အကျင့်စရိုက်တွေကိုလည်း ရွှေနွယ်ရီး မသိမနေရ သိလာရပြီ။

သာဒင်ညို ဆိုသည့် ကောင်ကလေးကား ယောကျ်ားလေးတန်မဲ့ အင်မတန်မှ ရုပ်ပျာရုပ်ပျာ နိုင်တာတ်သော ကောင်ကလေးတည်း။ နောက်ပြီး အလွန်တရာလည်း မှတာတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မေ့ဂုံက ဘယ်လောက် ရယ်စရာကောင်းသလဲဆိုလျှင် သူ့ခုံနံပါတ်တောင် သူပြန်မေ့တတ်တာ။

အတန်းထဲမှာ ရိုးကော(လ်)ခေါ်ပြီဆိုလျှင် သူ့ခုံနံပါတ်ခေါ်လို့ သူ့ခုံနံပါတ်မှန်း သတိမရ။ အနားက သူငယ်ချင်းက လက်တို့ပြီး သတိပေးမှ သူ့ခုံနံပါတ်မှန်းသိကာ ထပြီးထူးရသည်။ အနားမှာ သတိပေးမည့်သူ မရှိဘူး ဆိုလို့ကတော့ ဘယ်တော့မှ ပြန်မထူးတတ်ချေ။ ဒီလိုနဲ့ပဲ အတန်းထဲမှာ အချိန်ပြည့်ရှိပါလျက် ကျောင်းခေါ်ချိန် မပြည့်ဘူးဆိုကာ ဌာနမှူးနဲ့ သွားတွေ့ရသည့် အကြိမ်တွေလည်း မနည်းတော့ပြီ။

သူ့ရဲ့ ရယ်စရာအကောင်းဆုံး မေ့လျော့မှု တစ်ခုကတော့ I^stM.B စာမေးပွဲကြီး စစ်သည့်အချိန်မှာ ဖြစ်ခဲ့သည်။ စာမေးပွဲတစ်လျှောက်လုံးလည်း စိတ်ပူပူနဲ့ ဖောက်လွဲဖောက်ပြန်တွေချည်း တောက်လျှောက်လုပ်လာတာပင်။ သတ္တဗေဒဘာသာ ဖြေရမည့်နေ့မှာ ရုက္ခဗေဒဘာသာ ကျက်လာတာတို့၊ လမ်းမတော် ဆေးကျောင်းမှာ သွားပြီးဖြေရမှာကို ကိုယ်ကျောင်းတက်ရသော လိပ်ခုံးမှာ ဖြေရမည်ထင်ပြီး တစ်ယောက်တည်း သွားစောင့်နေကာ အချိန်ကပ်တော့မှ ကျောင်းမှားနေမှန်းသိလျက် အမြန်လိုက်လာရတာတို့၊ မေးခွန်းမှားဖတ်ပြီး တလွဲဖြေတာတို့ စသည့် အမှားတွေကတော့ မရေမတွက်နိုင်ပင်။





အဲဒီထဲကမှ အဆိုးဆုံးသော မေ့လျော့မှုကတော့ သီအိုရီစာမေးပွဲပြီး လက်တွေ့ပရက်တီကယ်(လ်)နဲ့ နှုတ်ဖြေဗိုင်ဗာ ထိုင်ရသည့် အချိန်မှာ ဖြစ်ပွားခဲ့တာ။

နဂိုတည်းက အလွဲလွဲ အချော်ချော် လုပ်တတ်ရသည့် ကြားထဲ စာမေးပွဲမို့ စိုးရိမ်စိတ် ကြီးမားနေတာလည်း ပေါင်းကာ တုန်တုန်လှုပ်လှုပ် ဖြစ်နေသော သာခင်ညိုဟာ သူသိပ်မရဘူး ထင်ထားသော ဓာတုဗေဒ ဘာသာရပ်အတွက် လူတွေ့နှုတ်ဖြေ အမေးခံရချိန်မှာ ဖြစ်သည်။

မေးသမျှ မေးခွန်းတွေကို တစ်ခုမှ မဖြေနိုင်။ အားလုံးဟာ ကြားဖူးနားဝတွေလိုလို၊ ကျက်ပဲကျက်ဖူးသလိုလို၊ သူငယ်ချင်းတွေ ရှင်းပြတာ နားထောင်ဖူးသလိုလိုနဲ့ အဖြေကျတော့ လုံးဝစဉ်းစားလို့ မရဘဲ မေ့လျော့နေသည်။ အသေအလဲ ကျက်ထားဖူးသည့် လောတွေ ပုံသေနည်းတွေတောင်မှ အရေးအကြောင်းကျ ထွက်မလာ။

ဗိုင်ဗာမေးသည့် ဆရာမကြီးခမျာလည်း ဒီကျောင်းသားတစ်ယောက် အမှတ်ကလေးမှ ရပါစေတော့ဆိုသည့် စေတနာနဲ့ ဓာတုဗေဒဆိုတာဘာလဲ သီကာစ,ကလေးတွေတောင် ဖြေနိုင်မည့် အလွယ်ဆုံး မေးခွန်းတွေကိုပဲ မေးရှာပါသည်။

ခက်နေတာက သာခင်ညိုပင်။ နဂိုတည်းက ကြောယာ



www.burmeseclassic.com

www.burmeseclassic.com



ယာနဲ့ မှတတ်ရသည့်ကြားထဲ စိုးရိမ်စိတ်၊ ကြောက်စိတ်တွေ ပေါင်းကာ ခေါင်းထဲအားလုံးဟာ ကျပ်ခဲကြီး ဖြစ်ပြီး ထွက်ပေါက် ပိတ်ဆို့နေကြာတာ။ ဒီကြားထဲ ပထမဆုံး မေးခွန်းကစပြီး မဖြေနိုင်လိုက်တာနဲ့ အလန့်ကြီးလန့်လျက် နောက်ထပ်မေးခွန်းတွေကိုပါ ဘယ်လိုမှ အဖြေစဉ်းစားလို့မရ ဖြစ်သွားတော့တာ။

ဆရာမကြီးကလည်း သူဖြေနိုင်ပါစေရယ်လို့ မေးခွန်း တစ်ခုပြီးတစ်ခု ပြောင်းမေး၊ သာဒင်ညိုကလည်း မေးခွန်းပြောင်း သွားလေ၊ ပိုလန့်လာလေဖြစ်လျက် မဖြေနိုင်နဲ့ နောက်ဆုံးမှာတော့ စိတ်မရှည်တော့သည့် ဆရာမကြီးက မေးခွန်းတစ်ခုကို ကောက် ခနဲ ထုတ်လိုက်ပါသည်။

"ကဲ ... ဒီလောက်တောင် မဖြေနိုင်တဲ့ ကျောင်းသား။ နောက်ဆုံးမေးခွန်းတစ်ခုပဲ မေးမယ်၊ အဲဒါမှ မရရင်တော့ စာမေးပွဲ ကျပြီလို့သာမှတ်"

သွားပါလေရော။ "ဒါမှမရရင် စာမေးပွဲကျပြီ" လို့ ခြိမ်းခြောက်မှု ပါလာကတည်းက ဘာမေးခွန်းမှန်း မသိသေးခင် သာခင်ညိုတို့က သွေးပျက်ချင်နေပြီ။ အဲဒီမေးခွန်းကို ဖြေနိုင်မှာ မဟုတ်ဘူးဆိုသည့် အသိကြီးကလည်း ခေါင်းထဲစွဲနေပြီ။

ထိုအချိန်မှာ ဆရာမကြီး မေးလိုက်သည့် မေးခွန်း သည်ကား ...





"ပြောစမ်း ... မင်းအဖေနာမည် ဘယ်သူလဲ"

တကယ်တော့ ဆရာမကြီးက ရွဲ့ချင်တာရယ်၊ အမှတ်ပေးချင်တာရယ် ပေါင်းပြီး တမင်မေးလိုက်တာပါ။ သို့သော် လည်း ကြောက်လို့ တုန်နေပြီဖြစ်သော သာဒင်ညိုကား ကိုယ့်အဖေ နာမည်ကိုတောင်မှ စဉ်းစားလို့ မရတော့ချေ။

သာဒင်ညိုက ခေါင်းကုတ်သည်။ မျက်မှောင်ကြုတ် သည်၊ နှုတ်ခမ်းကို လျှာနှင့်သပ်သည်၊ လက်ချောင်းချင်း တဖျုတ် ဖျုတ်မြည်အောင် ချိုးချေသည်။ အဲဒီလောက် လှုပ်ရှားတာတောင် အဖြေက မထွက်ချေ။

စဉ်းစားစမ်း။ ငါ့အဖေနာမည် ဘယ်သူလဲ့ အမြန် ဆုံး စဉ်းစားလိုက်စမ်း။ ဘာအက္ခရာနဲ့ စ,သလဲ ကကြီးနဲ့လား ခကွေးနဲ့လား၊ အ,နဲ့လား။

ခက်တာက သာဒင်ညို့ နာမည်မှာ အဖေ့နာမည် တစ်လုံးမှ မပါချေ။ ဒီတော့ ကိုယ့်နာမည်ကနေ ဆက်စပ်စဉ်းစား ယူလို့လည်း မရချေ။

"ဘယ်လို ဖြစ်ရတာလဲကွယ် ... ကိုယ့်အဖေနာမည်တောင် စဉ်းစားလို့ မရတော့ဘူးလား"

"ဟုတ်ကဲ့ခင်ဗျ ... မရတော့ဘူး"

"မင်းက အဖေနဲ့ အတူနေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … နေပါတယ်"

"ယောင်ယယ်လေးတည်းက အတူနေလာတာလား"

"ဟုတ်ကဲ့ … ငယ်ငယ်လေးတည်းကပါ"

"အောင်မယ်လေးကွယ် … ဒီလောက်ငယ်ငယ်လေးတည်းက အတူနေတဲ့ အဖေကို နာမည်မေ့နေတယ်ဆိုတော့ ဒီလိုသား မျိုး ဆက်မွေးထားဖို့တောင် မကောင်းတော့ဘူး၊ ပြောစမ်း မင်းအိမ်လိပ်စာ … မင်းအဖေကို ငါလာတိုင်မယ်"

"အဟဲ …"

သာခင်ညိုက ရူးသလို ပေါသလိုနဲ့ သွားဖြဲပြီး ရယ်ပြလိုက်ပါသည်။ ဆရာမကြီး မျက်နှာက အသည်းတယားယားနဲ့ ဒေါသဖြစ်နေရလောက်သော ရှိလျက် ရက်ရက်စက်စက်လုပ်မည့် အသွင်တော့ မရှိရလေကား သတ္တိလေး နည်းနည်းဝင်လာသည်။

"ကဲ … သွားတော့ … သွားတော့၊ ဘယ်လိုကလေးမှန်းကို မသိဘူး၊ မင်းတော့ အမှတ်မရဘူးနော်"

အမှတ်မရလို့မက စားမေးပွဲပါကျကျ လတ်တလော သာခင်ညို ဖြစ်ချင်တာကတော့ ဆရာမကြီးများက အမြန်ဆုံးခွာ လျက် အခန်းပြင် အမြန်ဆုံးရောက်ဖို့ပင်။

အခန်းဝရောက်မှ စောစောက ဖျစ်ညှစ်စဉ်းစားလို့ မထွက်ခဲ့သော အဖြေက လင်းခနဲ ထွက်လာသည်။





ဦးအောင်မြင်ကျော်။

ဟုတ်ပါ့ …။ အဲဒါ အဖေ့နာမည်ပဲ။ ကဲ …ဆရာမ ကြီးရဲ့ မေးခွန်းထဲက တစ်ခုကိုတော့ ဖြေလို့ရပြီ။

သာခင်ညိုက ဒီအတိုင်း ပြန်သွားရမှာကို နှမြောလှ တာမို့ နောက်ပြန်လှည့်ကာ စောစောက စာစစ်သည့် ဆရာမကြီး ရှေ့ သွားရပ်လိုက်ပါသည်။

"ဟိုကလေး … ဘာလို့ ပြန်လှည့်လာတာလဲ"

"ကျွန်တော့်အဖေနာမည် စဉ်းစားလို့ ရသွားလို့ ဆရာမကြီး၊ ကျွန်တော့်အဖေက ဦးအောင်မြင်ကျော်ပါ"

"အေးကွယ် … ကိုယ့်အဖေနာမည်ကို စဉ်းစားလို့ ရသေး တယ်ဆိုတော့ အများကြီး တော်သေးတာပေါ့၊ အဲဒီအတွက် မင်းကို ကျေးဇူးတင်တဲ့ အနေနဲ့ တစ်မှတ်ပေးလိုက်မယ်၊ ဟုတ်ပြီလား"

"အဟဲ"

သာခင်ညိုက ဘာမှ ပြန်မပြောဘဲ သနားစရာမျက် နှာလေးလုပ်ကာ သွားဖြဲဖြဲပြီး အခြန်ပြေးထွက်လာတော့သည်တဲ့။

ကဲ … ဘယ်လောက်များ ဆိုးဝါးလိုက်တဲ့ ကောင် ကလေးလဲလို့နော်။



www.burmeseclassic.com

## ၅

"ဟဲ့ ... အရိုး"

ကိုယ့်စားပွဲကို တဒေါက်ဒေါက်ခေါက်ကာ ခေါ်လိုက်သော အသံကြောင့် ရွှေနှယ်ရိုးက စိတ်တိုစွာ မော့ကြည့်လိုက်ပါသည်။

အဲဒီ သာခင်ညို ဆိုသည့် အကောင်ဟာ လူတစ်ယောက်ကို နာမည်ဖျက်ဖို့များဆို ထိပ်ဆုံးက။

2ndM.B မှာ အရိုးတွေ စသင်ရကတည်းက ရွှေနှယ်ရိုးရဲ့ နာမည်ကို သာခင်ညိုက အရိုးလို့ ပြောင်နောက်ပြီး ခေါ်တော့တာ။





တစ်ခါတစ်ခါကျ ကိုယ့်နာမည် ခေါ်သလိုလိုနှင့် အနားလာအော်ပြီး လှည့်ကြည့်မိလျှင် သူ့လက်ထဲက အရိုးတွေအကြောင်း ပြောသလိုလို ဘာလိုလိုနှင့် ရောချသွားတတ်ရော။

"ညို ... နင် ငါ့ကို ရန်လာမရှာနဲ့နော်၊ ငါစိတ်တိုလာရင် အရိုးနဲ့ ခေါက်ပစ်မှာ"

ရွှေနှယ်ရိုးက လူ့အရိုးထဲမှာ အကြီးဆုံးဖြစ်သော ပေါင်ရိုးကြီးကိုမြှောက်လျက် သာခင်ညို့ကို ခေါက်ဖို့ ရွယ်လိုက်ပါသည်။

"အရိုးနော် ... နင် ဘာဖြစ်နေတာလဲ၊ ငါက စကားကောင်းပြောမလို့ ဥစ္စာကို"

"စကားကောင်း ဟုတ်လား ... ပြော ... နားထောင်ကြည့်မယ်၊ တကယ်စကားကောင်း မဟုတ်လို့ကတော့ နင်နဲ့ငါ အတွေ့ပဲ"

"တကယ်ပြောတာပါ ... မနက်ဖြန် အနာတမီ စာမေးပွဲစစ်မှာမို့လား၊ အဲဒီမှာပါမယ့် မေးခွန်းတွေ ငါရထားတယ်"

"မေးခွန်း" ဆိုလိုက်တာနှင့် ရွှေနှယ်ရိုးက တက်တက်ကြွကြွ ဖြစ်သွားကာ ထ,ခုန်မတတ် စိတ်ဝင်တစားတွေ ဖြစ်သွားရပါသည်။

ရွှေနှယ်ရိုးတို့ ဆေးကျောင်းသားတွေဟာ ကိုယ်တိုင်



www.burmeseclassic.com

ာကျက်ကြသလို ဟိုက ဒီက မေးခွန်းပေါက်လျှင်လည်း အတင်း ပိုက် စုံစမ်းကြဖို့လည်း ဘယ်တော့မှ လက်မနှေးထုတ်ပါ။ မေး ္န်းလို့ တစ်ယောက်က ပြောလိုက်လျှင် ဟုတ်ဟုတ်, မဟုတ် ာုတ် အားလုံးက စိတ်ဝင်စားကုန်တတ်သည်မှာ သူတို့တွေရဲ့ ဆုံးစံပဲဖြစ်သည်။

အခုလည်း သာဒင်ညိုလို ကောင်ဟာ ဘယ်တော့မှ ယ်ရသည့် ချောက်တောင်မှန်းသိလျက်နဲ့ ရွှေနှယ်ရိုးက ယုံမိပြန် ပြီ။ မယုံလို့ကလည်း မဖြစ်ချေ။ 2ndM.B မှာ စာတွေက ခက်လည်း ခက်၊ များလည်းများရသည့်ကြားထဲ စာမေးပွဲတွေကလည်း ဆက် နေတာ။ စာမေးပွဲတစ်ခု ဖြေရကာနီးတိုင်း စာကမပြီး၊ မှတ်လည်း မမှတ်မိ၊ ပျာလောင်ခတ်သည့် ခုက္ခကို လူတိုင်းခံစားကြရတာ။ အဲဒီတော့ ကျက်ရတာ သက်သာလို သက်သာငြား မေးခွန်းလိုက် ကြတာ ထုံးစံလို ဖြစ်နေပြီ။

"ပြောစမ်း ... ဘာတွေလဲ"

"နင် ဘယ်သူ့မှ သွားမပြောပါဘူးလို့ ကတိပေးမှ ပြော မယ်"

"နေဦး ... အဲဒီလိုတော့ ကတိမပေးနိုင်ဘူး၊ ငါ့မှာ သူငယ် ချင်းလေးယောက်ရှိတာ နင်အသိပဲ၊ ငါတို့က ငယ်ငယ်လေး တည်းက တွဲလာတဲ့ သူငယ်ချင်းတွေချည်းပဲဆိုတော့ ကိုယ် သိတာကို ထိန်ချန်ထားလို့ မဖြစ်ဘူးလေ"





သာဒင်ညိုက ခပ်ငေးငေး ဖြစ်သွားကာ သူ့ရှပ်အင်္ကျီ အိတ်ကပ်ကို ဖိလျက် ခဏစဉ်းစားနေပါသည်။ ရွှေနှယ်ရိုးမှာ သူ့ဆီက မေးခွန်းကိုလည်း ဘာများလဲလို့ လိုချင်၊ သူငယ်ချင်း တွေကို ပြန်မပြောပါဘူးလို့လည်း ကတိမပေးနိုင်နဲ့ မချင့်မရဲတွေ ဖြစ်နေရလေသည်။

"နင်ကလည်းဟယ် ... ငါ့သူငယ်ချင်းတွေ သိသွားတော့ ရော ဘာဖြစ်မှာမို့လို့လဲ"

သာဒင်ညိုက တကယ့်လျှို့ဝှက်ချက်ကြီးလို စောင် ကြည့်မြောက်ကြည့် နီးကြောင့်ခိုးဝှက် ကြည့်နေလိုက်သေးသည်။ နောက်ပြီးတော့မှ အသံတိုးတိုးနှင့် ...

"ငါ့သူငယ်ချင်းတွေက မနည်းကြိဖန် ရှာဖွေထားရတာပါ၊ ဒီကိစ္စ မိန်းကလေးတွေဆီ မပေါက်ကြားစေနဲ့လို့ မှာထား တာ၊ ငါက နင့်ကို စေတနာရှိလွန်းလို့သာ ပေးရတာ၊ လူ များများ သိတော့ သတင်းတွေ ပြန့်ကုန်မှာစိုးလို့"

"စိတ်ချပါဟယ် ... ငါတို့က အခင်ဆုံးဆိုလို့ ဒီလေးယောက် ပဲရှိတာပါ၊ ငါတို့လေးယောက်ထက် ပိုပြီး ပြန့်ရာတော့ မရှိဘူး၊ စိတ်ချ"

ရွှေနှယ်ရိုးကလည်း မေးခွန်းလိုချင်စောနဲ့ အသည်း အသန် အာမခံနေပေရာ သာဒင်ညိုက မတတ်သာတော့လို့ ပေး

www.burmeseclassic.com



လိုက်ရသည့် ဓာတ်မလည်ပုံမျိုးနဲ့ အိတ်ထဲက မေးခွန်းစာရွက်ကို ထုတ်ပေးလိုက်လေသည်။

"ငါ့ဆီက ရတာလို့တော့ ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ မတော်လို့ သတင်းပေါက်ကြားသွားရင် ဟိုကောင်တွေ ငါ့ကို ဝိုင်းသတ်ကြမှာစိုးလို့"

"အေးပါ ... အေးပါ ... မပြောပါဘူး"

မပြောပါဘူးလို့ ကတိခံထားပေမယ့်လည်း သူငယ်ချင်းတွေ ပြန်ဆုံသောအခါ မပြောဘဲနေလို့ မဖြစ်တော့သည့် အဖြစ်မျိုး ကြုံရလေသည်။

ငါ မေးခွန်းတွေ ရလာတယ်လို့ ဝမ်းသာအားရ ကြွားဝါလျက် လက်ထဲက မေးခွန်းစာရွက်ကို ရွှေနှယ်ရိုးက ထုတ်ပြလိုက်လျှင် သီလဝါက ငါလည်း မေးခွန်းရလာတယ်ဆိုကာ သူ့မေးခွန်းကို ထုတ်လာပါသည်။

ထို့အတူပဲ မေခိုင်မာနဲ့ မြလွှာရုံတို့က ငါတို့လည်း ရတယ်ဆိုကာ သူတို့မေးခွန်းတွေ ထုတ်ပြလျှင် အားလုံးဟာ အတူတူပင်။

"ဘယ်လိုဖြစ်တာလဲ ... ဟိုကောင်ကပြောတော့ ငါ့တစ်ယောက်တည်းကိုပဲ ပေးတာတဲ့၊ နင်တို့ ဘယ်သူ့ဆီက ရတာလဲ"





"သာဒင့်ဆီက"

"ဟုတ်တယ် ... သာဒင်ညို လာပေးလို့ဆိုပြီး မိုးမိုးလှိုင်တို့ အုပ်စုက ယူလာတာ"

"အေး ... ငါရောပဲ အဲဒီကရတာ"

ဩော် ...။ လက်စသတ်တော့ "နင့်တစ်ယောက်တည်းပေးတာ"ဆိုပြီး တစ်တန်းလုံးက မိန်းကလေးတွေကို မေးခွန်းအတုတွေ လိုက်ပေးနေသည့် တရားခံဟာ သာဒင်ညို တစ်ယောက်တည်းပါတကား။

"ယုတ်မာလိုက်တဲ့ အကောင်တော်၊ ဒါ ငါတို့ကို သက်သက် စာမကျက်နိုင်ဘဲ စာမေးပွဲကျအောင် ချောက်တွန်းတာ"

"အေးလေ ... ပြောတော့ ငါတစ်ယောက်တည်း ပေးတာလေး ဘာလေးနဲ့"

"အရေးထဲ နင်ကလည်းတစ်မျိုး၊ ဘာလဲ၊ နင့်တစ်ယောက်တည်း ကွက်ပေးတယ်ဆိုပြီး စိတ်ကူးတွေ ယဉ်နေလို့လား"

"ဘယ်ကလာ ... သာဒင်ညို့လို ကောင်မျိုးများ စိတ်ကူးယဉ်စရာလား၊ ငါကတော့ လျှို့ဝှက်ရမယ့်ကိစ္စ ထင်ပြီး သည်းထိတ်ရင်ဖို လုပ်နေတာ၊ အခုမှ တစ်လောကလုံး သိပြီးသား ဖြစ်နေလို့ စိတ်ဆိုးတာပေါ့"

"ဘာတွေ ဖြစ်နေတာလဲ ... ဟဲ့ ... ခိုင်မာ၊ အဲဒီမေးခွန်းတွေက ဟိုကောင် သာဒင်ညို ပေါက်ကရ ချောက်တွန်း



www.burmeseclassic.com

www.burmeseclassic.com



ထားတာတွေနော်၊ နင့်တစ်ယောက်ပဲ မေးတာဆိုပြီး တစ်တန်းလုံး လျှောက်ပေးထားတာ အခုမှသိလို့ ငါလာပြောတာ"

မိုးမိုးလှိုင်က ရောက်လာကာ ဒေါသဖြစ်နေသည့် မျက်နှာနှင့် သတိလာပေးသည်။ အဲဒီတော့မှ သတိထားမိသည်မှာ မိုးမိုးလှိုင် တစ်ယောက်သာ မဟုတ် အတန်းထဲက မိန်းကလေးအကုန်နီးပါး မျက်နှာရှုပ်ပုပ်တွေနဲ့ ပွစိပွစိ ဖြစ်နေကြတာ တွေ့ရလေသည်။

"သာဒင် တော့လား ... လာပစေဦး"

သီလဝါက လက်သီးလက်မောင်းတန်းလျက် ကြိမ်းဝါးလိုက်ချိန်မှာပဲ ခါတ်လိုက်ကျော်ကြီး မောင်သာဒင်က အတန်းထဲ ကုပ်ချောင်းကုပ်ချောင်းနဲ့ ဝင်ရောက်လာပါသည်။

သာဒင့်ကို တွေ့လိုက်သည် ဆိုလျှင်ပဲ ကိုယ့်အုပ်စုနဲ့ကိုယ် ရှိနေကြသော မိန်းကလေးတွေဟာ တိုင်ပင်မထားပါဘဲ သူ့အနား ဝုန်းခနဲ ရောက်သွားကြလေသည်။

နာမည်ကြီး ရုပ်ရှင်မင်းသားတစ်ယောက်နားမှာမှ မိန်းကလေးတွေ ဒီလောက် သဲကြီးမဲကြီး ဝိုင်းဝိုင်းလည်ချင်မှ လည်မည်၊ သာဒင့်နားမှာတော့ တစ်တန်းလုံးက ကောင်မလေးတွေ ဝိုင်းနေကြပြီ။

"ဟာ ... ငါ တယ်စွံနေပါလား၊ နင်တို့တွေ ငါ့ကိုဒီလောက်





လာဝိုင်းတာ ဘယ်မင်းသားနဲ့တူလို့ အော်တိုအော်ရှည်တွေ လက်မှတ်ထိုးခိုင်းမလို့လဲ"

"လက်မှတ်ထိုးခိုင်းမလို့ မဟုတ်ဘူးဟေ့၊ တစ်ခါတည်း ကိုရွတုံးပစ်လိုက်မလို့၊ နင့် ငါတို့ကို စာမေးပွဲကျအောင် လုပ်တယ်ပေါ့လေ ... အယုတ်တမာကောင်"

"ဟဲ ... ဟဲ"

"ဘာ ဟဲ ... ဟဲ လဲ၊ နင်လုပ်ပုံက ငါတို့တွေ ဒါတွေပဲ အဟုတ်မှတ်ပြီး ကျက်သွားရင် စာမေးပွဲကျကုန်အောင် တမင်လုပ်တာ မဟုတ်ဘူးလား"

"အဲဒီလောက်အထိ မရည်ရွယ်ပါဘူးဟာ ... ငါက နင်တို့ မိန်းကလေးတွေ နှုတ်မလုံတာကို သက်သေပြတာ"

"ဘာပြောတယ်"

"ဟုတ်တယ်လေ ... နင်တို့ တစ်ယောက်စီကို ဘယ်သူ့မှ ပြန်မပြောနဲ့ဆိုပြီး ငါက မေးခွန်းပေးတယ်၊ အခုကျတော့ တစ်တန်းလုံး သိကုန်ပြီ၊ အဲဒါ နင်တို့တွေ နှုတ်မလုံဘူး ဆိုတဲ့ သာဓကပေါ့"

"ဟုတ်တော့ ဘာဖြစ်လဲ၊ အဲဒါလေး သိရဖို့ ငါတို့ကို စာမေးပွဲကျအောင်လုပ်ပြီး ချောက်တွန်းရသလားဟဲ့"

"အေးလေ ... နင့်စကား အဟုတ်မှတ်ပြီးသာ ကျက်ရင် မနက်ဖြန် ငါတို့ စာမေးပွဲကျပြီ၊ ငါတို့ နှုတ်မလုံကြ



www.burmeseclassic.com

www.burmeseclassic.com



လို့သာ ဒီကိစ္စ စေ့စေ့စီးစီး သိပြီး ကံကောင်းသူ
တာ"

"ငါကလည်း နင်တို့အကြောင်း သိနေတော့ ဒီကိစ္စ
ချင်း ပေါ်သွားလိမ့်မယ်ဆိုတာ သိပြီးသားလေ၊ အဲဒါကြော
လုပ်တာပေါ့"

"ကဲဟယ် ... လုပ်ဦး"

ခပ်ရဲရဲ ကောင်မလေးတွေက သာဒင်ညိုကို ဝိုင်း
ကြပါတော့သည်။ သာဒင်ညိုကလည်း နည်းနည်းလေးမှ မ
အော်ဟစ်ရင်း၊ ကျောကော့ရှောင်တိမ်းရင်း တစ်ခန်းလုံးကို
ပြေးလေသည်။

ကြာတော့ မိန်းကလေးတွေက ကိုယ့်သိက္ခာကို
ထိန်းကာ ဆက်မလိုက်ကြတော့ချေ။ အဲဒီတော့မှပဲ သာဒင်
လည်း စပ်ဖြဲဖြဲ အတန်းထဲ ပြန်ဝင်လာကာ ယောက်ျားလေ
ခုံတန်းရဲ့ ဟိုးအနောက်ဘက်စွန်း၊ ကောင်မလေးတွေ ဘယ်
လက်လှမ်းမမီနိုင်သော နေရာမှာ သွားပုန်းနေလေသည်။

ရွှေနှယ်ရီးတို့မှာ သူ့မျက်နှာ ပြောင်စီစီ၊ စပ်ဖြဲ
ကြည့်လျက် စိတ်ဆိုးရအခက်၊ မဆိုးရအခက်။

သာဒင်ညို ဆိုသည့် ကောင်ကလေးဟာ အဲဒီလို
ဆိုးဝါးသော ကောင်စားကလေး ဖြစ်လေသည်။



## ၆

"ဟဲ့ ... အရီး၊ သရက်ပြား စားမလား"

လက်ထဲမှာ ညိုညိုအဖတ်ပြားတစ်ခု ကိုင်လျက်
ခပ်ကလည်း တလှုပ်လှုပ်နဲ့ ဝါးလာသေးသော သာဒင်ညိုက
လက်ထဲက ပစ္စည်းကို ရွှေနှယ်ရီးထံ ကမ်းပေးလိုက်ပါသည်။

"သရက်ပြား ... နင် ဘယ်ကရလာတာလဲ"

"နယ်က ငါ့အမျိုးတွေ အလည်လာတုန်း ပါလာတာပါဟ၊
ငါ့သူငယ်ချင်းတွေကျွေးဖို့ တစ်ထုပ်ကြီး ယူလာတာ"

"တစ်ထုပ်ကြီးဆိုပြီး ဒီတစ်ဖတ်တည်း ကျန်တယ်"

"အားလုံး ဝိုင်းစားကြတာကိုး၊ ဒါတောင် နင့်ကိုကျွေးချင်လို့
မနည်းချန်ထားရတာ"



www.burmeseclassic.com

www.burmeseclassic.com



သာဒင်ညိုရဲ့ ချောက်တွန်းမှုကို ခံရသော အကြံမိုက်ကြွေး ရှိသည့်တိုင် သူ့မျက်နှာ မင်မောင်းက ကောင်းလွန်းလှသောမို့ ဘယ်အချိန် ဘာပဲလာပြောပြော အားလုံးက မယုံမရှိ ယုံကြတာပင်။

ရွှေနွယ်ရိုးကလည်း သာဒင်ညို့ မျက်နှာကို ကြည့်ကာ ဒီတစ်ခါတော့ အဟုတ်ဖြစ်လောက်မှာပါလေလို့ အတွေးပေါက်လျက် (နေ့လယ်အိပ်ငိုက်နေချိန်မှာ သရက်ပြားအသံကြားတော့ စားချင်စိတ်ကလည်း ပေါ်လာကာ) တက်တက်ကြွကြွပဲ လှမ်းယူလိုက်ပါသည်။

တကယ်တမ်း လက်ထဲရောက်လာသည့် အခါမှာ စားဖူးနေကျ သရက်ပြားလို ညိုဝါဝါ၊ ခပ်ကြည်ကြည် အရောင် မဟုတ်ဘဲ ညိုညစ်ညစ်၊ နောက်ပိတ်ပိတ်ကြီးနဲ့ မသဒ္ဒီစရာကြီး ဖြစ်နေတာကို တွေ့ရသောအခါ ပါးစပ်ထဲထည့်ဖို့ နောက်တွန့်သွားရလေသည်။

“နင့် သရက်ပြားက ဘာအရောင်ကြီးလဲ”

“အရောင်က အရေးမကြီးပါဘူးဟ၊ ဒါက အိမ်မှာကိုယ်တိုင်လုပ်တာတွေမို့ သဘာဝအရောင်ဖြစ်လို့ မလှတာ၊ ရောင်းတမ်းတွေကတော့ အရောင်လှအောင် ဆေးဆိုးထားတာကိုး”

သူပြောတော့လည်း ဟုတ်နိုးနိုး။ သို့သော်လည်း စိတ်ထင်လို့ပဲလား မသိ၊ သူ့သရက်ပြားကြီးဟာ စားဖူးနေကျ





သရက်ပြားတွေလို ချဉ်မွှေးမွှေးအနံ့မျိုး မထွက်ဘဲ ပုပ်အက်အက်သိုလို မွှန်စူးစူးလိုလို အော်ဂလီဆန်စရာ အနံ့တစ်မျိုးသာ ထွက်နေလေသည်။

နေပါဦး။ ဒီအနံ့မျိုး ရဖူးပါတယ်။

ရွှေနွယ်ရိုးက သံသယဝင်လာကာ သရက်ပြားဟုဆိုသော အပြားကြီးကို နှာခေါင်းနားကပ်လျက် တရှုံ့ရှုံ့ အနံ့ခံကြည့်လိုက်ပါသည်။ အနံ့ခံကြည့်လေ၊ သရက်ပြားနံ့နဲ့ မတူလေ။ ရင်းရင်းနှီးနှီး သိဖူးသော အနံ့မှန်း ပိုသေချာလာလေပင်။

“စားလေ ... အနံ့ခံမနေနဲ့၊ အနံ့ကလည်း ဆိုင်ကအတုတွေ ထည့်ထားတာမို့လို့၊ ဒါက သဘာဝအနံ့အစစ်”

“ပုပ်အဲ့အဲ့ကြီးနဲ့”

“ပုပ်တာ မဟုတ်ပါဘူး၊ နေပူတုန်း ထုတ်လှမ်း၊ ညကျပြန်သိမ်းဆိုတော့ နေမနိုင်တဲ့အခါ အနံ့တစ်မျိုး ထွက်သွားတာပါ”

“မဟုတ်ဘူး ... နင့်အနံ့က အသီးပုပ်နံ့ကို မဟုတ်ဘူး၊ လူသေနံ့ကြီးလိုလို ဘာလိုလိုနဲ့ ... ဟဲ့ ... နေဦး ... ဒါ သရက်ပြားမဟုတ်ဘူး၊ အရေခွံကြီး”

တဖြည်းဖြည်းနဲ့မှ သတိထားမိလာကာ လက်ထဲက အဖတ်ကြီးကို အလန့်တကြား လွှတ်ချပြီး ရွှေနွယ်ရိုးက ကုန်းအော်ရပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သာဒင်ညို လာပေးသည့် အဖတ်ကြီးဟာ သရုက်ပြား မဟုတ်ဘဲ ခန္ဓာဗေဒဘာသာရပ်အတွက် လက်တွေ့ခွဲစိတ်ခြင်း သင်ခန်းစာမှာ လေ့ကျင့်ခွဲစိတ်ဖို့ ပေးထားသည့် dead body ကြီးရဲ့ အရေခွံခြောက်ခြောက်ကြီးကို လက်တဝါးစာလောက် လှီးဖြတ်ကာ ပုံမှားရိုက်ပြီး လာပေးတာ။

ဘယ်လောက် ယုတ်မာသည့် ကောင်လဲလို့။ မတော်လို့များ စားမိရင် 'ဒီလောက် ကြောက်စရာ ရွံစရာကောင်းသည့် ဟာကြီးဟာ ဗိုက်ထဲရောက်သွားတော့မှာ။

"ဟား ဟား ... မိချွေရိုး လူသားစားတယ်ဟေ့"

"အယုတ်တမာကောင် ... ညို ... လာခဲ့စမ်း၊ နင်ငါ့ကို ဒီလောက် ရက်ရက်စက်စက် ချောက်တွန်းရသလားဟင်၊ ငါ အဲဒါကြီး စားမိသွားရင် ဘယ်လောက်ဒုက္ခရောက်မလဲ"

"သိနိုင်ဘူးလေ၊ ကြိုက်ချင် ကြိုက်သွားမှာပေါ့"

"နင်ပဲစား၊ နင်ပဲကြိုက်၊ ယုတ်မာလိုက်တဲ့အကောင်၊ နင်တော့လား၊ ပါမောက္ခနဲ့ သွားတိုင်မယ်"

"ပါမောက္ခ ဒီလောက်အလုပ်များတာ၊ နင်သွားတိုင်တော့ရော အရေးစိုက်မှာတဲ့လား၊ အဲ ... နေဦး ... အရေးစိုက်ချင်တော့ စိုက်လိမ့်မယ်ဟ ... သူက ဆရာတို့ ဘာသာရပ်မှာ လူသေအလောင်းတွေကို ခွဲစိတ်ပြီး မျက်စိနဲ့ကြည့်မယ်၊ လက်နဲ့ကိုင်ကြည့်မယ်၊ အလွန်ဆုံး အနံ့ခံရုံလောက်ပဲ၊





မင်းက အရသာပါ ခံကြည့်တယ်ဆိုတော့ မင်းရဲ့လေ့လာမှုကပိုပြီး ထိရောက်တယ် ... ဒီတော့ ဆရာ ရိတိုင်ယာသွားရင် ဆရာ့နေရာမှာ မင်းကိုခန့်ဖို့ ထောက်ခံချက်ရေးပေးမယ်လို့ ပြောချင်ပြောမှာ"

"သေ ... သေ ... နင်သေ၊ နင်မှတ်ထား သိလား၊ ငါ့ကို ချောက်တွန်းထားတာ တစ်နေ့ ကောင်းကောင်း ကလဲ့စားချေပြမယ်"

ချွေနွယ်ရိုးက ဆွေ့ဆွေ့ခုန်လျက် အော်ဟစ်ကြိမ်း(...)င်းနေပေမယ့် သာဒင်ညိုက မဖြုံမမှုသော နဂိုမျက်နှာ စပ်ဖြဲဖြဲ(...)င်။

အသည်းယားစရာ ကောင်းလိုက်သည့်အမျိုး။ ဘာ(...)ပြော မမှုသည့် အဲဒီမျက်နှာဟာ စိတ်ဆိုးရလည်း အခက်ဖြစ်(...)လို မခံချင်ဖွယ်ရာလည်း ကောင်းလှသည်။

ဒီလိုကောင်စားမျိုးလေးဟာ တစ်နေ့မှာ ကိုယ့်ချစ်သူ(...)လာလိမ့်မယ်လို့များ ဘယ်မိန်းကလေးက ထင်မိမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

## ၇

"ဟဲ့ ... သာဒင်ညို မလာဘူးလား"

"ဘယ်လို ဖြစ်နေတာလဲ ရွှေရိုးရ ... နင်တစ်မနက်လုံး သာဒင့်ကိုပဲ မေးနေတာပါလား"

"အေးလေ ... သာဒင် တစ်နေ့လောက် အတန်းမတက်တာနဲ့ မနေနိုင် မထိုင်နိုင် ဖြစ်နေရသလား"

"သောင်းမြင့်နဲ့ ကျော်ဇောနော် ငါဘာကြောင့် မေးတယ်ဆိုတာလဲ သိသားနဲ့၊ လိုရာဆွဲပြီး လျှောက်ပြောမနေနဲ့၊ နင်တို့သူငယ်ချင်း အရှုံးအပေါ်ကောင်ကို ငါက ဘာသုံးစားလို့ရမှာမို့လဲ"





"ဒါဖြင့် ဘာကြောင့် ဒီလောက်တောင် တစ်မေးတည်း မေးနေရတာလဲ"

"မေးရမှာပေါ့ ... ငါ့ဖာမကိုစာအုပ်ကို သင်းယူသွားတာလေ"

Pharmaco ပရယ်တီကယ်စာအုပ်က သတ်မှတ်ထားသည့်ရက်မှာ ထပ်ရမှာ၊ အဲဒီရက်ကျော်သွားလျှင် အမှတ်လျော့တာ။ အဲဒါကို သိပါလျက် မနေ့က ရွှေနှယ်ရိုးဆီက စာအုပ်ငှားသွားသော သာဒင်ညိုက ဒီနေ့ ကျောင်းမလာ။ ရွှေနှယ်ရိုးမှာ နေ့လယ်ဆယ့်နှစ်နာရီအမီ စာအုပ်မထပ်နိုင်လျှင် အမှတ်လျော့တော့မှာပဲလို့ တွေးတောစိတ်ပူကာ စာသင်ရတာတောင် စိတ်မဖြောင့်။

"နင်တို့ကောင်လုပ်ပုံ ဟုတ်သေးရဲ့လားဟင် ... ငါ့စာအုပ်လည်း ငှားသွားသေးတယ်၊ ကျောင်းလည်း မလာဘူး၊ ငါ ဘယ်လိုလုပ်ရမလဲ၊ အမှတ်တော့ မရတော့ပါဘူး"

"တစ်ခါတလေပဲဟာ ... အမှတ်ရတော့ရော ဘယ်လောက်ရမှာမို့လို့လဲ"

"ဘာပဲဖြစ်ဖြစ် သူများ ပယောဂကြောင့်တော့ အမှတ်လျော့တာ မခံနိုင်ပေါ့ဟဲ့"

"အချင်းချင်းတွေပဲဟာ ... သည်းခံလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ သည်းခံရမှာလဲ ... ဒါ သူများကို အလကား သက်သက် ဒုက္ခပေးတာ၊ တာဝန်မကျေတာ မဟုတ်ဘူး လား"

"သူလည်း တစ်ခုခု အဆင်မပြေလို့ ဖြစ်မှာပေါ့ဟာ"

"အဆင်မပြေလည်း ကြံဖန်ပြီး ပြန်ပေးရမှာပဲ၊ သူ့ကြောင့် ငါ ဘယ်လောက်နစ်နာသွားသလဲ၊ ဒီအမှတ်ကလေးတွေပဲ ငါတို့မှာ အားကိုးစရာရှိတာ"

ဒီလိုနဲ့ စာအုပ်ထပ်ဖို့ အချိန်က ကုန်ခါနီး ဖြစ်လာသည်။ သာဒင်ညို တစ်ယောက်တော့ ဘယ်လိုနည်းနဲ့မှ ပေါ်လာ တော့မှာ မဟုတ်လို့ ရွှေနှယ်ရီးက စိတ်လျှော့ကာ ဒေါသတွေပဲ ဘဖွားဖွား ထွက်လာသည့် အချိန်ကျမှ သာဒင်ညိုက မောကြီး' န်းကြီး၊ ခေါင်းမှာ ရေတွေစိုရွှဲလျက် ရောက်ချလာလေသည်။

"သာဒင်ညို ..."

"ဘာမှမပြောနဲ့၊ နင့်စာအုပ်ကို ငါ အချိန်မီ ထပ်ခဲ့ပြီးပြီ၊ စာအုပ်သိမ်းတဲ့လူကြီး သိမ်းကာနီးမှာ အရောက်ထပ်လိုက် နိုင်တယ်"

"တကယ်လား ... မညာနဲ့နော်"

"ဩော် ... ဒီလောက် မောကြီးပန်းကြီးရုပ်နဲ့ လာပြောနေ တဲ့ ကောင်ကိုများ မယုံဘူး ရှိရသေးတယ်၊ နင့်စာအုပ်





ထပ်ဖို့ အတွက်သာ မဟုတ်ရင် ငါ ဒီလောက် အသေအလဲ ဖြစ်လာပါ့မလားဟဲ့"

ဒီတစ်ခါ ပုံစံကြည့်ရတာတော့ အတည်ပြောနေတာ လိုလိုပါပဲ။ ရွှေနှယ်ရီးမှာ သူ့ရဲ့ အလိမ်အညာကို ကြိမ်ဖန်များစွာ ခံရဖူးပြီးသူပီပီ ဒီတစ်ခါလည်း ဖတ်စလက်ခတ်တော့ မယုံရဲသေး ချေ။

"တကယ်ပါ အရီးရာ ... ငါ ဒီနေ့ သွားစရာရှိလို့ ကျောင်း မတက်ဘူး လုပ်ထားတာ ..."

"ကျောင်းမတက်ဘူးဆိုလည်း ဘာလို့ ငါ့စာအုပ် ငှားသွား သေးလဲ"

"ခဏလေး နေပါဦးဟာ ... စကားလည်း ပြီးအောင်နား ထောင်စမ်းပါဦး၊ သွားစရာက နင့်စာအုပ်ငှားပြီး အိမ်ပြန် ရောက်မှ ပေါ်လာတာ၊ ငါလည်း နင့်စာအုပ်ငှားလာတာ မေ့ပြီး ကောက်ခနဲ ထွက်သွားမိတာ၊ ရောက်ကာနီးမှ သတိရလို့ တစ်ခေါက်ပြန်လှည့်ပြီး အိမ်ကို စာအုပ်ပြန်ယူ၊ ကျောင်းလာပို့ လုပ်ရတာ"

"ဟွန်း ... မေ့တာကလည်း မေ့တတ်ပါပေ့၊ နင်ဒီလောက် မေ့တတ်ပုံနဲ့ တစ်သက်လုံး လူမွေးလူတောင် ပြောင်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သာခင်ညိုက မောကြီးပန်းကြီးနဲ့ ခုံတစ်လုံးမှာ ပစ်ထိုင်ချလိုက်ကာ မိုးရေတွေ စိုရွှဲနေသော သူ့ဆံပင်တွေကို တဖွားဖွား ခါယမ်းပစ်လိုက်ပါသည်။

"ငါမှာ နင့်စာအုပ်ကလေး ထပ်ရဖို့အတွက် အဝေးကြီးကနေ တပင်တပန်း ပြန်လာရတာဟာ ... ဒီလောက်ကြီးတော့ မပြောပါနဲ့"

"ပြောစမ်းပါဦး ... ဘယ်လောက်ဝေးဝေးကဟောင် ပြန်လာရတာလဲ"

"ပဲခူးက"

"ဘာ ..."

"ဟုတ်တယ် ... ငါ့အဖေနဲ့ အမေက ပဲခူးမှာ အစ်ကိုဝမ်းကွဲတစ်ယောက် မင်္ဂလာဆောင်ရှိလို့ လိုက်သွားတာ၊ အပြန်ကျကားကြုံမရှိတာနဲ့ ငါ့ကို လာခေါ်နိုင်းလို့ ခေါ်ဖို့သွားတာ၊ ပဲခူးနားရောက်ကာနီးကျမှ နင့်စာအုပ်ကို သတိရလို့ ငါ့အဖေနဲ့ အမေကို နောက်ကျမယ်လို့ မှန်းဆပြီး အမြန်ပြန်လာရတာ၊ ကားပေါ်က အဆင်းမှာ မိုးတွေရွာနေတာတောင်မှ ဂရုမစိုက်အားဘူး"

"ဟာကယ်ပဲဟ"





"ဒုက္ခပါပဲဟာ ... နင်က ငါဘာပြောပြော မယုံဘူးဖြစ်နေတာပါလား"

"ယုံစရာလား ... နင့်လိုကောင်ကို"

"ယုံပါဟာ ... ဒီတစ်ခါတော့ တကယ့်ကို တကယ်ပါ၊ ငါမှာ တစ်လမ်းလုံး ဘယ်လောက် ဒုက္ခရောက်ခဲ့ရသလဲဆိုတာ အသေးစိတ် ပြောပြရင် နင် ငိုတောင်သွားဦးမယ်"

ကြည့်လိုက်တော့လည်း ရုပ်ကလေးက မိုးရေစိုထားသည့် ကြွက်စုတ်ဆံပင်လေးနဲ့၊ မောဟိုက်ပင်ပန်းလွန်းလို့ မနည်းအသက်မှန်အောင် ရှူနေရသည့် ဟန်ကလေးနဲ့ သနားစရာတောင်ကောင်းနေသေးသလိုလို။

"ငါ့ကား အဲယားကွန်းက ဂက်(စ်)ကုန်နေတာ၊ မိုးရွာလို့ ရေငွေ့ပြန်တဲ့အခါ ဘယ်လိုမှ ရှေ့ကို မမြင်ရတော့ဘူး၊ အဲဒါကို ဒီရောက်အောင် ဘုရားတ,ပြီး မောင်းလာရတာ"

"တော်ပါပြီဟယ် ... ငါကတောင် ခုအခ်ငှားမိကဲ့အတွက် ပြန်ပြီး တောင်းပန်ရမလို ဖြစ်နေပြီ၊ အဲဒီလိုမှန်းသိရင် စာအုပ်ကို ဒီလောက်ထပ်ချင်မနေတော့ပါဘူး"

နောက်ဆုံးတော့ မွေးနွယ်ရိုးကပဲ တစ်ပြန်စိတ်မကောင်း ဖြစ်ရကာ သူ့ကို ပြေရာပြေကြောင်း ပြောရသည့် ကိန်းကို ဆိုက်တာပါပဲ။

www.burmeseclassic.com



သာဒင်ညို့မှာ အစွမ်းတစ်ခုရှိတာက သူ ဘယ်လော
ပဲ မှားမှား တစ်ဖက်လူက အပြစ်တင်လို့မရ၊ မဆူမပြောရက်
တာပါပဲ။ ဒါဟာ ဘာဖြစ်လို့လဲ။ နောက်တတ်ပြောင်တတ်တ
မှန်ပေမယ့် သူ့ရဲ့အတွင်းစိတ်သဘောကပဲ ဖြူစင်လို့လား။

ရွှေနှယ်ရိုးကတော့ ကိုယ့်စာအုပ် မထပ်လိုက်ရမှာ
စိုးရိမ်ပူပန်ကာ ဒေါသထွက်ရလေသမျှ သူ့ရဲ့ ပင်ပန်းနွမ်းနယ်
သည့် မျက်နှာကို မြင်လိုက်ရတော့လည်း အားလုံး ပြေပျော
သွားရပြန်လေသည်။



၈

"ဟဲ့ ... ရွှေရိုးနဲ့ သီလဝါ ... နင်တို့တွေ ဒီညနေ လာအား
ပေးကြမှာမို့လား"

မနက်ကတည်းက ကြွစောင်းကြွစောင်းနဲ့ တစ်တန်း
လုံးနှံ့အောင် လျှောက်သွားနေသော သာဒင်ညို့ကို အမြင်ကတ်ကတ်
နဲ့ ရွှေနှယ်ရိုးတို့တတွေက အတာဖ်းပြောနေရသည့်ကြားထဲ ကိုယ်
နှံဘေးတည့်တည့်ကြီး ရောက်လာပြန်တာမို့ ရွှေနှယ်ရိုးနဲ့ သီလဝါက
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ညနေ သာဒင်ညိုတို့ 3rdM.B အတန်းနဲ့ Part II အတန်း ဘောလုံးအသင်းတို့ ဖိုင်နယ်ပြိုင်ပွဲရှိတာ။ အတန်းသိပ်မများလှသည့် ရွှေနှယ်ရိုးတို့ရဲ့ ဆေးကျောင်းမှာ ဘောလုံးပြိုင်ပွဲဆိုလျှင် အုပ်စုနှစ်စုခွဲကာ ကန်ရုံပင်။ အုပ်စုတစ်စုက နှစ်သင်းစီတက်မှာမို့ အုပ်စုပွဲပြီးတာနဲ့ ဆီမီးဖိုင်နယ်တန်း ရောက်ပြီ။

သာဒင်ညိုတို့ အသင်းက ဆီမီးဖိုင်နယ်မှာ နာမည်ကြီး Part I အသင်းကို အနိုင်ကန်နိုင်ခဲ့ပြီး ဒီနေ့ ဖိုင်နယ်ပွဲကန်ရမှာမို့ အရမ်းတက်ကြွနေတာ။

ဒီလောက်တက်ကြွနေလို့လည်း သာဒင်ညို့ကိုအသင်းခေါင်းဆောင် မမှတ်လိုက်ပါနှင့်။ တကယ်တမ်း အရေးမပါသည့် အရန်ဂိုးသမားသာလျှင် ဖြစ်ပါသည်။

"နေပါဦး ... ဘောလုံးပွဲမှာ နင်က ဘယ်နေရာမို့ နင့်ကို အားပေးရမှာလဲ"

"ဂိုးသမားလေ"

"အစိက ဂိုးသမားဖြင့် မဟုတ်ဘဲနဲ့"

"အစိက ဂိုးသမား မဟုတ်ရော ဘာဖြစ်လဲ၊ ဒီအသင်းထဲမှာ ငါပါနေတာပဲ၊ တကယ်လို့ ဂိုးသမား နာသွားမယ်ဆိုရင် ငါ့အစွမ်းပြခွင့် ရမှာပေါ့"

"နင်က သူများကို ကျိန်စာတိုက်နေတယ်ပေါ့လေ"





"မတိုက်ပါဘူး ... ဘာလို့ တိုက်ရမှာလဲ"

"တကယ်လို့ ဂိုးသမား နာသွားရင် ... လို့ ပြောကတည်းက နင် ဂိုးသမားအောင်ထိုက်ကို ကျိန်စာတိုက်ချင်နေတာပေါ့ဟဲ့၊ နင့်အကြောင်းများ မသိဘူး မှတ်နေလား"

သီလဝါက အသံစူးစူးနဲ့ ခပ်စွာစွာလေး ပြောလိုက်လျှင် သာဒင်ညိုက မျက်နှာကြီး ပုပ်သိုးသွားပါသည်။

"နင်တို့ဟာလေ ... ငါ့ဆို တစ်စက်ကလေးမှ အကောင်းမပြောဘူး"

"အကောင်းပြောစရာ အကွက်ရော နင့်မှာ ရှိလို့လား"

"အေး ... ကြည့်နေ၊ ဒီတစ်ခါ အကွက်ရလို့ကတော့ နင်တို့တွေ ငါ့အစွမ်း ကောင်းကောင်း သိရစေမယ်"

သာဒင်ညိုက ကြိမ်းဝါးလျက် ပြန်ထွက်သွားသည်။

တကယ်တမ်း ဘောလုံးကန်သည့်အခါ သာဒင်ညို၏ ကျိန်စာပဲ မိသွားလို့လားမသိ၊ အစိကဂိုးသမား အောင်ထိုက်က ဒူးနာနေသည်ဆိုကာ မဖမ်းနိုင်။ အဲဒီမှာတင် ကိုရွှေသာဒင်တို့ ဂိုးသမားဝတ်စုံဖြစ်သည့် ဘောင်းဘီရှည် အပြာရင့်ရောင်၊ အပြာခံမှာ ရောင်စုံကြောင်ကြောင်ကျားကျား အဆင်တွေပါသည့် စပို့ရှပ်လက်ရှည်ကိုဝတ်ကာ ကွင်းထဲ ကြွားကြွားရွားရွား ကားယားကားယား ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်၊ ကွင်းထဲမဝင်ခင် ရွှေနှယ်ရီးတို့ ထိုင် နေသည့်ဘက်ကို ငဲ့စောင်းကြည့်လျက် လက်ညှိုးနဲ့ လက်ခလယ် နှစ်ချောင်း ထောင်ပြသွားလိုက်သေးသည်။ အောင်မြင်ရမယ်ဆိုတဲ့ သဘော။

"ဟဲ့ ... သာဒင်က ဘယ်ဆိုးလို့လဲဟဲ့ ... ဂိုးဖမ်းတော်သားပဲ"

တကယ် ဂိုးဖမ်းသည့်အခါ သာဒင်ညိုက လက်စွမ်း ပြရှာပါသည်။ တစ်ဖက်အသင်းက ကန်သွင်းသမျှ ဂိုးတွေကို တစ်လုံးမှ မလွဲစေရအောင် ကြိုးစားပမ်းစားဖမ်းရင်း ပထမပိုင်း ပြီးသည်အထိ တစ်ဖက်နဲ့တစ်ဖက် ဂိုးမသွင်းနိုင်။

တစ်သက်လုံးက သာဒင်ညိုကိုဆို အထင်မကြီး သည့် မိန်းကလေးတွေဟာ သာဒင်ညို ဂိုးတစ်ချက်ဖမ်းမိလိုက် တိုင်း ဝေးခနဲ အော်ဟစ်အားပေးရင်း နောက်ဆုံးတော့ ဒီပွဲဟာ သာဒင်ညို့ပွဲ ဖြစ်သွားရတော့သည်။

"သိပ်လည်း အားပေးမနေနဲ့ဦး ... သာဒင်ဆိုတဲ့ကောင် ယုံရတာ မဟုတ်ဘူး၊ အချိန်နီးမှ ကပ်ဖောက်ချင်ဖောက်မှာ"

"အေး ... ငါတို့ဘက်ကလည်း ဂိုးမသွင်းနိုင်သေးတော့ အခြေအနေက သိပ်မဟန်ဘူး"

အားသာပေးနေရသော်လည်း အကြောင်းသိဖြစ်သည့ ရွှေနှယ်ရီးတို့မှာ သာဒင်ညို့ကို သိပ်တော့ အားကိုးရဲတာ မဟုတ ချေ။ ရင်တထိတ်ထိတ်နဲ့ ပွဲအပြီးကိုသာ စောင့်နေရလေသည်





ထိုအချိန်မှာ ကွင်းထဲက သာဒင်ညို တစ်ယောက်က လည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ဗင်။ သာဒင်ညို့ ဒုက္ခကား တခြားမဟုတ်။ နဖူးကနေ တပေါက်ပေါက်ကျလာသော ချွေးတွေက မျက်လုံးထဲ တစိမ့်စိမ့် စီးဝင်ကာ မျက်လုံးတွေ ကျိန်းစပ်လျက် ဘာဆိုဘာမှ မမြင်ရတော့ခြင်းပင်။

လက်အိတ်ဝတ်ထားသည့်လက်နဲ့ ချွေးသုတ်ရတာ လည်း ခရီးကမတွင်။ တစ်ခါတစ်ခါတော့ အင်္ကျီလက်မောင်းနဲ့ ချွေးကို ပွတ်သုတ်ရပေမယ့် အချိန်က သိပ်မရလေကား နောက် ထပ် တဖြိုင်ဖြိုင် ကျလာသော ချွေးတွေဟာ မျက်စိထဲ ဝင်မြဲပင်။

ကြာတော့ အမြင်တွေ ဝေဝါးလာပြီ။ ချွေးတွေက ဆားငန်ရည်တွေမို့ မျက်စိက စပ်ဖျဉ်းဖျဉ်း ဖြစ်လာသော ခံစား ချက်ဟာ သက်သာသွားသည်ရယ်လို့ မရှိဘဲ ပိုပိုဆိုးလာတော့တာ။ ဖြစ်နိုင်လျှင် ဖျတ်ခနဲ ထိုင်ချပြီး လက်အိတ်တွေ ချွတ်ပစ်ကာ အားရပါးရ မျက်လုံးကိုပဲ ပွတ်သုတ်လိုက်ချင်တော့သည်။

ကိုယ့်ဘာသာ ချွေးသုတ်ချင်သည့် အာရုံကို ကြိုးစား ဖျောက်ပစ်နေရဆဲ မည်းမည်းအရိပ်တစ်ခု ကိုယ့်မျက်စိရှေ့ လှစ် ခနဲ ဝင်လာတာမို့ သာဒင်ညိုက သတိကြီးစွာ လှမ်းဖမ်းလိုက်ပါ သည်။

"ဝေး"

လက်ထဲ တစ်စုံတစ်ခုလည်း ဘတ်ခနဲ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရော နားကွဲမတတ် အော်သံကြီးက တစ်ခုတည်းရှိသော ပွဲကြည့်စင်ဘက်က ထွက်လာပါသည်။

ဒီအသံဟာ ကိုယ့်ကို အားပေးလိုက်သည့် အသံဟု ရုတ်တရက်တော့ ထင်လိုက်မိသော်လည်း လက်ထဲပိုက်ထားမိသော အရာဟာ ဘောလုံးတော့ မဟုတ်နိုင်ဘူးဆိုတာ သေချာလေသည်။

"ဟော့ကောင် ... လွှတ်ကွ ... ငါ့ကွ"

ကိုယ်နဲ့ အနီးကပ်ဆုံး နေရာကနေ အသံကျယ်တစ်ခု ကြားရတော့မှ လက်ထဲရှိနေသည့် အရာဟာ ကျော်ဇောရဲ့ဦးခေါင်း ဆိုတာ သိလိုက်ရတော့သည်။

"ဟေ့ကောင် ... မင်းလုပ်လို့ ဂိုးသွားပြီ၊ ငါခေါင်းတိုက်ပြီး ထုတ်ပစ်မယ့်ဟာကို မင်းက ငါ့ခေါင်းကြီး ဆီးဖမ်းထားတော့ ဘောလုံးက ဝင်သွားပြီ"

မြတ်စွာဘုရား။ ကျော်ဇော ပြောမှ အလန့်တကြား လှည့်လိုက်တော့ ကိုယ့်ဘေးဂိုးဖောင့်ထဲမှာ ဘောလုံး။

မှားလေစွ။ မျက်စိတွေ ကျိန်းစပ်ကာ မမြင်မကန်း ဖြစ်နေချိန်မို့ ရိပ်ခနဲ မျက်စိရှေ့ ရောက်လာသော မည်းမည်းအလုံးကို ဘောလုံးမှတ်ပြီး စွတ်ဖမ်းလိုက်တာ။ ထကယ်တမ်း သူဖမ်းမိသော အရာဟာ ဘောလုံးမဟုတ်ဘဲ တစ်ဖက်အသင်းရဲ့ ရှေ့တန်းတိုက်စစ်မှူးက ကန်သွင်းလိုက်သော ဘောလုံးကို ခေါင်းတိုက်ဖျက်ထုတ်မည့် ကိုယ့်အသင်းရဲ့ နောက်တန်းလူ ကျော်ဇောရဲ့ခေါင်း ဖြစ်နေတော့တာ။





ဘောလုံးနဲ့ခေါင်း မှားဖမ်းမိတာကြောင့် ဂိုးဝင်တာကို မတားဆီးနိုင်သည့်အပြင် ကြားထဲက ဝင်တားကွယ်ပေးမည့် ကျော်ဇောကိုပါ တားပေးထားလိုက်သလို ဖြစ်တာကြောင့် ဒီတစ်ခါ ဂိုးဝင်သွားတာဟာ သာဒင်ညိုရဲ့အပြစ် သေသေချာချာကြီးကိုပဲ ဖြစ်နေတော့သည်။

"ရှီ"

ဂိုးတိုင်ထောင့်မှာ ငြိမ်ငြိမ်လေး လဲလျောင်းနေသော ဘောလုံးကို ငေးကြည့်ပြီး ကြောင်တောင်တောခင် ဖြစ်နေစဉ်မှာပဲ ဒိုင်လူကြီးရဲ့ ခရာမှုတ်သံကို ကြားလိုက်ရသည်။

သွားပြီ။ ပြီးသွားပြီပေါ့။ ပွဲပြီးသွားပြီ ။ သူတို့ဘက်က တစ်ဂိုး ကိုယ့်ဘက်က ဂိုးမရှိနဲ့ နောက်ဆုံးစက္ကန့်ပိုင်းလေးအလိုမှာ ရှုံးနိမ့်သွားခဲ့ရပြီပေါ့။

"မင်းကြောင့် ... မင်းကြောင့် ရှုံးပြီ"

"ဟုတ်တယ် ... မင်း အသုံးမကျလို့"

အလို။ မြတ်စွာဘုရား။ တစ်သင်းလုံး ရှုံးတာကို ကိုယ့်ကြောင့်ရှုံးတာလို့ အပြောခံရပြီ။ တစ်လျှောက်လုံး ကောင်းကောင်းလုပ်လာသမျှဟာ နောက်ဆုံးမှာတော့ အပြစ်တင်ခံရခြင်းနဲ့ပဲ အဆုံးသတ်ရတော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



သာဒင်ညိုက ရှုံ့မဲ့ပုပ်သိုးနေသည့် မျက်နှာနဲ့ ကွင်းထဲက ထွက်လာပါသည်။ ပွဲကြည့်စင်နား ရောက်တော့လည်း ပိုပြီး နားအသက်သာ။ တစ်ချိန်လုံး အသည်းအသန် အားပေးလာကြသည့် မွေးမြူယ်ရီးတို့ တစ်သိုက်က အပြေးအလွှား အနားရောက်လာကာ ကြွက်ကြွက်ညံအောင် အပြစ်တင်ကြပါလေရော။

"နင်ပြောတော့ မိုးလားကဲလား၊ အခု ဘယ်လိုဖြစ်ရတာလဲ"

"ငါတစ်ချိန်လုံး ကောင်းကောင်းဖမ်းလာတာပဲဟာ"

"တစ်ချိန်ဆိုလည်း တစ်ချိန်လုံး ကောင်းကောင်းဖမ်းပေါ့၊ အခုတော့ ပွဲပြီးကာနီးမှကပ်ပြီး ဘာတွေရှုံးသွားရတာလဲ"

"အေးလေ ... ကျော်ဇောရဲ့ခေါင်းက ဘောလုံးနဲ့များတူနေလို့လား"

"အေး ... ဘာဖြစ်လို့ ဘောလုံးကို မဖမ်းဘဲ ကျော်ဇောကို ဖမ်းလိုက်ရတာလဲ၊ နင့်နှမနဲ့ ပေးစားဖို့လား"

"အေး ... ဟုတ်တယ်၊ ငါ့အမေက ငါတစ်ယောက်တည်း မွေးထားတာဆိုတော့ ညီမအရင်းတော့ မရှိဘူး၊ နင်တို့အားလုံးကိုပဲ ညီမလို့ သတ်မှတ်ထားရတာဆိုတော့ ပေးစားစရာရှိ နင်တို့ထဲက တစ်ယောက်ယောက်ကိုပဲ ပေးရမှာပဲ"

"အပိုတွေ ပြောမနေနဲ့ ... နင့်အပြစ်က နည်းနည်းနောနော မဟုတ်ဘူး၊ ငါတို့အသင်း ဒီလောက်နိုင်ခြေရှိနေတာကို နင် ဖျက်ဆီးလို့ ပျက်စီးတာ၊ နင့်ကြောင့်"





"ဟုတ်တယ် ... နင့်ကိုထည့်မိတာ ကံဆိုးတာပဲ၊ အောင်ထိုက်သာဆို ဒီလိုဖြစ်မှာ မဟုတ်ဘူး"

သာဒင်ညိုမှာ စောစောက မျက်နှာသာရခဲ့သမျှ အခုတော့ မျက်နှာငယ်လေးနဲ့ ဖြစ်နေလေသည်။ သူတို့ အပြစ်တင်ရအောင်ကလည်း ကိုယ်ကလည်း ကိုယ်ဖမ့်ဖမ့် ဘာမှမပြောသာ။ ရှုတ်တရက် မျက်စိတွေစပ်ကာ ပြာဝေပြီး ကျော်ဇောနဲ့ ဘောလုံး မှားဖမ်းမိသည့် ဖြစ်ရပ်ဟာ ကိုယ့်အတွက်တော့ နိုင်လုံသော အကြောင်းပြချက် ဖြစ်ပေမယ့် သူများတွေကို ပြောပြလို့တော့ ဘယ်လိုမှ မဖြစ်နိုင်ချေ။

ထိုနေ့က အားလုံးရဲ့ တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းဆူပူသည့်ဒဏ်ကို သာဒင်ညို တစ်ယောက် လိမ့်နေအောင် ခံလိုက်ရပါသည်။ အဲဒီနေ့ တစ်ရက်တည်းတင် မဟုတ်၊ နောက်ထပ်ရက်ပေါင်းများစွာ အခဲမကြေ တဖျစ်တောက်တောက် အပြောအဆို ခံရလို့ မဆုံးချေ။

သာဒင်ညို ဆိုသည့် လူသားလေး တစ်ယောက်ဟာ အဲဒီလိုမျိုး ဟုတ်မလိုလိုနဲ့ အဖျားရှူးသွားတတ်သော အကျင့်ဆိုးကို ပိုင်ဆိုင်ထားသည်လို့ ပြောလျှင်လည်း မမှားချေ။



www.burmeseclassic.com

www.burmeseclassic.com

## ၆

"ငါ့ကို ပေးပါ,ပါဟာ၊ ဘယ်သူမှ မခေါ်လို့ပါ၊ နင်တို့မှ မခေါ်ရင် ငါ ဒုက္ခရောက်ရတော့မှာမို့ပါ"

မျက်နှာငယ်လေးနဲ့ တောင်းတောင်းပန်ပန် လာပြောနေသော သာဒင်ညို့ကို မြလွှာရုံနဲ့ မေခိုင်မာတို့က ခါးခါးသီးသီးပဲ မှလိုချင်။

ရွှေနှယ်ရိုးတို့ Part I မှာ နယ်ကို ကွင်းဆင်းလေ့လာရေး Trip ထွက်ရတော့ နီးစပ်ရာ နီးစပ်ရာ အုပ်စုကလေးတွေ ဖွဲ့ရသည်။ တစ်အုပ်စုမှာ လူငါးယောက် အနည်းဆုံး ပါရမည်။





ယောက်ျားလေးတစ်ယောက် အနည်းဆုံး ပါရမည်ဆိုသည့် စည်းကမ်းချက် ချဆားပေရာ အတန်းထဲမှာ လူနည်းစုဖြစ်သော ယောက်ျားလေးတွေ ဈေးကောင်းကြတော့တာ။

ဘယ်တုန်းကမှ ယောက်ျားလေးတွေကို ဂရုမစိုက်ခဲ့သော မိန်းကလေး အများစုဟာ အခုကျတော့မှပဲ ငါတို့အဖွဲ့ထဲ ပါ,ပါ၊ ငါတို့နဲ့ လိုက်ခဲ့ပါလို့ အသည်းအသန် လိုက်ခေါ်ကြရတော့တာ။ ယောက်ျားလေးတွေကလည်း သူတို့သဘောကျသည့် ကောင်မလေးတွေနောက် လိုက်ရဖို့ အသည်းအသန် လုယက်သုလုယက်၊ သူတို့အမြင်ကတ်သည့် ကောင်မလေးတွေကျ စိတ်တိုချင်စရာ ကောင်းလောက်အောင် ဘဝင်ကိုင်လိုကိုင်၊ လုံးဝမလိုက်ချင်သည့် အဖွဲ့တွေကိုကျ အပြေးအလွှား ရှောင်တိမ်းသုတိမ်းနဲ့ အခွင့်အရေးတွေ ရကောင်းတိုင်း ရနေကြတော့တာ။

အဲဒီလို ဈေးကောင်းနေသည့် အထဲမှာမှ သာဒင်ညို့ကို ခေါ်ချင်သည့်သူ တစ်ယောက်မှ မရှိဘူးဆိုတာ အံ့ဩစရာကောင်းမနေပေဘူးလား။

သာဒင်ညိုဟာ ပေါက်ကရလုပ်တတ်တာ၊ အနောက်အပြောင်သန်တာ၊ ဘယ်အရာကိုမှ အလေးအနက် မထားဘဲ ခပ်ပေါ့ပေါ့လေး လုပ်ကိုင်နေထိုင်တတ်တာ စသည့် အပြစ်ကလေးတွေကလွဲလျှင် စိတ်သဘောထားကောင်းကာ ကူညီတတ်၊ အနဲ



www.burmeseclassic.com

www.burmeseclassic.com



အတာခံတတ်ပါသည်။ အကျင့်စာရိတ္တလည်း ကောင်းမွန်ကာ ပေါင်းလို့သင်းလို့ ကောင်းသည့် သူငယ်ချင်း တစ်ယောက်ပါ။ အဲဒီလို ကောင်လေးမျိုးမှာ ခေါ်ချင်သည့်သူ မရှိဘူးဆိုတာ အံ့ဩစရာ မကောင်းဘူးလား။

"ဟုတ်ရဲ့လားဟယ် ... နင့်ကို ခေါ်မယ့်သူ မရှိဘူးဆိုတာ ဖြစ်နိုင်လို့လား ... နင်တို့ယောက်ျားလေးတွေ ဒီလောက် ဈေးကောင်းနေတာ"

"အေးလေ ... ဆေးကျောင်းသစ္စာ်တမ်း တစ်ခုလုံးမှာ နင်တို့တွေ ဈေးကောင်းတာဆိုလို့ ဒီအချိန်လေး တစ်ချိန်ပဲ ရှိတာမို့လား"

"အဲဒီ တစ်ချိန်လေးတောင်မှ ဈေးကောင်းမရနိုင်လို့ ခက်နေတာပေါ့ ... တကယ်ပြောတာဟ၊ ငါ့ကို ဘယ်သူမှ မခေါ်ချင်ကြဘူး"

"အဲဒါ နင်မကောင်းလို့ပေါ့"

"ဟုတ်ပါတယ်ဟာ ... ငါမကောင်းဘူးပဲ ထားပါ၊ ဒါပေမယ့် ခရီးအတူမသွားဖူးလောက်အောင်တော့ ငါက စည်းကမ်းပျက်နေတာ မဟုတ်ပါဘူးဟာ ... အဲဒါတော့ နင်တို့လက်ခံတယ် မဟုတ်လား"

သာဒင်ညိုက ရွှေနှယ်ရီးတို့ ထိုင်နေသော ခုံရဲ့အောက်





တစ်ထစ်ကခုံမှာထိုင်ကာ ကိုယ်ကို နောက်ပြန်လှည့်လျက် ရွှေနှယ်ရီးတို့ စာရေးစားပွဲပေါ် မေးထောက်ကာ ငေးနေပါသည်။ သူ့မျက်နှာက ခပ်ညှိုးညှိုးဖြစ်နေကာ ဘယ်သူကမှ မခေါ်ချင်ဘဲ အပြစ်ပယ်ခံကြီး ဖြစ်နေရသော ဘဝကို အတော်ရှက်ဖွဲ့ဝမ်းနည်းနေပုံနဲ့ မျက်နှာလေး ငယ်နေရှာသည်။

သီလဝါနဲ့ ရွှေနှယ်ရီးတို့ကတော့ စိတ်ထဲ ဘယ်လိုမှ မရှိပါ။ သာဒင်ညိုရဲ့ ချောက်ချနောက်ပြောင်မှုကို အကြိမ်ကြိမ် အဖန်ဖန် ခံရဖူးပေမယ့်လည်း သူ့ရဲ့နောက်ပြောင်မှုတွေဟာ ခင်လို့ မင်လို့ ဖြူဖြူစင်စင်၊ ရိုးရိုးသားသား နောက်ပြောင်တာလောက်သာဖြစ်ပြီး ဘယ်သူ့ကိုမှ ထိခိုက်နစ်နာစရာလည်း မပါပေရာ အငြိုးအတေးမှတ်စရာ၊ မကျေမချမ်းလောက်စရာ မရှိပါ။

"ငါ့ကို လက်ခံမယ်မို့လားဟင်"

ရွှေနှယ်ရီးက သီလဝါကို လှည့်ကြည့်လိုက်ပါသည်။ ဘယ်လိုလဲ ခေါ်မလားဟု တိုင်ပင်ညှိနှိုင်းသည့် သဘော။

သီလဝါကတော့ သာဒင်ညိုကို ခေါ်ဆိုလည်း ခေါ်ရုံပင်။ သူမတို့ အဖွဲ့ထဲမှာ လူကမပြည့်သေး။ မိန်းကလေးက သူမတို့လေးယောက်ပါပြီး ယောက်ျားလေးက သုံးယောက်ပဲရှိသေးတာမို့ နောက်ထပ်တစ်ယောက်တော့ ထပ်ထည့်လို့ ရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုရှိထားသည့် ယောက်ျားလေး သုံးယောက်က မေခိုင်မာတို့ သူငယ်ချင်း ကောင်လေးတွေမို့ သူတို့နဲ့က ခုနံပါတ်ချင်းလေးကသာ သိပ်မရင်းနှီး၊ သာဒင်ညို တစ်ယောက် ပါလျှင်တော့ ဘာပဲဖြစ်ဖြစ် ခိုင်းလို့ကောင်း၊ ပြောလို့ဆိုလို့ ကောင်းမည်လို့လည်း သီလဝါက တွက်ပါသေးသည်။

ခက်နေတာက သူမရဲ့ဘေးမှာ ထိုင်နေသော မေခိုင်မာက လက်တကုတ်တည်း ကုတ်နေခြင်းပင်။ မေခိုင်မာ မျက်နှာထားက ခပ်တင်းတင်းနှင့် သာဒင်ညို့ တောင်းဆိုချက်ကို ဆန့်ကျင်လိုပုံကို ဆောင်ထားလေသည်။

မြလွှာရုံ ကြည့်ရတာလည်း ဝင်ပြောလို့ မကောင်းလို့သာ မပြောရတယ် အတော်လေး စိတ်ညစ်ညူးနေသည့်ပုံ။

သာဒင်ညိုဟာ ဒီလောက်ခါးခါးသီးသီး ဖြစ်ရအောင်တော့လည်း ဆိုးဝါးနေတာ မဟုတ်သေးပါဘူးလို့ ရွှေနှယ်ရီးက စာနာစွာ တွေးလိုက်မိသည်။

သာဒင်ညို့ အကျင့်စရိုက်တွေကို အသိဆုံးနီးပါးလောက် ဖြစ်နေပေမယ့်လည်း ရွှေနှယ်ရီးကဖြင့် စိတ်မညစ်လှပါဘူး။ သူတစ်ယောက် အပိုပါလာလို့ ပြဿနာတွေ ဖြစ်လာစရာ မရှိသည့်အပြင် ပျော်စရာတောင် ကောင်းချင်ကောင်းဦးမှာလို့ ရွှေနှယ်ရီးက တွေးမိသေးတာ။





သူမတို့အဖွဲ့ထဲမှာပါမည့် ကောင်လေးသုံးယောက်ထဲက မင်းမော်ဆိုသည့် တစ်ယောက်က မေခိုင်မာ့ကို သဘောကျနေတာ။ ခိုင်မာ ကိုယ်တိုင်ကလည်း ပြန်ပြီး လက်ခံချင်ချင်မို့ မင်းမော်ကို သူတို့အုပ်စုထဲ ဆွဲသွင်းလာတာ။

မင်းမော်ရော၊ သူ့သူငယ်ချင်း နှစ်ယောက်ရော အနေအထိုင် အေးဆေးကာ စာကြိုးစားကြသူတွေချည်းပဲမို့ အဖွဲ့အတွက် အကျိုးရှိသည်လို့ မေခိုင်မာကတော့ မှန်းထားတာပါပဲ။ မြလွှာရုံကလည်း သူနဲ့ ခုနံပါတ်ချင်းနီးသည့် သူတွေမို့ ခိုင်မာ့အဆိုကို သဘောတူ ထောက်ခံထားတာ။

ရွှေနှယ်ရီးနဲ့ သီလဝါကတော့ အဲဒီသုံးယောက်ကို ကန့်ကန့်ကွက်ကွက်၊ မလိုမလား မရှိပေမယ့် မင်းမော်တစ်ယောက်နဲ့သာ ရင်းနှီးပြီး ကျန်နှစ်ယောက်ကတော့ မေးထူးခေါ်ပြောအဆင့်လောက်ပဲမို့ သူတို့တွေနဲ့သာ သွားရရင် သိပ်တော့ ပျော်စရာကောင်းမှာမဟုတ်ချေ။ သာဒင်ညို တစ်ယောက်သာ ပါလျှင်တော့ ဘာပဲဖြစ်ဖြစ် ကိုယ့်အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် ပါတာမို့ ပျော်စရာလည်းကောင်း၊ အားကိုးအားထားလည်း ဖြစ်မှာ။

"ဘယ်လိုလဲဟာ ... နင်တို့ကလည်း၊ စာရင်းတွေတောင် ပေးရတော့မယ်၊ ငါက Trip မထွက်ရတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတွေ သွားပြောပြီး သူတို့စိတ်ကြိုက်အဖွဲ့ထဲ ရွေးထည့်ခိုင်းလိုက်ပါလား"

မေခိုင်မာက ရက်ရက်စက်စက်ပင် အကြံပေးလိုက်ပါသည်။ အဲဒီလို ပြောလိုက်ခြင်းအားဖြင့် သာဒင်ညို့ကို သူမ,က မခေါ်ချင်ဘူးဆိုတာ ပိုပြီး ထင်ရှားစေသည်။

"ငါဘာတွေ လုပ်မိလို့များ နင်တို့တွေက ဒီလောက်တောင် ခါးခါးသီးသီး ဖြစ်နေရတာလဲဟာ"

ဆံပင်တွေ ထိုးဖွကာ ခပ်ညည်းညည်း ပြောလိုက်သော သာဒင်ညို့ မျက်လုံးထဲမှာ အထိနာသည့် ခံစားချက်တွေ အစုလိုက် အပုံလိုက် ရှိနေကြသည်။ ခိုင်မှာပြောသလို ဆရာတွေကို အကျိုးအကြောင်း သွားပြောပြီး တဖွဲ့ဖွဲ့ထဲ အတင်းထိုးထည့်ခိုင်းမည်ဆိုလျှင်တော့ ရပါသည်။ ဆရာတွေက လူနည်းသည့်အဖွဲ့ထဲ၊ ယောကျ်ားလေး အင်အားနည်းသည့် အဖွဲ့ထဲ ကြိုသလိုထည့်ပေးလိုက်မှာပင်။

ဒါပေမယ့် အဲဒီလိုမျိုးဟာ သာဒင်ညိုနဲ့ လိုက်ဖက်ကိုက်ညီဖို့ဆိုတာ ဖြစ်ချင်မှ ဖြစ်နိုင်မှာ။ နောက်ပြီး ဆရာတွေက အတင်းထည့်ပေးလို့ လက်ခံလိုက်ရသော အုပ်စုကလည်း သာဒင်ညို့ကို ဘယ်ကြည်လင်ပါတော့မလဲ။

ရွှေနှယ်ရီးက ကိုယ့်ရှေ့ မျက်နှာချင်းဆိုင်မှာ လာ





ထိုင်နေရှာသော သာဒင်ညိုရဲ့ စိတ်ပျက်လက်ပျက် မျက်နှာကို ကြည့်ပြီး သူ့ဘက်က မခံမရပ်နိုင် ဖြစ်လာရသည်။ ခိုင်မာက မတရားတာ။ သူ့လူ မင်းမော်ကိုကျတော့ ဆွဲထည့်လာသည်။ မင်းမော်သာ မဟုတ်၊ ရွှေနှယ်ရီးတို့နဲ့ မရင်းနှီးသော မင်းမော် သူငယ်ချင်း နှစ်ယောက်ကိုလည်း လက်ခံထားသေးသည်။ ရွှေနှယ်ရီးတို့ဖက်ကျတော့ သာဒင်ညို တစ်ယောက်တည်းကိုတောင် ခေါ်မသွင်းချင်။

"ငါတို့အဖွဲ့ထဲမှာက မင်းမော်ရယ်၊ ကျော်စွာနိုင်ရယ်၊ တင်အောင်ဆွေရယ်ပါမှာ။ နင်သိတဲ့အတိုင်း ဒီကောင်တွေက စာပဲကြိုးစားတာ။ နင်နဲ့ တိုက်(ပ်)ချင်း တူတာမဟုတ်ဘူး၊ အဲဒီတော့ သူတို့လည်း အဆင်ပြေမှာ မဟုတ်ဘူး၊ နင်လည်း မလွယ်ဘူး၊ တခြားအဆင်ပြေတဲ့ အဖွဲ့ထဲပဲ သွားဝင်ပါဟာ"

မေခိုင်မာက အပြတ်ပြောချလိုက်လျှင် သာဒင်ညိုက သူမကို ခပ်ငေးငေးလေး တစ်ချက်ကြည့်လျက် စိတ်လျှော့လိုက်သလို သက်ပြင်းလေးလေးချကာ ထိုင်ရာက ထ,လိုက်ပါသည်။

ထိုခဏမှာ ရွှေနှယ်ရီး စိတ်ထဲ မေခိုင်မာကို ထောင်းခနဲ ဒေါသထွက်သွားလျက် သာဒင်ညို့ကိုတော့ ရစရာမရှိအောင် သနားကရုဏာ သက်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီခရီးဟာ ဆေးကျောင်းသက်တမ်း တစ်ခုလုံးမှာ ပျော်စရာ အကောင်းဆုံးခရီး၊ သူငယ်ချင်းတွေ စည်းစည်းလုံးလုံး အရှိဆုံးခရီး။ ဒီလိုခရီးမျိုးကိုမှ သူ့ခမျာ ကိုယ့်ကိုမခေါ်ချင်သည့် လူတွေကြားထဲ အတင်းထိုးထည့်ခံထားရသော ဘဝမျိုးနဲ့ မျက်စိသူငယ် သွားရမည်ဆိုတော့ သာဒင်ညို့ အဖြစ်က မဆိုးလွန်းဘူးလား။

သူနဲ့ ခရီးအတူသွားရဖို့ ဘယ်သူကမှ မလိုချင်ကြဘဲ တစ်ယောက်ပြီးတစ်ယောက် ငြင်းဆန်ပုယ်ချခံရတာကလည်း လူသားတစ်ယောက်အပေါ် အညှာအတာ ကင်းမဲ့ရာ ကျလွန်းသည် ထင်ပါရဲ့။

သီလဝါကို လှည့်ကြည့်လိုက်တော့ သူလည်း စိတ်မကောင်းပုံ၊ သာဒင်ညို့ကို ခေါ်ချင်ပုံ ရပေမယ့် မေနိုင်မာနဲ့ မြလှာရုံတို့ကိုလည်း မဆန့်ကျင်ချင်သည့် သဘောနဲ့ နှုတ်ပိတ်နေသည်။

ဒီပွဲဟာ သူမ ဝင်မပါလို့ မဖြစ်တော့သည့်ပွဲဟု ရွှေနှယ်ရီးက ဆုံးဖြတ်ချက် ချလိုက်ပါသည်။ သာဒင်ညို့ကို ဒီအတိုင်း စိတ်ဓာတ်ကျကျကြီးနဲ့ အပယ်ခံတစ်ယောက်အဖြစ် ဝမ်းနည်းအားငယ်အောင် မလုပ်ရက်ချေ။

"ဟဲ့ ... သာဒင်ညို ... နေဦး"





ထွက်သွားလုလု သာဒင်ညိုက ရွှေနှယ်ရီးရဲ့ အသံကြောင့် လှည့်ကြည့်လာသလို သူငယ်ချင်းသုံးယောက်ကလည်း ရွှေနှယ်ရီး ဘာတွေများ ပြောလေမလဲလို့ အံ့အားတသင့် ကြည့်လာပါသည်။

"နင် ငါတို့အဖွဲ့နဲ့ လိုက်ခဲ့လေ"

"ဟဲ့ ..."

မြလှာရုံထံက ခပ်တိုးတိုး တားမြစ်သံကို ကြားလိုက်ရပါသည်။ မေနိုင်မာကလည်း သီလဝါကို ကျော်ကာ ရွှေနှယ်ရီးကို သိသိသာသာကြီးပဲ လှမ်းပုတ်သည်။ သို့သော်လည်း အနိုင်အမာ ဆုံးဖြတ်ပြီးဖြစ်သော ရွှေနှယ်ရီးက မမှုတော့ချေ။

"တကယ်ပြောတာဟဲ့ ... နင်ပါလာတော့ ငါတို့ မပျင်းရတော့ဘူးပေါ့ ... နော် မီသီ"

ရွှေနှယ်ရီးက ကိုယ်တစ်ယောက်တည်းဆိုလျှင် ဟိုနှစ်ယောက်ကို ဘယ်လိုမှ မယှဉ်နိုင်ဘူးလို့ သဘောပေါက်လိုက်တာမို့ သီလဝါကိုပဲ အဖော်ဆွဲထည့်လိုက်ပါသည်။

သာဒင်ညို့ကို ခင်မင်ရင်းစွဲ ရှိကာ စောစောကတည်းကလည်း သနားစိတ် ဝင်နေနှင့်ပြီးသားဖြစ်ပြီး ခေါ်လည်းခေါ်ချင်နေပုံရသော သီလဝါက သူ့ရှေ့က ဦးဆောင်မည့် ရွှေနှယ်ရီးလည်း ရှိလာရော စိတ်အားတက်လာကာ ...

www.burmeseclassic.com



"အေးလေ … ဟုတ်သားပဲ၊ နင် လိမ်လိမ်မာမာ နေရင်တော့ ခေါ်လို့ရပါတယ်"

"ငါလိမ္မာမှာပါဟာ … နင်တို့ကလဲ၊ ငါက လူဆိုးကြီးမှ မဟုတ်တာ"

ကဲ … ကြည့်စမ်း။ သူ့ကိုခေါ်မည်ဆိုသည့် အသံလေးလည်းကြားလိုက်ရော အားတက်သရော ဖြစ်သွားသည့် သာဒင်ညို့ပုံစံဟာ ဘယ်လောက်တောင်များ သနားစရာကောင်းလိုက်သလဲလို့။

ဘေးကနေ မျက်နှာပုပ်ကြီးတွေနဲ့ ဖြစ်နေကြသည့် နိုင်မာနဲ့ မြရုံကို ရွှေနှယ်ရိုးက ဂရုမစိုက်တော့။ ကိုယ့်ကြောင့် လူတစ်ယောက် အားတက်ပျော်ရွှင်သွားသည်ဆိုတဲ့ အသိကပဲ ကျေနပ်ချင်စရာ ကောင်းလှပြီ။

* * *



၁၀

သဘော်ဆိပ်ရောက်လျှင် အဖွဲ့သား ခုနစ်ယောက်စလုံးကို တွေ့ရသော်လည်း သာဒင်ညို တစ်ယောက်ကား ရောက်မလာသေး။

"စောစောလာပါလို့ အသေအချာ မှာထားသားနဲ့၊ နင့်သာဒင်ညိုက ဘာကိစ္စ နောက်ကျနေတာလဲ"

"ငါလည်း ဘယ်သိမလဲ၊ သင်္ဘောထွက်မယ့်အချိန် သူ့ကို အသေအချာ ပြောထားတာပဲဟာ"

"နင်သိရမှာပေါ့၊ သာဒင်ညို့ကို နင်ခေါ်တာပဲ၊ ငါကြိုပြောထားဦးမယ်နော်၊ သာဒင်ညိုနဲ့ ပတ်သက်သမျှ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



နင်ရှင်းရမယ်၊ နောက်ပြီး သူ မဟုတ်က ဟုတ်က ဘာမှ မလုပ်ဖို့လည်း အသေအချာ ပြောထားဦး၊ တစ်ခုခုဖြစ်လို့ကတော့ ငါနဲ့တွေ့မယ်"

ဟင် ... ဘယ်လိုကြီးလဲ။ သူငယ်ချင်းတွေအားလုံး သာတူညီမျှ ခရီးထွက်ကြမှာကိုများ သူက ဘာအခွင့်အာဏာရှိလို့ ဒီလောက် အမိန့်ပေးနေရတာလဲ။ ပြီးတော့ အားလုံးဟာ အရွယ်တူ၊ အတန်းတူ၊ ဦးနှောက်နဲ့ အတွေးအခေါ် အတူတူ။ ဒီလိုလူ အချင်းချင်း ဘယ်သူက ဘယ်သူ့ကို တာဝန်ယူရမည်၊ ထိန်းချုပ်ရမည် ဆိုတာမျိုး ရှိသင့်သလား။

ငယ်ငယ်လေးတည်းက ပေါင်းသင်းလာသည့် သူငယ်ချင်း အရင်းအချာဖြစ်သော ခမိုင်မာ့ကို ပထမဆုံးအကြိမ်အဖြစ် စိတ်ထဲမှာ ချဉ်စုတ်သွားမိသည်။

သူ့ကောင် မင်းမော်ကို "နင်တာဝန်ယူ၊ ပြဿနာ မဖြစ်စေနဲ့"လို့ သွားပြောလျှင် သူကြိုက်မလား။ အေးလေ ... အဲဒီလိုတော့လည်း မဖြစ်တာ သေချာနေတာကိုး။ မင်းမော်က လူအေး၊ လူလိမ္မာ၊ အစစအရာရာ သိတတ်ပြီး တည်ကြည်လေးနက်သည့်သူ။ မင်းမော်လို လူစားမျိုးက ဘယ်လိုနည်းနဲ့မှ ပြဿနာလုပ်မှာ မဟုတ်တာ သေချာသလို ဘယ်သူ့ရဲ့ ထိန်းချုပ်မှုမှ မလိုအပ်တာလည်း သေချာနေသည်ပဲ။





အခုပဲကြည့်လေ။ စောစောရောက်အောင် လာခဲ့ကြပါလို့ မှာထားရဲ့သားနဲ့ သာဒင်ညိုက ရောက်မလာ။ မင်းမော်ကဖြင့် အစောဆုံး ရောက်နေနှင့်ကာ လာသမျှလူတွေကို အိတ်တွေ သယ်ပေး၊ သင်္ဘောပေါ်မှာ နေရာချပေးနှင့် အစစကူညီနေတာ။

"ဟော ... သင်္ဘောထွက်တော့မယ်၊ ဥဩတောင် ဆွဲပြီ၊ နင့်သာဒင်ညိုရော"

နင့်သာဒင်ညို နင့်သာဒင်ညိုနဲ့ ခိုင်မာဟာ ရွှေနှယ်ရီးကို နိုင်ကွက်ကြီး ရနေတော့တာပါပဲ။

"ဘယ်လိုလဲ သမီး ... သင်္ဘောထွက်တော့မယ်၊ သာဒင်ညို ရောက်မလာသေးပါလား"

ရွှေနှယ်ရီးတို့အဖွဲ့ကို အုပ်ချုပ်သူအဖြစ် စောင့်ရှောက်လိုက်ပါမည့် ဆရာမက မေးလာပြီ။ သာဒင်ညို နောက်ကျတာ သူ့အရေး၊ သူ့ကိစ္စ ဖြစ်သော်လည်း ကိုယ်က ခေါ်မိသူ ဖြစ်လေရာ ရွှေနှယ်ရီးမှာ ကိုယ်ပဲ တာဝန်ရှိသူကြီးလိုလိုနဲ့ အားလုံးရဲ့ ဝိုင်းကြည့်တာ ခံရတော့သည်။

"ဒုက္ခရောက်တော့မှာပဲ ... တစ်ယောက်လျှော့နေရင် ဘယ်လိုမှ သွားလို့မဖြစ်ဘူး၊ အားလုံးစုံမှ သွားလို့ရမှာ"

"သင်္ဘောကလူတွေကို ခဏစောင့်ပေးဖို့ အကျိုးအကြောင်း သွားပြောရင် ရမလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်းမော်က အကြံပေးကာ ဆရာမကိုခေါ်လျက် သွားပြောကြပါသည်။ သူတို့ ဘယ်လောက်အပြောကောင်းလာ သလဲတော့မသိ၊ ခဏတော့ စောင့်ပေးမည်ဆိုသည့် ကတိကို ရလာသည်။

နောက်ထပ်နာရီဝက်ဆိုသည့် အချိန်ကို ဘယ်လို ကုန်လွန်စေလိုက်ရမှန်းတောင် မသိပါ။ သဘော်က ပုံမှန်အချိန် ထက် နောက်ကျနေတာမို့ ခရီးသည်တွေလည်း ကြွက်စီကြွက်စီ ဖြစ်နေကြပြီ။

"သမီး ... ဘယ်လိုဖြစ်တာလဲ၊ သမီးသူငယ်ချင်းကောင် လေးက ရောက်မလာသေးပါလား"

ဟော ... ။ လိုက်ပို့သည့် ဖေဖေကတောင် မေးနေ ပြီ။ [illegible]ယ်ရီးမှာ မဆီမဆိုင် ကိုယ့်အပြစ်လိုလို ဘာလိုလိုနဲ့ မျက်နှာငယ်နေရတော့တာ။

"အဲဒီလို ဖြစ်တာ[illegible]သွားကွယ်၊ သမီးတို့မှာလည်း ထိခိုက်တယ်၊ တခြား[illegible]သည်။ သူ့ကြောင့်နောင့် နေးရတာ ဘယ်[illegible]"

ဖေဖေက မျက်[illegible]ဖေဖန်ရေး လုပ်နေတာကို ကြားသွားလျှင် မေနိုင်မာက [illegible]ဖြိဟု်လို့ ဝမ်းသာအားရ ဝင်လာကာ ...





"ဟုတ်တယ် အန်ကယ် ... အဲဒါတွေသိလို့ အဲဒီကောင်ကို သမီးက မခေါ်ချင်တာ၊ ရွှေရီးက သူ့အာမခံတယ်ဆိုပြီး အတင်းခေါ်လာလို့"

"ဟင် ... ငါလည်း အာမခံတယ် မပြောရပါလား၊ အတင်း ခေါ်တယ် ပြောရအောင်လည်း သူက လိုက်ပါရစေလို့ အတင်းတောင်းပန်နေတာနဲ့ ငါက သနားလို့ ခေါ်လိုက် တာပဲ၊ နင်ပဲ ငါ့ကို တာဝန်ခံရမယ် ခံရမယ်နဲ့ အတင်း လိုက်သတ်မှတ်နေတာ၊ ငါက ဘာများတာဝန်ခံထားလို့လဲ"

"အိုး ... နင်မခေါ်ရင် သူက ငါတို့ထဲ ပါလာမလားဟဲ့၊ သူက ပါချင်တယ်ပြောတိုင်း ခေါ်လို့ဖြစ်မလား"

"ကိုယ့်သူငယ်ချင်းတစ်ယောက် အခက်အခဲ တွေ့နေလို့ ကူညီတဲ့ သဘောနဲ့ ငါက လက်ခံလိုက်တာ၊ ဘာအာမခံ ချက်မှ မပါဘူး၊ နင့်ဘာသာ မကျေနပ်ရင် နင်တာဝန်ယူ ပြီး ဆုံးမလိုက်"

ရွှေနှယ်ရီးက မျက်နှာတည်တည်လေးနဲ့ ခိုင်မာ့ကို တုံ့ပြန်ပစ်လိုက်ပါသည်။ သူငယ်ချင်းတွေ ညီညီညွတ်ညွတ်၊ ချစ် ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် သွားရမည့် ခရီးမှာ ခရီးမစခင်က တည်းက စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာရတာကိုလည်း စိတ်မကောင်း မိ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ခိုင်မာနဲ့ ရွှေနှယ်ရီးတို့က ငယ်သူငယ်ချင်းတွေ၊ လူရင်းတွေ။ သာဒင်ညိုက အခုမှသိရသည့်သူ။ သာဒင်ညိုအတွက်ကြောင့်တော့ သူငယ်ချင်းတွေ အချင်းချင်း ဘယ်မှာ ရန်ဖြစ်ချင်ပါ့မလဲ။ အခုဟာက ခိုင်မာ့ရဲ့ သဘောထား တင်းမာလွန်းလို့ ဖြစ်နေရတာ။

"ငါကမပြောချင်ပါဘူး၊ အဲဒီကောင်ကို အစတည်းက ကြည့်လို့မှ မရတာ၊ အန်ကယ်ရယ် ... အဲဒီကောင်ဟာ စာလည်းတော်တာ မဟုတ်ဘူး၊ တစ်ချိန်လုံး နောက်ပြောင်ပြီး အလုပ်လည်း ကောင်းကောင်းမလုပ်ဘူး၊ အမြဲပြဿနာရှာနေတဲ့ကောင်၊ အန်ကယ်တွေ့တဲ့အတိုင်းပဲ၊ အခုခရီးတောင် မစရသေးဘူး ပြဿနာစရှာနေပြီ၊ အဲဒါကြောင့် သမီးက မခေါ်ချင်တာပါ"

ခိုင်မာ ပြောနေပုံက ဖေဖေ့ရှေ့မှာ ရွှေနှယ်ရီးကို ချောက်တွန်းနေသလိုမျိုး ဖြစ်နေပြီ။ သာဒင်ညိုကို ခေါ်လာတာဟာ ရွှေနှယ်ရီးနဲ့ ဘာလိုလို ညာလိုလို သက်ဆိုင်နေလို့ ခေါ်လာတာမျိုးလို့ တိုင်တောချင်သည့် ပုံစံမျိုး။

"သာဒင်က ပေါက်ကရလုပ်တတ်ပေမယ့် သဘောလည်း ကောင်းတယ်၊ ရိုးလည်း ရိုးပါတယ်ဟာ။ သူ့ကို ခေါ်လာ





တာလည်း ငါတို့အတွက် အကူအညီ ရအောင်ပါ၊ ရွှေရီး တစ်ယောက်တည်း မဟုတ်ဘူး၊ ငါလည်း ခေါ်ချင်တာပဲ"

အောင်မယ်လေးလေး။ ကျေးဇူးတင်ဖို့ ကောင်းလိုက်တာ။ သီလဝါဟာ ဒီလောက် အလိုက်သိတတ်လိမ့်မယ်လို့တောင် မထင်မိပါဘူး။ ဒီကိစ္စ သူနဲ့ ဘာမှမဆိုင်သလို အေးထွက်ပြီးနေလို့ ရပါလျက် ဝင်ပြောပေးတာဟာ ရွှေနှယ်ရီး အပေါ် စာနာရာ ရောက်သလို သာဒင်ညို့ အတွက်လည်း ကောင်းသွားတာပင်။

ရွှေနှယ်ရီးဘက်က နှစ်ယောက်ဖြစ်လာတော့ ခိုင်မာလည်း ဘာမှမပြောသာတော့သလို မျက်နှာပုပ်ပုပ်ကြီးနဲ့ လှည့်ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

"ယောာ ... ဟိုမှာ ကြွလာတော်မူပါပြီ"

မြလွှာရုံရဲ့ ခပ်ရွဲ့ရွဲ့ အသံကြောင့် သဘောကွက်တော့မည်၊ ဆက်မစောင့်ပေးနိုင်တော့ပါလို့ လာပြောနေသည့် တာဝန်ရှိသူတွေကို ဘယ်လိုပြောရမှန်းမသိ ဖြစ်နေသည့် ရွှေနှယ်ရီးတို့ အားလုံး ဆိပ်ကမ်းဘက် လှမ်းကြည့်ဖြစ်လိုက်ပါသည်။

အိတ်တစ်လုံးဆွဲကာ တစ်ခါခါ တစ်ယမ်းယမ်းနဲ့ သောတံတားပေါ် ပြေးဆင်းလာသည့် သာဒင်ညိုက ဟိုဟိုဒီဒီ ကြည့်နေသေးသည်။ ရွှေနှယ်ရီးနဲ့ သီလဝါမှာ တခြားသူတွေကို ဂရုမစိုက်နိုင်အားဘဲ သာဒင်ညိုကို လက်ပြကာ အတင်းခေါ်ယူရလေသည်။





"သာဒင်ညို ဆိုတာ အဲဒီကောင်လေးလား သမီး"

သာဒင်ညိုကို သဲကြီးမဲကြီး လက်ပြခေါ်ငင်နေမိသော ရွှေနှယ်ရီးမှာ ဖေဖေ မေးလိုက်တာကြောင့် အနည်းငယ် ရှုပ်ရှက်ရွံ့သွားမိပါသည်။ ကိုယ်က ဘာမှမရည်ရွယ်ပေမယ့် ကိုယ့်ပုံစံက သည်းသည်းလှုပ် ဖြစ်နေတယ်လို့ ဖေဖေ ထင်စရာ ဖြစ်သွားရင်တော့ ဒုက္ခပါပဲ။

"ဟုတ်တယ် အန်ကယ်၊ ကြည့်ပါဦး ... ဘယ်လောက် ဖြူတ်စဖျင်းတောင်း နိုင်သလဲဆိုတာ"

အရေးထဲ ခိုင်မာက တစ်မျိုး။ ဘယ်တုန်းကများ မုဆွားနဲ့ အမျိုးတော်သွားသလဲ မသိပါဘူး။ တစ်ချိန်လုံး ချောက်ပဲတွန်းနေတော့တာပဲ။

"အေးကွာ ... ယောက်ျားလေးဖြစ်ပြီး ဒီလောက် မသေမချာ၊ ဖရိုဖရဲနိုင်တာမျိုး မကြိုက်ပါဘူး၊ မှတ်ထား သမီး ... အဲဒီလိုလူမျိုးဟာ ဘယ်တော့မှ မဖြစ်ထွန်း၊ မအောင်မြင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ကိုယ့်ဘဝကို တည်ငြိမ်အောင် ဆောက်တည်နိုင်စွမ်း မရှိလို့ဘဲ။ အခုကိစ္စဟာ အသေးအဖွဲ ဖြစ်ပေမယ့် သူ့ရဲ့တစ်သက်တာ စရိုက်ကို ပြနေတာ"

ဖေဖေက ဘာကို ရည်ရွယ်သလဲတော့ မသိဘဲ တရှည်တလျား ရှင်းပြ ဆုံးမနေပါသည်။

ရွှေနှယ်ရီးကတော့ သာဒင်ညိုကိုသာ ကြာထက



www.burmeseclassic.com

www.burmeseclassic.com



အားနာနေမိတော့သည်။ သူ့ခမျာ ဘာမှလဲ မသိရှာဘဲ နစ်နစ်နာနာ အပြောခံနေရတာ။ ဖေဖေ့လို သူနဲ့ဝတ်သက်ဖို့ ဝေးလံလှသော လူတစ်ယောက်ဆီက သူ့ရဲ့အနာဂတ်အထိပါ မဆီမဆိုင် ဝေဖန် ပုတ်ခတ်ခြင်း ခံရတာကိုသာသိလျှင် သာဒင်ညို ဘယ်လောက်အခံ ရခက်လေမလဲ။

"ဘာဖြစ်နေတာလဲ ... နင့်တစ်ယောက်ကို စောင့်နေရတာ သဘော်တစ်စင်းလုံး မထွက်ရတော့ဘူး"

"လေးပုံ သုံးပုံလောက် ထွက်ထားလိုက် ပြီးရောဟာ၊ ငါ့ အတွက် တစ်ပုံစာလောက် ချန်ထားရင် ရပြီပဲ၊ ငါက တစ်စင်းလုံး စီးမှာမှ မဟုတ်တာ"

ဆီးပြီး ရန်တွေ့လိုက်သည့် မေခိုင်မာ့ကို အပြုံးမပျက် နောက်ရွှတ်ရွှတ်လေး တုံ့ပြန်နိုင်သေးသော သာဒင်ညို့ကို ဖေဖေက နှုတ်ခမ်းမဲ့ကွေးပြီး ကြည့်နေပါသည်။

"တကယ်တော့ ခိုင်မာ မမှားဘူး သမီး၊ အဲဒီလို ပေါ့ပျက်ပျက် ကောင်လေးမျိုး ကိုယ့်အဖွဲ့ထဲ ပါလာတာ ပွဲပျက်တယ်၊ ကြည့်စမ်း၊ ကိုယ့်ဘက်က ချို့ယွင်းချက် ရှိနေတာတောင် အားနာရကောင်းမှန်း၊ ဆင်ခြင်ရကောင်းမှန်း မသိဘူး၊ ဒီပုံနဲ့ဆို တစ်လျှောက်လုံး သမီးတို့ ဒုက္ခကောင်းကောင်း တွေ့ဦးတော့မယ်"

ဖေဖေ ဘာကိုဆိုလိုတာလဲ။ ဒုက္ခကောင်းကောင်း





တွေ့ဦးမယ်ဆိုတာ ဒီခရီးစဉ် တစ်ခုတည်းအတွက် ရည်ရွယ်ပြီး ပြောတာမှ ဟုတ်ရဲ့လား။ ခိုင်မာ့ရဲ့ ဘာလိုလို ချောက်တွန်းစကား တွေကြောင့် မဖြစ်သင့်တာ မဖြစ်ရအောင် ကြိုတင်သတိပေးတား ဆီးနေတာများလား။

သာဒင်ညိုကတော့ ဘာမှမသိသူပီပီ သူ့ထုံးစံအတိုင်း ရယ်ကျဲကျဲ၊ ပေါ့ပျက်ပျက် မျက်နှာလေးနဲ့ ပခုံးပေါ်ကအိတ်ကို ပစ်ချလိုက်ပါသည်။

ခိုင်မာကတော့ စိတ်မကျေနပ်သေးသလို သာဒင်ညို့ ကို ဘာတွေ တဖျစ်တောက်တောက် ပြောနေသည်မသိ။ ရွှေနွယ်ရီး ကတော့ သဘော်ထွက်တော့မှာမို့ ပြန်ဆင်းသွားသော ဖေဖေ့ကို နှုတ်ဆက်ရင်း သူတို့ဘက် အာရုံမစိုက်နိုင်။

သဘော်ဆိပ်ကမ်းကခွာပြီး တော်တော်ဝေးဝေးရောက် မှပင် သာဒင်ညို့ဘက် လှည့်ကြည့်နိုင်တော့သည်။

"ညို ... နင် ဘာဖြစ်တာလဲဟင်၊ ဘာလို့ ဒီလောက်နောက် ကျရတာလဲ"

"အဖြစ်က ဒီလိုဟ ... ညနေစောင်းလောက်က အထုပ်အပိုး တွေ အားလုံးပြင်ဆင်ပြီးမှ ငါ့အခန်းတံခါး အတွင်းက လော့ခ်ကျသွားလို့၊ သော့ကလည်း ပျောက်နေတယ်၊ ဘယ်လိုမှလုပ်လို့ မရဘူး၊ အကြာကြီးပဲ တံခါးဖွင့်ဖို့ ကြိုး စားပြီး ဘယ်လိုမှ မရတဲ့အဆုံးကျမှ ငါ့အိမ်မှာ လာနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့အစ်ကိုခမ်းကဲ့ရဲ့ အဝတ်အစားတွေ ကောက်ထည့်ပြီး သဘောကဆိုပ်မြေးအေးရေတာ၊ လမ်းမှာလည်း ဒုက္ခရောက်လိုက်တာဟာ ကားဘီးပေါက်တာရော၊ မီးပွိုင့်ကို မီးနီဖြတ်မောင်းမိလို့ ယာဉ်ထိန်းရဲနဲ့ ရှင်းရတာရော၊ အဲဒါတွေကြောင့် နောက်ကျသွားတာပါ”

ကဲ ... ဘယ်လောက် ဇရုတ်သုတ်ခ နိုင်လိုက်သလဲလို့။ ဒီအကြောင်းတွေသာ ဖေဖေကြားလျှင် ကောင်းကောင်းကြီးကဲ့ရဲ့ဦးမည်။

အခုတောင် သီလဝါက လွဲလို့ ကျန်သည့်သူတွေအားလုံး သူ့ကို အထင်သေးသည့် မျက်နှာနဲ့ ဝိုင်းကြည့်နေကြပြီ။

သာဒင်ညီဟာ အုံကြွစရာလည်း ကောင်းပါပေရဲ့။ ကိုယ့်ကို အခုလို ဝိုင်းကြည့်ခံရတာတောင် တစ်ချက်ကလေး စိတ်မကွက်၊ မျက်နှာမပျက်ဘဲ အေးအေးသက်သာ ခံယူနိုင်တာ။

ဖေဖေ ပြောသွားသည့် ဘယ်တော့မှ မဖြစ်ထွန်းမအောင်မြင်ဘူးဆိုသည့် စကားကို ကြားရလျှင်ကော သူဘယ်လိုနေမလဲ။ အင်း ... သိပ်တော့ ထူးခြားမှာ မဟုတ်ဘူး ထင်သည်။ ဘာဖြစ်လို့လဲဆိုတော့ သာဒင်ညီဟာ ပေါက်ကရ လုပ်တတ်သူတွေရဲ့ ထုံးစံအတိုင်း သူများတွေရဲ့ အဝေဖန် အပုတ်ခတ်ကိုလည်း အရေထူစွာ ခံနိုင်နေတတ်လို့လေ။



## ၁၂

ကိုယ့်ခုတင်ဘေးက တချွတ်ချွတ်နဲ့ အသံကြားလျှင် ပထမတော့ သူခိုးဝင်နေတာများလားလို့ အလန့်တကြား တွေးမိသေးသည်။ နောက်ကျတော့ သူခိုးမဖြစ်နိုင်လောက်ဘူး ... ကြွက်များလားလို့ စိတ်ကူးပြောင်းသွားပြန်သည်။

သူခိုးဆိုလျှင် ကြောက်ကြောက်နဲ့ ငြိမ်နေရမှာ ဖြစ်သော်လည်း ကြွက်ဆိုလျှင်တော့ ငြိမ်နေလို့မဖြစ်ချေ။ ကိုယ့်ရဲ့ စားနပ်ရိက္ခာတွေကို ဝင်ဆွဲသော သတ္တဝါကို ထပြီးနှိပ်ကွပ်မှ ဖြစ်ချေမည်။

www.burmeseclassic.com



မီးကလည်း မှောင်နေတာမို့ ရွှေနှယ်ရိုးက ခုတင်ဘေးမှာ အဆင်သင့်ထားမြဲဖြစ်သော လက်နှိပ်ဓာတ်မီးကို လှမ်းစမ်းလိုက်ပါသည်။

သူမတို့ ကျောင်းသားအုပ်စုကို ဆေးရုံရဲ့အဆောင်ဆောင် တစ်ခုမှာ နေရာချပေးထားတာ ဖြစ်ပါသည်။ အဆောင်က မကျယ်ဝန်းလှပေမယ့် ရှည်မျောမျောဖြစ်ကာ ထိပ်တစ်ဖက်တစ်ချက်စီက အခန်းဖွဲ့ထားသည့် နေရာတွေမှာ သူနာပြုဆရာမတချို့ နေကြသည်။ အလယ်ကောင်ကတော့ ဘာအကန့်မှ မရှိသော အခန်းလွတ်ကြီး။ အဲဒီအခန်းလွတ်ကြီးကို အလယ်ကကန့်လန့်ကာ အရှည်ကြီးကာ,ကာ တစ်ဖက်ခြမ်းမှာ မိန်းကလေးတွေ၊ တခြားဖက်ခြမ်းမှာ ယောက်ျားလေးတွေ နေကြပါသည်။

သူမတို့ ပါလာသမျှ စားနပ်ရိက္ခာတွေကိုတော့ မိန်းကလေးတွေရဲ့ ခုတင်တွေရှိသည့်ဘက်ခြမ်းမှာ ခုံရှည်ကြီးနှစ်ခုဆက်လျက် တင်ထားပါသည်။

ခုတင်တွေက ခြေရင်း ခေါင်းရင်း နှစ်လုံးစီ စီထားသည့် အထဲမှာ ရွှေနှယ်ရိုးက ယောက်ျားလေးတွေနေသည့် အခြမ်းနှင့် နီးသည့်ဘက်မှာ နေရာယူထားတာ။ ရွှေနှယ်ရိုးနှင့် ဟိုဘက်ခြမ်းက သာဒင်ညို့ ခုတင်ကြားမှာ အစားအသောက်တင်သည့် ခုံရှည်ကြီး ခြားထားသည်။ ရွှေနှယ်ရိုးရဲ့ ခုတင်က အစား





အသောက်စားပွဲနဲ့ အနီးဆုံးမို့ တချွတ်ချွတ်အသံကိုလည်း အရင်ဆုံး ကြားရတာ။

လက်နှိပ်ဓာတ်မီးကို ကျစ်ကျစ်ဆုပ်လျက် ခြင်ထောင်ထဲကနေ အသံမထွက်အောင် အသာလေးဆင်းပြီးမှ အသံထွက်ပေါ်လာရာဆီသို့ တည့်တည့်မှန်းလျက် လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်ပါသည်။

"ဟင်"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရွှေနှယ်ရိုးမှာ အဆုံတည အာမေဍိတ်ပြုပြီးလျှင် ရယ်ရအခက်၊ ငိုရအခက်ဖြစ်နေလေသည်။ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးရဲ့ စူးရှဝင်းထိန်သော အလင်းရောင်အောက်မှာ ရွှေနှယ်ရိုး တွေ့လိုက်ရသည့် အရာကား စားပွဲပေါ်က မုန့်ထုပ်တစ်ခုကို ဖောက်စားနေသည့် သာဒင်ညို ပင်တည်း။

"ညို ... ဒါက ဘာဖြစ် ..."

ရွှေနှယ်ရိုး စကားပင် မဆုံးလိုက်ရ။ သာဒင်ညိုက နှုတ်ခမ်းပေါ် လက်ညှိုးကို ကန့်လန့်ဖြတ်တင်လျက် တိုးတိုးနေဖို့ အချက်ပေးလိုက်တာကြောင့် စကားဆက်ခွင့် မရတော့ပါ။

သာဒင်ညိုက ပါးစပ်ထဲ အပြည့်ရောက်နေသည့် မုန့်တွေကို ကမန်းကတန်း မျိုချလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာလို့ဟ ... စားပါဦးလား"

ဘယ်လိုကောင်လေးမှန်းကို မသိတော့ပါဘူး။ အ
အသောက်ကလည်း ဖုပ်လိုက်တာ လွန်ပါရော။ ပြီးတော့ အ
သည်းခြေကလည်း တစ်စက်ကလေးမှကို မရှိ။

ညနေက ထမင်းဝိုင်းဖွဲ့ စားကြချိန်မှာ သာဒင်ညွ
မေခိုင်မာတို့ ရန်ဖြစ်ကြသည်။ ပြဿနာက ဘာရယ်တော့မဟုတ်
စာတမ်းရေးရာမှာ လိုအပ်သည့် အချက်အလက်တွေနဲ့ ပတ်သ
ပြီး မေခိုင်မာက ကိုယ်တိုင် သေသေချာချာ လေ့လာကာ အ
အကျ ထည့်သွင်းချင်သည်။ သာဒင်ညိုက စိတ်ကူးနဲ့ ဖန်တီး
ကြည့်ကောင်းအောင် တွက်ချက်ထည့်လိုက်ချင်သည်။ အဲဒါ
ငြင်းရင်းခုန်ရင်း ရန်ပွဲဖြစ်တာ။

အစက မေခိုင်မာနဲ့ သာဒင်ညို နှစ်ယောက်တ
ဖြစ်ကြတာပေမယ့် နောက်ကျတော့ မင်းမော်ကပါ မေခိုင်မာဘ
ကပါလာသည်။ မင်းမော်ပါတော့ သူ့သူငယ်ချင်း နှစ်ယောက်လ
မနေ။ အဲဒီလိုနဲ့ သာဒင်ညို တစ်ယောက်တည်း အားလုံးနဲ့ ဒို
ရန်ဖြစ်သည့် အခြေအနေကို ရောက်သွားတော့တာ။

ဖြစ်ကာစကတော့ အခြေအတင် ငြင်းခုန်တာ
လောက်ပင်။ ကြာလာသည့်အခါကျတော့ မေခိုင်မာက အနိုင်
ပိုင်းကာ စကားတစ်ခွန်း ပြောလိုက်တော့သည်။

"နင်က ဘယ်သူမှ မခေါ်ချင်လို့ ငါတို့ထဲ အတင်း





ရပ်ပြီး ပါလာရတဲ့ကောင်၊ နင့်မှာ ဘာမှပြောရေးဆိုခွင့်
မရှိဘူး"တဲ့။

အဲဒီစကား တစ်ခွန်းက သာဒင်ညို့ကို တော်တော်
း အထိနာသွားစေသည် ထင်ပါရဲ့၊ ခါတိုင်းဆို ထမင်းနှစ်ပန်း
လောက်စားမှဝသော သာဒင်ညိုက တစ်ပန်းကန် မကုန်ခင်ဘဲ
င်းဝိုင်းက ထ,သွားရှာလေသည်။

တစ်ညနေလုံးလည်း တမှိုင်မှိုင်နှင့် သာဒင်ညို ငြိမ်
တ်နေသောအခါ နစ်နစ်နာနာ ပြောလိုက်မိသော မေခိုင်မာပင်
ည်းငယ် စိတ်မကောင်း ဖြစ်သွားပုံရသည်။ သူ့ကွယ်ရာမှာ
ပြောလိုက်တာ လွန်သွားပြီလား မသိဘူးလို့ နောင်တရပုံနှင့်
ဘဖော်ရလာလေသည်။

အခုတော့ သာဒင်ညိုတို့က စိတ်မနာသည့် အပြင်
ခြေတိတ်ချိန်မှ မုန့်တွေ ထ,ခိုးစားနေတာပါလား။

ဒီထက် ပိုရယ်စရာ ကောင်းတာက (သိလို့လား
သိဘဲနဲ့လားတော့ မသိ) သာဒင်ညို ယူစားနေသည့် မုန့်ဗူးမှာ
ခိုင်မာ တခုတ်တရ ထည့်ယူလာသည့် ကွတ်ကီးတွေ ဖြစ်နေ
ပါပဲ။

ရှေ့နှယ်ရိုးတို့ အားလုံး သိထားတာကတော့ မေခိုင်
မာ အဲဒီ ကွတ်ကီးကို သိပ်ကြိုက်တာ။ သူ့ကွတ်ကီးကလည်း
ကော်ကမယ် မဟုတ်ဘဲ ရန်ကုန်လို နေရာမျိုးမှာတောင် အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘေးမုန့်တွေ စုံနေအောင်ရောင်းသည့် တစ်ဆိုင် နှစ်ဆိုင်လောက်မှ သာ ရနိုင်လျက် ကြုံရာနေရာမှာ ဝယ်လို့မရသည့် ရှားပါးမုန့်မျိုး အခုလို နယ်အဝေးမှာဆို ရဖို့မလွယ်ပေရာ ခိုင်မာ့ ခမျာ အဲဒီမုန့် ကို တယုတယ သယ်လာရရှာတ

အခုတော့ သူ့မုန့်နှစ်ထုပ်ထဲက တစ်ထုပ်ဟာ သာဒင် ညို့လက်ထဲမှာ တစ်ဝက်လောက် ကျိုးနေပြီ။ ခိုင်မာများသိရ ဘယ်လောက်တောင် ဆွေ့ဆွေ့ခုန်လေမလဲ။

“ဘယ်လိုဖြစ်နေရတာလဲ ငညိုရယ်”

“စားပါဦး”

မုန့်ဝါးသံကြီးနဲ့ သာဒင်ညိုက ပြန်ပြောတာ ရွှေနှယ်ရီးက ခေါင်းခါရင်း ပြုံးစေ့စေ့ ဖြစ်နေရပါသည်။

ယောက်ျားလေးတွေနဲ့ မိန်းကလေးတွေ နှစ်ဖ အကြားမှာ ခန်းဆီးရှည်ကြီး ခြားထားပေမယ့် သာဒင်ညိုက ခန်း ဆီးကိုလှပ်ကာ တစ်ဖက်ကို ကူးလာခဲ့ပြီး ခုံတစ်ဖက်စွန်းမှာ ထိုင်နေတာမို့ ရွှေနှယ်ရီးတို့ နှစ်ယောက်ဟာ တီတ်ဆိတ်မှော မည်းသော ညလယ်မှာ လက်နှိပ်ဓာတ်မီး အလင်းရောင်အော အောက် မျက်နှာချင်းဆိုင် ဖြစ်နေကြလေသည်။

မျက်နှာချင်းဆိုင် ဆိုပေမယ့် လူချင်းကဝေးသ အပြင် ကိုယ့်ဘက်ကသာ သူ့မျက်နှာကို မီးထိုးထားတာ သာဒင်ညိုကတော့ ရွှေနှယ်ရီးရဲ့ မျက်နှာကို မြင်နိုင်လေမှ





မဟုတ်ပါ။ ဘာမှ စိတ်ကူးယဉ် ကြည်နူးဖွယ် မကောင်းသော ထိုညကို တစ်ချိန်မှာ နှစ်ယောက်စလုံး အမှတ်တရတွေ ပြန်ဖြစ် မိကြလိမ့်မည်လို့တော့ အဲဒီတုန်းက သံသယမဝင်ခဲ့ကြပါ။

“နင်စားနေတာ ခိုင်မာ့မုန့်တွေ၊ သိလား”

ကျန် တွေ နိုးသွားမှာစိုးလို့ ရွှေနှယ်ရီးက လေသံတိုးတိုးနဲ့ ပြောလိုက်လျှင် သာဒင်ညိုက ဖျတ်ခနဲတော့ လန့်သွားပါသေးသည်။ နောက်တော့ သူ့လက်ထဲက တစ်ဝက် ကျိုးပြီး ဖြစ်နေသည့် မုန့်ထုပ်ကိုကြည့်ကာ မထူးတော့ပါဘူးလေဆို သည့် သဘောမျိုးနဲ့ ဆက်ပဲ စားနေလေသည်။


သူ့စိတ်ထဲမှာတော့ ဒီမုန့်မျိုး ဘယ်နေရာမှာဝယ်ဝယ် အလွယ်တကူဝယ်လို့ ရလိမ့်မည်လို့ ထင်မှာပဲ။ ခိုင်မာဟာ စား စရာတစ်ခုအနေနဲ့သာ ထည့်လာတာဖြစ်လျက် ဒါကိုမှ မစားရ မနေနိုင် ညည်းညည်းလှုပ် ဖြစ်လာလိမ့်မည်လို့လည်း ထင်မှာမဟုတ် ချေ။ အကြောင်းသိနေသော ရွှေနှယ်ရီးကသာ ကြားထဲက အသည်း ယားနေတာ။

သူ့ဘာသာ စားကောင်းနေသည့် လူတစ်ယောက်ကို ဟဲ့ ... အဲဒါ မစားနဲ့လို့လည်း မတားရက်တာမို့ ဖြစ်ချင်ရာ ဖြစ် ပစေတော့ဆိုပြီး ရွှေနှယ်ရီးက ဒီအတိုင်း ကြည့်နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

ထင်ထားသည့် အတိုင်းပါပဲ။ နောက်တစ်နေ့ မနက်စာ စားချိန်မှာ မေခိုင်မာတို့ သောင်းကျန်းပါတော့သည်။

"ငါ့မုန့်တွေ မရှိတော့ဘူး ... ဘယ်သူ စားလိုက်သလဲ"

ပါးစပ်ကသာ ဘယ်သူစားလိုက်သလဲလို့ မေးနေပေမယ့် ခိုင်မာ့ရဲ့ စူပ်စွဲချင်သည့် မျက်လုံးတွေက သာဒင်ညို့ အပေါ်ရူးရနဲ့ ကျရောက်သွားပြီးသားပါ။

သာဒင်ညိုကလည်း ဟုတ်နေတာမို့ အမှတ်မရှိသော သွားဖြဲလေးနဲ့ ...





"ငါညက ဗိုက်ဆာလို့ စားလိုက်တာဟ"

"ဗိုက်ဆာလည်း ကိုယ့်မုန့်ကိုယ်စားပါလား၊ ဘာလို့သူများမုန့် လာစားရသလဲ"

"အဲဒီလိုတော့ မပြောနဲ့လေဟာ၊ ငါ့မှာ ခရီးထွက်ဖို့ ဘယ်လောက် ကမောက်ကမ ဖြစ်လာသလဲ ဆိုတာလည်း နင်တို့အသိပဲ၊ အကျီတောင် ကိုယ့်အကျီကိုယ် မယူနိုင်ဘဲ ငါ့အစ်ကိုအကျီတွေ သယ်လာရတာ၊ စားစရာတော့ ဘယ်လိုလုပ် ပါလာနိုင်မှာလဲ"

"မပါလာလည်း မစားနဲ့ပေါ့"

"နင်ကလည်းဟာ၊ ဘာတွေဖြစ်နေတာလဲ၊ နင့် မုန့်ကုန်သွားရင် ငါထပ်ဝယ်ပေးမှာပေါ့"

"အလွယ်နဲ့ဝယ်လို့ မရလို့ပေါ့ဟဲ့၊ ငါ့မှာ တကူးတက ဝယ်ထည့်လာရတာ"

ဒီလောက် ပြောနေတာတောင် မပြီးနိုင် မစီးနိုင် ဖြစ်နေသေးသော မေခိုင်မာ့ကို သာဒင်ညိုက နည်းနည်းတော့ အမြင်ကတ်သွားရပါသည်။

ဒီခရီးဟာ အပန်းဖြေ အပျော်ခရီး ထွက်လာတာလည်း မဟုတ်။ ဒီလောက်အထိ ကဲကဲဆတ် ဖြစ်နေစရာ မလိုဘူး ဟု သာဒင်ညိုက ထင်သည်။ မုန့်မစားရတော့ရော ဘာ



www.burmeseclassic.com

www.burmeseclassic.com



အရေးလဲ။ မုန့်တစ်ထုပ်အတွက်နဲ့ ခရီးအတူထွက်သည့် သူငယ်ချင်းတွေ အချင်းချင်း ဒီလောက် ပြောစရာလား။

ဘာပဲဖြစ်ဖြစ် သာဒင်ညိုက သည်းခံနေဖို့ ဆုံးဖြတ်လိုက်ပါသည်။ ကိုယ်က ဒီအဖွဲ့ထဲမှာ မလိုလားအပ်သူတစ်ယောက်အဖြစ် မျက်စိသူငယ်နဲ့ လိုက်လာခဲ့ရတာ။ နောက်ပြီး ကိုယ့်ကိုတာဝန်ခံပြီး ခေါ်လာသည့် ရွှေနှယ်ရီး မျက်နှာကလည်း ရှိသေးသည်။ ကိုယ်က အားလုံး အဆင်မပြေအောင် လုပ်မည်ဆိုလျှင် ရွှေနှယ်ရီး ခများ မျက်နှာငယ်ရှာမှာပေါ့။

"ငါတောင်းပန်ပါတယ်ဟာ၊ မနေ့ညနေက ထမင်းစားရင်း နင်နဲ့ ရန်ဖြစ်သွားတော့ စားလို့မဝင်တော့တာနဲ့ ညကျ ဗိုက်ဆာလာလို့ စားပစ်လိုက်တာ၊ စားလို့ကောင်းတယ်ဟ"

သာဒင်ညိုက လျော့လျော့ပေါ့ပေါ့ ပြောလာတော့လည်း မေခိုင်မာ့ ခများ ဘာမှပြန်မပြောသာပါ။ တစ်ဖက်က အလျှော့ပေးနေတာကို ကိုယ်က ဆက်ပြီးတင်းမာနေဦးမည်ဆိုလျှင်လည်း ကိုယ့်အလွန်ပဲ ဖြစ်သွားလိမ့်မည်လေ။

ခပ်ပုပ်ပုပ် မျက်နှာနှင့်ပင် မေခိုင်မာက သာဒင်ညိုကို အမှားစောင့်ပြီး အကွက်တွေ့မှ တိုက်ခိုက်တော့မည် ဆိုသည့် စိတ်ကူးနဲ့ စောင့်နေလိုက်တော့သည်။





သိပ်တော့မကြာပါ။ ညနေစောင်းမှာတင်ပဲ မေခိုင်မာနဲ့ သာဒင်ညိုတို့ နောက်တစ်ကြိမ် ရန်ဖြစ်ကြပြန်ပါသည်။

ဒီတစ်ခါကတော့ တကယ့်ကို ရယ်ရသည့် ရန်ပွဲ။ ကလေးတွေလိုပဲ ဖြစ်နေကြသည့် သာဒင်ညိုနဲ့ မေခိုင်မာတို့ဟာ ဘာဖြစ်ကြသည် မှတ်ပါသလဲ။ ဟင်းလုကြတာ။

ဆိုင်က ဝယ်စားလို့ ရပါလျက် ကိုယ့်ဘာသာ လက်စွမ်းပြချင်သည်ဆိုကာ မိန်းကလေး လေးယောက်က နှစ်ယောက်တစ်တွဲ အလှည့်နဲ့ ဈေးဝယ်၊ ဟင်းချက် လုပ်ကြတာ။ ဒီနေ့ ဟင်းချက်တာဝန်ကျသူက မေခိုင်မာနဲ့ ရွှေနှယ်ရီးတို့အတွဲ။ နှစ်ယောက်သား ငါးပုဏ္ဏားတွေ ကြော်ကြတော့ အကောင်အကြီးဆုံး၊ ဥအကြီးဆုံး အကောင်ကို ခိုင်မာက မှတ်ထားတာ။ ရွှေနှယ်ရီးကတော့ ငါးမကြိုက်သူမို့ ဦးစရာရယ်လို့လည်း မထင်။

ညစာစားကြတော့ ခိုင်မာက သူမ မှန်းထားသည့် ငါးကို လှမ်းဆွဲသည်။ အကောင်းဆို မြင်တတ်လှသည့် သာဒင်ညိုကလည်း အဲဒီငါးကိုပဲ လှမ်းအယူ၊ နှစ်ယောက်သား ငါးကိုခေါင်းက တစ်ယောက်၊ အမြီးကတစ်ယောက် ကိုင်ကာ အပြိုင်လုကြပါလေရော။

"ဟဲ့ ... နင်ဖယ်၊ ငါစားမလို့ ဦးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါအရင်ယူတာပဲ၊ ဘာလို့ ဖယ်ရမှာလဲ"

"နင်အရင်ယူတာ ဆိုပေမယ့် ငါက မနက်က ငါးကြော်ကတည်းက ဦးထားတာလေ"

"ဘာဆိုင်လဲ ... ဒါဆို ငါကလည်း ဒီငါး ဆိုင်ခုံပေါ်ရောက်ကတည်းက ဦးထားတာလို့ ပြောလို့ရမှာပေါ့"

"ဒါ ငါကြော်ထားတဲ့ ငါးပဲ"

"ကိုယ်ကြော်ရတိုင်း ကိုယ်စားမယ်လို့ ဦးတာကတော့ သဘာဝကို မကျဘူး၊ ဒါ မတရား အနိုင်ကျင့်တာ ဖြစ်နေပြီ"

"နင်ဟာ အမှတ်ကို မရှိပါလား သာဒင်၊ နင်တစ်ယောက် ပါလာတာ ငါတို့မှာ ပြဿနာချည်းပဲ"

"ဟုတ်တယ်ဟယ် ... နင်ကလည်း၊ နေရာတကာတိုင်းတော့ လိုက်ပြီး ပြဿနာရှာမနေပါနဲ့၊ ငါတို့မှာ အခြေအတင် စကားပြောရတာ၊ ပြဿနာရှင်းရတာ၊ ရန်ဖြစ်ရတာနဲ့တင် အလကားသက်သက် အချိန်ကုန်တယ်"

မြလွှာရုံကပါ သည်းမခံနိုင်တော့သလို ဝင်ပြောလာလျှင် သာဒင်ညိုက တော်တော်လေး မျက်စိပျက် မျက်နှာပျက်ကာ ငြိမ်ကျသွားပါသည်။





လက်ထဲက ငါးကြော်ကို လွှတ်ချကာ ခပ်သေးသေး ငါးတစ်ကောင်ကို ပြောင်းယူပြီး ထမင်းကို ဆက်စားနေပုံက ထမင်းဝိုင်းကနေ ကောက်ခနဲ ထ,သွားလျှင် မကောင်းတတ်မှာစိုးလို့ ကျိတ်မှိတ်နေသည့်ပုံ။

သီလဝါကတော့ သူနဲ့မဆိုင်သလို အေးအေးဆေးဆေး ထမင်းဆက်စားနေနိုင်ပါသည်။ ရွှေနှယ်ရိုးသာလျှင် တစ်ခုခု ဝင်ပြောလိုက်ချင်လျက် ဘာပြောရမှန်းလဲ မသိဘဲ တဆို့ဆို့၊ တနင့်နင့်ကြီးနဲ့ ထမင်းကို ဖြောင့်အောင် မစားနိုင် ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄

ညဘက် လက်ဖက်ရည်ဆိုင် ထွက်ကြတော့ တစ်အုပ်စုလုံးရဲ့ နောက်ကနေ ခပ်ခွာခွာချန်လျက် လိုက်လာသော သာဒင်ညို့ အပြုအမူကို ချွေနှယ်ရီးက သတိထားမိနေပါသည်။

နိုင်မာက မင်းမော်နဲ့ တတွတ်တွတ် စကားတွေ ပြောလာကာ တစ်တွဲလျှောက်လာပြီး မြရုံနဲ့ သီလဝါက မနက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနကို သွားကြည့်ခဲ့စဉ်က အတွေ့အကြုံတွေကို တဖောင်ဖောင် ပြောလာကြတာ။ မင်းမော်သူငယ်ချင်း နှစ်ယောက်ကလည်း သူတို့အာရုံနဲ့ သူတို့။





အဲဒီအထဲမှာ တစ်ယောက်တည်း လွတ်နေသလိုဖြစ်သော ချွေနှယ်ရီးက သာဒင်ညို့ အဖြစ်ကို သတိထားမိလိုက်တာပင်။

တစ်နေရာရာကို အတူသွားကြတိုင်း သာဒင်ညိုက သတ်သတ်ဖြစ်နေတတ်တာကတော့ အမြဲလိုပါပဲ။ ယောကျာ်းလေးလေးယောက် ပါလာရာမှာ သုံးယောက်က သတ်သတ်တစ်ဖွဲ့ဖြစ်ပြီး သာဒင်ညိုက သူတို့သူငယ်ချင်း အရင်းအချာ မဟုတ်ပေရာ ဘယ်လိုမှ ပူးတွဲမရတာကတော့ အသေအချာပင်။

ဒါပေမယ့် အရင်နေ့တွေကဆို သာဒင်ညိုက သီးခြားခွဲချန်နေခဲ့တာမျိုး မလုပ်ဘဲ ချွေနှယ်ရီးနဲ့ သီလဝါတို့ ဘေးနားကပ်ကာ နောက်လိုက် ပြောင်လိုက် ချောက်တွန်းလိုက်နဲ့ ဆူညံရှုပ်ထွေးနေအောင် လုပ်လာနေကျပါ။ မေနိုင်မာနဲ့ မြလှာရုံကိုလည်း သူ့အပေါ် မကျေမလည် ခပ်ဖယ်ဖယ် လုပ်နေလို့ဆိုပြီး ချွင်းချန်မထား။ အခွင့်အရေး ရတာနဲ့ နောက်ပြောင်နေကျပင်။

ဒီနေ့တော့ သာဒင်ညို တစ်ယောက်တည်း ငြိမ်သက်ကုပ်ချိုနေသည်။ သူများတွေနဲ့လည်း အတော်ကြီး ဝေးကွာသည့်နေရာကနေ လျှောက်လိုက်လာတာ။

ဒီပုံစံဟာ သာဒင်ညို့ ပုံစံ မဟုတ်ပါဘူး။ အခုနေ သူ့ရဲ့ ချောက်ချနောက်ပြောင်မှုတွေကို အကြိမ်ကြိမ် ခံရမှုနေကျဖြစ်သော ကျောင်းက ဓာတ်သိဝ၂ပ်ယောက်ယောက်သာ တွေ့သွားလျှင် ဘယ်လောက်များ အံ့ဩလိုက်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရီးက သာဒင်ညို့ကို ဒီအတိုင်း ပစ်မထားရက်တော့ပါ။ သူ့ခမျာ တစ်ယောက်တည်း အဖော်မဲ့ ဖြစ်နေရသည့်ကြားထဲ မကြာခဏ ပြဿနာကလည်း တက်သေးသည်။ နိုင်မာ့ တစ်ယောက်ကလည်း သာဒင်ညို့ကိုဆို ကြည့်မရရင်းစွဲရှိတာနဲ့ပဲ သာဒင်ညို ဘာလုပ်လုပ် အပြစ်မကြီး ကြီးအောင် ပြောနေတော့တာ။

ရွှေနှယ်ရီးက ကိုယ့်ကိစ္စနဲ့ကိုယ် သာဒင်ညို့ကို ဂရုမစိုက်ကြသည့် သူတွေကို တစ်ချက် အကဲခတ်လိုက်ပြီး လူအုပ်ရဲ့နောက်ဆုံးရောက်အောင် ခပ်ဖြည်းဖြည်း ချန်နေခဲ့လိုက်ပါသည်။

"ညို ... ခြေထောက်နာနေလို့လား၊ လမ်းလျှောက်တာ နှေးလိုက်တာ"

"မြန်မြန်လျှောက်လည်း ဒီခရီး၊ နှေးနှေးလျှောက်လည်း ဒီခရီးပါပဲဟာ"

"ဒါပေမယ့် နင်တစ်ယောက်တည်း နောက်ကျန်နေခဲ့လို့ ပြောတာ"

"ငါတစ်ယောက်တည်း ဖြစ်နေတာပဲ ကောင်းပါတယ်ဟာ၊ အားလုံး စိတ်ချမ်းသာရတာပေါ့"

"ဘာလဲ ... ညနေကကိစ္စ စိတ်နာနေတာလား"

"ဟင့်အင်း ... ငါ့ကို အဲဒီလို မထင်ပါနဲ့၊ ငါ တကယ့်ကို





စိတ်မနာပါဘူး၊ ငါ့ကြောင့် အားလုံး စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့သာ ရှောင်နေပေးတဲ့ သဘောပါ"

"နင်ထင်သလိုတော့ မဟုတ်ပါဘူးဟာ၊ နိုင်မာကလည်း သူပြောပြီးရင်တော့ စိတ်မကောင်း ဖြစ်ဖြစ်သွားတတ်တာပါ၊ သူစိတ်ထွက်လာရင်သာ ဖွတ်ရွတ်ပြောတတ်တာ"

"ငါ သဘောပေါက်ပါတယ်၊ တကယ်ပါ၊ နိုင်မာ့ကို စိတ်မဆိုးပါဘူး၊ သူတို့ စိတ်မညစ်ရအောင် လုပ်တော့မယ်လို့ပဲ နောင်တရမိတာပါ"

သာဒင်ညို့ကို ရွှေနှယ်ရီးက မသိမသာလေး လှမ်းကြည့်လိုက်ပါသည်။ လမ်းလျှောက်ရင်း ကောင်းကင်ပေါ် တမော့မော့ ကြည့်လာသော သာဒင်ညို့ မျက်နှာမှာ စိတ်မကောင်းဖြစ်သော၊ နောင်တရသော အရိပ်အယောင်သာ ပေါ်လွင်လျက် စိတ်ဆိုးသော၊ အရွဲ့တိုက်ချင်သော သဘောထားမျိုးတော့ လုံးဝမတွေ့ရချေ။

ဒီကောင်လေးဟာ အနောက်အပြောင်သန်ပြီး ပေါ့ပေါ့တန်တန် နေတတ် တွေးတတ်ပေမယ့် စိတ်ရင်းသဘောထားလေးကတော့ တော်တော်ကောင်းရှာတာပါလား။

သူ့နေရာမှာ တခြားကောင်လေး တစ်ယောက်ယောက်သာဆို မေနိုင်မာ့ကို ရန်ဖြိုင်ဖြစ်ချင်ဖြစ်၊ မဖြစ်လည်း လုံးဝ ဂရုမစိုက်ဘဲ နေပစ်လိုက်ပြီ။ သူ့လိုမျိုး အနေအထိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်မှာတို့ နောင်တရမှာတို့တော့ ဖြစ်လာမှာမဟုတ်။ ရွှေနှယ်ရိုး ဆိုလျှင်တောင်မှ သူ့လောက် သည်းခံနေပြီး 'ကိုယ့်အပြစ်ပဲ'လို့ ဖြေသိမ့်နေနိုင်ဖို့ မလွယ်ကူချေ။

"နင့်အပြစ်လည်း မရှိပါဘူး သာခင်ညိုရယ်၊ နင်က အမြဲ အနောက်အပြောင် သန်တတ်တော့ တစ်ခုခုဆို သူများထက် ပိုပြီး လက်ညှိုးထိုးစရာ ဖြစ်သွားတာပါ၊ အဲဒါ နင်အနေ အထိုင် ဆင်ခြင်သင့်တယ်ဆိုတဲ့ သဘောပဲ"

"ငါကလည်း မဆင်ခြင်နိုင်ဘူးဟာ၊ တမင်တကာ ရည်ရွယ် ပြီး လုပ်နေတာလည်း မဟုတ်ပါဘူး၊ ငါ့ရဲ့အကျင့်ကိုက အဲဒီလို ပြောနေ လုပ်နေရမှ ဖြစ်နေလို့ပါ၊ အခုတော့ ငါ စဉ်းစားမိတယ်ဟာ … ငါဆိုတဲ့ကောင်က တော်တော်အသုံး မကျတာပဲလို့၊ လူတွေ ငါ့ကြောင့် အနှောင့်အယှက် ဖြစ်ရ အောင်၊ စိတ်ဒုက္ခရောက်အောင် လုပ်လုပ်နေမိတာဟာ ငါ ညံ့လို့ပေါ့"

ရွှေနှယ်ရိုးက တကယ်ပဲ စိတ်မကောင်း ဖြစ်သွားရ ပါသည်။ သာခင်ညို့ကို အဲဒီလို စိတ်ဓာတ်ကျနေတာမျိုး မဖြစ် စေချင်သည့် ဆန္ဒလည်း ရင်ထဲမှာ ပြင်းပြစွာ ပေါ်ထွက်လို့လာသည်။

"မဟုတ်ပါဘူး ညိုရယ်၊ နိုင်မာက နင်နဲ့ သိပ်မခင်လို့ပါ၊ ငါတို့ မီသီတို့လို နင်နဲ့ ရင်းနှီးနေတဲ့လူတွေကျတော့ နင့် အကြောင်း သိနေတာပါပဲ"





"အဲဒီအကြောင်းသိတွေကလည်း ငါ့ကို ခေါ်ချင်တာမဟုတ် ပါဘူး၊ နင့်ကိုတော့ အရမ်းကျေးဇူးတင်ပါတယ်၊ နင်သာ မကယ်ရင် ငါအခုထက်ပိုပြီး မျက်နှာငယ်ရမှာ"

"မျက်နှာငယ်စရာ မလိုပါဘူး၊ ဒီခရီးက သူတို့စီစဉ်ပြီး သွားကြတဲ့ ခရီးလည်း မဟုတ်ဘူး၊ ကျောင်းကစီစဉ်လို့ အားလုံး အတူတူ သွားရတာ၊ နောက်ပြီး သူတို့ပိုက်ဆံ၊ သူတို့ခွန် အား၊ သူတို့အကူအညီကိုယူပြီး ကပ်လိုက်ရတာမျိုးလည်း မဟုတ်ဘူး၊ အားလုံး တန်းတူညီမျှပဲ၊ ဘာမှ မျက်နှာငယ်နေ စရာ မရှိဘူး"

ကဲ … မှတ်ကရော။ ငယ်ငယ်လေးတည်းက ပေါင်း သာသည့် အခင်ဆုံးသူငယ်ချင်း တစ်ယောက်ကို သစ္စာဖောက်ပြီး ရွှေနှယ်ရိုးတို့ကတော့ သူစိမ်းဘက် လိုက်မိပြီ။ ဒါဟာ နိုင်မာ့ကို မောရားဘူးလို့ ထင်မိတာကြောင့် ဖြစ်နိုင်သလို သာခင်ညိုရဲ့ အနေအထားကို သနားကရုဏာသက်မိတာကြောင့်လည်း ဖြစ်နိုင် သည်။

လရောင်အောက်မှာ သာခင်ညို့ မျက်နှာ ဝင်းခနဲ သက်သွားတာကို တွေ့လိုက်ရလျှင် ကိုယ့်စကားအတွက် ရွှေနှယ်ရိုး က နောင်တမရချင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

Trip တစ်လျှောက်လုံး ရန်ဖြစ်လိုက်၊ ငြင်းခုန်လိုက်၊ ပြဿနာတွေ ရှင်းရလိုက်နှင့် ဖြစ်လာသော အခြေအနေဟာ ရန်ကုန် ပြန်ရောက်ပြီး စာတမ်းရေးသည် အထိလည်း မပြီးပြက်ပါ။

အဲဒီပြဿနာတွေရဲ့ အခြေခံ အရင်းအမြစ်ဟာ သာဒင်ညို့ရဲ့ ညှံ့ဖျင်းမှုတွေက များပါသည်။ တကယ်စာတမ်းရေးကြသည့် အချိန်ကျတော့ သာဒင်ညိုဟာ ဘာတစ်ခုမှ အားမကိုးရသည့်အပြင် အလွဲလွဲအချော်ချော်နဲ့ ဒုက္ခအတော်ပေးတတ်သူ တစ်ယောက်ဖြစ်ကြောင်း ပိုပြီး သိသာထင်ရှားလို့ လာပါသည်။





စာတမ်းအတွက် လိုအပ်သည့် အချက်အလက်တွေ ကောက်ယူရာမှာလည်း ဘာမှအားမကိုးရ၊ စာတမ်းရေးရာမှာ၊ ပုံဆွဲရာမှာ၊ လိုအပ်သည့် အထောက်အထား ရှာရာမှာ၊ နောက်ဆုံး ကိန်းဂဏန်းတွေ တွက်ချက်ရာမှာတောင် တလွဲတချော်တွေချည်း လုပ်တတ်တာ။

အရေးထဲ တခြားနေရာ မကျွမ်းကျင်ပေမယ့် ကွန်ပျူတာစာစီလောက်တော့ ရပါသည်ဆိုပြီး စာတမ်းကို ယူသွားကာ စာစီလာသည်။ ပြန်ဖတ်ကြည့်တော့ စာလုံးပေါင်းမှားတာနှင့်၊ အပိုဒ်လိုက် ကျန်ခဲ့တာနှင့်၊ တစ်မျက်နှာလုံး ကျော်သွားတာနှင့် အားလုံး အမှားအယွင်းတွေချည်း။

စာတမ်းကိစ္စ ဝိုင်းလုပ်ကြရာမှာ ရွှေနှယ်ရီးတို့ အိမ်မှာပဲ လုပ်ဖြစ်တာများတော့ သာဒင်ညိုရဲ့ ပေါက်ကရလုပ်ရပ်တွေကို အိမ်ကလူတွေ အကုန်သိသည်။ တစ်ခါတလေ ခိုင်မာနဲ့၊ မြရှုံနဲ့၊ မင်းမော်တို့တတွေနဲ့ သာဒင်ညိုတို့ အော်ကျယ်ဟစ်ကျယ် ရန်ဖြစ်ငြင်းခုန်တာတွေကိုလည်း သူတို့တွေ ကြားနေရတာပင်။

အိမ်ကလူတွေကတော့ သာဒင်ညို့ကိုဆို ခပ်ညံ့ညံ့ ကောင်လေးတစ်ယောက်လို့ပဲ သတ်မှတ်ထားကြပြီ။ အထူးသဖြင့် အဖေပေါ့။ ခရီးထွက်သည့် နေ့ကတည်းက သာဒင်ညို့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ရှင်တစ်ခုပြီးတစ်ခု သိသွားသော ဖေဖေဟာ သာဒင်ညီကို အထင်သေးပြီးရင်း သေးရင်း ဖြစ်လို့နေပါပြီ။

"သမီးတို့ စာတမ်းမှာ မြေပုံတွေ ဘာတွေလည်း ပါရတယ်ဟုတ်လား"

ကိုယ်သွားရောက်လေ့လာရသည့် နယ်မြေဒေသနဲ့ ပတ်သက်သည့် အကြမ်းဖျဉ်း အချက်အလက်တချို့ကို စာတမ်းရဲ့ နိဒါန်းပိုင်းမှာ မြေပုံနဲ့တကွ ဖော်ပြရတာ။ တခြားဇယားကွက်တွေ၊ သရုပ်ပြပုံတွေကို ကွန်ပျူတာနဲ့ ပုံဖော်လို့ရသော်လည်း မြေပုံကျတော့ ကိုယ်တိုင်ပဲ လက်နဲ့ဆွဲရသည်။ ထိုတာဝန်ကို မင်းမော်က ယူပါသည်။ မင်းမော်ရဲ့ မြေပုံလေးက လှပအချိုးကျလွန်းတာမို့ မြင်သူတိုင်းက ချီးကျူးရတာ။ ခိုင်မာကဆို "ဒါ မင်းမော် ဆွဲတဲ့ပုံလေ"ဆိုပြီး လူတကာကို လျှောက်ကြွားရတာအမော။

အခုလည်း စာတမ်းရေးဖို့ လူစုကြသည့်နေ့မှာ ယောက်ျားလေးတွေ ရောက်မလာသေးလို့ ရွှေနှယ်ရီးတို့တွေ စုထိုင်စကားပြောနေတုန်း အနားက ဖြတ်သွားသည့် ဖေဖေက ချထားသည့် စာရွက်ပုံတွေထဲက မင်းမော် လက်ရာ မြေပုံကိုတွေ့သွားပြီး သဘောကျဟန်နှင့် မေးလာသည်။





မင်းမော်ကိုတော့ ဖေဖေက သဘောကျလေသည်။ တော်ရုံတန်ရုံ ဘယ်ယောက်ျားလေးကိုမှ ကြည့်မရတတ်သော ဖေဖေဟာ မင်းမော်ကိုကျတော့ လူရည်သန့်သည်၊ ယဉ်ကျေးလိမ္မာပုံရသည်၊ ရိုးသားကြိုးစားမယ့်ဟန် ပေါ်လွင်သည် စသည့် မှတ်ချက်တွေနဲ့ ကောင်းချီးပေးလေသည်။

"ဟဲ့ ... မြေပုံလေးက တယ်သပ်ရပ်ပါလားကွ၊ ဒါ ဘယ်သူဆွဲတာလဲ သမီး"

"မင်းမော် ဆွဲတာ အန်ကယ်"

ရွှေနှယ်ရီး မဖြေရသေးခင် ခိုင်မာက ကြွားချင်စော ကြီးလွန်းသည့် အသံလုံးလုံးကြီးနဲ့ ဒရေဘောပါး ဝင်ပြောလေသည်။ ဖေဖေက ခိုင်မာ့ရဲ့ ဒရေဘောပါးနိုင်မှုကို သတိမထားမိလိုက်သော်လည်း ရွှေနှယ်ရီးနဲ့ သီလဝါက သတိထားမိကာ တစ်ယောက်ကို တစ်ယောက် မျက်စပစ်ပြီး မဲ့ရွဲ့လိုက်မိကြပါသည်။

"မင်းမော်က အတော်တော်တာပဲကွ၊ ဘာလုပ်လုပ် သေသေချာချာ၊ သပ်သပ်ရပ်ရပ်ရှိတာ သိပ်ကောင်းတယ်၊ ဒါ တစ်ချိန်ကျရင် ကြီးပွားအောင်မြင်မယ် ဆိုတာကို ပြတာပဲ"

အောင်မယ်လေးနော်။ ခိုင်မာတို့ ဖရဏာပီတိ ဝှမ်းဆီ ထိသွားပုံများ မျက်နှာကြီးကို ချိုအီပျော့ပြဲသွားတော့တာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သူနဲ့ မင်းမော်က တရားဝင် အတိအလင်း သမီးရည်းစား ဖြစ်နေကြတာ မဟုတ်သေး။ တကယ်သာ သမီးရည်းစား ဖြစ်နေကြပြီဆိုလျှင် ဖေဖေ့ရဲ့ စကားကြောင့် ထ,များ က,မလားတောင် မပြောတတ်ပါ။

"ဟိုကောင်လေးရော ... အဆင်ပြေရဲ့လား"

ဖေဖေ ရည်ညွှန်းသည့် "ဟိုကောင်လေး" ဆိုတာ သာဒင်ညို ဖြစ်မည်မှန်း အားလုံးက သဘောပေါက်ကြပါသည်။ အဆင်ပြေရဲ့လားလို့ မေးလိုက်ပုံကိုက အဆင်ပြေမှာ မဟုတ်ပါဘူးဆိုသည့် အဖြေကို ကြိုသိနေပုံပင်။

"ပြေပါတယ် ဖေဖေ"

ရွှေနှယ်ရိုးက ဖြီးဖြီးရော သဘောနှင့် ဝင်ပြောပေးလိုက်သော်လည်း ခိုင်မာက ငြိမ်မနေပါ။ ကြားထဲက အတင်းဝင်ကာ ...

"ဘယ်ကသာ ပြေရမှာလဲ အန်ကယ်ရယ်၊ အဲဒီကောင်က လူဘင် ပေါ့ပျက်ပျက်နိုင်တာ မဟုတ်ဘူး၊ စာလည်းညံ့သေးတ``ဲ တစ်ခုခု ခိုင်းလိုက်ရင် သူလုပ်တတ်တာ ဘာမှမရှိဘူး၊ သူတစ်ယောက်ကို ပြောနေ သင်ပြနေရတာနဲ့တင် အလုပ်က မတွင်ဘူးပေါ့"





"ဟုတ်တာပေါ့ ... အုပ်စုက လူမညီရင် မလွယ်ဘူး၊ တညီတည်း သွားရမယ့် ခရီးစဉ်မှာ နောက်ကျန်နေမယ့် တစ်ယောက် ရှိရင် သူ့ကို စောင့်စောင့်ခေါ်နေရတာနဲ့ ခရီးမတွင်ဘူး"

တယ်လည်း အတိုင်အဖောက် ညီနေကြပါလား။ သာဒင်ညို ဆန့်ကျင်ရေးသမား နှစ်ယောက်ဟာ သာဒင်ညို့ မကောင်းကြောင်းတွေကို အားရပါးရ ဆက်ပြောနေလိုက်ကြတာ။ သူတို့စကားထဲ အာရုံမရောက်မိသော ရွှေနှယ်ရိုးက အိမ်တံခါးဝသို့ လှမ်းကြည့်လိုက်လျှင် တံခါးဝမှာ (မလုံခြုံစွာ) တွယ်ကပ်ပုန်းအောင်းနေသော သာဒင်ညို့ကို တွေ့လိုက်ရလေသည်။

ရွှေနှယ်ရိုးက ထိုင်ရာက ခပ်သွက်သွက်ထ,ကာ တံခါးဝသို့ ထွက်သွားလိုက်ပါသည်။ သစ်သားနဲ့ သံပန်းတံခါးကို ဖွင့်ထားတာမို့ တစ်ချပ်တည်းကျန်သော ခြင်ဆန်ခါ တံခါးကို ရွှေနှယ်ရိုးက ဖျတ်ခနဲ ဖွင့်ထည့်လိုက်လျှင် ကိုယ့်ကိုယ်ကိုယ် လုံလုပြီဟု ထင်လျက် ပုန်းကွယ်နေသော သာဒင်ညို့ ခမျာ အဲဒီတော့မှ အလန့်တကြား ဖြစ်သွားရှာလေသည်။

"ငညို"

"ရှူး ... တိုးတိုး၊ နင့်အဖေကြီး ငါ့အတင်းတုတ်နေတာ တော်ကြာ ငါ ရောက်နေမှန်းသိရင် ရှက်သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစေ့စေ့ မျက်နှာလေးနဲ့ မနာတက်သလို ပြောနေသည့် သာဒင်ညို့ကို ကြည့်ကာ ရွှေနှယ်ရီးက ကြက်သေ,သေနေသည်။

ဖေဖေနဲ့ ခိုင်မာတို့ သူ့ကို ဘယ်လောက် ထိခိုက်နစ်နာအောင် ပြောနေကြသည် ဆိုတာ ကိုယ်တိုင်ကြားခဲ့တာမို့ ရွှေနှယ်ရီးက သိသည်။ သာမန်လူ တစ်ယောက်ဆိုလျှင် အဲဒီလောက် ပြောနေတာကြီးကို ဘယ်လိုမှ ခံနိုင်ရည် ရှိစရာမရှိ။ သာဒင်ညို ကျတော့ အဲဒီလို မဟုတ်ပါလား။

ဘာကြောင့်များ ဒီလောက်အထိ သည်းခံနိုင်စွမ်း ရှိနေမှန်း မသိသော သာဒင်ညို့ကို အံ့ဩသည့်စိတ်အပြင် သနားတာလား၊ ကြင်နာချင်တာလား၊ ဘာမှန်း မသေချာသော ခံစားချက်တစ်မျိုးဖြင့် ရွှေနှယ်ရီးက ငြိမ်သက်ငေးမောနေ တော့သည်။



## ၆

တကယ်တော့ အဖြစ်အပျက်က ရိုးရှိုးရှင်းရှင်းလေးပဲ ဖြစ်ပါသည်။ အင်မတန်မှ ပေါက်ကရလုပ်တတ်သော၊ ဘယ်ဘက်ကမှ မတော်သော၊ အထင်ကြီး အားကိုးဖွယ်ရာ တစ်စက်မှမရှိသော ကောင်လေးတစ်ယောက်ကို ရွှေနှယ်ရီးက ချစ်သွားခဲ့မိသည့် အဖြစ်ဟာ ဘာအကွေ့အကောက်၊ အလှည့်အပတ်မှ မပါသော ဇာတ်လမ်းရိုးရိုးကလေးပဲ ဖြစ်သည်။

Part I စာမေးပွဲဖြေပြီး ကျောင်းပိတ်သည့်ရက် အတွင်းမှာ သာဒင်ညို့ဆီက စာတစ်စောင်ကို ရွှေနှယ်ရီးက လက်ခံရရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာက သိပ်မရှည်ပါ။ ရွှေရိုး ... နင့်ကို ငါချစ်တယ်၊ ကျောင်းတွေပြန်ဖွင့်ရင် အဖြေပေးပါတဲ့။ အောက်က လက်မှတ်မထိုးဘဲ သာဒင်ညိုဟု နာမည်အပြည့်အစုံကိုသာ ရေးထားသည်။

ပထမတော့ သာဒင်ညို တစ်ယောက် ကျောင်းပိတ်ထားတုန်း ပျင်းနေတာနဲ့ ခြေဆော့လက်ဆော့ လုပ်နေပြန်ပြီလို့ ရွှေနှယ်ရိုးက ထင်ခဲ့တာပါ။

ဒါပေမယ့် နှစ်ရက်ပဲခြားပြီး ပုံစံဆင်တူ နောက်ထပ်စာတစ်စောင်ကို ရလိုက်သည့်အခါ တကယ်များလားလို့ သံသယပင်စပြုလာသည်။ သာဒင်ညိုဟာ မိန်းကလေးတွေကို နည်းမျိုးစုံနဲ့ နောက်တတ် ပြောင်တက်သော်လည်း ချစ်သည် ကြိုက်သည် ဆိုတာမျိုးနဲ့တော့ အရှက်တကွဲဖြစ်အောင် နောက်ပြောင်လေ့မရှိပါ။

ဒါဆို သူပြောချင်တာ တကယ်ပဲလား။

ခက်နေတာက သာဒင်ညို့ကိုဆို ဘယ်လိုမှ မယုံရဲတာ။ သာဒင်ညိုဟာ သူ့ဘက်က မားမားမတ်မတ် ရပ်တည်ပေးခဲ့သူတစ်ယောက် အဖြစ်နဲ့ ရွှေနှယ်ရိုးကို ကျေးဇူးတင် အားထားခဲ့ဘာတော့ အမှန်ပင်။

အဲဒီကျေးဇူးကို သာဒင်ညို တစ်ယောက် တကယ်သိတတ်ဖော် ရှိမရှိဆိုတာကိုတော့ ဘယ်လိုမှ မပြောနိုင်။ ဒီကောင်





က အခုစိတ်ကောင်းဝင်နေပေမယ့် အခုထ,ဖောက်ချင် ဖောက်ဦးမှာ။

ရွှေနှယ်ရိုးမှာ မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ပဲ နွေကျောင်းပိတ်ရက်တွေကို ဖြတ်ကျော်ရပါသည်။ အဲဒီလိုနဲ့ သင်္ကြန်ရောက်လာသည့် အခါမှာတော့ မိသီတို့ လမ်းထိပ်ကမဏ္ဍပ်မှာ သူငယ်ချင်းတွေစုပြီး ရေပက်ဖို့ စီစဉ်ကြပါသည်။

ဒီသတင်း ဘယ်လိုလုပ်ပြီး ပေါက်ကြားသွားသလဲတော့မသိ။ သာဒင်ညို တစ်ယောက် သူ့သူငယ်ချင်းတွေနဲ့ ရောက်ချလာခဲ့တော့တာ။

"ဟဲ့ ... ဟိုမှာ သာဒင်ညို"

ခိုင်မာတို့များ ရယ်စရာကောင်းလိုက်ပုံက သာဒင်ညို့ကို သူပဲ အမုန်းဆုံးဖြစ်ပြီး တွေ့တော့လည်း သူပဲ အရင်ဆုံးတွေ့တာ။ သူက အလန့်တကြား ပြောတော့မှ ကျန်သည့်သူတွေက တွေ့တော့တာ။

ဘာကြောင့်မှန်းတော့ မသိ၊ မရှက်တတ်၊ မကြောက်တတ်သည့် ရွှေနှယ်ရိုးဟာ သာဒင်ညို့ကို ရင်ဆိုင်ရမှာ အလွန်ပဲဝန်လေးလျက် မျက်နှာတွေ ထူပူကာ ရင်တွေ ဘာတွေတောင် ခုန်လာရလေသည်။

www.burmeseclassic.com



"ဒီကောင် ငါတို့မဏ္ဍပ်ရှေ့ ရောက်လာတာ သွေးရိုး သားရိုးတော့ မဟုတ်ဘူး၊ ငါတို့ရှိမှန်းသိလို့ တမင်လာတာ"

"လာတော့ရော ဘာဖြစ်လဲဟယ်၊ သင်္ကြန်ပဲဟာ၊ လူတိုင်းကိုယ်သွားချင်တဲ့နေရာ သွားခွင့်ရှိနေတာပဲ"

"သူ့ပုံစံက သိပ်မရိုးပါဘူး၊ ဟိုမှာကြည့်၊ လက်ယပ်ပြီး လှမ်းခေါ်နေတာ ထင်တယ်"

ရွှေနှယ်ရီးက မသိမသာ၊ မရွံ့မရဲလေး လှမ်းကြည့်လိုက်ပါသည်။ တကယ်ပဲ သာဒင်ညိုဟာ မဏ္ဍပ်ဘေး အတက်အဆင်းလုပ်သည့် လှေကားလေးဘေးမှာ ရပ်လျက် လှမ်းခေါ်နေပါသည်။

သူ့ရဲ့ မျက်လုံးတွေဟာ ဘယ်သူ့ကို စူးစိုက်ကြည့်နေသည်ဆိုတာ အသိသာကြီး။ နောက်ပြီး သူ့ရဲ့ပုံစံဟာ သူငယ်ချင်း အချင်းချင်း နှုတ်ဆက်တာမျိုးလို ရိုးသားမှု မရှိဘဲ ရှိုးတိုးရှန့်တန့် ဖြစ်နေသည်။ ရွှေနှယ်ရီးကို လှမ်းကြည့်လိုက်သော သာဒင်ညို့ မျက်လုံးတွေဟာ တမ်းတမ်းမက်မက် ညွတ်ညွတ်နူးနူး ရှိလှလေသည်၊

"နင့်ကို ခေါ်နေတာပဲ ရွှေရီး၊ သွားမနှုတ်ဆက်ဘူးလား၊ နင်ကရော ဘာဖြစ်နေတာလဲ"

ပါးနပ်လှသည့် ခိုင်မာက သာဒင်ညို့ ပုံစံကိုကြည့်





ပြီး ချက်ချင်းပဲ အဓိပ္ပာယ် ဖော်လိုက်နိုင်သည်။ တစ်ဆက်တည်းမှာပဲ ရွှေနှယ်ရီးကိုပါ ရအောင် အကဲခတ်လိုက်နိုင်သေးသည်။

သာဒင်ညို့ဆီက စာတွေအကြောင်း သူငယ်ချင်းတွေကို ရွှေနှယ်ရီးက ပြောမပြဖြစ်သေးပါ။ သာဒင်ညို ဆိုသည့် ကောင်ကလည်း ယုံရသည့်ကောင်မှ မဟုတ်တာ။ မတော်တဆ နောက်ပြောင်လိုက်တာဖြစ်လျှင် ကိုယ်က အားလုံးကို ဖွင့်ပြောထားပြီး ဖြစ်နေပါက အရှက်ကွဲမှာ စိုးရသေးသည်။

"ဘာမှမဖြစ်ဘူး၊ ဘယ်သူ့ခေါ်မှန်း မသိဘဲ မသွားချင်လို့၊ တော်ကြာ သွားတွေ့လိုက်ရင် အလျှော်ခံနေရဦးမယ်"

ခိုင်မာက ဘာမှဆက်မပြောတော့ပေမယ့် သိသိသာသာကြီးကို အကဲခတ်နေတော့သည်။ သူမတစ်ယောက်တည်းတောင် မဟုတ် မြရုံကိုပါ လက်တို့ပြီး အတင်းချနေလိုက်သေးတာ။

"ရွှေနှယ်ရီးကို ခေါ်ပေးပါတဲ့"

မဏ္ဍပ်ရဲ့အစွန်မှာ ရှိနေသော သီလဝါအစ်မဝမ်းကွဲ တစ်ယောက်ဆီက အဆင့်ဆင့် ပို့ပေးသော သတင်းကို လက်ခံရရှိလိုက်လျှင်ကား ရွှေနှယ်ရီးက ဆက်ပြီး မသိဟန်ဆောင်နေလို့ မကောင်းတော့ချေ။ တော်ကြာ ပတ်ဝန်းကျင်က တစ်မျိုးတစ်မည် ထင်ပြီး သတိထား စောင့်ကြည့်စရာတွေ ဖြစ်လာမှာ ိုးရသည်။

"ဘာလဲ ... ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လိုက်တာနဲ့ ရန်စွယ်နဲ့ ငေါ်ငေါ်ဖွဲဖား၊ နည်းနည်းပါးပါးလေးများ ချိုချိုသာသာ ဆက်ဆံမယ် ရှိစမ်းပါဦး"

"မချိုသာချင်ပါဘူး"

"နင်က ဘာဖြစ်နေတာလဲ"

ဟင်း ...။ ဘာမှမသိသလိုလုပ်ပြီး လာမေးနေပြန်ပြီ။ အဲဒါတွေပေါ့၊ မယုံနိုင်တာ။ အခုနေ နင် ငါ့ကို စာပေးတဲ့ကိစ္စ ဘယ်လိုလဲဖို့သာ မေးမိလျှင် တဟားဟားနဲ့ လှောင်ပြောင်ရယ်မောတာကိုများ ခံရမှာလားမသိ။

"ဘာမှ မဖြစ်ပါဘူး၊ သူများ ရေပက်နေတာကို ဘာလို့ အတင်းလာခေါ်တာလဲ၊ ဟိုမှာ ငါ့လက်ထဲကပိုက်ကို သူများယူသွားပြီ"

"ဘာဖြစ်သေးလဲ၊ ဒီလောက်တလေး ပေးလိုက်ရတာများ၊ ငါ့အတွက် အဲဒီလောက်လေးတောင် စွန့်လွှတ်မပေးနိုင်ဘူးလား"

"နင် ဘာစကားပြောတာလဲ"

ရွှေနွယ်ရိုးက ခပ်ဟောက်ဟောက်လေး မေးလိုက်လျှင် သာဖင်ညိုက အနားက ရေတိုင်ကီထဲက ရေတစ်ခုပ်ကို လက်နဲ့ခပ်ယူကာ မျက်နှာပေါ် လောင်းချလိုက်ရင်း "ရည်းစားစကား"ဟု မပီဝိုးတဝါး ဖြေသည်။





"လာမနောက်နဲ့ဟာ ... ဒါမျိုး နောက်တာတော့ ငါမကြိုက်ဘူး"

"ဟာ ... ဘာလို့ နောက်ရမှာလဲ၊ ဒါ နောက်တာမှ မဟုတ်ဘဲ၊ အတည်ပြောတာ"

"ငညို"

"တကယ် ... တကယ်၊ ငါတကယ်ပြောနေတာ၊ ဘာလဲ ... နင်က နောက်တယ် ထင်နေတာလား၊ မဟုတ်ပါဘူးဟာ၊ ငါ အရင်က အဲဒါမျိုး နောက်ခဲ့ဖူးလို့လား"

"အရင်က မနောက်ဘူးပေမယ့် အခု နောက်ချင်နောက်မှာပေါ့၊ နင်က သူများကို အမြဲနောက်ပြောင်ဖို့ပဲ စဉ်းစားနေတဲ့ဟာ"

"ခက်တော့တာပါပဲ၊ အရင်ကနဲ့ မတူဘူးဟ၊ အခုက တကယ့်ကိုပြောတာ၊ ငါ့ရင်ထဲက တကယ်လာတဲ့ စကားတွေပါဟာ ... ပြောရတာ ရှက်လိုက်တာ"

ပြောရင်းဆိုရင်းကပဲ ဖောက်လာကာ ဦးထုပ်ကို ချွတ်ပြီး သူ့မျက်နှာကို ကွယ်ထားသေးတာကြောင့် ရွှေနွယ်ရိုးမှာ ယုံရခက်ခက် မယုံရခက်ခက်။

"နင်က ငါ့အပေါ် ဒီလောက်ကောင်းတာဟာ၊ ငါ ဘယ်လို လုပ်ပြီး ပေါ့ပေါ့တန်တန် သဘောထားရက်မှာလဲ၊ ငါက



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း နောက်ပြောင်နေရမှ ကျေနပ်တဲ့ကောင်မျိုးပေမယ့် ငါ့တစ်ဘဝလုံးစာ အတွက်တော့ အတည်ပြောမှာပါဟာ"

"ငါ့တစ်ဘဝလုံးစာ"ဆိုသည့် စကားလုံးလေးတစ်လုံးဟာ ရင်ကို တည့်တည့်ထိမှန်စေသည်။ သာဒင်ညို့ မျက်နှာထားဟာ အတည်တဲ့ကြီး မဟုတ်ပေမယ့် သူပြောသည့် စကားဟာ တကယ် အစစ်အမှန်ဆိုတာ နှလုံးသားထဲက ခံစားနားလည်လို့ ရနေသည်။

"ငါ့ကို ယုံပါဟာ ... နင့်ကို ငါ တကယ် ... ဟိုဒင်း ဖြစ်တာပါ"

ချစ်တာပါလို့တောင် ပါးစပ်က မထွက်ရဲဘဲ ရှက်ကိုးရှက်ကန်း ဖြစ်နေသော သာဒင်ညို့ မျက်နှာကို ခိုးကြောင်ခိုးဝှက်ကြည့်ရင်း ရင်ထဲမှာ တစိမ့်စိမ့် ပေါက်ဖွားလာခဲ့သော ခံစားချက်ဟာ ဘယ်လိုမှ ယုံစရာမကောင်းသော ကောင်လေးတစ်ယောက်အပေါ် ယုံကြည်စွာ ချစ်မြတ်နိုးမိသွားခြင်းပဲ ဖြစ်လေသည်။

* * *



၁၇

မနက် အိပ်ရာကနိုးနိုးချင်း မှန်တစ်ခါကြည့်ပြီးပြီ။ မျက်နှာသစ် သွားတိုက်နေစဉ် တစ်လျှောက်လုံးလည်း ရေချိုးခန်းထဲက နံရံကပ်မှန်မှာ ကိုယ့်မျက်နှာကိုယ် ကြည့်နေမိတာ။ ရေမိုးချိုးပြီးတော့လည်း ခါတိုင်းလို သနပ်ခါး ဝတ်ကျေတမ်းကျေလိမ်း၊ ခေါင်းကို နှစ်ချက် သုံးချက် ဖြီးသင်ပြီးတာနဲ့ မှန်တင်ခုံက ထ, ပြေးတာမျိုး မလုပ်ဖြစ်ဘဲ ကိုယ့်မျက်နှာကိုယ် မှန်ထဲမှာ တသေတချာ ငေးကြည့်နေမိသေးလေသည်။

"အချစ်"ဆိုသည့် စကားလေးနှစ်လုံးဟာ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဘယ်လိုပြောင်းလဲစေတတ်ပါသဖော်။ နောက်ပြီး လူတစ်ယောက် အချစ်ထဲကနေ ဘာတွေ မျှော်လင့်လို့ရမလဲ။ ရယ်မော်ပျော်ရွှင်ခြင်းလား၊ ရင်မောပင်ပန်းရခြင်းလား၊ ခါးသီးနာကြည်းခြင်းလား၊ ကြည်နူးဆွတ်ပျံ့ခြင်းလား၊ ကြေကွဲဝမ်းနည်းခြင်းလား၊ နှစ်သက်ပျော်ဝင်ခြင်းလား။

သေချာတာ တစ်ခုကတော့ သာဒင်ညို့ကို ချစ်မိသွားသည့် သူမရဲ့အချစ်ဟာ ဘယ်လို အခြေအနေမျိုးကိုကမဆို ရင်ဆိုင်ရဲလောက်အောင် ထုထည်ခိုင်ခန့်သည် ဆိုတာပါပဲ။

ကြည့်လေ။ သာဒင်ညို့ကို အဖြေပေးဖို့အတွက် အနီးကပ်ဆုံး၊ အရင်းနှီးဆုံး လူသားစာရင်းဝင်ဖြစ်သော ခိုင်မာနဲ့ မြရုံကို အရင်ဆုံး ရင်ဆိုင်ရတာ။

အထူးသဖြင့် မေခိုင်မာ။ သူငယ်ချင်းတွေထဲမှာ အရင်ဆုံး ရည်းစားရသွားခဲ့သည့် မေခိုင်မာဟာ ကိုယ်ချင်းရယ်မှ မစာနာ ရွှေနှယ်ရီးနဲ့ သာဒင်ညို့ ကိစ္စကိုတျ အတင်းကာရော လိုက်ဖျက်တော့တာ။

သာဒင်ညိုဟာ ဘယ်လိုမှ အားမကိုးထိုက်သည့် ယောက်ျား၊ မယုံကြည်ရသည့်လူစား၊ အနာဂတ်မှာ ဘာအောင်မြင်မှုမှ ရလာမှာမဟုတ်သော တက်လမ်းမရှိသည့် ခပ်ညံ့ညံ့ဆေးကျောင်းသားတဲ့လေ။





စကားနည်းပြီး အနေအထိုင် အေးဆေးကာ တော်ရုံတန်ရုံနဲ့ သူများကို မခေမန်တတ်သော မြလှာရုံကတောင် သာဒင်ညို့ကိုတော့ လက်မခံပါနဲ့တဲ့။ နင်တစ်နေ့ စိတ်ဆင်းရဲရလိမ့်မယ်တဲ့။

သီလဝါ တစ်ယောက်ကသာ ဘာမှဝင်မပြောတာ။ သီလဝါကတော့ သဘောတူတယ်လည်း မဟုတ်၊ မတူဘူးလည်း မဟုတ်။ သာဒင်ညို့ကို ခင်နေကာ သူ့ရဲ့စိတ်သဘောဖြူစင်ရိုးသားတာကို သိနေသူပီပီ ခါးခါးသီးသီးလည်း မကန့်ကွက်ချင်သလို ဘာမှန်းမသိသည့် ရှေ့ရေးကို ကြိုတင်ကာ အာမခံချက် မပေးနိုင်တာမို့ အားပေးအားမြှောက်လည်း ပြုရဲချေ။

ရွှေနှယ်ရီးကတော့ ဘယ်သူဘာပြောပြော ကိုယ်လုပ်ချင်ရာကို ဖွတ်ပဲလုပ်လိုက်ဖို့ ဆုံးဖြတ်ပြီးလေပြီ။ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ဟာ မမှားနိုင်ဘူးလို့လည်း ကိုယ့်ဘာသာ သေချာနေခဲ့ပြီ။

ရယ်စရာတော့ နည်းနည်းကောင်းနေမလား မသိ။ ရွှေနှယ်ရီးရဲ့ အလှပြင်ချိန်ဟာ အရင်နေ့တွေကထက်စာလျှင် ဆယ်မိနစ်လောက် ပိုကြာသွားခဲ့ပါသည်။

အလှပြင်သည် ဆိုသော်လည်း သူများတွေလို မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ၊ အိုင်းရှဒိုးတွေနဲ့ ကျကျနန ပြင်တာ မဟုတ်ပါ။ အောက်ခံဖောင်ဒေးရှင်းလေးလိမ်း၊ အပေါ်က သနပ်



www.burmeseclassic.com

www.burmeseclassic.com



ခါးထပ်လိမ်းပြီးလျှင် ခေါင်းဖြီးလိုက်ရုံနှင့် ရွှေနှယ်ရိုးရဲ့ အလှပြင်ဆင်ခြင်း လုပ်ငန်းက ပြီးဆုံးပါသည်။ ဒီနေ့ ခါတိုင်းထက် အချိန်ပိုသွားသည် ဆိုတာက သနပ်ခါးကို အရင်လို ဖြစ်ကတတ်ဆန်း မလိမ်းဘဲ ညီညီညာညာဖြစ်အောင် ဂရုစိုက်ရတာနှင့်၊ ဆံပင်ကို ဖွာလန်ကြဲ မဟုတ်ဘဲ သေသေသပ်သပ်ကလေးဖြစ်အောင် ဖြီးသင်နေရတာကြောင့်ပဲ ဖြစ်သည်။

အဝတ်အစားကတော့ ညကတည်းက ရွေးချယ်ထားပြီးသားမို့ မီးပူတိုက်ပြီး ဟဲန်ဂါနဲ့ ချိတ်ထားပြီးသား အဆင်သင့်ပင်။

ဒီအဝတ်အစားလေးတောင် အတော်ရွေးချယ်ရတာ။ ရှက်ရှက်နဲ့ ဝန်ခံရမည်ဆိုလျှင် မိန်းကလေးပီပီ ကိုယ့်ချစ်သူကို အဖြေပေးမည့်နေ့မှာ လှတပတလေးတော့ ဖြစ်နေချင်သည်။ ထို့အတူပဲ တစ်ဖက်သား သိပ်သိသာလွန်းအောင် ထင်ထင်ရှားရှား၊ ပေါ်ပေါ်လွင်လွင်၊ အရမ်းပြင်ဆင်ထားတာမျိုးလည်း မဖြစ်စေချင်။ အနက်ရောင်၊ အနီရောင် စသည့် နိမိတ်မကောင်းသော အရောင်တွေလည်း မပါဝင်စေချင်။ အဲဒီအချက်အလက်တွေနဲ့ ကိုက်ညီတဲ့ အင်္ကျီကို ရွေးချယ်လျက် အသေအချာ မီးပူတိုက်ထားနှင့်ရတာ။

အဝတ်အစား လဲနေချိန်မှာ ရင်ထဲ တဖျပ်ဖျပ်ခုန်လာသည်။ မကြာခင်မှာ ရွှေနှယ်ရိုးဟာ ချစ်သူတစ်ယောက် ရရှိ





တော့မည်။ ဣန္ဒြေသိက္ခာကို စောင့်ထိန်းသော မိန်းကလေးတစ်ယောက်ပီပီ ကိုယ်ထားလိုက်သော ချစ်သူဟာ ကိုယ့်ရဲ့အိမ်ထောင်ဖက်ပဲ ဖြစ်ရစေမှာမို့ သာဒင်ညို့ အချစ်ကို လက်ခံလိုက်ခြင်းဟာ ရွှေနှယ်ရိုးအတွက်တော့ တစ်ဘဝစာ အဖော်မွန်ကို ရွေးချယ်လိုက်ခြင်းပဲ ဖြစ်ပါသည်။

ဒီနေ့ အိပ်ရာထ,စောတာမို့ အလှပြင်ချိန်၊ အဝတ်အစားလဲချိန်တွေ အရင်ကထက် ပိုယူထားသည့်တိုင် ကျောင်းသွားချိန်က ဆယ့်ငါးမိနစ်လောက် စောနေသေးသည်။

သာဒင်ညိုနဲ့ ချိန်းထားသည့် နေရာက ကျောင်းမရောက်ခင်က အအေးဆိုင်ကလေးမှာ ဖြစ်သည်။ နှစ်ယောက်သားဆေးဝေးလံလံလည်း ဘယ်နေရာသွားဖို့မှ စိတ်ကူးမရသလို ကျောင်းမှာကျတော့လည်း သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် စကားပြောနိုင်မှာ မဟုတ်တာကြောင့် ကျောင်းနားက သွားရင်းလာရင်း တွေ့နေသော ဆိုင်ကလေးကိုပဲ ရွေးချယ်လိုက်ရတာပင်။

ရွှေနှယ်ရိုးရောက်တော့ သာဒင်ညိုက မရောက်သေးပါ။ ချိန်းထားသည့် အချိန်က မနက်ရှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်။ အခုပဲ ရှစ်နာရီထိုးဖို့ ငါးမိနစ်ရှိနေပြီ။ ကိုယ့်ဘာသာတောင် နောက်ကျလှပြီ ထင်နေတာ၊ သင်းက ပိုလို့တောင် နောက်ကျနေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



သာဒင်ညိုဟာ ဖရိုဖရဲ မသေမသပ် ကောင်ကလေး မှန်းတော့ အသိသားပါပဲ။ ဒါပေမယ့် ကိုယ့်မိန်းကလေး အဖြေပေးမည့်နေ့မှာတော့ ဒီလောက် ကသောင်းကနင်း နိုင်လိမ့်မည်လို့တော့ လုံးဝကို ထင်မထားခဲ့တာ။

မိန်းကလေးတစ်ယောက်တည်း လက်ဖက်ရည်ဆိုင် ဝင်မထိုင်ချင်တာမို့ ကားပေါ်မှာပဲ ထိုင်စောင့်နေရတာ ကြာတော့ မျက်နှာတောင် ငယ်လာပြီ။ နေရာက ကျောင်းနဲ့ သိပ်မဝေးတာမို့ ကျောင်းတက်ဖို့လာသည့် အတန်းထဲက သူငယ်ချင်းတချို့ တွေ့သွားမှာကိုလည်း စိုးရသေးသည်။

ဆိုင်ရှေ့မှာ မိနစ်နှစ်ဆယ်တိတိ စောင့်လိုက်ရပြီး ရှစ်နာရီဆယ့်ငါးကျတော့မှ သာဒင်ညိုက တကောကောနဲ့ ရောက်ချလာပါသည်။

ကဲ ...။ ဒီလိုအချိန်မျိုးမှာ ဘယ်လိုလုပ်ပြီးတော့များ ကြည်နူးချင်စိတ် ရှိပါဦးတော့မလဲ။ ကိုယ့်ရဲ့ အဖြေကို အရေးတယူ၊ မက်မက်မောမော လိုချင်ရမည့် ယောကျ်ားတစ်ယောက်က ချိန်းဆိုထားသည့် အချိန်ထက် နာရီဝက် နောက်ကျပြီးမှ ရောက်လာသည်ဆိုတာ ကာယကံရှင် မိန်းကလေးအဖို့ ဘယ်လောက်များ မခံမရပ်ချင်ဖွယ် ကောင်းလိုက်သလဲ။

"ဒါကြောင့် ခိုင်မာက နင်နဲ့ငါ့ကိစ္စ အသေအလဲ ဖျက်တာ"





ပြောဖို့ ရည်ရွယ်လာသည့် စကားက တစ်မျိုး။ တကယ်တမ်း ပြောလိုက်ရသည့် စကားက တစ်မျိုး။ သင်းမို့ လုပ်ရက်ပါပေ့။ ပျော်စရာ ကောင်းရမည့် အချိန်မှာ စိတ်မကြည်လင်စရာ အဖြစ်အပျက်တွေ ကြုံရအောင် သူမို့ လုပ်ရက်သည်။

"ရောက်ရောက်ချင်း ဘယ်လိုစကားမျိုးနဲ့ နှုတ်ခွန်းဆက်လိုက်တာလဲဟာ၊ မင်္ဂလာမရှိလိုက်တာ"

"မင်္ဂလာမရှိတဲ့ စကားနဲ့ပဲ နှုတ်ဆက်ရမှာပဲ၊ နင်ကိုက မင်္ဂလာရှိအောင်မှ မလုပ်တာ"

"ငါဘာလုပ်လို့လဲ"

ကြည့်စမ်း။ ရုပ်ကိုက အူကြောင်ကြောင်နဲ့။ ဖြစ်နိုင်ရင် ပြောဖို့စိတ်ကူးလာသည့် စကားတွေကို ပြန်ရုပ်သိမ်းလိုက်ချင်တော့တာပါပဲ။

"ကိုယ့်ကိုယ်ကိုယ် ဘာအပြစ်မှ မလုပ်ခဲ့မိဘူးလို့ ထင်ရင်လည်း ရတယ်လေ၊ ငါအတန်းသွားတက်တော့မယ်"

"ဟာ ... နေဦးလေ၊ ချွေရီး ... နင် ဘာဖြစ်သွားတာလဲ၊ နင်နဲ့ငါ ညက ဖုန်းပြောတုန်းက အကောင်းပါဟာ၊ ဒီမနက်လည်း အခုမှ တွေ့ရတာပါ၊ နင်က ဘာဖြစ်လို့ စိတ်ဆိုးနေရတာလဲ"

"အခုမှ တွေ့ရလို့ စိတ်ဆိုးတာပေါ့ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ပြောနေတာလဲ ... ငါ နားမလည်ဘူး"

"သာဒင်ညို ... နင်တကယ် နားမလည်တာလား၊ နားမလည် ချင်ဟန်ဆောင်နေတာလားဟင်၊ ဘာပဲဖြစ်ဖြစ် ငါခွင့်မလွှတ် နိုင်ဘူးနော်"

သာဒင်ညိုက တစ်ခေါင်းလုံး ပွထသွားအောင် လက်နှစ်ချောင်းလုံးသွင်းလျက် ဆံပင်တွေကို ကုတ်ဖွပစ်လိုက်ပါ သည်။ သူက တကယ့်ကိုပဲ နားမလည်တာပါ။ မနေ့ညကအထိ အကောင်းပဲ စကားပြောနေနိုင်သေးသော ရွှေနှယ်ရိုးဟာ တစ်ည တည်းနဲ့ ဘာတွေပြောင်းလဲသွားပြီး ရန်စွယ်နဲ့ဝေါဝေါ ဖြစ်လာ ရတာလဲ။

"ဘာမှန်းကို မသိသေးတာဟာ ... ငါ့ကို ပြောတော့ပြော ပြပါကွာ၊ ငါမှားတာဆိုရင် နင် ကျေနပ်အောင် ဘယ်လိုပဲ တောင်းပန်ရ တောင်းပန်ရပါ"

"ဒီလောက်ကြီးမားတဲ့ အပြစ်ကြီးတောင် နင်က အပြစ်လို့ မထင်သေးဘူး တုတ်လား၊ ချိန်းထားတဲ့ အချိန်ထက် နာရီဝက် နောက်ကျတာကို ပြောတာလေ၊ ငါစောင့်နေတာ နာရီဝက်ရှိပြီ"

အမှန်က ကိုယ်တိုင်လည်း ချိန်းထားသည့် အချိန် ထက် ဆယ်မိနစ်နောက်ကျပြီးမှ ရောက်လာတာမို့ ရွှေနှယ်ရိုး





စောင့်ရသည့် စုစုပေါင်း အချိန်ဟာ မိနစ်နှစ်ဆယ်ပဲ ရှိတာပါ။ ဒါပေမယ့် ဘယ်သူက သိနိုင်တာမှတ်လို့နော်။ သူကနောက်ကျ သည့်သူဆိုတော့ ကိုယ်ဘာပြောပြော ယုံဖို့ပဲ ရှိတော့တာ။

"နာရီဝက်၊ နောက်မကျပါဘူး၊ ငါအချိန်အတိ ရောက်တာ ပါ"

"မလိမ်နဲ့"

"ဩော် ... တကယ်ပါဆို၊ မှားမှာစိုးလို့ ညကတည်းက မြန်မာ့အသံ ရှစ်နာရီသတင်းနဲ့ကိုက်အောင် တစ်အိမ်လုံးက နာရီတွေကို လိုက်တိုက်ထားတာ"

"ဒါဆို နင့်နာရီ ပြစမ်း"

သာဒင်ညိုက လက်ပတ်နာရီ ပတ်ထားသော သူ့ရဲ့ ဘယ်ဘက်လက်ကို ရွှေနှယ်ရိုး မြင်သာအောင် မြှောက်ပြလိုက်ပါ သည်။ သူ့နာရီများ နောက်ကျနေသလားလို့ ကြည့်လိုက်တော့ နာရီက မမှားပါ။ ရှစ်နာရီခွဲရှိပြီ၊ ရွှေနှယ်ရိုးရဲ့ နာရီကလည်း ရှစ် နာရီခွဲပဲ။

"နာရီက နောက်မကျပါဘူး"

"အေးလေ ... နောက်မကျဘူးလေ"

"ဒါပေမယ့် နင်က နောက်ကျတယ်လေ"

"ငါလည်း နောက်မကျဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"နာရီဝက်တောင် နောက်ကျတယ်လေ"

"ဟာ ... ဘာတွေ ရှုပ်နေတာလဲကွာ ... နာရီက နောက်မကျဘူးဆိုရင် နာရီနဲ့ကိုက်ပြီး အတိအကျ ရောက်လာတဲ့ လူကျတော့ ဘာလို့ နောက်ကျရမှာလဲ"

"နင် နာရီဝက်တိတိ နောက်ကျတယ်လေ"

သာဒင်ညိုက ဘာမှ မစဉ်းစားတတ်တော့ချေ။ နဖူးကြောတွေ တွန့်ရှုံ့ကုန်အောင် ကွေးကောက်လျက် စဉ်းစားယူပါသော်လည်း ဘယ်နေရာမှာ လွဲချော်နေမှန်း တွေးလို့ကိုမရ။

"နေဦး ... နင်နဲ့ငါ ဘယ်အချိန် ချိန်းတာလဲ"

"ရှစ်နာရီဆယ့်ငါးလေ"

"ဟယ် ... ပေါက်တတ်ကရ၊ ရှစ်နာရီမတ်တင်း ချိန်းတာပါ"

"အေးလေ ... ရှစ်နာရီမတ်တင်းလေ"

"ဘာလဲဟဲ့ ... ရှစ်နာရီမတ်တင်းနဲ့ ရှစ်နာရီဆယ့်ငါးက နာရီဝက်တောင် ကွာတာပဲဟာ"

ဒုက္ခပဲ။ သာဒင်ညိုက အတော်ပဲ စိတ်ရှုပ်လာပြီ။ မနေ့က ဘယ်အချိန် လာရမလဲချိန်းတော့ ရွှေနှယ်ရီးက ရှစ်နာရီမတ်တင်းလာတဲ့။ ရှစ်နာရီမတ်တင်းဆိုသော အချိန်ဟာ ရှစ်နာရီနဲ့ ဆယ့်ငါးမိနစ်ကို ပြောတာဟု သာဒင်ညိုက ယူဆသည်။ ပိုပြီး သေချာအောင် ကိုကို့ကို မေးကြည့်တော့လည်း ကိုကိုက ရှစ်နာရီ





မတ်တင်းဆိုတာ ရှစ်နာရီဆယ့်ငါးကို ပြောတာပေါ့ကွလို့ပဲ ပြန်ဖြေခဲ့တာ။

အခု ရှစ်နာရီဆယ့်ငါး အတိအကျ ရောက်လာတော့ နာရီဝက် နောက်ကျသည်တဲ့။ ဘာတွေများ ဖြစ်ရပြန်ပြီလဲ။

"ရှစ်နာရီမတ်တင်းဆိုတာ ရှစ်နာရီဆယ့်ငါးကိုပဲ ပြောတာ မဟုတ်ဘူးလား"

ဟုတ်ပြီ ...။ သိပြီ။ ယောင်ချာချာ ဖြစ်နေသော သာဒင်ညို့ကိုကြည့်ပြီး ရွှေနှယ်ရီးက သဘောပေါက်လိုက်ပြီ။ နာရီ နောက်ကျတာလည်းမဟုတ်၊ လူနောက်ကျတာလည်းမဟုတ်၊ အချိန်မှားတာလည်း မဟုတ်၊ အဓိပ္ပာယ်ပြန်တာ မှားတာ။ မတ်တင်းဆိုသည့် အချိန်ကို ဆယ့်ငါးမိနစ်လို့ မှားဖြစ်အောင် မှားတာ။

ဘယ်လို အပြစ်ပေးရမယ်မှန်းတောင် မသိတော့ပါဘူး။ သူ့ မှားပုံက အပြစ်တင်လို့လည်း မရသည့် မှားပုံမှားနည်းမျိုးမို့ ရွှေနှယ်ရီးမှာ ဆုံးဖြတ်ရခက်လှသည်။

"နင်ဟာလေ ... တကယ့်ကို နမော်နမဲ့ နိုင်တာပဲ၊ ရှစ်နာရီမတ်တင်းဆိုတာ ရှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ် အလိုကို ပြောတာဟဲ့"

"ဟာ ... ဟုတ်လား"

"ဒီအသက်ရောက်နေပြီ၊ ဒါလေးတောင် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက် ကြီးမားတာတွေ သိအောင်လုပ်နေရတာနဲ့ အဲဒီ တစ်ခု ကျော်သွားတယ်ကွာ"

"သေလိုက် ... နင်အသက်ဆက်မရှင်နဲ့တော့၊ အဲဒီလောက်မှ မသိလို့ကတော့ သေမှပဲ တော်ကာကျမှာ"

"ဒီလောက်ကြီး ပြောစရာလားကွာ ... ငါက သေလို့ရပါ တယ်၊ ငါသေရင် နင်လွမ်းပြီး ကျန်ခဲ့မှာစိုးလို့"

"ဘာလို့ လွမ်းရမှာလဲ၊ သေသင့်လို့ သေတာများတော့ မလွမ်းသေးဘူး"

"ဟာ ... ပြောနေပြန်ပြီကွာ၊ ကျက်သရေမင်္ဂလာ မရှိတာ တွေ၊ အခုလို မင်္ဂလာအပေါင်းနဲ့ ခညောင်းနေတဲ့ အချိန် မှာ နိမိတ်မရှိတာတွေ မပြောပါနဲ့"

"ဘာလဲ ... ဘာလို့ မင်္ဂလာအပေါင်းနဲ့ ခညောင်းရမှာလဲ"

"နင်က ငါ့ကို အဖြေပေးမယ့်နေ့မို့လေ"

"အောင်မယ် ... အဖြေပေးတော့ရော မင်္ဂလာရှိတဲ့နေ့ ဖြစ် မှာတဲ့လား"

"ဖြစ်ရမှာပေါ့"

အောင်မယ်။ တယ်တိကျသေချာနေပါလား။ အဖြင် ကတ်ကတ်နဲ့ ငြင်းပစ်လိုက်ရရင်တောင် ကောင်းမှာ။ မငြင်းရက်လို့။

"ငါ့ အဖြေမပေးရသေးဘူးနော်"





"အဲဒီလိုတော့ မလုပ်ပါနဲ့ဟာ၊ နင့်ဆီက စိတ်ချမ်းသာ စရာ အဖြေရလိမ့်မယ်လို့ စိတ်ချပြီး ငါ ပျော်ပျော်ရွှင်ရွှင်နဲ့ ထွက်လာခဲ့တာ"

ကြည့်ပါဦး။ ငြင်းမယ်ဆိုရင်တောင် ငြင်းရတဲ့လူပဲ အလွန်ဖြစ်အောင် ပြောတတ်လိုက်ပုံက။

"နင်မငြင်းပါဘူး မဟုတ်လား ... နော် ... မငြင်းပါနဲ့နော်၊ နင်ကလွဲရင် ငါ့ကို ပြန်ကြိုက်မယ့်လူ မရှိတော့လို့ပါ"

"ဟယ် ... အစုတ်ပလုတ်ကောင်၊ ဒီတစ်ခါ တကယ်သေ တော့"

ရွှေနှယ်ရီးက ကားနောက်ခုံပေါ် တင်ထားသည့် ဒူးခေါက်သည့် ဟမ်မာကို ကောက်ယူလျက် သာဒင်ညို့ ခေါင်းကို ခေါက်ခနဲ ခေါက်ချလိုက်ပါသည်။

"ယောက်ျားတစ်ယောက်ကို ခေါင်းခေါက်ရွေးတယ်ဆိုတာ ဒါမျိုးပေါ့နော်"

အားရပါးရ ခေါက်ထည့်လိုက်တာမို့ နာသွားသည့် ခေါင်းကို လက်ကလေးနဲ့ ပွတ်ရင်း ပြောဖြစ်အောင် ပြောလိုက် ပုံလေးက ချစ်စရာ။

အဲဒီကောင်လေးဟာ ရွှေနှယ်ရီးရဲ့ ထာဝရလက်တွဲ ဖော်ကလေးတဲ့လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၁၈

သာဒင်ညိုဟာ အကောင်းဆုံး ချစ်သူတစ်ယောက် လားလို့ တစ်စုံတစ်ယောက်ကများ မေးခွန်းထုတ်လာမည်ဆိုလျှင် ရွှေနွယ်ရိုးက ဘယ်လိုပြန်ဖြေမလဲ သိပါရဲ့လား။ တက်တက်ကြွ ကြွ သွက်သွက်လက်လက်ကြီးနဲ့ပင် "မဟုတ်ပါဘူး"ဟု ဖြေလိုက် မှာပင်။

သာဒင်ညို့လို ကောင်စားလေး တစ်ယောက်ကို ချစ်မိသည့်အတွက် အမြဲ တစ်မျိုးမဟုတ် တစ်မျိုးသော အကြောင်း တွေနဲ့ ရယ်မောနေရတတ်မြဲ ဖြစ်သော်လည်း စိတ်အနှောင့်အယှက်





ဖြစ်ရတာ၊ မချင့်မရဲဖြစ်ရတာ၊ ကသိကအောက်ဖြစ်ရတာ၊ ဒေါသ ထွက်ရတာတွေဟာလည်း အချိုးအစား ဆတူရှိနေသည်လေ။

အထူးသဖြင့်တော့ သာဒင်ညိုရဲ့ မေ့တတ်သည့် အကျင့်ဟာ ရွှေနွယ်ရိုးကို စိတ်အနှောင့်အယှက် အဖြစ်စေဆုံးပင်။

1ªM.B တုန်းက Viva ဖြေရာမှာ ကိုယ့်အဖေနာမည် အောင် ကိုယ်မေ့ပါသည်ဆိုသော ကမ္ဘာကျော် သတိမေ့တတ်သူ ကြီးဟာ ကိုယ့်ချစ်သူ တစ်ယောက်လုံးကိုလည်း မကြာခဏ မေ့ တတ်လေသည်။

မုန့်သွားစားဖို့ ချိန်းတာ၊ စာအုပ်ဝယ်ပေးဖို့မှာတာ၊ စာအတူကျက်ဖို့ ခေါ်တာ၊ ရုပ်ရှင်ကြည့်ချင်လို့ လက်မှတ်ယူပေးဖို့ ခိုင်းထားတာ စသည့် ကိစ္စပေါင်းများစွာမှာ ဆယ်ခါခိုင်းလျှင် ခြောက်ခါကတော့ မမေ့လိုက်တာ မရှိ။ မေ့တတ်တာဟာ သူ့ရဲ့ အကျင့်ပဲလို့ အားလုံးက သိထားပြီးသား ဖြစ်နေတော့လည်း ဒီလို ကောင်လေးမျိုးကို ချစ်သူတော်ထားမိသည့် ရွှေနွယ်ရိုးမှာ သူ့ရဲ့ မေ့တတ်လွန်းမှုကို သည်းခံဖို့ပဲ ရှိတော့တာပေါ့။

ဒီနေ့ ဖြစ်ရပုံကိုပဲ ကြည့်တော့၊ ရွှေနွယ်ရိုးတို့က မွန်းတည့်တန်းမှာ စာသင်ရဖို့ရှိသည်။ အသွားကိုတော့ သီလဝါက လင်ခေါ်ပြီး စာသင်ပြီးလျှင် သာဒင်ညို့ကို ပြန်လာခေါ်ဖို့ ချိန်း ထားသည်။ ဒီနေ့ဟာ ရွှေနွယ်ရိုးတို့ ချစ်သူဖြစ်တာ နှစ်လပြည့်



www.burmeseclassic.com

www.burmeseclassic.com



[illegible] အထိမ်းအမှတ်အဖြစ် တစ်ခုခု သွားစားကြရအောင် တိုင်ပင်ထားကြတာပင်။

ချိန်းကြတုန်းကတော့ ကောင်းပြီကောင်းရဲ့။ စာသင်ခြင်းက ညနေငါးနာရီခွဲ ပြီးမှာကို ငါးနာရီကတည်းက ကြိုရောက်နေပါမလေး၊ ဘယ်လောက်စောင့်ရ စောင့်ရ စောင့်ပါမလေး ဘာလေးနဲ့။

တကယ်တမ်း စာသင်ပြီးတော့ သာဒင်ညို မရောက်သေး။ သာဒင်ညို လာကြိုလိမ့်မည်လို့ ကြိုပြောထားမိသော ရွှေနှယ်ရီးမှာ သူငယ်ချင်းတွေကြား မျက်နှာတွေ ဖြန်းခနဲထူပူသွားလောက်အောင်ပင် ရှက်ရွံ့သွားရပါသည်။

"တွေ့လား ... နင့်သာဒင်ညို ရောက်မနေသေးပါဘူး"

ခိုင်မာက အကွက်ဆိုက်သွားကာ တမဲ့မဲ့ တရွဲ့ရွဲ့နဲ့ ဝေဖန်သွားသည်။ သူကတော့ မင်းမော်နဲ့အတူ စာသင်ပြီး မင်းမော်ကားနဲ့ လိုက်ပြန်မယ့်သူဆိုတော့ ပြောအားရှိတာပေါ့။

"ငါ စောင့်ပေးရမလား ရွှေရီး"

မိသီက အလိုက်သိစွာ ပြောရှာပါသည်။ ခါတိုင်း ကိုယ့်အိမ်ကကား လာကြိုမည့် နေ့မျိုးမှာ ကားမလာသေးလျှင် သူချင်းတွေ ဝိုင်းစောင့်ပေးတာကို ရွှေနှယ်ရီးက လက်ခံနေကျပါ။

ဒါပေမယ့် အခုက မတူဘူးလေ။ ကိုယ့်ကို လာကြိုမယ့်သူဟာ အိမ်ကကားမောင်းသမားကြီး မဟုတ်ဘဲ သာဒင်ညို ဖြစ်နေတာမို့ သူတို့ကို စောင့်ခိုင်းရတာ မတရားဘူးဟု ရွှေနှယ်ရီးက ထင်သည်။

"မစောင့်ပါနဲ့ဟာ ရပါတယ်၊ မြရုံကိုလည်း နင်ပြန်ပို့ရဦးမှာမို့လား"

"ရပါတယ် ... ငါတို့က ဘယ်အချိန်ပြန်ပြန် ရတယ်၊ နင် တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့"

ကဲကြည့်။ ဘယ်လောက်တောင်မှ ရှက်ဖို့ကောင်းလိုက်သလဲလို့။ ရည်းစားနဲ့ ချိန်းထားသည့် အချိန်မှာ ကိုယ့်ရည်းစား ရောက်မလာလို့ သူငယ်ချင်းတွေက ဝိုင်းစောင့်ပေးနေရပါသည်ဆိုတဲ့ အဖြစ်ဟာ ရှက်စရာ၊ မျက်နှာငယ်စရာ ကောင်းလွန်းနေသည်လေ။

သီလဝါကတော့ ကိစ္စမရှိပါ။ မိသီဟာ ကိုယ်တိုင်ကလည်း ခပ်ပေါ့ပေါ့၊ ခပ်ပျော့ပျော့ပဲ နေတတ်တာမို့ အထအန ကောက်တာတို့၊ သာတယ်နာတယ် တွက်ချက်တာတို့၊ ဖြစ်သင့်တယ် မဖြစ်သင့်ဘူး ဆုံးဖြတ်တာတို့ မရှိဘဲ အားလုံးကို ရိုးရိုးစင်းစင်းသာ ကြည့်မြင်တတ်တာ။

မြလွှာရုံကတော့ ကိစ္စရှိသည်။ မခိုင်မာလောက် နေရာတကာ ဝင်ပြော၊ ဝင်စွက် မရှိသော်လည်း စကားနည်းလှ







www.burmeseclassic.com

www.burmeseclassic.com



သည့် မြရုံဟာ တစ်ခွန်းဆို့ဆိုသလောက် ထိထိမိမိလည်း ပြောတတ်ပါပေသည်။ ပါးစပ်က မပြောဘူးပဲထားဦး မြရုံစိတ်ထဲမှာ စွဲထင်သွားတာ တစ်ခုဟာ တော်ရုံနဲ့ ပြေပျောက်လို့ ရမှာမဟုတ်။

အဲဒီလိုမျိုးကြီးတော့ အဖြစ်မခံချင်ပါဘူး။ သူတို့ရှေ့မှာရပ်ပြီး အရှက်ကွဲ ခံနေရမယ့်အစား ကိုယ့်ဘာသာ လူမသိ သူမသိ ကျိတ်ပြီး အရှက်ကွဲနေရတာကမှ တော်ဦးမှာ။

"ရတယ် ... ပြန်သာပြန်ပါ။ သူ ခဏနေ လာမှာပေါ့"

"ခဏနေလို့မှ ရောက်မလာရင်တော့ ကားငှားပြီးတော့ပဲ ဖြစ်ဖြစ် ပြန်သာပြန်လိုက်တော့နော် ရွှေရီး၊ သာဒင်ညိုက သိပ်စိတ်ချရတာ မဟုတ်ဘူး"

ပြန်ကာနီး မှာသွားသော မြရုံ စကားကြောင့် ရွှေနှယ်ရီးမှာ လဲသာသေလိုက်ချင်တော့သည်။ သာဒင်ညို ... သာဒင်ညို။ သင်းရဲ့ အလုပ်မဟုတ်ပုံကြောင့် ဒီမှာ အပြောအဆိုခံနေရပြီ။ ကိုယ့်ချစ်သူရဲ့ ဂရုစိုက် မခံရသော မိန်းမတစ်ယောက်အဖြစ် အကြည့်ခံရသော မျက်လုံးတွေကို (သူငယ်ချင်း အရင်းကြီးဆီကပဲဖြစ်ဖြစ်) ဘယ်လိုမှ မခံယူနိုင်။

"အေးပါ ... ငါသိပါတယ်"

"နင် မိုးချုပ်ရင် ပြန်ရခက်နေမှာစိုးလို့ ပြောတာ၊ အခုပဲ ခြောက်နာရီ ထိုးကာနီးနေပြီ"





မြလွှာရုံက စောစောနားနဲ့ ပြောသွားတာ ဖြစ်သော်လည်း ရွှေနှယ်ရီးမှာ အောင့်သီးအောင့်သက်နဲ့ပဲ ကျန်ခဲ့ရပါသည်။

မြရုံက စောစောပြန်လို့ မှာသွားခဲ့သော်လည်း ရွှေနှယ်ရီးက မပြန်ဖြစ်ပါ။ သာဒင်ညိုက အကြောင်းတစ်ခုခုကြောင့် နောက်ကျနေတာပဲ ဖြစ်နိုင်လျက် ရောက်တော့လာမှာပဲဟု စိတ်ချသေချာစွာ စောင့်နေဖြစ်ပါသည်။ ကိုယ်က ပြန်သွားပြီးမှ သာဒင်ညိုက မဆိုစလောက်ကလေး နောက်ကျရောက်လာကာ တွေ့လွဲ၊ လွဲသွားတာမျိုး ဖြစ်မှာစိုးလို့ ခဏတော့ နေလိုက်ပါဦးမယ်၊ နေလိုက်ပါဦးမယ်နဲ့ပဲ ခုနစ်နာရီထိုးကာနီးအထိ ရောက်သွားလေသည်။

လှည်းတန်းလို နေရာမျိုးဟာ လူသွားလူလာ စည်ကားပြီး ဘာမှ စိုးရိမ်စရာမရှိသည့် နေရာမျိုး ဖြစ်ပေမယ့် တစ်ယောက်တည်း ကြောင်တောင်တောင် ရပ်နေသည့် ရွှေနှယ်ရီးကို အကဲခတ် စပ်စုသလို ကြည့်သည့်သူက ကြည့်သွားသလို ထိကပါးရိကပါး စ,နောက်သွားသည့်သူကလည်း မရှား။

စိတ်ပျက်ဖို့ ကောင်းလိုက်တာ။ သာဒင်ညိုဟာ တစ်ဆိတ်တော့ လွန်လွန်းပြီထင်သည်။ အရေးအကြောင်းရှိလို့ နောက်ကျတယ်ဆိုလည်း ငါးမိနစ် ဆယ်မိနစ်၊ အလွန်ဆုံးနာရီဝက်ပေါ့။ အခုတော့ ရွှေနှယ်ရီး စောင့်နေရတာ တစ်နာရီခွဲလောက်ရှိသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ရည်းစားသက်တမ်း နှစ်လလောက်လေး ရှိသေးတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ ပစ်စလက်ခတ် ပစ်ထားရက်တဲ့ ယောကျ်ားလေးမျိုးကတော့ ရှာမှရှားပါပဲ။

နောက်ဆုံးတော့ ရွှေနှယ်ရီးက သည်းမခံနိုင်စွာ ကားငှားပြီး အိမ်ကို ပြန်ချသွားလိုက်ရပါသည်။ အိမ်ရောက်တော့ စိတ်တပူပူနဲ့ စောင့်နေသော မေမေ့ မျက်နှာနှင့် ဒေါသတွေ အချောင်းလိုက် အချောင်းလိုက် ထွက်နေသော ဖေဖေ့မျက်နှာတို့ကို တန်းခနဲ တွေ့လိုက်ရလေသည်။

"သမီး ... ဒါ ဘယ်တာပြန်လာတာလဲ"

"စာသင်ပြီး ပြန်လာတာပါ ဖေဖေ"

"စာသင်ပြီးတာ ငါးနာရီခွဲကတည်းက မဟုတ်ဘူးလား သမီး"

ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပါသည်။ ဒီနေ့ စာသင်ပြီးမည့် အချိန်ကို အိမ်မှာ ပြန်မပြောခဲ့။ လိမ်ညာတာမဟုတ်ပေမယ့် ထိန်ချန်သည့် သဘောရယ်လို့ ပြောရမလား၊ မရိုးမသား ရှိခဲ့မိတာကတော့ အမှန်ပဲဖြစ်သည်။

အခုတော့ စာသင်ပြီးချိန်ကို ဖေဖေက သိနေသည်။ ဘယ်ကသိသွားတာလဲ။

"ငါကို ဘာမှ ပြန်ငြင်းဖို့ မကြိုးစားနဲ့၊ ခုနလေးကပဲ





ခိုင်မာ ဖုန်းဆက်တယ်၊ ကျူရှင်က ငါးနာရီခွဲကတည်းက ပြီးနေပြီတဲ့"

ကြည့်စမ်း။ ခိုင်မာ ... ခိုင်မာ။ သူငယ်ချင်း အချင်းချင်း သစ္စာမရှိလိုက်တာ။ သာဒင့်ညိုနဲ့ ချိန်းထားသည့်ကိစ္စကို ဖေဖေ ပြန်သိအောင် တမင်တကာ ချောက်တွန်းတာ။

"သမီး ဘယ်မှမသွားဘူး ဖေဖေ"

"ဟုတ်တယ်၊ သမီး ဘယ်မှမသွားဘူး၊ ဖေဖေ သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီးနဲ့ အတူသွားဖို့ စီစဉ်ထားတဲ့ သူက ရောက်မှ မလာဘဲကိုး၊ ဒါကြောင့် သမီးမှာ လာနိုးလာနိုးနဲ့ တစ်ယောက်တည်းစောင့်ပြီး အချိန်လွန်လို့ ရောက်မလာတော့မှ တက္ကစီငှားပြီး ပြန်လာရတာ မဟုတ်လား"

နောက်ကနေ သေသေချာချာ လိုက်ကြည့်ထားသလိုပါပဲလား။ ဖေဖေဟာ ဘာကြောင့်များ အဖြစ်အပျက်တွေကို အစီအစဉ်တကျ သိနေပါလိမ့်။ ကေန္တ ခိုင်မာတို့ တဆုံးတစကို ချောက်တွန်းလုပ်ထားပြီ ထင်သည်။

"ဖေဖေ့ကို အဲဒါတွေ ခိုင်မာ ပြောတာလား"

"သမီး ... ခိုင်မာက သမီးရဲ့ သူငယ်ချင်းကောင်း၊ သမီး ဒုက္ခရောက်မှာစိုးလို့ အမှန်းခံပြီး သတိပေးနေတာ၊ သူ့ကို ဘာမှ အပြစ်တင်ဖို့ မကြိုးစားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်မှာ စကားကို နားထောင်ရင်တော့ ရာနှုန်းပြည့်မှန်
တာကို ကြားရမှာ မဟုတ်ဘူး ဖေဖေ"

"ဖေဖေကလည်း သူများပြောသမျှကို မျက်စိမှိတ် ယုံတတ်
တဲ့ လူစားမျိုး မဟုတ်ဘူး သမီး၊ ခိုင်မာ့ကိုလည်း မယုံ
ဘူး၊ သမီးကိုလည်း မယုံဘူး၊ သမီး အခုတက္ကစိနဲ့ ပြန်
လာတာရယ်၊ မျက်နှာမကောင်းတာရယ်ကို တွေ့တော့
ဒီကိစ္စ အမှန်ပဲလို့ လက်ခံလိုက်တာ"

သွားပါလေရော။ ဖေဖေဟာ သာဒင်ညိုနဲ့ ရွှေနွယ်ရိုး
ကိစ္စကို သိသွားပြီ။ ဒီအတိုင်း သိသွားတာကတောင် အရေးမကြီး
လှသေး၊ သူသိသွားသည့်နေ့မှာတင် သာဒင်ညိုရဲ့ ခွင့်မလွှတ်နိုင်
လောက်စရာ ပျက်ကွက်မှုကြီးကို တစ်ပါတည်း သိသွားသောအခါ
မျက်နှာပျက်စရာတွေ ဖြစ်ကုန်တော့တာပေါ့။

"ပြောစမ်း သမီး ... ဒီလောက် မိုက်မဲတဲ့ အလုပ်မျိုး ဘာ
လို့လုပ်ရတာလဲ"

"ဟို ... သမီး ... သမီး ..."

"ဖေဖေ့ကို လိမ်ဖို့ညာဖို့များ စဉ်းစားနေသေးတာလား
သမီး"

"မစဉ်းစားပါဘူး ဖေဖေ၊ ဘယ်လိုဝန်ခံရမလဲလို့ စဉ်းစား
နေတာပါ"





မထူးတော့ဘူးလေ၊ သိသွားမှတော့ ရှောင်ပုန်းနေဖို့
ထက် ဝန်ခံလိုက်ဖို့ကိုသာ ရွေးချယ်ရတော့မှာပေါ့။

အမှန်က သာဒင်ညိုကို အဖြေပေးလိုက်သည့် ကိစ္စ
ကို အိမ်မှာဖွင့်ပြောဖို့ ရွှေနွယ်ရိုးက အကြိမ်ကြိမ် စဉ်းစားဖူးတာပါ။
ကိုယ့်မှာ ချစ်သူရှိနေပြီဆိုသည့် အကြောင်း မိဘတွေကို ဖွင့်ပြောဖို့
ရှက်ရွံ့ကြောက်လန့်မိတာရယ်၊ ကိုယ့်ချစ်သူဟာ ဖေဖေ အလွန်
အထင်သေးသည့် သာဒင်ညို ဖြစ်နေလို့ ပိုပြီးမျက်နှာငယ်မိတာ
ရယ်ကြောင့် ပြောဖို့ကြံလိုက်တိုင်း တွန့်ဆုတ်နေမိတာ။

အခုတော့ သူများပြောမှ သိရသည့် အနေအထားမျိုး
ဖြစ်သွားပြီ။ ခိုင်မာ တစ်ယောက်ဟာ ရွှေနွယ်ရိုးကို စိတ်ပူလို့၊
စေတနာထားလို့ ပြောတာလို့ နားလည်ပေးနိုင်သော်လည်း သူ့ရဲ့
စေတနာတွေဟာ ကိုယ့်အတွက် ဝေဒနာ ဖြစ်စေတာကိုတော့
စိတ်ဆိုးရမှာပင်။

"သမီးနဲ့ သာဒင်ညိုတို့ ... ဟို ... မေတ္တာမျှနေကြပါတယ်
ဖေဖေ"

ချစ်သူတွေ ဖြစ်နေကြပါတယ်လို့ ပြောဖို့ရာ ပါးစပ်
ထဲက မထွက်ရဲတာကြောင့် 'မေတ္တာမျှ' လို့ သုံးစွဲလိုက်ရသည့်အခါ
ကျတော့ ခေတ်တုံးတုံး အသုံးအစွဲကြီးမို့ ရယ်စရာကြီး ဖြစ်လို့နေ
လေသည်။

"အဲဒီကောင်လေးနဲ့ဆို ဖေဖေ သဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... မေမေ"

ဒီလောက် ပြတ်ပြတ်သားသားကြီး အပြောခံလိုက်ရသည့် မထင်တာမို့ ရွှေနှယ်ရီးက မျက်လုံးလေး ပြူးသွားကာ ဘာစကားမှ ပြန်မပြောနိုင်လောက်အောင် မင်တက်သွားရပါသည်။

"ဟုတ်တယ် ... လုံးဝကို သဘောမတူနိုင်ဘူး"

"ဘာလို့လဲ မေမေ"

"ဒါ ပြန်မေးစရာတောင် မလိုဘူးသမီး ... ဒီကောင်လေးဟာ ဘာမှ ဖြစ်ထွန်းလာမှာ မဟုတ်တဲ့ ကောင်လေးလို့ မေမေ အစတည်းက ပြောမှူးပြီးသားပဲ၊ အခုလည်းကြည့် သမီးကို လာကြိုမယ်လို့ ချိန်းထားပြီး ရောက်မလာဘူး မဟုတ်လား၊ ဒါဟာ ငါ့သမီးကို အလေးအနက် မထားဘူးဆိုတဲ့သဘော၊ ဒီလိုကောင်မျိုးကို တစ်သက်စာ ဘယ်လို လုပ် အွားအားကိုးမလဲ"

"အားကိုးဖို့မှ မဟုတ်တာ မေမေ၊ သမီးက ယောကျ်ားတစ်ယောက်ကို အားကိုးမှ ဘဝရပ်တည်လို့ရမယ့် လူစားမျိုးမှ မဟုတ်တာ"

"ဒါဖြင့် ဘာလဲ ... ငါ့သမီးက အားကိုးခံမလို့လား၊ မိန်းမဦးဆောင်တဲ့ အိမ်ထောင်တစ်ခုကို ထူထောင်မလို့လား"

ဖေဖေက ဒေါသကြောင့် အသံတွေတုန်လျက် တစ်





ကိုယ်လုံးပါ ယိမ်းထိုးလာသည်။ ဖေဖေ ဘာကြောင့် ဒီလောက် ဒေါသထွက်သွားရသလဲဆိုတာ ရွှေနှယ်ရီးက စဉ်းစားလို့ မရချေ။

သူမကတော့ ကိုယ်ယုံကြည်သည့်အတိုင်း ပြောလိုက်တာပါပဲ။ ကိုယ့်ကိုယ်ကိုယ် သူများက ဦးဆောင်မှ လမ်းလျှောက်နိုင်မည့်၊ သူများကို တွဲမှီမှ ရပ်တည်နိုင်မည့် လူစားမျိုး ဘယ်တော့မှ အဖြစ်မခံနိုင်။ ယောကျ်ားယူသည်ဆိုတာ ရွှေနှယ်ရီးအတွက်တော့ 'အချစ်'ကြောင့် ယူတာသာဖြစ်ဖို့ရှိလျက် အားကိုးအားထားဖြစ်ဖို့၊ ကိုယ့်ဘဝတိုးတက်အောင် မှီတွယ်ဖို့ စသည့် စိတ်ကူးမျိုးတော့ လုံးဝမရှိချေ။

ထို့အတူပဲ ဖေဖေ စိတ်ပူသလို "မိန်းမဦးဆောင်တဲ့ အိမ်ထောင်"မျိုးကို တည်ဆောက်ဖို့လည်း လုံးဝစိတ်ကူးမရှိပါ။ ကိုယ်တိုင်က ယောကျ်ားကို အားမကိုးချင်သလို မိန်းမကို အားကိုးရသည့် ခပ်ညံ့ညံ့ ယောကျ်ားတစ်ယောက်ကိုလည်း မလိုချင်ပါ။

ရွှေနှယ်ရီး လိုချင်သည့် အိမ်ထောင်မျိုးက ယောကျ်ားရော မိန်းမရော ပခုံးချင်းယှဉ်၊ လက်ချင်းတွဲလျက် ဘဝခရီးကို ညီတူညီမျှ ရင်ဆိုင်ဖြတ်သန်းကြသည့် အိမ်ထောင်မျိုး။ ဘယ်သူ့ကို ဘယ်သူကမှ ဦးမဆောင်ဘဲ၊ ဘယ်သူကမှလည်း နောက်လိုက်မဖြစ်ဘဲ ကိုယ့်လမ်းကြောင်းကိုယ် အောင်မြင်အောင် လျှောက်လှမ်းနိုင်ပြီး အရေးကြုံလျှင် တစ်ယောက်ကိုတစ်ယောက် ကူညီရုံ၊ မေးမရုံ လောက်သာရှိမည့် အိမ်ထောင်ရေးမျိုး။

www.burmeseclassic.com



ဒါကို ဖေဖေ နားလည်အောင် ဘယ်လိုပြောရပါ့။ ကိုယ်ထင်ရာ မြင်ရာကို အစွဲအလမ်း ဖြစ်သွားတတ်သော ဖေဖေကတော့ ရွှေနွယ်ရီးဟာ သာဒင်ညို့ကို အားမကိုးဘဲ ကိုယ်ကသာ ဦးဆောင်ပြီး အိမ်ထောင်တစ်ခုကို တည်ဆောက်တော့မည့်သူလို့ စွဲမှတ်သွားပြီ။

"မဖြစ်ဘူး ... မဖြစ်ဘူး၊ သမီးရဲ့ အတွေးအခေါ်တွေက သိပ်ကြောက်စရာ ကောင်းနေပြီ၊ မိန်းမတစ်ယောက်ဟာ ကိုယ့်ဘဝကို ဒီလောက် အောက်ကျနောက်ကျ ခံပြီးမှ ယောကျ်ားရ,မယ်ဆိုရင်တော့ မယူတာမှ ကောင်းဦးမယ် သမီး၊ ကိုယ်က ထမ်းတင်ရမယ့် ယောကျ်ားမျိုး ဘာသုံးစားလို့ ရမှာလဲ"

"ဖေဖေကလည်း ... သမီးက သူ့ကို ထမ်းတင်မယ်လို့လည်း မပြောရပါလား၊ သမီးဆိုလိုတာက သူလည်း သူ့လမ်းသူ လျှောက်၊ သမီးဘာမှ မကူညီဘူး၊ သူ့ဆီက အကူအညီလည်း ရစရာမလိုဘူး၊ အဲဒီသဘောပါ"

"အခိပ္ပာယ် မရှိလိုက်တာ၊ အဲဒီလိုမျိုးမှတော့ ဘာမှပတ်သက်နေစရာ မလိုဘူး၊ သမီး မှတ်ထား၊ ယောကျ်ားယူတယ်ဆိုတာလည်း ကိုယ့်ဘဝကို တစ်နည်းတစ်ဖုံ မြှင့်တင်တာပဲ"

ဖေဖေ ပြောပုံကြီးကလည်း၊ မိန်းမတစ်ယောက်ဟာ





ယောကျ်ားယူခြင်းအားဖြင့် စီးပွားရှာသည်ဆိုလျှင် ဒါဟာ ဘယ်လိုသဘော ဖြစ်သွားမလဲ။

"တော်စမ်း သမီး ... ခံတန်တန်ရုပ်နဲ့ ပြန်မကြည့်နဲ့၊ ဒီကိစ္စ ဖေဖေ လုံးဝမကျေနပ်ဘူး။ ဒီအတိုင်း ပြီးသွားမှာ မဟုတ်ဘူးလို့ မှတ်ထားစမ်း သမီး"

ဖေဖေကတော့ အဖေဆိုသည့် အာဏာပါဝါကို အပြည့်အဝ အသုံးချပြီး စကားကို အပြတ်ပြောချလိုက်နိုင်ပေမယ့် သမီးဖြစ်သည့် ရွှေနွယ်ရီးမှာ ဘာမှပြန်မပြောသာ။

ဒီအတိုင်း ပြီးသွားမှာ မဟုတ်ဘူး ဆိုကတည်းက ဖေဖေဟာ ရွှေနွယ်ရီးနဲ့ သာဒင်ညို့ ကိစ္စကို အတင်းလိုက်ဖျက်တော့မည်ဆိုတဲ့ သဘောပင်။ ဘာမှလည်း မဟုတ်သေးဘဲနဲ့။ သူ့ဘာသာ, သာဒင်ညို့ကို ကြည့်မရတာလောက်ကလေးနဲ့ ရွှေနွယ်ရီးတို့ရဲ့ အချစ်ရေးကို ကန့်ကွက်တားဆီးမည် ဆိုတာ သိပ်တော့ တရားမျှတဘူး ထင်သည်။

အရင်က သိပ်အလေးအနက်ထား မစဉ်းစားခဲ့ဖူးသော ကိုယ့်ဘဝရှေ့ရေးကို အခုမှ တွေးကြည့်မိကာ ရင်ထဲ လေးလာသည်။ သာဒင်ညို့ကို လက်တွဲဖို့အတွက် ကိုယ်ရင်ဆိုင်ရမည့် အရာတွေဟာ တော်ရုံတန်ရုံလောက်တော့ မကနိုင်တော့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၉

"ဟဲ့ ... အရီး ... နင်က ဘာတွေ ဘဝင်မြင့်နေတာလဲ"

ကျောင်းရောက်လို့ သာဒင်ညို့ကို တွေ့လျှင် မနေ့က ကိစ္စ စိတ်နာနေတာရော၊ ဖေဖေ ဆူထားလို့ စိတ်ညစ်တာရော ပေါင်းလျက် သာဒင်ညို့ကို စကားမပြောချင် ဖြစ်နေသည့် ရွှေနှယ်ရီးက လှည့်မကြည့်ဘဲ နေပါသည်။

ဒီတော့လည်း သာဒင်ညိုက အတင်းလိုက်ခေါ်တာပင်။ ခေါ်ပုံကိုကလည်း ကြည့်ဦး "အရီး"တဲ့။ ဘယ်ယောက်ျား လေးကများ ကိုယ့်ရည်းစားကိုယ် ဒီလောက် ချစ်စရာ၊ ကြည့်နူး စရာကောင်းလောက်အောင် ခေါ်တတ်မှာပါ့လိမ့်။





"ဟာ ... ဒွာဖြစ်နေတာလဲလို့ဆို"

"နင် မေးနေစရာ လိုသေးလား၊ ဘာဖြစ်နေသင့်သလဲ မသိဘူးလား"

"ဟင့်အင်း ... မသိဘူး"

တကယ့်ကို မသိနားမလည်သည့် ပုံစံနဲ့ ခေါင်း တခါခါ လုပ်နေသော သာဒင်ညို့ကို အပြစ်တင်ရမှာတောင် ခပ် တွန့်တွန့် ဖြစ်ရပါသည်။

"နင် မနေ့က ဘာလို့မလာတာလဲ"

"ဘယ်ကိုလဲ"

"ဟင် ... နင်နဲ့ငါ ချိန်းထားတယ်လေ၊ ကျူရှင်အပြန်ကျ လာကြိုမယ်ဆို၊ ငါ့မှာ ခုနစ်နာရီထိုးကာနီးအထိ တစ်ယောက် တည်း ရပ်စောင့်နေပြီး မလာတဲ့အဆုံး အိမ်ကို ကားငှား ပြန်သွားရတာ"

"ဘာ ... မနေ့က ! ... ဟာ ... သွားပါပြီကွာ"

ဒီတော့မှ သာဒင်ညိုက ကိုယ့်နဖူးကိုယ် ဖြန်းခနဲ ပိတ်ရိုက်ကာ အဖြစ်အပျက်ကို သဘောပေါက်သွားတော့သည်။

ဟုတ်ပေသားပဲ။ မနေ့ကညနေ ကျူရှင်ဆင်းချိန်မှာ ရွှေနှယ်ရီးကို သွားကြိုပြီး မုန့်သွားစားကြဖို့ စီစဉ်ထားတာ။ အဲဒီ ကိစ္စကို တစ်ညနေလုံး မေ့လျော့ထားမိသည့်အပြင် ဒီနေ့မနက်အထိ လည်း သတိမရ။ ရွှေနှယ်ရီး ပြောမှပဲ သတိရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး ... ဘာတွေ ဖြစ်ရပြန်ပြီလဲ"

"ဆောရီးကွာ ... လုံးဝဆောရီးပဲ။ ငါ တကယ်မေ့သွားတာ။ မနေ့က ပြည်နယ်နဲ့တိုင်း ဘောလုံးပွဲ ဗိုင်နယ်ပွဲကန်မှာမို့ သွားကြည့်တာ၊ ရန်ကုန်နဲ့ မန္တလေးလေ ... ငါက ရန်ကုန် ဘက်က အသေအားပေးပြီး မန္တလေးက နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်သွားတော့ ပက်လက်လန်ပြီး ပြန်လာတာ၊ အဲဒါနဲ့တင် နင့်ကိစ္စ မေ့သွားရော"

"မေ့စရာလား ... ငါတစ်ယောက်လုံးကို ဒီလိုပဲ မေ့ရသလား ဟဲ့"

"ငါတကယ်တောင်းပန်ပါတယ်ဟာ၊ ဘောလုံးပွဲက နင်သာ လိုက်ကြည့်ရင်လည်း အသည်းယားမှာ၊ ရန်ကုန်ဘက်က ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရတယ်၊ အဲဒါကိုကွာ ရှေ့တန်းတိုက် စစ်မှူးတွေ ဘယ်လိုကန်သွင်းနေကြတယ် မသိပါဘူး၊ ဂိုး တိုင်ပေါ်ကကပ်ပြီး ကျော်သွားလိုက်၊ တိုင်ထိပြီး ထွက်သွား လိုက်၊ ဘေးကပိုက်ကိုပဲ ထိသွားလိုက်နဲ့ကွာ၊ တစ်ဂိုးမှကို မဝင်ဘူး၊ နောက်ဆုံးတော့ ဟိုဘက်က ကန်သွင်းခွင့်လေး ငါးကြိမ် ရတာမှာ နှစ်ဂိုးဝင်ပြီး ..."

"တော်စမ်း ..."

အစကတော့ သူပြန်ပြောပြနေသည့် အကြောင်းအရာ





ကို (ကိုယ်ကလည်း ဝါသနာပါပါနှင့်) မေ့လျော့ပြီး နားထောင် နေလိုက်မိသေးသည်။ နောက်မှ ကိုယ်ခံခဲ့ရတာတွေကို ပြန်သတိရ ကာ စိတ်တိုတိုနဲ့ ပိတ်အော်ပစ်လိုက်မိတာ။

"တကယ်ပြောတာဟ ... ပွဲက အရမ်းကြည့်ကောင်းတာ၊ နင်သာပါရင် သိပ်သဘောကျမှာ သေချာတယ်"

"ပွဲကြည့်ကောင်းတာ မကောင်းတာ အရေးမကြီးဘူး၊ နင် ငါ့ကို သတိမရတော့တာက အရေးကြီးတယ်"

"နင်ကလည်းဟာ၊ ဘောလုံးပွဲက အရမ်းကြည့်ကောင်းနေ တော့ တခြား ဘာမှအာရုံမရောက်နိုင်တော့လို့ပါ၊ နင်ပဲ စဉ်းစားကြည့်၊ ကိုယ်အားပေးတဲ့ အသင်းက သွင်းနိုးသွင်းနိုး နဲ့စောင့်၊ ဟိုဘက်က ဂိုးသွင်းသွားတဲ့အခါကျ မခံနိုင်တွေ ဖြစ်၊ ပြန်များချေနိုင်မလားလို့ စိတ်မောနဲ့ ဘယ်လောက်ပင် ပန်းတယ်မှတ်လဲ၊ ပွဲပြီးတော့ ခြောက်နာရီခွဲပြီ ... ဆုပေး တာတွေလည်း စောင့်ကြည့်ရသေးတော့ အိမ်ကို ခုနစ်နာရီ ကျော်မှ ပြန်ရောက်တာ၊ ရောက်ရောက်ချင်း ရေမိုးချိုး၊ ထမင်းလည်း စားပြီးရော ကြီးကြီးကြိုင်ကို ဆေးခန်းသွားပြ ရမယ်ဆိုလို့ သွားပြပေးရသေးတယ်၊ ဆေးခန်းက ပြန်ရောက် တော့ ညကိုးနာရီကျော်ပြီ၊ ပင်လည်းပင်ပန်းနေပြီ၊ အဲဒါနဲ့ ထိုးအိပ်ပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကရတွေ လျှောက်ပြောမနေစမ်းနဲ့။ နင့်ကြီးတော်ကို ဆေးခန်းပြရတာ ငါ့ဆီမလာဖြစ်တဲ့ ကိစ္စနဲ့ မဆိုင်ဘူး၊ အခု ပြောနေတာက ဘောလုံးပွဲ သွားကြည့်ပြီး ငါ့ကို မေ့ထားတဲ့ကိစ္စ"

"ဟုတ်ပါတယ်ဟာ ... ဟုတ်ပါတယ် ... အဲဒီအတွက် ငါ့ကို နင် ဘာလုပ်ချင်သလဲ၊ ခေါင်းခေါက်မလား၊ နားရွက်ဆွဲမလား၊ ကြိုက်တာလုပ်"

ပြောလိုက်လျှင်တော့ သာဒင်ညိုတို့က ဘယ်တော့မှ ငြင်းဆန်သည်မရှိ။ သူ့အပြစ် သူဝန်ခံပြီး အပြစ်ဒဏ်ကို ခံယူဖို့လည်း အဆင်သင့် ဖြစ်ပြီးသားပင်။

အဲဒါတွေကြောင့်ပဲ သာဒင်ညိုကို စိတ်ဆိုးလို့ မရတာ။ သာဒင်ညို ဆိုသည့် ကောင်လေးဟာ ဘယ်သူတွေ ဘယ်လောက်အပြစ်ပြောပြော ရွှေနှယ်ရီးအတွက်ကတော့ ချစ်စရာကောင်းမြဲ ကောင်းလျက်ပင်။

* * *



၂၀

"ဟာ ... အဝမှာ ကြည့်လိုက်စမ်း၊ ဘယ်သူ ဝင်လာသလဲလို့"

ဆိုင်ပေါက်ဝကို မျက်နှာမူပြီး ထိုင်နေသော သာဒင်ညိုက အလန့်တကြား ထ,အော်လိုက်လျှင် ဘယ်သူများ ဖြစ်မလဲဆိုသည့် စိုးရိမ်စိတ်နှင့် ရွှေနှယ်ရီးက ဇက်ကလေးလိမ်ကာ လှည့်ကြည့်လိုက်ပါသည်။

နေ့လယ်စာစားချိန်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် လူရှင်းနေတတ်မြဲဖြစ်သော ဆေးရုံကင်တင်းရဲ့ အဝမှာ ဘယ်သူမှ ရှိမနေတာ ထင်ထင်ရှားရှား သိသာမြင်သာသော်လည်း သာဒင်ညို အော်ထားပုံကလည်း အတည်ပေါက်ပဲမို့ ရွှေနှယ်ရီးမှာ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိကိုရှိရမည်ဆိုတဲ့ အသိနဲ့ ပြုံးပြုံးလှည့်ပတ်ရှာရပါသည်။ နောက်ဆုံး မတွေ့တော့မှ သာဒင်ညိုဘက် ပြန်လှည့်ကာ ...

"ဘာလဲ ... နင် ဘယ်သူ့တွေ့လိုက်လို့လဲ၊ ငါတော့ မတွေ့ပါဘူး"

"ငါလည်း ဘယ်သူ့မှ မတွေ့ပါဘူး"

"မတွေ့ဘဲနဲ့ ..."

ပြောရင်းနဲ့မှ မသင်္ကာဖြစ်လာလို့ ကိုယ့်ထမင်းပန်းကန်ထဲ ငုံ့ကြည့်လိုက်လျှင် မေမေ ကြော်ပေးလိုက်သည့် ဝက်သားလုံးကြော်တွေ လေးလုံးလောက် လျော့နေတာကို တွေ့လိုက်ရလေသည်။

သာဒင်ညို့ ထမင်းဘူးကိုကြည့်တော့ ဘာမှ ခြေရာလက်ရာ ပျက်တာမတွေ့ရ။ ဒါပေမယ့် ဟင်းတွေ လျော့တာကတော့ လျော့နေတာ အသေအချာပဲ။ စောစောကလေးတင် ကိုယ့်ထမင်းဘူး ကိုယ်ကြည့်ပြီး ဟင်းတွေအများကြီး ကျန်သေးတယ်လို့ သတိထားမိသေးတဲ့ဟာ။

"နင် ငါ့ဟင်းတွေ ခိုးများထားသေးလား"

"မခိုးပါဘူး ... ခိုးစရာလား"

သာဒင်ညိုက ထမင်းဝါးသည့် အသံပလုံးပထွေးကြီးနဲ့ ပြန်ပြောသည်။ အဲဒီတော့မှ ကိုယ့်ဘူးထဲကဟင်းတွေ ပျောက်သွား





ပါလျက် သာဒင်ညို့ ဘူးထဲမှာလည်း ဘာမှမတွေ့ရသော အဖြစ်ကို သဘောပေါက်သွားတော့သည်။

"အညို ... နင့်ပါးစပ် ဟာစမ်း"

သာဒင်ညိုက နှုတ်ခမ်းစေ့ကာ ခေါင်းခါပြသည်။ ရွှေနှယ်ရီးက စားပွဲပေါ်တင်ထားသော ခွက်ထဲက တူတစ်ချောင်းကို ကောက်ယူလျက် သာဒင်ညို့ လက်ဆစ်ကို တဒေါက်ဒေါက် ခေါက်ပစ်လိုက်ကာ ...

"ဟဆို အခုဟ, နင်လူလည်မကျနဲ့"

"ငါ ထမင်းစားနေတယ်"

"မရဘူး ... ဟာရမယ်"

ရွှေနှယ်ရီးက အတင်းခိုင်းလျှင် သာဒင်ညို့မှာ မနေသာတော့ပါ။ အရေးထဲ ရွှေနှယ်ရီး တစ်ဖက်လှည့်နေတုန်း ယူစားထားလိုက်သည့် ဝက်သားလုံးကြော်တွေက ဝါးလို့မကုန်နိုင်တာမို့ လည်ချောင်းထဲ နင့်နေအောင် မျိုချနေရလေသည်။

"နင် ငါ့ဟင်းတွေ ခိုးစားတယ်မို့လား"

"ရူး ... ရူး"

သာဒင်ညိုက လက်ကာပြလိုက်၊ ခေါင်းခါလိုက်နဲ့ ငြင်းဆန်နေသည်။ သူ ဘယ်လောက်ပဲငြင်းငြင်း ဒီလောက်ပေါင်လာသူချင်း အကြောင်းမသိတာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



သမီးရည်းစားဘဝမှာတောင် သာဒင်ညိုတို့ မညှာတာလိုက်ပုံများ ကိုယ့်ရည်းစားကို အငတ်ခံပြီး ဟင်းထည့်ပေးရမယ့်အစား ရည်းစားရဲ့ ထမင်းဘူးထဲက လုစားရတယ်လို့။

ရွှေနှယ်ရီးကလည်း ကိုယ့်ချစ်သူစားတာပဲလေရယ်လို့ သည်းကိုမခံနိုင်ပါ။ တခြားဟင်းဆို ကိစ္စမရှိ။ ဝက်သားလုံးကြော်ကတော့ ရွှေနှယ်ရီးက ကြိုက်ကိုကြိုက်တာ။ သူမ ကြိုက်တတ်လို့ မေမေက မကြာခဏ ကြော်ထည့်ပေးနေကျ။ ကိုယ်ကြိုက်သည့်ဟင်းမို့ ဘူးထဲ အများကြီး ပါသော်လည်း သာဒင်ညိုကို သုံးလုံးသာ ထည့်ပေးပြီး၊ ကျန်တာတွေ တစ်ယောက်တည်းစားဖို့ ချန်ထားတာ။

ရွှေနှယ်ရီးက တကယ်ဒေါသထွက်ပြီး ပြူးပြူးပြဲပြဲကြီး ဖြစ်လာလျှင် သာဒင်ညို့မှာ ပါးစပ်ထဲက ဟင်းတွေကို ဆက်မဝါးရဲတော့ဘဲ မျိုချဖို့သာ ရှိပါတော့သည်။

"အု ..."

ပါးစပ်ထဲ စုပြုံထိုးထည့်ထားသည့် ဝက်သားလုံးတွေထဲမှာ သုံးလုံးက အတန်အသင့် ဝါးပြီးသား ဖြစ်နေသော်လည်း တစ်လုံးက လုံးဝမဝါးရသေး။ ကြောက်ကြောက်နဲ့ မျိုချလိုက်သောအခါ ထိုတစ်လုံးက လည်ချောင်းထဲတစ်ပြီး ဆက်မကျတော့ချေ။





အစပိုင်းမှာ စိတ်တိုနေသော ရွှေနှယ်ရီးသည်ပင် အလန့်တကြား ဖြစ်လာကာ စိတ်ပူသည့် အဆင့်ကို ပြောင်းလဲသွားရသည်။ မျက်လုံးတွေပြူး၊ ချွေးတွေစီးထွက်လာကာ ကိုယ့်လည်ပင်းကိုယ် လက်နှစ်ဖက်နဲ့ ကိုင်ပြီး တအစ်အစ်ဖြစ်နေသော သာဒင်ညို့ အခြေအနေကလည်း စိတ်ပူလောက်စရာပဲ မဟုတ်လား။

"ငါ ... ငါ အသက်ရှူကျပ်လာပြီ"

သာဒင်ညို့ မျက်နှာကြီး တဖြည်းဖြည်း နီရဲလာကာ အသက်ရှူမရတော့သည့် ပုံစံမျိုး ပေါက်လာလျှင်ကား ရွှေနှယ်ရီးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ရပါလေပြီ။

"ရေသောက်လိုက် ... ရေနဲ့မျှောချကြည့်လိုက်စမ်း"

ရေတစ်ခွက် အမြန်ထည့်ပေးကာ သောက်နိုင်းကြည့်ပေမယ့်လည်း အခြေအနေက မထူးခြား။ သာဒင်ညို့ မျက်နှာကြီး နီရဲပြီး ဖောင်းအစ်သည်ထက် ဖောင်းအစ်လာတာပဲ အဖတ်တင်လေသည်။

"အညို ... ထစမ်း၊ မတ်တတ်ရပ်ပြီး ခုန်ကြည့်စမ်း"

ကလေးဘဝက မြေပဲစေ့တို့၊ သကြားလုံးတို့ နင်သည့်အခါ လုပ်နေကျအတိုင်း လုပ်ခိုင်းလိုက်တော့ သာဒင်ညို့ခမျာလည်း လူကြားထဲရယ်လို့ မရှက်နိုင်ရှာ။ ထိုင်ရာကထပြီး တဆွေ့ဆွေ့ခုန်နေရတော့သည်။



www.burmeseclassic.com

ကဝ့်တင်းထဲမှာ ရှုရှင်းသည့် ဆိုပေမယ့်လည်း ဈေးရောင်းသူတွေရယ်၊ နေ့လယ်စာ လာစားကြသည့် ဆရာတချို့နဲ့ ကျောင်းသားတချို့တော့ ရှိနေသေးပေရာ သူတို့စားပွဲက ရှန်းရင်းဆန်ခတ် ဖြစ်မှုတွေ၊ သာဒင်ညို တစ်ယောက် ဗုန်းခနဲ ခုန်ထ,ကာ တဖျပ်ဖျပ် ခုန်နေတာတွေကို အားလုံးက ဝိုင်းကြည့်နေကြပါသည်။

"ရွှေရီး ... ကယ်ပါဦး ... ငါသေတော့မယ်"

"အာဖြစ်တာလဲ ... အစာနင်နေတာလား"

သာဒင်ညို ဖြစ်နေပုံကို တွေ့သွားသည့် ဆရာတစ်ယောက်က ကြည့်မနေနိုင်တော့စွာ အနားကို ရောက်လာပါသည်။ ပြီးလျှင် သာဒင်ညို့ကို အနောက်ကနေ ချုပ်ညှစ်လျက် တစ်ချက်နှစ်ချက်လောက် ဆွဲဆောင့်လိုက်သည်။

ခဏကြာတော့မှ သာဒင်ညို မျက်နှာကြီး ပုံမှန်ဖြစ်သွားကာ အသက်ကို မှန်မှန်ရှူလာနိုင်တော့သည်။

"ရပြီ"

"ဆရာရယ် ... ကျေးဇူးပါပဲ၊ အရမ်းကျေးဇူးတင်တာပဲ"

ရွှေနှယ်ရီးကသာ ကျေးဇူးတင်စကား တတွတ်တွတ်ပြောနိုင်သော်လည်း သာဒင်ညို ခမျာတော့ အမောဖောက်ကာ စားပွဲပေါ် ခေါင်းမှောက်ငြိမ်သက်လျက် ဘာစကားမှ မပြောနိုင်ချေ။





"တော်တော် ရုပ်ပလာနိုင်တဲ့ကောင်ပဲ ဆေးကျောင်းသားဖြစ်ပြီး ဒီလောက် ရုပ်ပျက်ဆင်းပျက်နိုင်ဖို့ မကောင်းဘူး"

ဆရာက စိတ်ပျက်လက်ပျက် မှတ်ချက်ပေးတာ ဖြန်ထွက်သွားပါသည်။ သာဒင်ညိုကတော့ သူ့ဒုက္ခနဲ့သူမို့ ဘာမှမသိလိုက်၊ ရွှေနှယ်ရီးမှာသာ အားလုံးရဲ့ ဝိုင်းကြည့်ခံရလို့ ထူထူပူပူနဲ့ ရှက်တာရော၊ ဆရာ့ အဆူအပြောကို ခံလိုက်ရလို့ ကြောက်တာရော ပေါင်းကာ နေရာကနေ ထွက်ပြေးချင်စိတ်တောင် ပေါက်သည်။

"သေ ... သေ ... နင် မသေသေးဘူးလား အညို"

ခဏကြာလို့ သာဒင်ညို သက်သောင့်သက်သာဖြစ်လာပြီး ခေါင်းမော့လာနိုင်လျှင် ရွှေနှယ်ရီးမှာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်၊ စိုးရိမ်စိတ်လေးလည်း မပျောက်တပျောက်နဲ့ ဆောင့်ကြီးအောင့်ကြီး အော်မိပါလေသည်။

အဲဒီနောက်တွင်ကား နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မအောင့်နိုင် မအည်းနိုင် ရယ်မောမိကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၂

သာဒင်ညို့ရဲ့ ရုပ်ပျာပျာနိုင်မှုလေးတွေဟာ တော်ရုံမိန်းကလေး ခွင့်လွှတ်စရာ မကောင်းသလောက် အကြောင်းသိဖြစ်နေသော ရွှေနှယ်ရီးမှာတော့ အောင့်သက်သက်နဲ့ သည်းခံခွင့်လွှတ်ခဲ့ရတာမျိုးလည်း ရှိလေသည်။

ဆိုကြပါစို့။ မြို့ထဲက စာအုပ်ဆိုင်မှာ စာအုပ်တွေဝယ်ဖို့ သွားကြသည့်နေ့ကပဲကြည့်။ စာအုပ်ဆိုင်ကနေထွက်ပြီး မြို့ထဲလျှောက်အသွားမှာ လူတွေကြားထဲ တိုးရင်းဝှေ့ရင်း လူချင်းကွဲသွားသည်။





ရှေ့ကနေ သုတ်သီးသုတ်ပျာနဲ့ ထွက်သွားသော သာဒင်ညို့ကို နောက်ဘက်ခပ်လှမ်းလှမ်းကနေ ရွှေနှယ်ရီးက တွေ့နေရသော်လည်း လူအုပ်ကြားထဲ ညပ်နေတာမို့ မီအောင်မလိုက်နိုင်၊ အော်ခေါ်လို့ကလည်း မရ။

ရှေ့က ခပ်သုတ်သုတ် သွားနေသော သာဒင်ညိုကလည်း ရွှေနှယ်ရီး ကပ်ပါလာသည်လို့ပဲ ထင်နေသည်။ တစ်ခါတစ်ခါ စကားတောင် လှည့်ပြောလိုက်သေးတာ။

တဖြည်းဖြည်းနဲ့ ရွှေနှယ်ရီး လမ်းလျှောက်တာနှေးလွန်းလှသည်ဟု သာဒင်ညိုက အသည်းယားလာသည်။ အတန်းတက်ချိန်က ရောက်တော့မှာ။ သူတို့ Part II တွေရဲ့ စာသင်ခန်းတွေက ဝင်ပေါက်ထွက်ပေါက် တစ်ပေါက်ပဲ ရှိလေရာ နောက်ကျမှ အတန်းထဲ ဝင်ရလျှင် ဆရာရှေ့၊ အားလုံးရဲ့ မျက်နှာစုံညီရှေ့မှာ ပြောင်ပြောင်ကြီး ဝင်ရမှာ။ ဘာပဲပြောပြော အားလုံးဝိုင်းအကြည့်ခံရမှာကိုတော့ သာဒင်ညိုက ရှက်သေးသည်။

“မြန်မြန်လာဟ ... ကြာလိုက်တာ”

ပြောပြောဆိုဆို သာဒင်ညိုက ကိုယ့်ဘေးကပ်လိုက်လာသော ရွှေနှယ်ရီးရဲ့လက်ကို လက်ကောက်ဝတ်နေရာကနေ ဆောင့်ခနဲ လှမ်းဆွဲလိုက်ပါသည်။

ကိုယ့်ချစ်သူ လက်ကလေးကို လှမ်းကိုင်လိုက်တာဖြစ်သော်လည်း လက်ဖဝါးလေးကို တယုတယလေး ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ခွဲခေါ်တာမျိုး လုံးဝမဟုတ်ချေ။ ရဲက တရားခံဖမ်းသလို မပြေးနိုင်အောင် လက်ကောက်ဝတ်ကနေ ဆုပ်ညှစ်ပြီး ကိုင်လိုက်တာမျိုး။ တစ်ဖက်လူမှာ ကြည်နူးဖို့ဝေးစွ ပြုတ်တူနဲ့ အညှပ်ခံရသလို နာတာပဲရှိသည်။

ပထမတော့ ရွှေနှယ်ရိုးထံက ပလုံးပထွေး အသံတွေကို ကြားမိသည် ထင်တာပါပဲ။ ဒါပေမယ့် ကားဟွန်းသံ၊ လူသံ၊ ဈေးသည်တွေရဲ့ အော်ဟစ်သံတွေ ကြားထဲမှာ သူမ ဘာပြောနေသလဲဆိုတာ သာဒင်ညိုက မကြား။ ကြားဖို့လည်း မလိုဘူးဟု သူက ယူဆသည်။ ဘာတွေပြောတာ ဖြစ်ရဦးမလဲ၊ လူကြားသူကြားထဲ လက်မတွဲဖို့အကြောင်း၊ အလောတကြီး နိုင်ငံရေးမလိုကြောင်း၊ ဖြည်းဖြည်းလျှောက်ဖို့ အကြောင်းတွေပဲ ဖြစ်မှာပေါ့။

အဲဒီလိုနဲ့ ခြေလှမ်းငါးလှမ်းစာလောက် သွားမိလျှင် သူ့အတင်းဆုပ်ကိုင်ထားသော လက်တစ်ဖက်ရဲ့ ရုန်းကန်အားဟာ ပြင်းသည်ထက် ပြင်းလာသည်ဟု သာဒင်ညိုက သတိထားမိလာသည်။ ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူက လက်လာတွဲတာကို ဒီလောက်ကြီး ခါးခါးသီးသီး၊ ပြင်းပြင်းထန်ထန် ငြင်းပယ်လေမှာတော့ မဟုတ်ပါ။

နောက်ဆုံး ဝူးဝူးဝါးဝါး အော်သံတစ်ခုနဲ့ လက်တွဲကို ဆောင့်ဖြုတ်ခံလိုက်ရတော့မှပင် သာဒင်ညိုက လှည့်ကြည့်ဖြစ်ပါတော့သည်။





မြတ်စွာဘုရား။ ကိုယ့်ကို စူးစူးရဲရဲ၊ မုန်းမုန်းတီးတီး မျက်လုံးတွေနဲ့ ကြည့်နေသူဟာ ရွှေနှယ်ရိုးမှ မဟုတ်တာပါပဲလား။ သူ့အသက်တန်းကမှ မတွေ့ဖူးသည့် ကောင်မလေးတစ်ယောက်။

"ဖြန်း"

လူများပြီးဆိုသည့်အသိ ခေါင်းထဲ သေသေချာချာ မရောက်သေးခင်မှာပဲ ပြင်းထန်သည့် လက်ဝါးစောင်းတစ်ချက်ကြောင့် သာဒင်ညို့ရဲ့ မျက်နှာက လည်ထွက်သွားရလေသည်။

"ရှင် ဘာစော်ကားတာလဲ ... ဒီလောက် လုပ်ရဲစရာလားဟင်၊ လူကို ဘာမှတ်လို့လဲ"

ပြဿနာတော့ ကြီးစွာတက်ပြီဟု သာဒင်ညိုက အခုမှပဲ သဘောပေါက်ပါတော့သည်။ ရွှေနှယ်ရိုး မှတ်ပြီး သူဆွဲခေါ်လာမိသူဟာ တခြားကောင်မ[illegible]လေးတစ်ယောက် ဖြစ်နေတာပါလား။

ခင်ဗျားကို ကျွန်တော်ရည်းစားနဲ့ လူမှားလို့ပါလို့ ရှင်းပြလို့မှ လွယ်ပါတော့မလား။ အရေးထဲ ဟိုလိမ်မ,က ဘယ်ရောက်နေသည်မသိ။ လူအုပ်ထဲညပ်ကာ အဝေးတစ်နေရာရာမှာ ကျန်ခဲ့ပြီ ထင်သည်။

နာသွားသည့် ပါးကိုပွတ်ကာ ဝိုင်းကြည့်နေသည့် လူတွေရဲ့ အထင်သေးရွှတ်ချသည့် မျက်လုံးတွေအောက် စိတ်ဓာတ်ကျ ရှက်ရွံ့စွာရပ်နေရင်း ရွှေနှယ်ရိုးကိုသာ စိတ်ထဲက ကျိန်ဆဲနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ပေးတဲ့ မိန်းမ။ သင်း နေ့တဲ့နေ့တဲ့ လုပ်လို့ အခုလို ဖြစ်ရတာ။ အတူတူ လမ်းလျှောက်သွားကြတဲ့ဟာ သူက အေးကပါလာပါလား။ အခုတော့ သူ နောက်ကျန်နေခဲ့တာနဲ့ပဲ ပြဿနာတွေ တက်ရပြီ ။

"ရှင့်ကို တရားစွဲမယ်"

"ဟာ ... မဟုတ်တာ၊ ကျွန်တော် တမင်လုပ်တာ မဟုတ်ပါဘူး"

"တမင်လုပ်တာ မဟုတ်ရင် ဘာလဲ၊ ကျွန်မလက်ကို အလကားနေရင်း လာဆွဲမိစရာ အကြောင်းရှိလို့လား"

"ဟိုဒင်း ... ကျွန်တော့်ကောင်မလေးနဲ့ မှားပြီးဆွဲမိတာပါ"

"အောင်မယ်လေး ... အရှက်မရှိ ပြောင်လိမ်ရသေးတယ်၊ ဒါမှားစရာလား၊ မှားတယ်ဆိုရင် ဘယ်မှာလဲ ရှင့်ကောင်မလေး၊ အခုချက်ချင်း ပြနိုင်ရင်ပြ၊ မပြနိုင်ရင် ရှင့်ကို နီးရာ တရားရုံးမှာ တရားကိုစွဲမယ်၊ လက်ရောက်မှုနဲ့"

သာဒင်ညိုမှာ အထိတ်တလန့်နဲ့ ရွှေနှယ်ရိုးကို လိုက်ရှာရပါသည်။ တစ်သက်မှာ ဒီတစ်ကြိမ်လောက် ရွှေနှယ်ရိုးကို တောင့်တမိတာမရှိ။

သင်း ကိုယ့်နောက်က ပါမှပါလာရဲ့လား။ တကယ်လို့ ပါမလာဘူးဆိုရင်တော့ သွားပါပြီ။ ခပ်ဝေးဝေး တစ်နေရာတည်းက လူချင်းကွဲသွားကာ လမ်းလွဲသွားခဲ့ပြီ ဆိုလျှင်တော့





သေဖို့တောင် ကောင်းနေပြီ။ ကိုယ့်မှာလက်ဆွဲပြစရာ မရှိခဲ့လျှင် မိန်းကလေး တစ်ယောက်ကို လမ်းလယ်ကောင်မရှောင် အရှက်သိက္ခာ ထိခိုက်အောင် ဆွဲလားရမ်းလားလုပ်သည့် လူယုတ်မာအဖြစ် အားလုံးရဲ့ အထင်သေးမှတ်ချခြင်းကို ခံရတော့မည်။ ဒီထက်ပိုဆိုးလျှင် ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် အစွမ်းပြ လက်သွေးချင်နေကြသည့် လူတချို့ရဲ့ လက်ချက်နဲ့ မွန့်မွန့်ညက်ညက်ဖြစ်သွားနိုင်သည်။ ဒါမှမဟုတ်လျှင်လည်း တရားရုံး တစ်ခုခုမှာ မိန်းကလေးတစ်ယောက်ကို ကိုယ်ထိလက်ရောက် စော်ကားသူအဖြစ် တရားရင်ဆိုင်သွားရနိုင်သည်။

"ပြလေ ... ဘယ်မှာလဲ ရှင့်ကောင်မလေး"

သာဒင်ညို့ အခြေအနေ မဟန်မှန်း ရိပ်မိသွားတာနဲ့ ကောင်မလေးက အတင်းဖိနင်းကာ မေးပါလေတော့သည်။

သူမဘယ်လောက်မေးမေး သာဒင်ညို့ခမျာ အဖြေမပေးနိုင်ရှာပါ။ လူအုပ်ထဲ လှည့်မတ်လျက် ရွှေနှယ်ရိုးကိုသာ အပူတပြင်း လိုက်လံရှာနေရလေသည်။

အရေးထဲ ရွှေနှယ်ရိုးမ,ကလည်း ဘယ်နားသွားသေနေသလဲကိုမသိ။ အားကိုမကိုးရတာ၊ အသုံးကို မကျတာ။ ဒီနေ့သာမတွေ့ရလို့ကတော့ နောက်ဆို သင်းနဲ့ ဘယ်တော့မှ အတူတူအပြင်မသွားတော့ဘူးဟု သာဒင်ညိုက ဆုံးဖြတ်ချက် ချမိလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် သက်သက်လိမ်နေတာ၊ သူ့ကောင်မလေးဆို တာ တကယ်သာရှိရင် အစုလော့က်ဆို ပြနိုင်ရမှာပေါ့။ ဒီမှာ ငါ့ညီမ ... တရားရုံးတွေ ဘာတွေ ခေါ်သွားမနေနဲ့၊ အစ်ကိုတို့ ဝိုင်းဆုံးမလိုက်မယ်"

လက်မောင်းကြီးတွေ ဖုထစ်ကားယားလျက် တကယ့် ဖိုက်တာပုံကြီး ပေါက်နေသော လူတစ်ယောက်က ရှေ့ထွက်လာ ကာ ဝင်ပြောနေပါပြီ။

ရွှေရီး ...။ နင် ဘယ်ရောက်နေတာလဲ၊ ငါ့ကိုသတ် တော့မလို့လား။

သာဒင်ညိုက စိတ်ထဲကသာ အကျယ်ကြီး အော် ဟစ်နိုင်လျက် လူကတော့ စိတ်ဓာတ်ကျလွန်းလို့ ပုံလဲသွားချင်ပြီ။

"အညို ... နင် ဘာဖြစ်နေတာလဲ"

"ဟာ ... ရွှေရီး၊ အောင်မယ်လေး ... အရူးမ၊ နင်ကအခုမှ ရောက်လာတယ်၊ ဘယ်သွားသေနေတာလဲ"

သာဒင်ညိုက ပါးစပ်ကလည်း ကြမ်းကြမ်းတမ်းတမ်း တွေ ပြောလျက် စိတ်တိုတိုနဲ့ လက်ပါ,ပါကာ ရွှေနှယ်ရီးရဲ့ မျက်နှာ ကို လက်သီးနဲ့ ဝိတ်ထုပစ်လိုက်မိပါသည်။

ကိုယ့်ကိုလည်း ပစ်ထားခဲ့သေး၊ အခုလည်း လူရှေ့ သူရှေ့မှာ စကားကြမ်းကြမ်းတွေပြောကာ နာအောင်ဝိတ်ထုလိုက် သေးသော သာဒင်ညိုကို ရွှေနှယ်ရီးက စိတ်နာသွားရသည်။





သာဒင်ညိုရဲ့ အဖြစ်အပျက်ကို ခပ်ဝေးဝေးမှာ ပြတ် ကျန်ခဲ့သော ရွှေနှယ်ရီးက မသိလိုက်ပါ။ သူကလည်း ကိုယ့်အတွေး နဲ့ကိုယ်။ ဒီလောက်ကြီး ကျော်ဖြတ်သွားပြီး နောက်လှည့်စောင့် ကြည့်ဖော် တစက်ကလေးမှတောင် မရသည့် သာဒင်ညို့ကို စိတ် နာနာနှင့် တမင်တကာ ခပ်ဖြည်းဖြည်း လျှောက်လာတာ။ လူချင်း ကွဲလည်း ကွဲသွားပစေတော့၊ တစ်ချိန်ချိန်တော့ ကျောင်းရောက် မှာပဲဟု တမင်တကာ သွေးအေးအေးနဲ့ လုပ်နေတာ။

"ဪ ဒီမှာ ဒုက္ခရောက်နေပြီ၊ ကယ်ဦး"

"ဘာဖြစ်နေတာလဲ"

"နင်မှတ်လို့ လက်ဆွဲလိုက်တာ သူဖြစ်နေလို့၊ နင်က ဘယ်နားကျန်ခဲ့ရတာတုန်း"

သာဒင်ညို့ မျက်နှာနီနီကြီးနဲ့ ပတ်ဝန်းကျင်က လူ တွေရဲ့ အထင်သေးသည့် မျက်လုံးတွေ၊ ကောင်မလေးရဲ့ ဒေါသ ထွက်နေသော အကြည့်စူးစူးတွေကို တစ်လှည့်စီကြည့်ပြီး ရွှေနှယ်ရီး က ရယ်ချင်လာသည်။ ကောင်းတယ် ...၊ ငါ့ကိုထားခဲ့ပြီး ရှေ့က သွားချင်တဲ့အကောင်၊ ဒါမျိုးထိမှ။

"နင်ပဲ ရှေ့ကနေ မစောင့်ဘဲ ထွက်သွားတာလေ"

"ဘာဖြစ်ဖြစ် နင့်ကြောင့်ဖြစ်ရတာ။ နင်ရှင်း"

အင်း ... ဒီအချိန်မှာ ကိုယ်ကသာ ညစ်ပြီးလိုက်လျှင် သာဒင်ညို တစ်ယောက် ကောင်းကောင်း ဒုက္ခတွေ့သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မလုပ်ရက်ပါဘူးလေ။ သူဒုက္ခရောက်တော့လည်း ကိုယ်ဝဲစိတ်ညစ်ရမှာ။ ချစ်သူတွေဖြစ်နေမှတော့ သာဒင်ညို့ရဲ့ အခက်အခဲဟာ ရွှေနှယ်ရီးရဲ့ အခက်အခဲပဲ ဖြစ်နေပြီပေါ့။

"ဟုတ်ပါတယ်ရှင်၊ သူက ကျွန်မရည်းစားပါ၊ ကျွန်မက နောက်ကျန်ခဲ့တာကို မသိဘဲ၊ ဒီတစ်ယောက်ကို ကျွန်မနဲ့ မှားပြီး လက်ဆွဲမိတာပါ"

"တွေ့လား ... ဟုတ်တယ်နော်၊ ဒီမှာ ကျွန်တော့်ကောင်မလေး၊ ယုံပြီမို့လား"

သာဒင်ညိုက ဝင်ကြွားဂုဏ်ယူစွာပြောရင်း ရွှေနှယ်ရီးလက်ကို လာတွဲလိုက်ပါသည်။

ရွှေနှယ်ရီး တစ်ယောက်လုံးက ဝင်ပြီးပြေရှင်းနေမှ မို့ ကောင်မလေးရော၊ လူအုပ်ကြီးကပါ မကျေမနပ်နဲ့ လွှတ်ပေးလိုက်ရပါသည်။

အပြန်လမ်းမှာ ရွှေနှယ်ရီးက သဘောတကျနဲ့ တခစ်ခစ် ရယ်လာပြီး သာဒင်ညိုကတော့ မျက်နှာကြီး သုန်မှုန်လို့။

အဲဒါပဲလေ။ သူကပဲသည်း ပေါက်ကရလုပ်သေး၊ သူကပဲ စိတ်တိုနေတတ်သေးသည့် ချစ်စရာ ကောင်လေးဟာ ရွှေနှယ်ရီးရဲ့ ချစ်သူကောင်လေးပဲလေ။



## ၂၂

"သမီးကို တစ်ခါလေးပဲ အခွင့်အရေးပေးပါ ဖေဖေ"

သားအဖနှစ်ယောက်ရဲ့ ရင်ဆိုင်တိုက်ပွဲဟာ အေးခဲတင်းမာလှပါသည်။ သမီးကို ချစ်လှသည့် ဖေဖေဟာ တခြားနေရာတွေမှာ သဘောကောင်း လိုက်လျောတတ်သလောက် တချို့ကိစ္စတွေမှာကျတော့ သူ့ရဲ့အမိန့်ကို မလွှတ်တမ်း ကိုင်စွဲထားတတ်လေသည်။

ရွှေနှယ်ရီးကလည်း ခေါင်းအမာစားပင်။ အဖေကို ချစ်ခင်အားကိုးသလောက် ကိုယ်ဖြစ်ချင်တာ၊ ယုံကြည်တာ တစ်ခုအတွက်ဆိုလျှင် တယ်လောက်ပဲ ရင်ဆိုင်တိုက်ခိုက်ရပါစေ မနောမဆုတ်တတ်သူတစ်ယောက် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်သလောက် ဘယ်သူကမှ၊ ဘယ်သူ့ကိုမှ အလျှော့မပေးတတ်သော သားအဖနှစ်ယောက်ရဲ့ စစ်အေးတိုက်ပွဲဟာ တစ်စထက်တစ်စ နက်ရှိုင်းရင့်သန်နေခဲ့တာ ကြာပြီ ။

မိသားစုလေး သုံးယောက်ရှိသည့် အထဲမှာ ဖေဖေနဲ့ ရွှေနှယ်ရီးက တစ်ယောက်နဲ့တစ်ယောက် စကားသိပ်မပြောတော့ဘဲ ရှားရှားပါးပါး စကားပြောဖြစ်သည့်အခါလေးမှာလည်း မထိခလုတ် ထိခလုတ် တိုက်ခိုက်တာ၊ ဆောင်းမြောင်းပုတ်ခတ်တာ၊ ဂျစ်တိုက်ရန်လိုတာတွေနဲ့ချည်း ပြည့်နေသောအခါ ကြားထဲက မေမေ့ခမျာလည်း မျက်နှာငယ်ရှာပါသည်။

နောက်ဆုံးတော့ အဲဒီအနေအထားကြီးကို သည်းမခံနိုင်စွာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ကြဖို့ နှစ်ယောက်စလုံးက ကြိုးစားလာကြပါသည်။ မေမေကတော့ ဒီရန်ပွဲထဲ ပုဏ္ဏားတိုင်လည်း အဖြစ်မခံနိုင်၊ ဝင်ရောက်ဖျန်ဖြေသူလည်း လုပ်မပေးနိုင်စွာ ခပ်ရှောင်ရှောင် လုပ်နေသည်။

ပွဲစ,လိုက်တာနဲ့ ဖေဖေက ဘယ်ဝိုက်၊ ညာဝိုက်လက်သီးတွေ တရစပ် ဝင်သွင်းလျက် ထိုးစစ်ဆင်လာသည်။ ဖေဖေ့ရဲ့ တိုက်ကွက်တွေက ကြမ်းလွန်း၊ ရမ်းလွန်း၊ အားပါလွန်းတာကြောင့် ရွှေနှယ်ရီးမှာ ကိုယ့်ဘက်က ပြန်လည်ထိုးစစ်ဆင်နိုင်ဖို့ နေနေသာသာ ခံစစ်နဲ့တင် အလူးအလဲ ဖြစ်နေရလေသည်။



"တစ်ခါ ... ဟုတ်လား၊ သမီးကို ဖေဖေ တစ်သက်လုံး အခွင့်အရေး ပေးခဲ့တာပဲ မဟုတ်ဘူးလား"

"အရေးမကြီးတဲ့ကိစ္စ တစ်ရာမှာ အခွင့်အရေးပေးပြီး တကယ်အရေးပါတဲ့ ကိစ္စတစ်ခုတည်းကို ထိန်းချုပ်ထားတာဂျတော့လည်း အခွင့်အရေးပေးတယ် မဆိုသာပါဘူး"

"ဒါဖြင့် ဘာလဲ ... သမီးက ဖြစ်ချင်ရာဖြစ်ဆိုပြီး ကြုံရာယောက်ျားနဲ့ ထိုးပေးစားတဲ့ မိဘမျိုးကိုမှ မိကောင်းဘကောင်းလို့ သတ်မှတ်မှာလား"

"မဟုတ်သေးဘူး ဖေဖေ၊ သမီးပြောတာ တစ်ဖက်စွန်းမရောက်ဘဲ နှစ်ဦးနှစ်ဖက် မျှမျှတတ ရှိဖို့ပါ၊ လူတစ်ယောက်ကိုသေသေချာချာ အနီးကပ်လေ့လာမကြည့်ဘဲနဲ့ စိတ်မှန်းနဲ့ဆုံးဖြတ်လို့ မှားသွားရင် ဘယ်လိုလုပ်မလဲ"

"မှားပါစေလေ ... ဒီလိုကောင်မျိုးအပေါ် အတွက်အချက်မှားသွားတော့ရော ဘယ်လောက် နစ်နာဆုံးရှုံးမှာမို့လို့လဲ၊ ဘာမှ မက်မောစရာမရှိတဲ့ကောင်ကို ကြိုက်လာပြီးတော့ များ ကြီးကြီးကျယ်ကျယ်တွေ ပြောမနေစမ်းပါနဲ့"

တော်တော်တော့ အခံရခက်စေသည့်စကား။ သာဒင်ဆိုဟာ ကိုယ်ချစ်လို့ လက်ခံထားသည့် ရည်းစားမဟုတ်ဘဲ အထင်ကြီးလို့၊ အားကိုးလို့ ထားမိသည့် ရည်းစားသာဆိုလျှင် ဖေဖေ့စကားကြောင့် တော်တော် အခံရခက်မည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ရွှေနှယ်ရီး ကိုယ်တိုင်ကိုက သာဒင်ညို့ရဲ့ ညံ့ဖျင်းမှု၊ အသုံးမကျမှု၊ ရုပ်ပျာပျာနိုင်မှုတွေကို သိထားပြီး အဲဒီ အချက်အလက်တွေကိုပဲ ခွင့်လွှတ်နားလည်စွာနဲ့ ချစ်ခဲ့တာလေ။ သာဒင်ညို့ရဲ့ လက်ရှိအခြေအနေ၊ အနေအထားကိုပဲ လက်ခံကြည်ဖြူနိုင်ခဲ့တာလေ။ တစ်ချိန်ကျလျှင် သူ ဘယ်လောက်အောင်မြင်လာမလဲ၊ ဖြစ်ထွန်းလာမလဲ။ မြင့်မားလာမလဲ ဆိုသည့် အတွက် အချက်တွေနဲ့ လက်ခံခဲ့တာမှ မဟုတ်တာ။

သာဒင်ညို့ကို ချစ်ခဲ့သည့် အချိန်မှာ ရွှေနှယ်ရီး ယုံကြည်လက်ခံခဲ့တာ နှစ်ခုပဲရှိသည်။ တစ်ခုက သာဒင်ညိုဟာ သူမကို သိပ်ချစ်သည် ဆိုတာ၊ နောက်တစ်ခုကတော့ သာဒင်ညိုဟာ ဘယ်တော့မှ သူမကို ထိခိုက်နစ်နာအောင် မလုပ်ဘူးဆိုတာ။

စိတ်ကူးယဉ်တယ်ပဲပြောပြော၊ အချစ်ကို ကိုးကွယ်လွန်းသည်လို့ပဲ ပြောပြော၊ ဦးနှောက်နဲ့ စဉ်းစားဆင်ခြင်မှုမရှိဘူးပဲပြောပြော ရွှေနှယ်ရီးကတော့ သာဒင်ညို့ကို တစ်သက်စာ လက်တွဲဖို့အတွက် အဲဒီအချက် နှစ်ခုတည်းနဲ့တင် လုံလောက်ပြီဟု သတ်မှတ်ပါသည်။

"ဘာပဲဖြစ်ဖြစ် ဖေဖေ ... သမီးရဲ့ လုပ်ရပ်တစ်ခု သင့်မသင့်၊ တော် မတော်ဆိုတာ ဖေဖေ ကြည့်ရှုပြီး ဆုံးဖြတ်ပေးဖို့ မသင့်ဘူးလား၊ အဲဒီလောက်ကလေး လုပ်ပေးဖို့တောင်မှ ဖေဖေက မလုပ်ပေးနိုင်ဘူးလား"





တင်းမာနေသော ဖေဖေ့ မျက်နှာက တစ်စုံတစ်ခုကို စဉ်းစားသလို ခပ်ငြိမ်ငြိမ် ဖြစ်သွားသည်။ ခဏကြာလျှင် မထင်သာလို့ လက်လျှော့လိုက်ရပုံနှင့်။

"ကောင်းပြီသမီး၊ ဒီတစ်ခါတော့ သမီးကို သနားသောအားဖြင့် ဖေဖေ လက်ခံလိုက်မယ်၊ ဒါပေမယ့် သူနဲ့တွေ့မယ်ဆိုတာ သမီးရဲ့ ချစ်သူအနေနဲ့ တွေ့မှာမျိုးမဟုတ်ဘူးနော်၊ သမီးရဲ့ သူငယ်ချင်း မိတ်ဆွေတစ်ယောက်အနေနဲ့ တွေ့မှာ၊ ဒီကိစ္စအပေါ် ဘာမှအခွင့်အရေး မယူစေနဲ့၊ အကြီးအကျယ်လည်း မျှော်လင့်ချက် ထားမနေစေနဲ့"

ကြည့်ပါလား။ ဖေဖေတို့ကတော့ သူများ စိတ်မချမ်းသာအောင် ပြောပါပြီ။

သာဒင်ညိုနဲ့ တွေ့ဖို့ လက်ခံသဘောတူလိုက်သည့် ဖေဖေ့ရဲ့ ရည်ရွယ်ချက်ကို ခပ်ရေးရေး ရိပ်မိသလို ရှိလာသည်။ ဖေဖေက ရွှေနှယ်ရီးကို သဘောပေါက် နားလည်သွားလို့ လက်ခံလိုက်တာမှ မဟုတ်ဘဲကိုး၊ သာဒင်ညို့ကို ခေါ်တွေ့ပြီး စိတ်ပျက်သွားအောင်၊ သူ့ရဲ့သဘောထားအမှန်ကို သိသွားအောင် ပညာပြချင်တာကိုး။

ဖေဖေက သာဒင်ညို့ကို ခေါ်တွေ့မည်၊ ထိခိုက် နစ်နာအောင်ပြောမည်၊ အဲဒီနည်းနဲ့ သူ့အပေါ် စိတ်နာအောင်၊ ရွှေနှယ်ရီးနဲ့ကိစ္စ ရှေ့မဆက်ရဲတော့အောင် လုပ်နိုင်မည်။



www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် မတတ်နိုင်ဘူးလေ။ ဖေဖေ့မှာ ဘယ်လို ရည်မှန်းချက်မျိုး ရှိသည်ဖြစ်ပါစေ ရွှေနှယ်ရီးတို့ဘက်ကလည်း အခွင့်အရေးကို ရသလောက် ယူနိုင်ရမှာပင်။

သာဒင်ညိုဟာ အရည်အချင်း ညံ့တာကလွဲလို့ သည်းခံစိတ်ရှည်တတ်ပြီး သူတစ်ဖက်သားကို စိတ်မဆိုးတတ်သော၊ အပြစ်မယူတတ်သော လူစားမျိုးပဲ ဖြစ်သည်။ ဖေဖေ ဘယ်လိုမှ မျှော်လင့်ထားမှာ မဟုတ်သည့် သာဒင်ညို့ရဲ့ အဲဒီအရည်အချင်းဟာ ဖေဖေ့ကို အနိုင်ယူနိုင်မည့် တစ်ခုတည်းသော လှည့်ကွက်ပဲ ဖြစ်သည်။

"ကောင်းပြီ ဖေဖေ ... သမီး သူ့ကို ကြိုပြောထားပါ့မယ်"

ကိုယ့်ကြိုးစားမှု တစ်ဝက်တစ်ပျက် အောင်မြင်သွားပြီဖြစ်သော်လည်း ဖေဖေနဲ့ သာဒင်ညိုတို့ တွေ့ကြမည့်အရေး ကြိုတွေးရင်မောကာ ရွှေနှယ်ရီးမှာ အရင်လို လွတ်လပ်ပေါ့ရွှင်မနေနိုင်တော့ချေ။

၂၃

"ငါပြောထားတယ်နော်၊ အချိန်အတိအကျ ရောက်ပါစေ။ ဖေဖေက သူကိုယ်တိုင်လည်း အချိန်တိကျတယ်၊ သူများ အချိန်မတိကျတာကိုလည်း ခွင့်မလွှတ်တတ်ဘူး၊ အထူးသဖြင့် နင့်ကိုဆို ပိုပြီး ခွင့်လွှတ်မှာ မဟုတ်ဘူး"

"မျက်နှာငယ်လိုက်တာနော်၊ ယောက္ခမအိမ်တက် သမက်မျက်နှာငယ်ဆိုတာ အဲဒါပဲ"

"ဟဲ့ ... အဲဒါလည်း ပြောရဦးမယ်၊ နင့်ကို အခုခေါ်တွေ့တာ သမက်လောင်း အရည်အချင်းစစ်ပွဲမှာ ဝိုင်ဗာဖြေခိုင်းနေတာ မဟုတ်ဘူးနော်၊ ငါ့ရဲ့ သူငယ်ချင်းတစ်ယောက် အိမ်လာလည်လို့ ထွက်ဧည့်ခံသလောက်ပဲတွေ့မှာ၊ စကားအလွန်အကျွံတွေ လျှောက်မပြောမိစေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သာဒင်ညိုက သိပ်သဘောမတူသလို ခပ်ငြိမ်ငြိမ်လုပ် နေပါသည်။ သူ့စိတ်ထဲမှာ ကူးထားတာကတစ်မျိုး။ ရွှေနှယ်ရီးရဲ့အဖေနဲ့သာ တွေ့လျှင် ရွှေနှယ်ရီးနဲ့ပတ်သက်လို့ သူ့ဘက်က စိတ်ကူးထားသမျှတွေ အားရပါးရ ပြောပစ်လိုက်မည်လို့ တွေးထားခဲ့သည်။

ရွှေနှယ်ရီးရဲ့အဖေဟာ သူ့အပေါ် အမြင်မကြည်လင်ဘူး ဆိုတာတော့ သာဒင်ညိုက ကောင်းကောင်းကြီး သိနေနှင့်ပြီးသား။ မသိဘဲ ခံနိုင်ပါ့ရီးလား။ သူ့အပေါ် နည်းနည်းလေးမှ မလိုလားသော မေခိုင်မာက သူ စိတ်ဆင်းရဲရအောင်ဆိုပြီး အမြဲတမ်း အဲဒီကိစ္စကိုပဲ တဖွဖွ ပြောနေခဲ့တာ။

အဲဒီအတွက် သာဒင်ညို တတ်နိုင်တာ တစ်ခုပဲရှိပါသည်။ ရွှေနှယ်ရီးရဲ့ အဖေကြီး ကျေနပ်အောင် သူ့သမီးအပေါ် အကောင်းဆုံး ကြင်နာပြနိုင်ဖို့ အပြည့်စုံဆုံး ထားပေးနိုင်ဖို့ပင်။

တစ်ချိန်ချိန်မှာ ရွှေနှယ်ရီးမိဘတွေနဲ့ တွေ့ဆုံစကားပြောရတော့မည်ဆိုလျှင် သူ့ဘက်က ရွှေနှယ်ရီးအပေါ် ဘယ်လောက်အလေးထားချစ်မြတ်နိုးသည့်အကြောင်း၊ ရွှေနှယ်ရီးရဲ့ အနာဂတ်ဘဝတစ်ခုလုံးအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လို လုပ်ပေးနိုင်မည်ဆိုသည့်အကြောင်းကို ပြည့်ပြည့်စုံစုံ ပြောပြနိုင်အောင် သာဒင်ညိုက ကြိုတင်ပြင်ဆင်ထားခဲ့တာ။





ဟော ... အခုတော့ ရွှေနှယ်ဆိုးအဖေနဲ့ တွေ့ဆုံဖို့ကိစ္စပေါ်လာပြီ။ ဒီအချိန်ဟာ သူ့ရဲ့ ရည်မှန်းချက်တွေ၊ သူ့ရဲ့ စိတ်ကူးတွေကို ဖွင့်ဟတင်ပြဖို့ အသင့်ဆုံးအချိန်။ ရွှေနှယ်ရီး အဖေကြီးရဲ့ အထင်ကြီးကျေနပ်မှုကို သဲ့ယူရမည့်အချိန်။ ဒီလို အချိန်မျိုးမှာ ပညာကုန် ထုတ်မသုံးလိုက်ရဘူးဆိုလျှင် ဘယ်လောက် မချင့်မရဲ ဖြစ်စရာ ကောင်းလိုက်မလဲ။

"သေချာမှတ်ထားနော်၊ ဖေဖေ စိတ်တိုအောင် ဘာမှ သွားမလုပ်နဲ့၊ စကားကို ချင့်ချင့်ချိန်ချိန်ပြော"

"အေးပါ"

မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နဲ့ ကလေးတစ်ယောက်လို နှာခံရှာသော သာဒင်ညိုကို ကြည့်ပြီး ရွှေနှယ်ရီးက စိတ်ထဲမကောင်းလှပါ။

ယောကျ်ားလေး အတော်များများရဲ့ ကြားထဲမှာ သာဒင်ညိုရဲ့ ကိုယ့်ယောက္ခမနဲ့ တွေ့ဆုံရသည့် အနေအထားဟာ တော်တော်လေးကိုမှပဲ မျက်နှာငယ်စရာကောင်းလှတာတော့ အမှန်ပင်။ တွေ့ရပုံကိုက ကိုယ့်သမီးရဲ့ ချစ်သူ၊ သမက်လောင်း တစ်ယောက်အဖြစ် ခေါ်ယူတွေ့ဆုံပြီး စကားပြောဆို အကဲခတ်မှာမျိုး မဟုတ်ဘဲ အိမ်လာလည်သည့် သမီးရဲ့ သူငယ်ချင်းတစ်ယောက်ကို ခရီးသွားဟန်လွှဲ စကားပြောကြည့်မှာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောဆိုရာမှာလည်း ကောင်းကောင်းမွန်မွန် နေရာပေး ပြောဆိုဖို့ထက် အားငယ်သွားအောင်၊ စိတ်ဓာတ်တွေ ဖရိုဖရဲဖြစ်သွားအောင် တိုက်ခိုက်ထိုးနှက်ခံရဖို့ကများပြီး အမှား အယွင်း တစ်စုံတစ်ရာလုပ်မိလို့ကတော့ အိမ်ပေါ်က မောင်းချတာ တောင် ခံရဦးမည့်အပြင် နောက်ထပ် ရွှေနှယ်ရီးနဲ့ မပတ်သက်ဖို့ပါ တရားဝင် ပိတ်ပင်တားဆီးခံရဦးတော့မှာ။

ဒီလောက်မလွယ်ကူပြီး ဒီလောက် အောက်ကျနောက် ကျနိုင်လှသည့် အခြေအနေကြီးကို သာဒင်ညိုလို ကောင်လေးမို့လို့ သာ ဘာဘာညာညာ အတွေးမျိုးမဝင်ဘဲ ခံနိုင်ရည်ရှိနေတာ။

အင်းလေ ...။ သာဒင်ညိုမို့လို့လည်း ဒီအခြေအနေ မျိုး ကြုံရတာဖြစ်ကောင်းဖြစ်မှာပေါ့။ မနှိုင်းကောင်း မယှဉ်ကောင်း မင်းမော်လို ကောင်လေးမျိုးဆိုလျှင်တောင် ဖေဖေရဲ့သဘောထား ဟာ အခုလို တင်းမာနေမှာ မဟုတ်ဘူး ထင်သည်။

တကယ်တမ်း တွေးကြည့်တော့လည်း သာဒင်ညို့ မှာ အပြစ်ပြောလောက်စရာရယ်လို့ မယ်မယ်ရရ မရှိလှပါဘူး။ စာမတတ်တာ၊ ရုပ်ပျာပျာနိုင်တာ၊ အစအနောက်သန်ပြီး ဘဝကို ပေါ့ပေါ့တန်တန် သဘောထားတတ်တာ၊ ဘဝရည်မှန်းချက် မယ်မယ်ရရ မရှိတာ စသည့်အပရိက ပြစ်မှုကလေးတွေလောက်ပဲ ရှိတာပါ။





လူကြီးတစ်ယောက်အနေနဲ့ကတော့ အဲဒီပြစ်မှုတွေ ဟာ ဘဝတစ်ခုကို တည်ဆောက်သည့်နေရာမှာ အကြီးမားဆုံး အားနည်းချက်တွေပဲလို့ ထင်ကြမှာပေါ့။ ရွှေနှယ်ရီးကတော့ အဲဒီ လို မထင်ပါ။ လူတစ်ယောက်မှာ အခြေခံ ပိုင်ဆိုင်ရမည့် ရိုးသား ဖြူစင်မှု၊ သစ္စာစောင့်သိမှု၊ စိတ်ရှည်သည်းခံနိုင်မှုတွေနဲ့ ကိုယ့်အပေါ် တကယ်တမ်း နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုးသည့်သူ ဖြစ်လျှင် တော်ပြီ။ နောက်ပြီး သာဒင်ညိုဟာ ဘယ်လောက်ပဲညံ့ညံ့ တစ်ချိန် ကျလျှင်တော့ ဆရာဝန်ဘွဲ့ တစ်ခုကိုတော့ အနည်းဆုံးရမည်။ သူ့မိဘတွေကလည်း ဆင်းဆင်းရဲရဲ မွဲမွဲတေတေထဲက မဟုတ်၊ ကိုယ့်ရဲ့ အိမ်ထောင်ဖက်ကို ဒိတ်ဒိတ်ကြဲ အချမ်းသာကြီး မဟုတ် တောင် တင့်တောင်းတင့်တယ် ဖြစ်အောင်တော့ ထားနိုင်မှာ သေချာသည့်အနေအထားမှ ရှိပါသည်။

ကဲ ... အဲဒီလောက်ဆို ကျေနပ်ဖို့ မသင့်ဘူးလား။ အကျင့်စာရိတ္တကောင်းမည်၊ ပညာအရည်အချင်းနဲ့ ငွေကြေးပိုင် ဆိုင်မှု အသင့်အတင့်ရှိမည်။ ကိုယ့်သမီးကိုလည်း နားလည်ချစ် ခင်မည်။ အဲဒီလိုလူမျိုးကို ကိုယ့်သမီးက ရွေးချယ်လာလျှင် မိဘ အနေနဲ့ စိတ်ချလက်ချရှိဖို့ ကောင်းလောက်ပြီ။ ဒါတိုမှ ထပ်ပြီး လောဘတက်နေဦးမည်ဆိုလျှင်တော့ တရားလွန်ရာ ရောက်သွား တော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အာပဲဖြစ်ဖြစ် မိဘနဲ့ သားသမီး ဆိုတော့လည်း ရွှေနွယ်ရီးမှာ မေမေ့ကို ပြန်ပြောပိုင်ခွင့် မရှိပါ။ မေမေ့ကို မနိုင်တိုင်း ရွှေနွယ်ရီး ဖိထောင်းသူမှာ သာဒင်ညို တစ်ယောက်သာလျှင် ရှိလေသည်။

"ငါမှာထားတာတွေ မမေ့နဲ့နော်"

"အေးပါဟာ"

"ဒါဆို ဘာတွေလဲ ပြန်ပြောပြ"

သာဒင်ညိုက ကိုယ် သိပ်မကျက်ခဲ့ရသည့် စာကို အမေးခံလိုက်ရသည့် ကျောင်းသားလေးတစ်ယောက်ရဲ့ စိတ်လက်တယျက် မျက်နှာမျိုးနဲ့ ...

"အချိန်နောက်မကျရဘူး"

"အဲဒါလေးပဲ မဟုတ်သေးဘူးလေ ... နေ့လယ်ဆယ့်နှစ်နာရီကျော်ရင် မအိပ်ရ၊ သူငယ်ချင်းတွေ လာခေါ်လို့ လိုက်မသွားရ၊ ဘောလုံးပွဲ သွားမကြည့်ရ၊ ဘာဆိုဘာမှ မလုပ်ဘဲ နာရီကိုပဲ ငုတ်တုတ်ထိုင်ကြည့်နေရမယ်လို့လေ"

အဲဒီလောက် အကွက်စေ့စေ့ မှာထားမှ တန်ကာကျမှာ။ မေမေက ညနေလေးနာရီမှာ တွေ့ချင်သည်လို့ ချိန်းထားသည့် ကိစ္စကို နောက်ကျနေမှာ စိုးတာမို့ နေ့လယ်ဆယ့်နှစ်နာရီတည်းက သတိထားစောင့်ဖို့ မှာရတာ။ သာဒင်ညိုရဲ့ မေ့တတ်သည့်





စရိုက်ကို ရွှေနွယ်ရီးကသာ သည်းခံနားလည် ခွင့်လွှတ်နိုင်မှာ၊ သူစိမ်းဖြစ်သည့် မေမေကတော့ လုံးဝ သည်းခံနိုင်မှာ မဟုတ်သည့် အပြင် မှားကွက်ကို ရှာနေသူမို့ အကွက်တွေ့တာနဲ့ ဖိနင်းလိုက်ဖို့ အဆင်သင့်ဖြစ်နေမှာ။

"အေးပါဟာ ... ဒီလောက်တော့ မလိုပါဘူး"

"မလိုပါဘူးဆိုပြီး ပေါ့တီးပေါ့ဆလည်း လုပ်မနေနဲ့နော်၊ နှင့် နာရီကို ငါ တိုက်ပေးလိုက်တယ်၊ အဲဒီအချိန်ထက် အနည်းဆုံး ဆယ်မိနစ်စောပြီး ငါ့အိမ်ကို ရောက်လာပါစေ"

"ဟုတ်ပါပြီ၊ ဒီလောက်ဆို သဘောပေါက်ပါပြီကွာ"

"အဝတ်အစားလည်း သပ်သပ်ရပ်ရပ် ဝတ်ခဲ့နော်၊ ငါ ပြောထားတဲ့ လည်ကတုံးရှပ်အဖြူနဲ့ ဆိပ်ခွန်ပုဆိုး ခရမ်းရောင်အကွက်ကို ဝတ်ခဲ့၊ အင်္ကျီကိုလည်းပင်း ကြယ်သီးတစ်လုံးကလွဲရင် အားလုံးတပ်ခဲ့၊ လက်ကို နှစ်ခေါက်ထက် ပိုမခေါက်နဲ့၊ အင်္ကျီလက်ခေါက်ရင်လည်း သပ်သပ်ရပ်ရပ် ဖြစ်ပါစေနော်၊ ပုဆိုးဝတ်တာ အတိုကြီးလည်း မဖြစ်စေနဲ့၊ ခြေမှုတိုက်အောင်လည်း မရှည်စေနဲ့၊ ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ဖြီးခဲ့"

"အေးပါဟာ ... ဒီလောက်ပြောရင် သိပါပြီ၊ မှာလို့ပဲ မဆုံးတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မှာရတာပေါ့။ နည်းနည်းလေး လွဲချော်သွားတာနဲ့ ပြဿနာက အကြီးအကျယ်ကိုဖြစ်မှာ၊ ဒါကြောင့် ဘယ်နားလေးကမှ ဟာကွက်မရှိရလေအောင် ကိုယ် မြင်နိုင်သမျှ အကွက်စေ့စေ့ ထောင့်စေ့စေ့ လိုက်ပြောနေရတာ။

"နေဦး ... စကားပြောရင်လည်းနော် ပေါ့တီပေါ့ရှန် မလုပ်နဲ့၊ အလေးအနက်ပြော၊ နင့်စိတ်ထဲက တကယ်ရှိတာ မရှိတာက အရေးမကြီးဘူး၊ စကားကို လူကြီးတွေ နားထောင်ကောင်းအောင်လည်း ပြောဦး၊ ပေါ့ပေါ့တန်တန် ပြောင်ပြောင်ရွှတ်ရွှတ်တွေ မပြောနဲ့၊ ကြားလား"

"အေးပါဟ ... ဒီလောက်တော့ သိပါတယ်၊ ငါက လူကြီးကို နှောက်ပါ့မလား"

"နှောက်တာတော့ မဟုတ်ဘူးပေါ့၊ သတိမထားမိဘဲနဲ့ စကားအမှား ပါသွားမှာစိုးလို့ ပြောနေတာ"

"အေးပါ ... အေးပါ ... ငါ သဘောပေါက်ပါတယ်"

"နောက်ပြီး ငါ မမှာထားပေမယ့် မလုပ်သင့်ဘူး ထင်တာတွေကိုလည်း မလုပ်နဲ့နော်၊ ငါ မမှာထားလို့ဆိုပြီး ပေါက်ကရလုပ်မယ် မကြံနဲ့"

တတွတ်တွတ် ပြောမဆုံးနိုင်အောင် ဖြစ်နေသော ရွှေနှယ်ရီးကို သာဒင်ညိုက စိတ်လည်းပျက်ပါရဲ့၊ သနားလည်း





သနားမိပါရဲ့။ သူ့ခမျာ အဖေက တစ်ဖက်၊ ရည်းစားက တစ်ဖက်နဲ့ အတော်ဗျာများရှာမှာ။ ဒါကြောင့် ကိုယ့်အဖေကို ရည်းစားနဲ့ပေးတွေ့ဖို့အရေးမှာ စိတ်ပူပင်သောကရောက်လို့မဆုံး ဖြစ်နေရှာတာနေမှာ။

"နင် ငါ့ကို သနားပါနော် ... ငါ့အဖေနဲ့ အဆင်မပြေလို့ တစ်ခုခုဖြစ်သွားရင် ငါပဲ စိတ်ဆင်းရဲရမှာ"

မျက်နှာငယ်လေးနဲ့ တောင်းဆိုနေသော ရွှေနှယ်ရီးကို ကြည့်လျက် သာဒင်ညိုက သနားသွားပါသည်။ အဲဒါကြောင့်ပဲ နောက်နောက်ပြောင်ပြောင် လုပ်နေကျအကျင့်ကို ဖျောက်ကာ မျက်နှာတည်တည်လေးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားထားလိုက်ရသည်။

"စိတ်ချပါ ရွှေနှယ်ရီးရယ် ... ဘာအမှားမှ မရှိအောင် ငါ ဂရုစိုက်မှာပါ၊ နင့်အဖေ ငါ့ကို သဘောမကျဘူးဆိုရင်တောင် အပြစ်ထောက်စရာတော့ မတွေ့စေရဘူး၊ စိတ်ချ"

အပြောကတော့ ညက်နေတာပဲ။ ဘာပဲဖြစ်ဖြစ် သာဒင်ညိုက ဒီလောက်ကြီး အာမခံချက်ပေးနေပြီဆိုလျှင် တစ်ဝက်လောက်တော့ စိတ်ချရပြီလို့ ရွှေနှယ်ရီးက ပြေပြေသိမ့်သိမ့် သွားရပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၄

မနက်ကတည်းက ရွှေနှယ်ရီးမှာ ရင်တဒိတ်ဒိတ်

ခုန်နေကာ အစာစားလို့လည်းမဝင်၊ ဘာကိုမှလဲ မယ်မယ်ရ

မလုပ်နိုင်ဘဲ ညနေမှာ ကြုံတွေ့ရမည့် အဖြစ်အပျက်ကြီးကို တ

တွေးပြီး သောကတွေ မွှားနေရသည်။

ဖြစ်များဖြစ်နိုင်မယ်ဆိုရင် ဖေဖေနဲ့ သာဒင်ညို

ပေးတွေ့မည့်အစား ကြိမ်ဒဏ်အချက်ငါးဆယ်လောက်သာ ခံလို

ချင်တော့တာပါပဲ။

လက်ထဲကိုင်သမျှပစ္စည်း ဟိုဟာ လွတ်ကျ၊ ဒီဟာ





လွတ်ကျ၊ တစ်နေရာထဲမှာ မြဲမြဲထိုင်လို့မရနဲ့ တစ်နေကုန် ကယောင်ချောက်ချား ဖြစ်နေသော ရွှေနှယ်ရီးကို တစ်နေရာရာ ကနေ ဖေဖေ စောင့်ကြည့်နေလိမ့်မည် ဆိုတာလည်း သူမက သေချာသိနေသည်။

တဖြည်းဖြည်း ညနေသုံးနာရီကျော်လာသည့်အချိ မှာတော့ ရွှေနှယ်ရီးတို့ အကြောင်းမရှိ အကြောင်းရှာကာ အိမ်ရှေ့ တံခါးဝနား ရစ်သီရစ်သီ ရောက်သွားရပါလေပြီ။ ညနေလေး နာရီတိတိမှာ ချိန်းဆိုထားသည် ဆိုပေမယ့် သာဒင်ညိုတစ်ယောက် ရောက်မှရောက်လာပါမလား၊ မေ့များမေ့နေမလား၊ အချိန်နောက် ကျနေမလား၊ ရောက်လာလျှင်ကော မှာထားသည့်အတိုင်း သပ် သပ်ရပ်ရပ်မှ ဖြစ်လာပါမလား စသည့် 'လား'ပေါင်းများစွာက အပ်ဖျားချွန်တွေလို နေရာအနှံ့ကနေ ထိုးနှက်နေသည်။

"ဟွန့် ... သမီး ဘာဖြစ်နေတာလဲ"

မေမေက အရေးထဲ အလိုက်မသိစွာ လာမေးနေ သေးသည်။ ဒီလောက် သိသာထင်ရှားနေတာကြီးကို။

ညနေသုံးနာရီခွဲကျော်လာလျှင် ရွှေနှယ်ရီးရဲ့ နှလုံး ခုန်သံဟာ ဒုတ်ဒုတ် ... ဒုတ်ဒုတ်နဲ့ မမြည်တော့ဘဲ သာဒင်ညို လာတော့မယ် ... သာဒင်ညို လာတော့မယ်လို့များ ပြောင်းပြီး မြည်နေသလားမသိနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်လောက် စောရောက်အောင် လာပါလို့ မှာထားပေမယ့် ဒီထက်စောပြီး ရောက်ချင် ရောက်လာနိုင်သေးတာမို့ ရွှေနှယ်ရီးမှာ လည်တဆန့်ဆန့်။ ရွှေနှယ်ရီးရဲ့ ဦးခေါင်းဟာ ခြံဝင်းတံခါးဝနှင့် ညှော်ခန်းနံရံပေါ်က နာရီတို့နှစ်ခုကြား လှည့်ပတ်သွားလာနေရလွန်းလို့ မူးနောက်နောက်တောင် ဖြစ်လာပြီ။

လေးနာရီထိုးဖို့ ဆယ်မိနစ်ဖြစ်လာသည့်အခါမှာတော့ ရွှေနှယ်ရီးက တော်တော်ပဲ စိတ်ပူလာပြီ။ သင်းကို ဆယ်မိနစ်လောက် စောလာပါ ပြောတဲ့ဟာကို ဘာဖြစ်လို့ ရောက်မလာနိုင်ရတာလဲ။ ပွဲမစခင်ကတည်းက ဖေဖေရဲ့ အငြူစူကို ခံလိုက်ရပြီဆိုရင်တော့ ဇာတ်သိမ်းကောင်းမှာ မဟုတ်တာ သေချာသွားလိမ့်မည်။

လေးနာရီထိုးဖို့ ငါးမိနစ်။

စောစောက တစေ့တစောင်းလောက်သာ စောင့်ကြည့်နေခဲ့သည့် ဖေဖေထံမှ သိသိသာသာ အကဲခတ်မှုကို စတင်ရင်ဆိုင်ရပြီ။ ယောက္ခမလောင်းက ခေါ်တွေ့သည့်နေ့မှာ ဒီလောက်အချိန်နီးကပ်နေသည်အထိ ရောက်မလာရတာ ဘာသဘောလဲဆိုသည့် အသံတိတ်မေးခွန်းတွေကိုလည်း ဆုံစည်းလိုက်ရပြီ။

"ဒင် ... ဒင် ... ဒင် ... ဒင်"

တိုင်ကပ်နာရီကြီးရဲ့ နာရီထိုးသံလေးချက်ဟာ ကိုယ့်ခေါင်းကိုများ လာရောက်ထုနက်လိုက်သလား ထင်ရလေသည်။





ဇာတ်လမ်းကတော့ စပါပြီ။ ချိန်းထားသည့် အချိန်မတိုင်ခင် ကြိုကြိုတင်တင်လေး လာပါလို့ ဒီလောက်အတန်တန် မှာထားတာကို သာဒင်ညိုက လွဲဖြစ်အောင် လွဲပေးလိုက်သေးသည်။

နာရီသံအဆုံးမှာ ဖေဖေ့ရဲ့ အကြည့်စူးစူးက ရွှေနှယ်ရီးအပေါ် ဒိုင်းခနဲ ထိုးကျလာသည်။ ဒီလို အကြည့် ခံရတော့မည်ဆိုတာ ကြိုပြီး သိနေလျက်သားကြီးနဲ့ ရွှေနှယ်ရီးဆိုသည့် ရွှေနှယ်ရီးကလည်း လုံးဝကို ငြိမ်မနေနိုင်။ ဖေဖေ ဘယ်လို နေမလဲဆိုတာ သိချင်စိတ်နဲ့ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိလျှင် ကိုယ့်ကို အားမနာ ပါးမနာ စိုက်ကြည့်နေသော ဖေဖေရဲ့ မျက်လုံးတွေနဲ့ တန်းတန်းစတ်မတ်ကို တိုးတော့တာ။

ဖေဖေက ဘယ်နှယ့်လဲဆိုသည့် အကြည့်ဖြင့် လှမ်းကြည့်လိုက်လျှင် ရွှေနှယ်ရီးမှာ မြင်ပဲမမြင်သလိုလို၊ တခြားအရေးကြီးကိစ္စတစ်ခုလုပ်ဖို့ရှိတာကို အခုမှ သတိရသလိုလို ပုံစံဖမ်းလျက် အလျင်အမြန် လစ်ထွက်လိုက်ရပါသည်။

လေးနာရီဆယ်မိနစ် ...။

တော်တော်ကြာသည်အထိ အိမ်ရှေ့မထွက်ရဲဘဲ ခဏကြာမှ တိတ်တိတ်လေး ပြန်ထွက်ကာ နာရီကို ခိုးကြည့်လျှင် အချိန်က လန့်စရာကောင်းလောက်အောင်ပင် ရွှေ့လျားသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ သမီး ... လူကြီးတစ်ယောက်ကို ဆယ်မိနစ် ထိုင်စောင့်ခိုင်းထားတဲ့ လူမျိုးကို ဘယ်လို လူစားမျိုးလို့ သတ်မှတ်ရမှာလဲ"

"ခဏလေးပါ ဖေဖေရယ် ... သူ့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေသလားမှ မသိတာ၊ ဒါမှမဟုတ် လမ်းမှာ များ တစ်ခုခု ...."

"ဒီခရီးနဲ့ဒီခရီး ဘာဖြစ်စရာများ ရှိလို့လဲ သမီးရဲ့"

"ဖေဖေကလည်း အရေးအကြောင်းဆိုတာ ခရီးနီးတာ ဝေးတာနဲ့ မဆိုင်ဘူးလေ၊ ဖေဖေ့ သူငယ်ချင်း အန်ကယ် ဂျက်ဆိုရင် သူ့အိမ်ခြံဝမှာတင် အက်ဆီးဒင့်ဖြစ်ပြီး အောက် ပိုင်းသေသွားတာ မဟုတ်လား"

ကိုယ့်ရည်စားကို နိမိတ်မရှိ နမာမရှိသည့် စကားမျိုး မပြောချင်ပေမယ့် အခုလို အခြေအနေမျိုးမှာ ဘာအကြောင်းမှ မရှိဘဲ နောက်ကျနေတာထက်စာရင် တစ်ခုခုဖြစ်သွားတာကမှ တော်ဦးမည်ဆိုတဲ့ အတွေးမျိုးနဲ့ နိမိတ်မရှိသည့် စကားကိုပဲ အကွာအကွယ်ယူပြီး ပြောရတာ။

"လေးနာရီဆယ့်ငါးရှိသွားပြီ သမီး၊ ဖေဖေ နောက်ထပ် ဘယ်လောက်ကြာကြာ စောင့်ပေးရမှာလဲ"





"သမီး သေချာမှာထားပါတယ် ဖေဖေရယ် ... သူ့ အကြောင်းတစ်ခုခုရှိလို့ နောက်ကျတာဖြစ်ပါလိမ့်မယ်၊ သူ လာရင် သိရမှာပါ"

"လာရော လာပါ့မလား သမီးရဲ့"

"ဖေဖေကလဲ၊ မလာဘဲတော့ ဘယ်နေပါမလဲ"

ဖေဖေ့ရှေ့မှာ မျက်နှာပျက်စရာ ဖြစ်မှာစိုးလို့သာ အသည်းအသန် ကာကွယ်နေရသော်လည်း ရွှေနှယ်ရီးရဲ့ စိတ်ထဲ ကတော့ သာဒင်ညို့ကို အကြီးအကျယ် ကျိန်ဆဲလျက်ရှိနေပြီ။

ဒီကောင်ဟာ ဒီလောက် တဲ့တွတ်တွတ်မှာထား လျက်သားနဲ့ တလွဲလုပ်ဖြစ်အောင် လုပ်လိုက်သေးသည်။ ဖြစ်နိုင် လျှင် နုပ်နုပ်စင်းပြီး ခွေးစာကျွေးပစ်ဖို့တောင် ကောင်းသည့် အကောင်။

"နောက်ထပ်ဆယ့်ငါးမိနစ်တော့ ဖေဖေ စောင့်ပေးမယ် သမီး၊ လေးနာရီခွဲသွားရင်တော့ ဆက်မစောင့်နိုင်တော့ဘူး၊ ဒီနေ့ တွေ့ဆုံပွဲကို ဖျက်လိုက်ကြစို့၊ လူကြီးတစ်ယောက်က လူငယ်တစ်ယောက်နဲ့တွေ့ဖို့ နာရီဝက်တိတိ စောင့်နေရ တယ်ဆိုတာ အဓိပ္ပာယ်ကို မရှိဘူး"

တကယ်တော့ ဖေဖေက ပွဲဖျက်ချင်လို့ တမင်ညာ တာပါ။ သာဒင်ညို နောက်ကျတာမှန်ပေမယ့် ဖေဖေ့မှာ တခြား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှသွားစရာ မရှိ။ ဘာအရေးအကြောင်းမှ မရှိတာ ရွှေနှယ်ရီး အသိဆုံး။ ကိုယ့်အိမ်မှာပဲနေမည့် လူတစ်ယောက်ဟာ အိမ်ကို လာသည့် ဧည့်သည်ကို ဘယ်အချိန်မှ လက်ခံတွေ့မည်၊ ဘယ် အချိန်ကျော်သွားရင် မတွေ့တော့ဘူးလို့ အချိန်သတ်မှတ်နေသည် ဆိုတာ သက်သက် ညစ်ရာမရောက်ပေဘူးလား။

"သမီး ..."

လေးနာရီခွဲတီတီ၊ နာရီမြည်သံ ဒင်ခနဲ ထိုးတာနှင့် ဖေဖေ့ထံက အသံက မဆိုင်းမတွ ထွက်ပေါ်လာပါသည်။ ဒီလောက် ကလေးတောင် စိတ်မရှည်နိုင်လောက်အောင် ဖြစ်နေတာဟာ ဖေဖေ့ရဲ့ ပင်ကိုယ်ဗီဇစရိုက်ကြောင့် မဟုတ်ဘဲ သာဒင်ညို့ကိုမို့လို့ ဆိုတာ သိသာလှသည်။

"ခဏလေး ဖေဖေ"

ရွှေနှယ်ရီးရဲ့ စကားမဆုံးခင်မှာ ခြံဝကနေ ရိပ်ခနဲ ပြေးဝင်လာသော အရိပ်တစ်ခုကို တွေ့လိုက်ရပါသည်။ ထိုအရိပ် ဟာ လူတစ်ယောက်လို့သာ အကြမ်းဖျင်း ခန့်မှန်းနိုင်လျက် ဘာ ရယ်လို့တောင် သေသေချာချာ မမြင်ရလောက်အောင်ပဲ ရွေ့လျား နှုန်းမြန်လေသည်။

ရွှေနှယ်ရီးကတော့ အဲဒါဟာ သာဒင်ညိုပဲလို့ အတိ အကျ တွက်ချက်လိုက်နိုင်ပါသည်။ အဲဒါကြောင့်ပဲ ဖေဖေ့ကိုတောင်





လှည့်မကြည့်နိုင်အားဘဲ အိမ်ရှေ့ကို အပြေးအလွှား ထွက်သွားဖြစ် လေသည်။

"ညို ... နင် ဘာဖြစ်နေတာလဲ၊ လေးနာရီချိန်းထားတာ အခုပဲ ..."

နာရီဝက်လုံးလုံး စိတ်ထဲ ကျိတ်မျိုထားရသော ပေါက်ကွဲလိုမှုတွေကို သာဒင်ညို့ တွေ့လိုက်တာနဲ့ ဝုန်းခနဲ ပေါက်ခွဲချလိုက်မိပေမဲ့ စကားတောင် မဆုံးဘဲ တစ်ပိုင်းတစ်စနဲ့ ရပ်ထား လိုက်ရပါသည်။

အပြစ်တင်ချင်စောနဲ့ သေသေချာချာ မကြည့်လိုက်မိ သော သာဒင်ညိုရဲ့ ပုံစံကို ပြောရင်းပြောရင်းနဲ့မှ သတိထားမိ လာလို့ပေါ့လေ။

ကြည့်ပါဦး။ လူရုပ်မှ ပေါ်သေးရဲ့လားလို့။

ခေါင်းက စပြောရမည်ဆိုလျှင် သေသေချာချာ ဖြီး သင်ခဲ့ပါလို့ မှာထားသည့် ဆံပင်တွေဟာ ဖရိုဖရဲ၊ မျက်နှာမှာ ချွေးတွေတဒီးဒီး စီးကျလို့၊ အင်္ကျီတစ်ထည်လုံး ဆိုတာလည်း ကြေမွတွန့်လိမ်ကာ ချွေးတွေရွှဲလို့၊ ပုဆိုးကို လက်တစ်ဖက်နဲ့ စွန်တောင်ဆွဲပြီး ကိုင်လာရာက အိမ်ရှေ့ရောက်မှ ပြင်ဝတ်ရသည်။ ခြေထောက်မှာ ဖိနပ်က တစ်ဖက်တည်း စီးထားလျက် ကျန်တစ် ဖက်က အလွတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျုး ... သေတော့မယ်ကွ"

"သေရင်နောက်မှသေ ... အခု ဘာဖြစ်လာတာလဲ အရင် ပြောဦး၊ ဒီမှာ ငါ စိတ်ပူတာရော စိတ်တိုတာရော ပေါင်းပြီး သေတော့မယ်"

ရွှေနွယ်ရီးက စိတ်ပေါက်ပေါက်နှင့် သာဒင်ညို့ ပခုံးကို ဆွဲဆွဲလှုပ်ကာ အတင်းပဲ မေးနေမိပါသည်။

"ငါ့ကို ရေတစ်ခွက်လောက် အရင်ပေးတိုက်ပါလား ... ပြီးတော့ ခဏလေးထိုင်ပြီး နားပါရစေ .. နားပြီးတာနဲ့ နင် သိချင်တာအားလုံး ပြောပြပါ့မယ်"

ပြောပြောဆိုဆို သာဒင်ညိုက အိမ်ရှေ့ဖိနပ်ချွတ်ကို လှမ်းတက်သည့် လှေကားထစ် အဆင့်ကလေးမှာ ဖုတ်ခနဲထိုင်ချ လိုက်လေတော့သည်။



၂၅

"ကျွန်တော် အိမ်ကနေ သုံးနာရီကတည်းက ထွက်လာ ခဲ့တာပါ ခင်ဗျာ"

ညှော်ခန်းထဲက ခမ်းနားသည့် ဆိုဖာခုံပေါ် ကြွက်စုတ် တစ်ကောင် တင်ထားသလို ညှော်နာနာ၊ ကုပ်ချိုချို၊ စုတ်တီး စုတ်ပြတ်နဲ့ ထိုင်နေသော သာဒင်ညိုက အဲဒီလိုပုံမျိုးနဲ့ စကားစ လာလေသည်။

ဖေဖေက ဘာမှ မပြောဘဲ သာဒင်ညို့ကို ပြောချင် ရာ ပြောစမ်းဆိုသည့် ပုံမျိုးနဲ့ လွှတ်ပေးထားကာ သူကတော့ ထိုင်ခုံပေါ် အခန့်သား ကျောမှီထိုင်လျက် အကဲခတ်နေလေသည်။

"လမ်းမှာ ကျွန်တော့်ကားက ဘာဖြစ်မှန်း မသိဘဲ ဝုတ်ခနဲ

www.burmeseclassic.com



ထွက်သွားလိုက်၊ ရပ်သွားလိုက်နဲ့ ဖြစ်လာလို့ နောက်ဆုံး ခဏရပ်ပြီး နီးရာဆိုင်ကနေ ဝပ်ရှော့ကို ဖုန်းဆက်ခေါ်ရပါတယ်၊ ကားကို ဝပ်ရှော့သွားပို့ပြီးတော့ ဒီကို အငှားကားနဲ့ လာမလို့ဟာ ဘယ်ကားမှ ငှားလို့ မရဘူး ခင်ဗျာ၊ ဒါနဲ့ ကျွန်တော်လည်း လိုင်းကားပဲ အတင်းတိုးစီးလာတာ၊ ဒီရှေ့နားလည်းရောက်ရော ဆင်းမလို့ဟာ ဘယ်လိုမှ ဆင်းလို့မရဘဲ မှတ်တိုင်ကျော်ပြီး ပါသွားရောခင်ဗျ"

စိတ်မောစရာကောင်းလိုက်တဲ့ အဖြစ်အပျက်တွေပါလားနော်။

အခုစကားကို ပြောနေသူဟာ သာဒင်ညို ဖြစ်နေလို့သာ ယုံရမှာ၊ တခြားတစ်ယောက်ယောက်သာဆို လူကြားကောင်းအောင် ထွင်ပြောနေသည်လို့ပဲ ထင်ချင်စရာ။ သာဒင်ညိုကတော့ ဘယ်နေရာမှာမဆို ပေါက်ကရပဲ လုပ်တတ်သည့်ရာဇဝင်ရှိထားပြီးသားမို့ သူ အခုလို ဖြစ်သည်ဆိုတာ မယုံစရာမရှိချေ။

"အဲဒါနဲ့ရှေ့မှတ်တိုင်ရောက်တော့မှ ဆင်းပြီး ပြန်လျှောက်လာရတော့ အချိန်က လေးနာရီကျော်နေပြီ ခင်ဗျာ၊ နောက်ပြီး ဒီနားကို ကျွန်တော်က ကားနဲ့ပဲ လာဖူးတာ၊ ကားနဲ့လာတုန်းကလည်း ဟိုဘက်ထိပ်က ဝင်တာဆိုတော့ အခု ဒီဘက်ထိပ်က ဝင်လိုက်တော့ လမ်းက သိပ်မမှတ်မိဘူး ဖြစ်နေတယ်၊ အဲဒါနဲ့ လမ်းမှားပြီး ဝင်မိသွားရော၊ လျှောက်





လာရင်း လျှောက်လာရင်းနဲ့ ဒီနားတော့ မဟုတ်တန်ဘူးလို့ ထင်ပြီး ပြန်လည်းလှည့်ရော အိမ်တစ်အိမ်ထဲက ခွေးကြီး တစ်ကောင် ထွက်ဆွဲတာ၊ နည်းတဲ့ကောင်ကြီး ဟုတ်ပါရိုးလားဗျာ၊ အရွယ်အစားကိုက ကျွန်တော့်ခါးဆောင်းလောက်ရှိတယ်၊ အစွယ်ကြီးတွေကလည်း တဖွေးဖွေးနဲ့ ကျားစွယ်လောက်ရှိမလားပဲဗျာ၊ အဲဒီကောင်ကြီးက တဝုန်းဝုန်း ထိုးဟောင်ပြီး ကျွန်တော့်နောက်က ပြေးလိုက်လို့ အသက်လုပြီး ပြေးရတာဗျာ၊ တစ်ချိန်ကျတော့ ကျွန်တော့်ပုဆိုးစကို ဟပ်မိသွားလို့ သူ့ပါးစပ်ထဲက လွတ်အောင် မနည်းဆောင့်ဆွဲယူရတယ်။ ကန်တော့ခင်ဗျာ ... ဟောဒီမှာ ခွေးကိုက်လို့ပါသွားတဲ့ ပုဆိုးပြဲပါ"

အောင်မယ်လေးနော်၊ သက်သေသာဓကနဲ့တကွ တင်ပြလိုက်သေး။ တကယ်ပဲ သာဒင်ညိုရဲ့ ပုဆိုးအောက်နားမှာ တစ်ထွာလောက် အပြဲကြီးက ခွေးကိုက်ခံထားရတာမှန်း သိသာစွာ စုတ်ပြဲ ရုပ်ဆိုးနေလေသည်။

"မင်းနှယ်ကွယ် ... ဖြစ်မှဖြစ်ရလေတယ်"

မေမေက တကယ်စိတ်မကောင်းစွာဖြင့် စုတ်တသပ်သပ် ဝင်ပြောသည်။ ဖေဖေကတော့ နှုတ်ဆိတ်ငြိမ်သက်ဆဲ၊ ကုလားထိုင်မှာ ကျောမှီ လက်ပိုက်ဆိုင်ကာ သာဒင်ညို့ကို အေးစက်စက် စောင့်ကြည့်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့မကပါဘူးခင်ဗျာ … ကျွန်တော့် ဖိနပ်တစ်ဖက်လည်း ဘယ်နားကျွတ်ကျန်ခဲ့လဲ မသိပါဘူး၊ ကျွန်တော့်မှာ နေကလည်းပူ၊ အောက်က ခဲလုံးတွေကလည်း စူးနဲ့ ခြေဖဝါးတွေတောင် ပေါက်ပြဲကုန်ပါပြီ ခင်ဗျာ"

"ကဲ … ကဲ … တော်ပါတော့၊ မင်းရဲ့ဇာတ်လမ်းကို ရှေ့ဆက်ပြီး ကြားရရင် ငါတော့ စိတ်ညစ်ပြီး သေသွားလောက်တယ်"

"ကျွန်တော် တကယ်ပြောတာပါ ခင်ဗျာ"

သာဒင်ညိုက ပြောပြောဆိုဆို ရွှေနှယ်ရီး ချပေးထားသော ရေပုလင်းကို ယူကာ ခွက်ထဲအပြည့်ထည့်ပြီး တကျိုက်ကျိုက် မော့သောက်လို့နေလေသည်။

အဲဒီရေပုလင်း တစ်လုံးလုံးလည်း အကတ်အသတ်ပဲ ကျန်တော့သည်။ သာဒင်ညိုတစ်ယောက် ရေဆာဆာနဲ့ တမော့တည်းမော့သောက်နေတာဟာ ရစ်ပျက်ဆင်းပျက်နိုင်လွန်းလှသည်။

"အေးပါလေ … မင်းပြောတဲ့ ဇာတ်လမ်းကို ငါက ယုံပါတယ်၊ တခြားလူဆိုရင်တော့ လုပ်ကြံတီထွင်ပြောနေတာလို့ သံသယဝင်ချင်ဝင်မယ်၊ မင်းမို့လို့ ဒါမျိုးတွေ တကယ်ဖြစ်နိုင်တယ်လို့ ယုံလိုက်တာ"

မေမေ ပြောပုံကြီးက ကိုယ့်စကားကို ယုံတယ်ဆိုတာတောင်မှ မပျော်ရမည့်ပုံစံကြီး။





"မင်းလောက် ရှပ်ပျာရှပ်ပျာ လုပ်တတ်တဲ့ကောင် ရှိမှာမှ မဟုတ်တော့၊ မင်း အခုလို ဖြစ်တယ်ဆိုတာ မယုံစရာကို မရှိဘူး"

"ကဲ … အဖေကြီး၊ အရေးကြီးတာပဲပြောလေ … ဟိုမှာ ကလေးကလည်း မောလာရှာတာ"

မေမေက သနားသွားသလို ကြားထဲက ဝင်ပြောပေးလျှင် ဖေဖေက မျက်ထောင့်နီကြီးနဲ့ မေမေ့ကို ပြန်ကြည့်ကာ …

"ဒီမှာ လှိုင်၊ ကိုယ့်ကိစ္စ ကိုယ်သိတယ်၊ လှိုင်နဲ့သမီး ခဏလောက်အပြင်ထွက်နေကြစမ်း"

ဖေဖေက ခပ်ဟောက်ဟောက် ပြောလိုက်လျှင် မေမေတ ဘာမှ ဆက်မပြောတော့ဘဲ ရွှေနှယ်ရီးကို မျက်ရိပ်ပြလျက် ဧည့်ခန်းထဲက ထွက်သွားပါသည်။

ရွှေနှယ်ရီးမှာသာ သာဒင်ညို့ကို နောက်ဆံတငင်ငင်နှင့် အခန်းထဲက မထွက်ချင်ထွက်ချင် ခြေတစ်ရွတ်ဆွဲနှင့် ထွက်လိုက်ခဲ့ရတာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၆

"ကဲ … အချိန်နှောက်ကျတဲ့ကိစ္စ ရှင်းတာလင်းတာတွေ အသာထားလိုက်တော့၊ အခုကိစ္စဟာ ဘာကိုပြသလဲ ဆိုရင် မင်းရဲ့ မသေမချာနိုင်မှု၊ ပျာလောင်လောင် လုပ်တတ်မှု၊ ဘာကိုမှ အလေးအနက်မထားတတ်မှုတွေကို ပြနေတာ"

ပထမဆုံးတိုက်ကွက်ကိုတော့ သာဒင်ညိုက သိလိုက်ပါသည်။ ယောက္ခမလောင်းကြီးဟာ (သူ အလွှန်ဝါသနာပါသော ဘောလုံးပွဲနဲ့ နှိုင်းပြောရလျှင်) တစ်ဆိတ်တော့ အဝင်ကြမ်းလွန်းသည်ဟု ဆိုရမှာ။





သူတို့နှစ်ယောက်ရဲ့ စကားဝိုင်းမှာ ကွင်းလယ်ဒိုင်လူကြီးတစ်ယောက်သာ ရှိနေမည်ဆိုလျှင်တော့ အဲဒီပထမစကားတစ်ခွန်းနဲ့တင် ယောက္ခမကြီးဘက် ပြစ်ဒဏ်ဘော စပေးလိုက်ရမှာ။

"မောင်ရင်ရဲ့ ဘာမဆို ကချော်ကချွတ် လုပ်တတ်တဲ့အကျင့်ဟာ မင်းဘဝကို ဘယ်လောက် အတိုင်းအတာအထိ, ထိခိုက်နိုင်တယ် ထင်သလဲ"

လာပြန်ပါပြီဗျာ။ ဒုတိယတစ်ခွန်းကလည်း ဖောင်းလ်ပါပဲ။ ကြည့်ရတာ ရွှေနှယ်ရိုးရဲ့ အဖေကြီးဟာ သူ့ကို တိုက်ခိုက်ဖို့ သက်သက်ပဲ တွေ့ချင်တာများလား မသိ။

"ကျွန်တော် တစ်ခါမှ တွေးမကြည့်မိပါဘူး"

"ဟေ … ဘယ်လို၊ ကိုယ့်အားနည်းချက်တစ်ခုကို သေသေချာချာ ရှုမြင်သုံးသပ်ပြီး ဘယ်လို ဘယ်လို ပြင်ဆင်ရမလဲ ဆိုတဲ့ အတွေးမျိုး တစ်ခါမှ မတွေးဖူးဘူး၊ ဟုတ်လား … အံ့ပါရဲ့ကွာ"

တကယ်အံ့ဩတာ မဟုတ်ဘဲ မျက်ခုံးကြီး တပင့်ပင့်၊ မျက်လုံးကြီး တပြူးပြူး လုပ်နေသော ရွှေနှယ်ရိုးအဖေကြီးကို ကြည့်ကာ သာဒင်ညိုက ရယ်ချင်စိတ်ကို မနည်းမျိုချုပ်ထားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနွယ်ရီးရဲ့အဖေဟာ ရုပ်ကလည်း တစ်ခေတ်တစ်ခါက နာမည်ကြီးခဲ့သော မင်းသားကြီး ကောလိပ်ဂျင်နေဝင်းနဲ့ ခပ်ဆင်ဆင်ရယ် ဆိုတော့ သူ အခုလို အိုက်တင်လုပ်နေပုံနဲ့ ပေါင်းလိုက်လျှင် ရုပ်ရှင်ရိုက်ဖို့များ အိုက်တင်ကျင့်နေတာလားလို့တောင် ထင်မှတ်မှားချင်ဖွယ်။

"ထားတော့ ... အခု အဲဒီအားနည်းချက်ကို မင်း သိမြဲဆိုရင်ရှေ့လျှောက် ဘယ်လို ပြုပြင်နေထိုင်သွားဖို့စိတ်ကူးထားလဲ"

ဒီတစ်ခါသာ ကျွန်တော် ဘယ်လိုမှ နေထိုင်သွားဖို့ စိတ်ကူးမထားပါဘူးခင်ဗျလို့ ပြန်ဖြေလိုက်မိလျှင် အဘိုးကြီးရဲ့ နဂိုပြူးထားပြီးသား မျက်လုံးအစုံဟာ မျက်လုံးအိမ်ထဲကနေ ဖွတ်ခနဲ ဖွတ်ခနဲ ပြုတ်ထွက်လာလျက် နဖူးမှာ လာကပ်မှာတောင်စိုးရသည်။

မဖြစ်သေးပါဘူး။ အဲဒီ မျက်လုံးကြီးတွေကိုတော့ အိမ်အထိ သယ်မသွားရဲ။ နောက်ပြီး ရွှေနွယ်ရီးကို ကတိပေးထားမိတာလည်း ရှိသေးသည်။ တတ်နိုင်သမျှ သူ့မ အဖေကြိုက်သဘောကျအောင် လိုက်လိုက်လျောလျော ပြောပေးပါမည်ဆိုသည့် ကတိ။ အဲဒီ ကတိလေးကိုတော့ တည်အောင်ထိန်းရမည်။

"ကျွန်တော် ရှေ့လျှောက် ဒီထက်ကောင်းအောင် နေရို





စိတ်ကူးပြီးသားပါ"

အဘိုးကြီးက ဟုတ်ရဲ့လားဆိုသည့် အကြည့်မျိုးနဲ့ ထစ်မှိုစိမ့် စောင့်ကြည့်နေသည်။

ကိုင်း ... ဒီအချိန်ဟာ ကိုယ်ရဲ့အစွမ်းကို ပြဖို့အချိန်ကောင်းဖြစ်ပြီ။ ရွှေနွယ်ရီးအဖေကြီးနဲ့ တွေ့ဆုံစကားပြောရတော့မည်လို့ သိရကတည်းက ကြိုတင်ပြင်ဆင်ထားသည့် စကားတွေကို ဒီအချိန်မှာမှ အိတ်သွန်ဖာမှောက် မပြောလျှင် ဘယ်အချိန်သွားပြောတော့မလဲ။

"အန်ကယ် မသိသေးလို့ပါခင်ဗျ၊ ကျွန်တော်က ကျွန်တော်နဲ့ အရီး ... အဲလေ ... ရွှေနွယ်ရီးတို့ရဲ့ အနာဂတ်အတွက်"

"အောင်မယ်လေးလေး ... နေစမ်းပါဦး၊ ဖြတ်မေးပါရစေဦး၊ မင်းက ငါ့သမီးကို ဘယ်လိုခေါ်လိုက်တယ်"

"အဟဲ ... ဒီလိုပါ၊ အရီးဆိုတာ ကျွန်တော်တို့ 2nd M. B တုန်းက အရီးတွေ သင်ရတော့ ရွှေနွယ်ရီးကို နောက်ပြောင်ပြီး အဖျားဆွတ်ခေါ်သွားရင်းကနေ နှုတ်ကျိုးသွားတာပါခင်ဗျ"

"တောက် ... ကွာ ... ငါ့သမီးကိုများ ကျက်သရေယုတ်အောင် ခေါ်လိုက်ပုံက၊ ဟောကောင် ... နောက်ကို စကားပြောဆင်ခြင်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခ။ ဒီက အားမာန်အပြည့်နဲ့ စကားစပြောဖို့ ကြံကာရှိသေး မဟုတ်မဟတ် အရေးမပါသည့် အခေါ်အဝေါ်ကိစ္စတွေနဲ့ စကားလမ်းကြောင်း လွဲသွားပြီ။ မဖြစ်ချေဘူး။ အမြန်ပြန်လည်တည့်မတ်ကာ ကိုယ် ပြောချင်တာကို ခပ်မြန်မြန် ဆက်ပြောမှ။

"ဟုတ်ကဲ့ ... ရွှေနှယ်ရီးနဲ့ ကျွန်တော်တို့ရဲ့အနာဂတ်အတွက် ကျွန်တော် စိတ်ကူးနဲ့ စီစဉ်ထားတာတွေ အများကြီးပါ။ ကျွန်တော်နဲ့ ရွှေနှယ်ရီးသာ အိမ်ထောင်ကျရင်လေ အန်ကယ် ခုနက အန်တီ့ကို မျက်နှာထား တင်းတင်းနဲ့ ဟောက်လိုက်တဲ့ အပြုအမူမျိုး လုံးဝ မလုပ်ဘူးခင်ဗျ၊ သူ့အလိုလိုက် အကြိုက်ဆောင်ပြီး ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် ခွင့်လွှတ်သည်းခံထားမှာ"

ရွှေနှယ်ရီးရဲ့ အဖေကြီးခမျာ မထင်မှတ်သည့် အနေအထားကနေ ရုတ်တရက် တိုက်ကွက်ဆင်လိုက်သော သာဒင်ညိုစကားကြောင့် ဘာမှ ပြန်မပြောနိုင်။ မထင်မှတ်ဘဲ ဂိုးပေးလိုက်ရသည့် ဂိုးသမားလို ကိုယ့်ဂိုးပိုက်ထဲရောက်လာသည့် ဘောလုံးကို ငေးကြည့်နေရသည့် သဘောပင်။

အဲဒီမှာတင် သာဒင်ညိုက ငါ အပြောကောင်းလို့ အဘိုးကြီးတော့ ငိုင်ဆင်းသွားပြီဟု အားတက်လာကာ ...

"ကျွန်တော် ရွှေနှယ်ရီးကို ရီးမြေကျ သစ္စာရှိရှိပေါင်းသင်း





သွားမှာပါ၊ ရွှေနှယ်ရီးအတွက်တင် မဟုတ်ဘူး၊ မွေးလာမဲ့ သားသမီးလေးတွေအတွက် ... အဲ ... အန်ကယ့်မြေးလေးတွေအတွက်လည်း ဖခင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားမှာပဲ၊ ကျွန်တော်တို့ရဲ့အိမ်မှာ ရန်ဖြစ်သံ၊ ဆူပူသံ၊ ငိုသံတွေ မရှိစေရဘူး၊ ရယ်မောသံတွေနဲ့ပဲ စည်ကားသိုက်မြိုက်နေစေရမယ်၊ ပြီးတော့ ..."

"ဟော့ ... ဟော့ကောင် ... တစ်ဆိတ် ရပ်စမ်းပါဦး"

ရွှေနှယ်ရီးအဖေကြီးက အသားကုန်အော်ဟစ်တားမြစ်တာမို့ သာဒင်ညိုက စကားကို ခဏရပ်ပေးလိုက်ရပါသည်။

"မင်း ဘာတွေ ပြောနေတာလဲ၊ မင်းကို ငါ့သမီးက ဘာမှကြိုပြောမထားဘူးလား"

"အန်ကယ် ဘာကိုဆိုလိုတာပါလဲ ခင်ဗျာ"

"အခု ငါ မင်းကို ခေါ်တွေ့တာ ဘယ်လိုသဘောမျိုးနဲ့ဆိုတာ သမီးက ပြောမပြထားဘူးလားလို့"

ပြောတော့ပြောထားတာပေါ့။ သမီးရဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ပဲ တွေ့မှာ၊ သမက်လောင်း အင်တာဗျူး ဝင်ရမှာ မဟုတ်ဘူး၊ အလွန်အကျွံတွေ မပြောမိစေနဲ့ဆိုတာ။

ဒါပေမယ့် ပြောတော့ ဘာဖြစ်သေးလဲ။ ဒီစကားတွေက အခုမပြောလည်း နောင်ကျ ပြောရမှာပဲဟာ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောတာတွေက မကောင်းတာ တစ်ခုမှမပါ။ သူ့သမီးတွေ၊ သူ့မြေးတွေကို ဘယ်လို အလိုလိုက်မည်၊ ဘယ်လို စိတ်ချမ်းသာအောင် ထားပါမည်။ ဆိုတာတွေချည်း။ သမီးကို ချစ်သော ဖခင်တစ်ယောက်အနေနဲ့ ဆိုလျှင် ဒီလိုစကားမျိုးကို အားရကျေနပ်သွားရမှာမလွဲ။

"ဟုတ်ကဲ့ ... ပြောတော့ပြောထားပါတယ်ခင်ဗျာ"

"ဒါဖြင့် မင်းက ဘာလဲ ... ငါ့ဘက်က သဘောထားကို လုံးဝ ဂရုမစိုက်ဘူး၊ မင်း လုပ်ချင်ရာလုပ်မယ်ဆိုတဲ့ သဘောလား"

"ခင်ဗျာ"

"အစောကြီးတည်းက မင်းကို ပြောပြီးသား၊ ငါ မေးတာပဲ ဖြေ၊ ငါဆွေးနွေးချင်တဲ့ အကြောင်းအရာကိုပဲ ဆွေးနွေးရမယ်လို့"

"ဟုတ်ကဲ့ ... အခုလည်း အန်ကယ်မေးတဲ့ မေးခွန်းကိုပဲ ကျွန်တော် ဖြေနေတာ မဟုတ်ဘူးလား ခင်ဗျာ"

"ဒီလောက် ပိုပိုသာသာ ဖြေစရာမလိုဘူးကွ၊ ငါသိချင်တာက ရှေ့လျှောက် လူတစ်လုံး သူတစ်လုံးဖြစ်အောင် မင်း ဘာလုပ်မလဲဆိုတာပဲ"

"အန်ကယ်ရယ် ... ကျွန်တော် လူတစ်လုံး သူတစ်လုံးဖြစ်





အောင် တအားကြီး ကြိုးစားယူစရာ မလိုဘူးလို့ ထင်ပါတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော့်မိဘတွေကလည်း အသင့်အတင့်တော့ ငွေကြေးတတ်နိုင်ကြပါတယ်၊ ကျွန်တော်ကလည်း တစ်ဦးတည်းသော သားဆိုတော့ စီးပွားရေးနဲ့ပတ်သက်လို့ ဆိုးဆိုးဝါးဝါးတွေ မဖြစ်နိုင်ပါဘူး၊ နောက်ပြီး အတတ်ပညာနဲ့ ပတ်သက်လို့လည်း မြန်မာပြည်မှာ အမြင့်ဆုံးပညာကို ကျွန်တော် တတ်ထားပါတယ်၊ ဒီပညာနဲ့ လုပ်စားရင် လူ့အမြင်လည်း တင့်တယ်ပါတယ်၊ မချမ်းသာရင်တောင်မှ လူတန်းသူတန်းစေ့တော့ နေနိုင်မှာပါ"

"မင်းက ဘဝကို မြင့်မြင့်မားမား မျှော်လင့်ချက်မထားဘဲကိုကွ၊ လူတန်းသူတန်းစေ့ရုံလောက်နဲ့ ဘာလုပ်ရမှာလဲ၊ ငါက ငါ့သမီးကို အကောင်းဆုံးထားတယ်၊ အိမ်ထောင်ကျတဲ့အခါမှာလည်း ငါထားသလို ထားနိုင်တဲ့သူမျိုးနဲ့ပဲ အိမ်ထောင်ကျစေချင်တယ်၊ ဒါ ငါ့ရဲ့ စေတနာပဲ"

သူ ချမ်းသာတိုင်း အဲဒီလောက် လောဘကြီးတာတော့ မကောင်းဘူးဟု သာခင်ညိုက တွေးမိပါသည်။ ရွှေနွယ်ရီးရဲ့ အဖေဟာ ချမ်းသာတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် သူတို့ဟာ နှစ်ဖက်မိဘ မျိုးရိုးစဉ်ဆက်ကိုက ချမ်းသာလာတာ၊ သူ့အလုပ်လုပ်နိုင်သည့်အရွယ်မှာ အဆင်သင့် အောင်မြင်ဖြစ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီသား မိဘလက်ငုတ်လက်ရင်းကို ဆက်ခံလိုက်ရုံပင်။ အဲဒီအပြင် အိမ်ထောင်ကျပြေလည်လှ-ယောက္ခမလက်ဖွဲ့သော လုပ်ငန်းတွေကို ရလိုက်သေးသည်။ ဒီတော့ စီးပွားရေးလောကမှာ နာမည်တစ်လုံးနဲ့ လက်မထောင်နိုင်တာ ဘယ်ဆန်းမှာလဲ။

သာဒင်ညိုကျတော့ သူ့လောက် ရေကန်အသင့် ကြာအသင့် မဖြစ်နိုင်ချေ။ မိဘတွေက အစိုးရဝန်ထမ်းတွေမို့ သူတို့လို တစ်လ တစ်လ သိန်းချီသော ဝင်ငွေမျိုးလည်း မရှိ၊ ကိုယ့်သားအတွက် အဆင်သင့် ဆက်ခံနိုင်မည့် လုပ်ငန်းမျိုးလည်း အမွေပေးစရာမရှိချေ။ အဲဒီတော့ သာဒင်ညိုဟာ ရွှေနှယ်ရိုးကို သူ့မိဘတွေထားသလို အမြင့်ဆုံးအနေအထားကြီးမှာတော့ အခု ချက်ချင်း ထားနိုင်စွမ်းရှိဦးမှာ မဟုတ်။ တစ်ချိန်ချိန်ကျလျှင်တော့ ထားနိုင်ကောင်း ထားနိုင်လာလိမ့်မည်။

"ရွှေနှယ်ရိုးအပေါ်မှာ ကျွန်တော်လည်း စေတနာထားတာ ပါပဲ ခင်ဗျာ၊ ကျွန်တော် တတ်နိုင်သမျှ ကြိုးစားသွားဖို့ စိတ်ကူးလည်း ရှိပြီးသားပါ"

"ကောင်းပြီ ... ဒါဆို ကျောင်းပြီးရင် မင်း ဘာဆက်လုပ်မှာလဲ"

သာဒင်ညိုက ရုတ်တရက်တော့ တွေဝေသွားပါသည်။ လောလောဆယ် အခြေအနေမှာ စာတွေများပြီး





အောင်ဖို့ခက်ခဲလှသော နောက်ဆုံးနှစ်စာမေးပွဲကို လွတ်လွတ်ကျွတ် ကျွတ် အောင်မြင်ဖို့ အရေးလောက်သာ ခေါင်းထဲရှိလျက် ရှေ့ဆက် ဘာလုပ်မလဲဆိုတာ မတွေးထားမိသေးပါ။

ဒါဟာ သူတစ်ယောက်တည်းရဲ့ အားနည်းချက် လည်း မဟုတ်။ သာဒင်ညို သိသလောက်တော့ အတန်းထဲမှာ ထိပ်ဆုံးစာရင်းဝင်သော ကျောင်းသားတချို့နဲ့ ဘဝပေးကိုက ဘာဖြစ်အောင် လုပ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းပြီးသား ကျောင်း သားတချို့ကလွဲလျှင် ကျန်လူအတော်များများဟာ ကျောင်းပြီးလျှင် ဘာလုပ်မယ်ရယ်လို့ ရည်ရွယ်ချက် မယ်မယ်ရရ မရှိဘဲ ကြုံသလို သွားကြမည့်သူတွေပင်။ အဲဒါကိုလည်း ဘယ်သူကမှ ရှုတ်ချကဲ့ရဲ့ စရာ၊ အထင်သေး အပြစ်မြင်စရာရယ်လို့ မထင်။ လူတိုင်းမှာ ရှိတတ်သော ပုံမှန်အခြေအနေပဲ ဖြစ်သည်။

ဒါကို ရွှေနှယ်ရိုးအဖေကြီး သဘောမပေါက်တာ လား၊ သိရဲ့သားနဲ့ သဘောမပေါက်ချင်ဟန်ဆောင်တာလား။

"ကျောင်းပြီးရင် ကျွန်တော် အလုပ်ဝင်မယ်လေ။ အချိန်တန် ရင် ဘွဲ့လွန်တက်မယ်၊ တစ်ဖက်က ဆေးခန်းထိုင်မယ်၊ အသက်လေးဆယ်လောက်မှာ နာမည်ရတဲ့ အထူးကုတစ် ယောက်ဖြစ်အောင် ကြိုးစားမယ်လေ"

တစ်ခုခုမှ ပြန်မဖြေလျှင် အထင်သေးမှာကြီး



www.burmeseclassic.com

တင်ပြီး စောင့်နေသည့် ရွှေနှယ်ရီးအဖေကြီးက မောင်းဖြုတ်ချလိုက်မှာ စိုးရတာကြောင့် ပါးစပ်ထဲကြုံရာ ကောက်ပြောလိုက်တာ ဖြစ်သည်။

နောက်ပြီးတော့လည်း သာမန်ဆရာဝန်တစ်ယောက် သွားရမည့် လမ်းဟာ ဒီလိုပဲ ရှိတာ မဟုတ်လား။

"မင်း ပြောပုံက သာမန်ဆန်လိုက်တာကွာ၊ အားရစရာလည်း မရှိလှပါဘူး၊ ပြီးတော့ ကိုယ် ပြောတဲ့အတိုင်း ဖြစ်အောင် လုပ်မယ်ဆိုတဲ့ မာနလည်း မင်းမှာ မရှိလှပါဘူး"

အဲဒါတော့ မတတ်နိုင်မါ။ ကိုယ်လည်း ပြောချင်သလောက်ပြောပြီးသွားပြီ။ ဒါကို သူက မဖြစ်သေးတာတွေကိုတွေးပြီး ဖြစ်လာမှာမဟုတ်ပါဘူးလို့ ကြိုတင်အထင်သေးမည်ဆိုလျှင်တော့ သာဒင်ညိုလည်း ဘာမှ မတတ်နိုင်။

"အေး ... ရှင်းရှင်းပြောရရင် မင်းရဲ့ လုပ်ရည်ကိုင်ရည်ကို သံသယမကျတာ၊ စာဆိုလည်း အညွှန်းစာရင်းထဲမှာ ပါတယ်၊ သူများတွေ ရနိုင်တဲ့စာကိုတောင် မရတဲ့သူက အခုထက်ပိုခက်တဲ့ ဘွဲ့လွန်ပညာကျရင် ဘယ်လိုလုပ်ထူးချွန်အောင် လုပ်မလဲ၊ ဒီလောက်လူတော်တွေများနေတဲ့ခေတ်ကြီးမှာ မင်းအရည်အချင်းလောက်နဲ့ ရှေ့တန်းရောက်အောင် ဘယ်လို ထိုးဖောက်ထွက်မလဲ"





"ကျွန်တော် ကြိုးစားမှာပါ ခင်ဗျာ၊ ဘယ်လို အခြေအနေမှာပဲဖြစ်ဖြစ် ကျွန်တော် ကတိပေးနိုင်တာကတော့ ကျွန်တော်ဟာ အရီး ... အဲ ... ရွှေနှယ်ရီးအတွက် အကောင်းဆုံး အိမ်ထောင်ဖက်ဖြစ်မယ်ဆိုတာပါပဲ"

"ဟော့ ... မင်းကို ဒီစကားမပြောနဲ့လို့ ငါ ပြောထားတာ အမှတ်ကိုမရှိသေးဘူးလား၊ ကဲကွာ ... တော်လောက်ပြီ၊ မင်းရဲ့ ရှေ့ရေးရည်မှန်းချက်တွေကို ငါ အယုံအကြည်လည်း မရှိလှဘူး၊ စကားလည်း သိပ်ပြီး မပြောချင်တော့ဘူး၊ မင်း ပြန်ချင်ပြန်လို့ရပြီ"

ပြန်လို့ရပြီဆိုသော်လည်း တကယ်တမ်း အနိုင်နဲ့ပိုင်းကာ ထွက်ချသွားသူမှာ ရွှေနှယ်ရီးရဲ့အဖေကြီးသာလျှင် ဖြစ်သည်။ သာဒင်ညိုကား သူများကွင်းမှာ ပယ်နယ်တီချည်းပဲငါးဂိုးလောက် အပေးခံလိုက်ရသည့် ဘောလုံးအသင်းလို မချိမဆန့်ဖြစ်ကာ ကျန်ခဲ့ရလေသည်။

www.burmeseclassic.com

## ၂၇

"အောင်မယ်လေးနော် ... သာဒင်တို့ကတော့ ဖြစ်ရမယ်၊ ယုပ်လိုက်မှဖြင့် တလွဲတွေချော်ချည်းပဲ"

သီလဝါက လက်ခုပ်လက်ဝါးတီးကာ တဟားဟား အော်ရယ်နေလေသည်။

မနေ့ကတစ်နေ့လုံး စိတ်ရှုပ်နေခဲ့သော ရွှေနှယ်ရီးသည်လည်း သီလဝါရယ်တော့မှပဲ မချိုပြုံးလေး လိုက်ပြုံးနိုင်တော့သည်။

"အဲဒါနဲ့တင် နင့်အဖေရှေ့မှာ အမှတ်တွေဖောက်ထိုးမိုးမျှော် လျှော့ကျကုန်ရောပေါ့လေ"





"အဲဒီလိုတော့ မဟုတ်ဘူးဟ၊ အစကတည်းက အမှတ်က မရှိထားတာ၊ ငါ့အဖေရဲ့ အမှတ်ပေးစည်းမျဉ်းမှာ သာဒင်ညိုက ဘဲဥ(သုည) ဓိုးရိုးပဲ"

"အခုကျတော့ အနုတ်လက္ခဏာ ထွက်သွားပြီ မဟုတ်လား"

မေခိုင်မာက ဝမ်းသားအားရ အသံကြီးနဲ့ ဝင်မေးသည်။ တကယ်ပဲ စိတ်ညစ်စရာကောင်းတာက ရွှေနှယ်ရီးဘက်မှာ သီလဝါ တစ်ယောက်ကလွဲလို့ ဘယ်သူမှ မရှိခြင်းပင်။

ဖေဖေ၊ မေမေ၊ မြလွှာရုံ၊ မေခိုင်မာ ...။ သူမရဲ့ အရင်းနှီးဆုံး လူသားတွေအားလုံး သာဒင်ညိုကို လက်မခံနိုင်ဖြစ်နေကြတာ။ ဒီထဲကမှ အားလုံးကို ဆန့်ကျင်ပြီး ကိုယ့်ရဲ့ ရှေ့ခရီးကို ရဲရဲဝံ့ဝံ့ ဆက်လျှောက်နေရတာ။

"နင်တို့ ပြောတော့သာ ရယ်စရာဖြစ်နေတာ၊ ငါ့မှာ တကယ်ကို ရင်မောနေရတာပါဟယ်၊ သာဒင်ညို ပြန်သွားတော့ ဖေဖေက ဘာပြောတယ်မှတ်လဲ"

"ဘာတဲ့လဲ"

"သူနဲ့တော့ လုံးဝမဖြစ်နိုင်ဘူးတဲ့၊ ဘဝရှေ့ရေးအတွက် ဘာမှ မယ်မယ်ရရ မတွေးထားတဲ့ ရေလိုက်ငါးလိုက် သမားတဲ့၊ ငါ့သမီး ဒုက္ခရောက်မယ်တဲ့"

"အဲဒီတော့ နင်က ဘယ်လို ဆုံးဖြတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တွေ အများကြီး ရှိပါသေးတယ်ဟာ"

ရွှေနှယ်ရီးက ခပ်ပေါ့ပေါ့ပဲ ဖြေလိုက်ပေမယ့် ရင်ထဲမှာတော့ အဲဒီလောက်ကြီး ပေါ့ပေါ့ပါးပါး မဟုတ်ပါ။

ဖေဖေက အပြောနဲ့အလုပ် ညီတာတတ်သည့်သူ။ သာဒင်ညိုကိုတော့ သမက်တစ်ယောက်အဖြစ် ဘယ်လိုမှ လက်ခံမှာမဟုတ်။ တစ်နည်းနည်းနဲ့ ရအောင်ကိုဖျက်မှာ။

ရွှေနှယ်ရီးဘဝမှာ ချစ်သူနဲ့ ပေါင်းဖက်ရဖို့ ဆိုလျှင် နည်းလမ်းတစ်ခုတည်းသာ ရှိတော့သည်။ အဲဒီနည်းလမ်းဟာ ဆမီးတစ်ယောက်အနေနဲ့ မိဘအပေါ် ရက်စက်၊ တရားမမျှတရာ ရောက်တာမှန်သော်လည်း ရွှေနှယ်ရီးကို အဲဒီလမ်းကို ရွေးချယ်ဖို့ဖန်တီးပေးသူမှာ ဖေဖေကိုယ်တိုင်သာ ဖြစ်သည်။

"နင်လည်း တစ်ခုခုတော့ လုပ်သင့်တယ်နော်၊ သာဒင်ညိုနဲ့ တစ်သက်လုံး ပေါင်းသင်းသွားဖို့ ဖြစ်နိုင်ရဲ့လားဆိုတာ ကိုယ့်ဘာသာ ပြန်စဉ်းစားဦး"

"ဘာလို့လဲ ... ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"အဘက်ဘက်က ညံ့လည်းညံ့သေးတယ်၊ ဘာကိုမှလည်း အလေးအနက်မရှိ၊ စကားလည်း တည်တည်တံ့တံ့ မှန်မှန်ကန်ကန် မပြော၊ အလုပ်လုပ်လည်း မသေချာ၊ အပြောတစ်မျိုး အလုပ်တစ်မျိုးနဲ့ကောင်ကို အိမ်ထောင်ဖက် အဖြစ် တစ်သက်လုံး တော်သွားရမှာနော် ... နင် စဉ်းစားဦး"





ကြည့် ... ကြည့်။ မေခိုင်မာတို့ ပြောလိုက်မှဖြင့် စကားသံက ဖေဖေနဲ့ တစ်ထေရာတည်း။ မေခိုင်မာနဲ့ဖေဖေဟာ အရင်ဘဝက အမွှာမောင်နှမများ တော်ခဲ့ဖူးသလားတောင် မသိပါ။

"နင့်ကိုလေ ငါ့ကြီးတော်သာ တော်လိုက်ချင်တော့တာပဲ၊ နင် စကားပြောတာ ဖေဖေနဲ့ တစ်လေသံတည်းပဲ"

"အမှန်ဆိုတာ တစ်ခုပဲ ရှိတာကိုးဟဲ့ ... တူရမှာပေါ့"

"အမှန်အတိုင်း တစ်ခုတည်းဖြစ်ချင်မှ ဖြစ်မှာပေါ့ဟဲ့၊ ငါ့ဘက်က ကြည့်တော့လဲ ငါ့ဘာသာ မှန်ချင်မှန်နေမှာပေါ့"

"ပြင်ဆင်ဖို့ အချိန်လွန်သွားမှ မှားမှန်းသိရင်ကော ဘယ်လိုလုပ်မလဲ၊ အိမ်ထောင်မှုဘုရားတည်တဲ့နော်၊ ပြင်လို့လွယ်တာ မဟုတ်တော့ဘူး"

"လူဆိုတာ ဒီအတိုင်းပဲ တစ်သတ်မတ်တည်း သွားမယ်လို့မှ မပြောနိုင်တာ၊ အသက်အရွယ် အတွေ့အကြုံ ရင့်ကျက်လာတာနဲ့အမျှ သူလည်း တိုးတက်ပြောင်းလဲလာမှာပေါ့"

"အဲဒါ မှားတယ်ဟဲ့ ... ယောက်ျားတစ်ယောက်ကို ယူမယ်ဆိုရင် အရှိအတိုင်း မြင်ပြီးမှ ယူရမယ်၊ ငါ့လက်ထဲကျရင်တော့ သူ ပြောင်းလဲသွားတန် ကောင်းပါရဲ့လို့ နွားပိန်အသားအစားထိုးကြည့်ပြီး မယူရဘူး၊ မိန်းမရပြီးလို့ နင့်စရိုက်တွေ ပြင်ပြီး ကောင်းသွားတဲ့ ယောက်ျားမရှိဘူးလို့ ပြောတာတော့ မဟုတ်ဘူး၊ ရှိပါတယ်၊ ဒါပေမယ့် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်မျိုးက ရှားတယ်၊ ကိုယ်ဟာ ပါစင့်တော့ဂျ် အရမ်းနည်းတဲ့ ကံကောင်းသူစာရင်းထဲမှာ ပါဝင်ဖို့ထက် အဖြစ်များတဲ့ ကံဆိုးသူစာရင်းထဲပဲ ပါသွားဖို့များတယ်လေ”

မခိုင်မာက ရှည်ရှည်လျားလျားကြီးကို ဖွင့်ဆိုရှင်းပြနေပါသည်။ ဒီလောက်ကတော့ ရွှေနှယ်ရီးလည်း အသိသားပါပဲ။ မိကျောင်းမင်း ရေကင်းပြမနေနဲ့လို့ ပြောလိုက်လျှင် ရိုင်းစိုင်းလွန်းရာကျမှာစိုးလို့ မပြောလိုက်သော်လည်း ဖြစ်နိုင်လျှင်တော့ အဲဒီအတိုင်းပဲ ပြောချပစ်လိုက်ချင်သည်။

“ဒီမှာ ခိုင်မာ ... ငါတို့တတွေဟာ ကိုယ့်ဘဝရှေ့ရေးအတွက် ယောကျ်ားတစ်ယောက်ကို အားကိုးပြီးမှ ရပ်တည်နိုင်မဲ့ လူတွေမှ မဟုတ်တာ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ဘဝကိုယ် တည်ဆောက်နိုင်တဲ့ မိန်းမတွေပဲ၊ ဘဝရပ်တည်ရေး တစ်ခုတည်းအတွက်တော့ ယောကျ်ားတစ်ယောက်ကို မချစ်ဘဲ လက်ထပ်စရာမလိုဘူး၊ အဲဒီလိုပဲ အိမ်ထောင်ပြုတယ် ဆိုတာ အရမ်း စွန့်စားရတဲ့ အလုပ်၊ ကိုယ် တစ်သက်လုံး ပြုစုပျိုးထောင်လာရတဲ့ ဘဝတစ်ခုလုံးကို လူတစ်ယောက် လက်ထဲ ထိုးအပ်လိုက်ရတာ၊ အဲဒီစွန့်စားမှု၊ စွန့်လွှတ်မှုမျိုးကို ကိုယ် တကယ်ချစ်တဲ့လူကိုပဲ ပေးနိုင်မယ်၊ ကိုယ့်ချစ်သူကို ပေးလိုက်ရလို့ကတော့ ဘာမှဝမ်းနည်းစရာ မရှိဘူး”





ရွှေနှယ်ရီးရဲ့ ခံယူချက်က ပြတ်သားပါသည်။ သာဒင်ညို ကိုယ့်ကို ချစ်နေသရွေ့ ကိုယ်ဘက်က ဘာတွေပဲ ပေးဆပ်ရပေးဆပ်ရ အဆင့်သင့်ရှိသည်။ အဲဒီ ပေးဆပ်လိုမှုတွေကို တခြား ဘယ်ယောကျ်ားကိုမှ မပေးနိုင်။ ဒါပဲ။

“တစ်နေ့နေ့တော့ နင် နောင်တရလိမ့်မယ်နော်”

“သာဒင်ညိုနဲ့ပတ်သက်ပြီး နောင်တဆိုတာ ငါ့ဘဝမှာ ရှိလာမှာ မဟုတ်ဘူး”

မခိုင်မာက ရွှေနှယ်ရီးကို အချစ်စိတ်တက်ပြီး မှုန်နေတဲ့ မိန်းမဆိုသည့် အထင်သေးချက်တွေနဲ့ ကြည့်နေသည်။

သီလဝါဓတော့ သူမ ကိုယ်တိုင်လည်း အချစ်အတွက် ဆင်ခြင်တုံတရား ကင်းမဲ့သည့်အလုပ်တွေကို အကြိမ်ကြိမ် လုပ်ဖူးသူဖြစ်ပေရာဘာမှ ဝေဖန်စွက်ဖက်ခြင်း မရှိပါ။ မြရုံကလည်း ‘အချစ်’ဆိုတာကို စာလုံးပေါင်းလေးတောင် မသိသူပီပီ ဘာမှဝင်မပြော။

ဘယ်သူ ဘာပဲပြောပြော ရွှေနှယ်ရီးက မှုမှာမဟုတ်ချေ။ သူမက သာဒင်ညို့အချစ်ကို ယုံသည်။ ထိုယုံကြည်မှုဟာ သူမရဲ့ ဘဝတစ်ခုလုံးကို ပြုပြင်ပြောင်းလဲပစ်ဖို့ လုံလောက်သော စွမ်းအားကို ပေးနိုင်လိမ့်မည်လို့လဲ ရွှေနှယ်ရီးက စိတ်ချသေချာထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၈

"ဘာဖြစ်နေတာလဲ၊ ဒီလောက်ကြီးလည်း မျက်စိမျက်နှာ ပျက်မနေစမ်းနဲ့"

ရွှေနွယ်ရိုးက ပခုံးချင်းတိုက်ပြီး ခပ်ဖော့ဖော့ပြော ပေမယ့် ရစရာမရှိအောင် ပျက်ယွင်းကျသွားသော သာဒင်ညို့ မျက်နှာသည်ကား ဘယ်လိုမှ ပြန်ပြီး အဖတ်ဆယ်လို့ မရတော့ချေ။

"ပြောလိုက်မိတာမှ မှားပြီထင်တယ်၊ နင် ဒီလောက်အထိ စိတ်ထိခိုက်သွားလိမ့်မယ်လို့ မထင်မိလို့ ငါက ပြောလိုက်တာ"





တကယ်ပါပဲ။ သာဒင်ညို့လို ဘာမဆို ခပ်ပေါ့ပေါ့ သဘောထားတတ်သည့် ကောင်ကလေးဟာ အခုကိစ္စမှာလည်း ပေါ့ပေါ့တန်တန်လေးပဲ ဖြေသိမ့်စရာကို ရှာတွေ့နိုင်လိမ့်မယ်လို့ ရွှေနွယ်ရိုးက ထင်ထားခဲ့တာ။

"စိတ်မထိခိုက်ပဲနေစရာလားဟာ … နင် တစ်ယောက်သုံးကို ဆုံးရှုံးရမယ့်ကိစ္စ ငါက ပျော်ပြီး ထ,ကနေရမှာလား"

"ဩော် … အဆုံးရှုံးတော့ မခံနိုင်ဘူးပေါ့လေ"

"ဘယ်လိုလုပ်ပြီး ခံနိုင်မှာလဲဟာ … ငါက နင့်ကို ခွဲမှ မခွဲနိုင်တာ"

အောင်မယ် …။ တယ်ဟုတ်နေပါလား။

လူဆိုတာ သေဆောနဲ့ ကြုံလာရင် စကားအမှန်တွေ ထွက်လာတတ်တယ်တဲ့။ အခု ကြုံတွေ့နေရသည့် ကိစ္စဟာ 'သေဆော'လို့ မပြောနိုင်လျှင်တောင်မှ သေရေးရှင်ရေးတမျှ အရေးကြီးသောကိစ္စ ဖြစ်တာမို့ သာဒင်ညိုဟာ သွေးပျက်ချောက်ချားပြီး သူတစ်ခါမှ မပြောဖူးသည့် စကားမျိုးတွေကို ပြောထွက်သာတာ ဖြစ်ရမည်။

"နင်က မခွဲနိုင်ဘူးလဲဆိုသေး … ပေါက်ကရတွေတော့ အကုန်လုပ်ပြီးတော့"

"ငါ ဘာလုပ်လို့လဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်တာပေါ့ ... ဖေဖေချိန်းတဲ့နေ့မှာ ကောင်းကော ရောက်မလာဘူးလေ"

"အဲဒီကိစ္စ ငါ ရှင်းပြပြီးပြီပဲ ... နင်တို့ တစ်မိသားစု လည်း ယုံကြသားပဲလေ"

"ယုံတာက ယုံတာတစ်ပိုင်းဟာ၊ နင် ရုပ်ပျာပျာနိုင် ကို ဖေဖေ သိသွားတာက တစ်ပိုင်းပဲ"

"ငါ အတတ်နိုင်ဆုံး ကြိုးစားသားပဲ"

"ပေါက်ကရတွေလည်း လျှောက်ပြောသေးတယ်"

"ဘာပေါက်ကရမှ မဟုတ်ဘူး၊ အဲဒါ နင်နဲ့ ပတ်သက် ငါ့ရဲ့ ရည်မှန်းချက်အစစ်အမှန်ပဲ"

"ဒါပေမယ့် အဲဒါတွေ ဘာမှ မပြောနဲ့ဦးလို့ ကြိုကြိုတ တင် မှာထားတာပဲ မဟုတ်လား"

"ငါကလည်း နင့်အဖေကြီး သဘောကျလိမ့်မယ်ထင် ပြောလိုက်တာပေါ့ဟာ ... အဲဒါကို ဘိုးတော်က သဘော မကျတဲ့အပြင် စိတ်ကြီးဆိုးပြီး မောင်းထုတ်ပစ်လိုက်တာ"

"အဲဒါနဲ့ပဲ စိတ်ညစ်လို့ ဆပ်ပလီထိတယ်ပေါ့လေ"

ရွှေနှယ်ရီးအဖေနဲ့ သာဒင်ညိုတို့ တွေ့ဆုံပွဲပြီး နှစ်လကြာမှာ သူတို့ နောက်ဆုံးနှစ်အပိုင်း(ခ)အတန်းအတွ ပိုင်နယ်စာမေးပွဲကြီးကို ဖြေခဲ့ရပါသည်။





အဲဒီစာမေးပွဲအတွက် ဘာသာရပ်လေးခု ဖြေရရာမှာ ဒင်ညိုက ဆေးပညာဘာသာရပ်မှာ စာမေးပွဲကျသည်။ သူတို့ ကျောင်းရဲ့ ထုံးစံအတိုင်း ဘာသာရပ်တစ်ခုမှာ ကျလျှင် ထိုဘာသာ စ်ခုတည်းအတွက် သတ်မှတ်သည့် အချိန်အတိုင်းအတာ ပေး ာ ကျောင်းပြန်တက်ပြီး သီးသန့်စာမေးပွဲ ပြန်ဖြေရသည်။

သူများတွေနဲ့ မတူဘဲ ကျောင်းပြန်တက်လိုက်ရတာမို့ ဒင်ညိုက အလုပ်သင်ဆရာဝန်သင်တန်းဆင်းရာမှာ ရွှေနှယ်ရီး ထက် နောက်ကျပါသည်။ အဲဒါကြောင့် ဒီနေ့ ရွှေနှယ်ရီးရဲ့ လုပ်သင်ဆရာဝန်သက်တမ်းနောက်ဆုံးနေ့မှာ သာဒင်ညိုအတွက် တော့ နောက်ထပ် သင်တန်းကာလနှစ်လ ကျန်နေခဲ့သေးလေ ည်။

"စိတ်ညစ်လို့ ဆပ်ပလီထိတာလို့တော့ မပြောချင်ပါဘူး ဟာ၊ ကိုယ်ညံ့တာကို သူများပေါ် အပြစ်ပုံချတဲ့အလုပ်မျိုး မလုပ်ချင်ပါဘူး၊ တကယ်က ငါညံ့လို့ ငါ့ဘာသာကျတာပါ"

တော်သေးတာပေါ့။ သူက ဖေဖေ့ကို အပြစ်မဆို ။ ရွှေနှယ်ရီးမှာတော့ သာဒင်ညို စာမေးပွဲကျရခြင်းအကြောင်း င်းတွေထဲမှာ ဖေဖေ့ရဲ့ ပစ်ပစ်ခါခါ၊ ခါးသီးသော ဆက်ဆံရေး ကြောင့်များ ပါနေမလားလို့ စိုးရိမ်မကင်း ဖြစ်နေမိတာ။

"ဒါပေမယ့် အခုလို စာမေးပွဲကျတဲ့အတွက် နင့်အဖေ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက ငါ့ရဲ့ အမှတ်စာရင်းမှာ အနုတ်လက္ခဏာတွေ ထပ်တိုးသွားတာပေါ့နော်"

"အညိုရယ် ... အဲလိုမပြောပါနဲ့၊ ဖေဖေ့အမှတ်စာရင်းကြီးက ဘာလုပ်ရမှာလဲ၊ နင့်အတွက် တကယ်အရေးကြီးတာ ငါ့ရဲ့ အမှတ်စာရင်းမှာ အပြည့်ရနေဖို့ပဲ မဟုတ်လား"

"ဒါတော့ ဟုတ်တာပေါ့ ... ဒါပေမယ့် နင်က နင့်အဖေ ရဲ့သမီးလေ ... အဲ့ဒါကို မေ့ထားလို့ရမလား"

"တစ်သက်လုံးတော့ မဟုတ်ဘူး၊ ခဏတော့ မေ့ထားလို့ ဖြစ်တယ်"

ဒီလောက်ပြောတာတောင် သာဒင်ညိုဆိုသည့် ငနွ ငနူကောင်က နားမလည်။

ဖေဖေက ရွှေနှယ်ရိုး ဟောက်ဆာဂျင်ပြီးတာနဲ့ သူ့ မိတ်ဆွေရဲ့သားနဲ့ ကောက်ပေးစားဖို့ စီစဉ်နေပြီ။ ကိုယ်ရဲ့တစ်ဦး တည်းသောသမီးလေးကို စောစောစီးစီး အိမ်ထောင်ချပေးဖို့ စိတ်ကူး အရင်က မရှိခဲ့သော်လည်း သာဒင်ညို့လက်ထဲ ပါသွားမှာစိုးလို့ ဖြန်းစားကြီး စီစဉ်ရတာ။

အဲဒီကိစ္စ သာဒင်ညို့ကို ပြန်ပြောလျှင် နိုးပြေးကြ ဘာညာဆိုသည့် တုံ့ပြန်စကားများ ကြားရလေမလား မျှော်လင့် မိသော်လည်း သာဒင်ညိုက စိတ်ဓာတ်ဗုန်းဗုန်းလဲသွားသည့် ပုံ နဲ့သာ တုံ့ပြန်လေသည်။





သူက အဲဒီလိုကြီး ဖြစ်နေတော့ မိန်းကလေးဖြစ်သည့် ရွှေနှယ်ရိုးက ဘာများပြောလို့ ရဦးမှာလဲ။ ညှံ့ပေစွ။

"နင့်အဖေကို ပြောကြည့်လို့ မရတော့ဘူးလားဟင်"

"ဘာပြောကြည့်ရမှာလဲ"

အားမရချင်စရာကောင်းလိုက်တာ။ သာဒင်ညိုရဲ့ တုံ့ ပြန်မှုဟာ သွက်သွက်လက်လက် တက်တက်ကြွကြွ မဟုတ်ဘဲ ကြောင်ကို လည်ပင်းတက်နင်းထားသလို ညှောင်နာနာနိုင်နေတာ ဟာ အသည်းယားချင်စရာ မကောင်းပေဘူးလား။

"ဟိုလေ ... ငါက သူ့ ထင်သလောက်လည်း မဆိုးသေး ပါဘူး ဆိုတာရယ်၊ ရှေ့လျှောက် နင့်အတွက် အများကြီး ကြိုးစားပါ့မယ် ဆိုတာရယ်၊ နောက်ပြီး သူ ပေးစားမယ့် သူ့ဌွေးသားလို ကျိုကျိုတက် မချမ်းသာပေမယ့် ဘာမျှော် လင့်ချက်မှမရှိတဲ့ တွင်းဆုံးကျသမား မဟုတ်ပါဘူး ဆိုတာ ရယ်ကို သိအောင် ပြောထားပေးပေါ့"

"ဒါပဲလား"

"ဒီထက် ဘာပြောစရာ ရှိဦးမှာလဲ"

မဟုတ်သေးပါဘူး။ ဒီထက် ပြောစရာရှိရှိဦးမလဲ။ ကျောင်းပြီးရင် ရွှေနှယ်ရိုးကို ဘယ်လို လာရောက် တောင်းရမ်း လက်ထပ်ယူပါမည် ဆိုတာတွေကို သူ့မက ကြားချင်သေးတာ။

သာဒင်ညိုကလည်း ဒီစကားတွေဟာ အကုန်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



နေဖို့ မလိုသည့် အားလုံးသိပြီးထားသင့်သော စကားတွေလို့ ထင်သည်။ မိန်းကလေးတစ်ယောက်နဲ့ ချစ်သူဖြစ်နေပါပြီဆိုမှ တော့ အချိန်တန်သည့်အခါ အဲဒီမိန်းကလေးကို လက်ထပ်ယူဖို့ သာရှိတာ။ လက်ထပ်မည်ဆိုလျှင်လည်း လူကြီးမိဘတွေခေါ်လာ၊ တောင်းရမ်း၊ မင်္ဂလာပွဲအတွက် စေ့စပ်ညှိနှိုင်း၊ အဆင်ပြေသည့် နေ့မှာ မင်္ဂလာဆောင်။ ဒါတွေဟာ မလုပ်မဖြစ် လုပ်ရမည့် ထုံးတမ်းစဉ်လာတွေ။ အခုလို သူ့သမီးနဲ့ ကိုယ့်ကို သဘောတူလား မတူလားတောင် သေချာမသိသေးသည့် အခြေအနေမှာ ကိုယ့်ဘက်က လူကြီးစုံရာနဲ့ ဘယ်တော့လာတောင်းပါမည် ဆိုတာမျိုး၊ ပြောဖို့မလိုသေးဘူးလို့ပဲ သာဒင်ညိုက ယူဆပါသည်။

ရွှေနှယ်ရီးကလည်း ကိုယ့်အတွေးနဲ့ကိုယ်။ သာဒင်ညို့ရဲ့ မလှုပ်တချောက် လှုပ်တချောက် အခြေအနေကို ကြည့်ကာ စိတ်ထဲ မခံချိမခံသာ ဖြစ်နေသည်။

ဒီကောင်လေးဟာ ကိုယ့်ကို တကယ်ချစ်သည်လို့ ယုံကြည်နေနိုင်ပေလို့သာ။ လုပ်ပုံလုပ်ပေါက်ကတော့ အချိုးမပြေလှပါဘူး။ သူ့ပုံစံ ကြည့်ရခြင်းအားဖြင့် အရေးကြုံတဲ့အခါ မိန်းကလေးဘက်ကပဲ ဦးဆောင်ရတော့မည်ဆိုတာ သိသာထင်ရှားနေပြီ။



၂၉

“နင်တို့ စကားပြောရင် မြန်မြန်ပြောကြနော်၊ တော်ကြာ တစ်ခုခုပြဿနာတက်ရင် ငါပါ မျက်နှာပျက်ရမှာ”

သီလဝါက ခပ်မြန်မြန် သတိပေးပါသည်။

ရွှေနှယ်ရီးနဲ့ သာဒင်ညိုတို့ ချိန်းတွေ့ရသည့်နေရာ [illegible]လည်း ကတ်သီးကတ်သတ်နိုင်လှလေသည်။ တခြားသူငယ်ချင်း [illegible]တွေဆို ဒီကိစ္စမျိုး ကူညီမှာ မဟုတ်လို့ သီလဝါကို အကူအညီတောင်း [illegible]တောင်မှ အဆင်ပြေပြေ မဖြစ်နိုင်သေး။

မင်္ဂလာကိစ္စ ပိုပြီး ထိထိရောက်ရောက် စီစဉ်လာ[illegible] [illegible]လေလေ ဖေဖေရဲ့ အနီးကပ်စောင့်ကြည့်မှုတွေက ပိုပြီး[illegible] [illegible]လာလေလေ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဟာ သားအဖချင်းမို့ ရွှေနှယ်ရီး ဘာလုပ်တော့မည်ဆိုတာ ရိပ်မိနေပုံရပါသည်။

သူဟာနဲ့သူတော့ အပြစ်ပြောစရာမရှိသည့် သတို့သားကိုလည်း ဘာမှ ပစ်ပစ်ခါခါမပြော၊ ဟိုဘက်က လူကြီးတွေနဲ့ စကားပြောဆိုရာမှာလည်း ထော်လော်ကန့်လန့်မရှိ၊ အဖေနဲ့အမေကိုလည်း ကောင်းကောင်းမွန်မွန် ဆက်ဆံနေသော ရွှေနှယ်ရီးရဲ့ အခြေအနေဟာ ပုံမှန်မဟုတ်ဘူးဆိုတာ ဖေဖေက ကောင်းကောင်းကြီးသိသည်။

အဲဒါကြောင့်ပဲ ဝီရိယတွေ ပိုလာကာ အစောင့်အကြပ်တွေ တင်းတင်းကျပ်ကျပ် ချမှတ်ထားတော့တာ။

မေမေက စိတ်လည်းပျော့သည်။ အေးလည်းအေးဆေးကာ သမီးပြောသမျှလည်း ယုံတတ်တာမို့ ဖေဖေက မေမေ့ကို စိတ်မချချေ။ ဒါကြောင့် သူစိတ်ချရမည့်၊ သူ့အမိန့်ဩဇာကို မြေဝယ်မကျ နာယူမည့် အလုပ်ထဲက တပည့်အမျိုးသမီးတစ်ယောက်နဲ့ သူ့လိုပဲ တစ်စိတ်တည်းတစ်ဝမ်းတည်းရှိသော အစ်မဝမ်းကွဲအပျိုကြီးတစ်ယောက်ကို ခေါ်ထားလိုက်ပါသည်။

သွားရေးလာရေးမှာလည်း အရင်လို ကိုယ့်ဘာသာ ကားမောင်းသွားခွင့် မပေးတော့ဘဲ သူ့ရဲ့လက်ရုံးတပည့် ဒရိုင်ဘာကိုမြအုန်းကို ထည့်လိုက်ပါသည်။ ရုံးသွားလျှင် စတိုင်ပျက်မှာစိုးလို့ ဒရိုင်ဘာမောင်းသည့်ကားကိုသာ အခန့်သားစီးလိုက်တတ်သော ဖေဖေဟာ အခုတော့ ဘယ်သွားသွား ကားကို ကိုယ်တိုင်ပဲ မောင်းလျက် သူ့ရဲ့ လက်ရုံးတပည့်ကြီးကိုတော့ ရွှေနှယ်ရီးအတွက် ဒရိုင်ဘာအဖြစ်သာမက အစောင့်အရှောက်အဖြစ်နဲ့ပါ ထည့်ပေးလိုက်တော့တာ။





ဖေဖေတို့များ ဘယ်လောက် ဝီရိယကြီးကာ အကွက်စေ့လိုက်သလဲဆိုလျှင် ရွှေနှယ်ရီး ဖုန်းပြောလည်း အနားမှာ အစောင့်တစ်ယောက်ရှိသည်။ သူငယ်ချင်းတွေနဲ့လည်း အကြောင်းအမျိုးမျိုးပြကာ ပေးမတွေ့။ ရွှေနှယ်ရီးမှာ အလိုလိုနေရင်း အကျဉ်းသားဘဝကို ရောက်နေတော့တာ။

ဒီနေ့လည်း ဖေဖေ့ အစ်မဝမ်းကွဲ ကြီးတော်အပျိုကြီးနဲ့ သတို့သမီးဝတ်စုံရွေးဖို့ ထွက်လာရတာ။ ရှားရှားပါးပါး အရေးအကြောင်းကြုံမှ အပြင်ထွက်ခွင့်ရသော အခြေအနေလေးမှာ သာဒင်ညိုနဲ့ တွေ့ခွင့်ရဖို့အတွက် ရွှေနှယ်ရီးမှာ တော်တော်လေး လုံးပန်းလိုက်ရပါသည်။

သူငယ်ချင်းတွေနဲ့ ပေးမတွေ့ရေး အစီအစဉ်အရ ရွှေနှယ်ရီးမှာ အရင်လို သူများအိမ်တွေ အလည်အပတ် သွားဖို့အခွင့်အရေး မရှိပါ။ ဒီနေ့တော့ အပြင်ထွက်ဖို့ ကိစ္စရှိတာနှင့် ဖေဖေ့အလစ်မှာ မိသီကိုပဲ ကြိုတင်ဖုန်းဆက် အကူအညီတောင်းထားရတာ။

အင်္ကျီရွေးဖို့ ထွက်လာကြတော့ လမ်းမှာ ဝိုက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လှပါပြီ၊ အိမ်သာတက်ချင်လွန်းလို့ပါဟု အကြောင်းပြလျက် သီလဝါတို့အိမ်ကို လှည့်ပတ်မောင်းခိုင်းရတာ။

အိမ်သာတက်ဖို့ ကီစွလေးတောင် တော်တော် အာပေါက်အောင် ပြောယူရပါသည်။ အမေမှာတဲ့ဆန်တစ်ခွဲ သုံးစိတ်နဲ့ မလဲသည့် ဖေဖွဲ့ဒရိုင်ဘာက မအောင့်အီးနိုင်လွန်းလို့ ကားပေါ်ဆွက်ကျချင်ကျပါစေ၊ ပြီးမှ သုတ်သင်ရှင်းလင်းပစ်မည် ဆိုတဲ့ သဘောနဲ့ သီလဝါအိမ် မောင်းပို့ပေးဖို့ အတင်းငြင်းဆန်နေတာ။ နောက်ဆုံး မိန်းမချင်းဖြစ်သည့် ကြီးကြီးက ကိုယ်ချင်းစာစွာ ဝင်ပြောပေးမှ ဝင်ခွင့်ရတာ။

သီလဝါ့အိမ် ဝင်ခွင့်ရတော့လည်း ကြီးကြီးက လိုက်ဆင်းကာ ဘေးကပ်ပါနေသေးသည်။ ဘယ်လောက်အထိများလဲဆို အိမ်သာရှေ့အထိ လိုက်စောင့်သေးတာ။

ဒါပေမယ့် ရွှေနွယ်ရိုးပဲ။ ဘယ်ရလိမ့်မလဲ။ သီလဝါအိမ်ရဲ့ အနေအထားကို ကြီးကြီးက သိတာမဟုတ်ဘဲ။ အကြောင်းသိဖြစ်နေသော ရွှေနွယ်ရိုးကတော့ အလုံပိတ်ဖြစ်သည့် သီလဝါ့အိပ်ခန်းထဲက အိမ်သာကို မဝင်ပါ။ ဧည့်ခန်းနဲ့ ထမင်းစားခန်းကြားထဲက ဧည့်သည်လာလျှင် အသုံးပြုဖို့ထားပေးသည့် အိမ်သာကိုသာ ရွေးတက်တာ။

ထိုအိမ်သာက တံခါးနှစ်ပေါက်ရှိသည်။ ဧည့်ခန်းထဲကပဲ ဝင်ဝင်၊ ထမင်းစာခန်းဘက်ကပဲ ဝင်ဝင်၊ ဝင်လို့ရအောင်





လုပ်ထားတာ။ ဧည့်ခန်းဘက်က တံခါးပေါက်မှာ ကြီးကြီးက ထိုင်စောင့်နေလျှင် ရွှေနွယ်ရိုးက အိမ်သာထဲဝင်၊ ပြီးလျှင် ဟိုဘက်တံခါးပေါက်ကိုဖွင့်ကာ ထမင်းစားခန်းထဲက ခိုးထွက်လျက် အပြင်ရောက်အောင် ကြိုးစားရပါသည်။

အပြင်ရောက်မှ ခြံနောက်ဘက် အပြေးသွားကာ အဆင်သင့် စောင့်နေသော သာဒင်ညိုကို သွားတွေ့ရပါသည်။

"ကြာလိုက်တာဟာ၊ သူများအိမ်နောက်ဖေးမှာ ရစ်သီရစ်သီနဲ့ စောင့်နေရတာ ငါ့ကို လူတွေက ဘယ်လို ထင်ကြသလဲ သိလား၊ ထဘီရုတ်မဲ့ ဘိန်းစားလို့ ထင်နေကြမှာ"

"အပိုတွေ ပြောမနေနဲ့၊ ဘာမှလဲ ဖြတ်မမေးနဲ့၊ အချိန်မရဘူး၊ ငါပြောတာ နားထောင်"

အေးအေးဆေးဆေး မှတ်ကာ စကားကြောရှည်တော့မည့် သာဒင်ညို့ကို ပိတ်ပြီး တားမြစ်ကာ သူငယ်ချင်းတွေနဲ့ ဝိုင်းဝန်းတိုင်ပင်ထားတာတွေကိုသာ အမြန်ပြောရပါသည်။

မိန်းကလေးဘက်က ဒီလိုက်စွမျိုးအတွက် စပြီး စီစဉ်ရတာ သိပ်တော့ ခံချင်ဖွယ် မရှိလှပေမယ့် သာဒင်ညိုဆိုသည့် ကောင်ကလည်း ကိုယ်ကသာ မစီစဉ်လျှင် ဘာမှ ဖြစ်မြောက်လာမှာမဟုတ်ချေ။ သူ့စိတ်သူ့သဘောနဲ့ စီစဉ်ရလျှင်လည်း တလွဲတချော်တွေပဲ ဖြစ်လာမယ့်အတူတူတော့ သူ့ကိစ္စ၊ ကိုယ့်ကိစ္စ ခွဲမနေတော့ပါဘူး။ ကိုယ်ပဲ စီစဉ်ပေးလိုက်တာ ကောင်းပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ... နင် လုပ်ရမှာက ကားတစ်စီးရှာ၊ ဟိုတစ်ခါလို လမ်းမှာ ထိုးရပ်တာမျိုး မဖြစ်စေနဲ့၊ စက်ကောင်းရမယ်၊ ဘီးကောင်းရမယ်၊ ဓာတ်ဆီအပြည့်နဲ့ ဆီပိုလည်း တင်ထား၊ ကားသော့ပျောက်တာတို့၊ ကားထဲ ပိတ်မိသွားတာတို့လည်း မဖြစ်စေနဲ့"

"ဒီလောက်တော့ မှာစရာမလိုပါဘူးဟာ"

"မှာရတယ် ... နင်က အောက်ခြေမသိမ်းလွန်းလို့၊ ထားပါ ကြားဖြတ်မပြောနဲ့ဆို၊ နောက်ပြီး နေစရာရှာ ... နင့်ဆွေမျိုးအရင်းတွေ၊ သူငယ်ချင်းအရင်းတွေလည်း မဖြစ်စေနဲ့ဦးနော်၊ လိုက်ရှာရင် ကွိခနဲ မိသွားမှာမျိုး မလုပ်နဲ့၊ နောက်ပြီးတော့ လမ်းမှာ တရားရုံးတစ်ခုခုဝင်ပြီး လက်မှတ်ထိုးသွားနိုင်အောင်လည်း စီစဉ်ထား၊ ဪ ... အရေးကြီးတာက အဝတ်အစား ... နင့်အဝတ်အစားတော့ နင့်ဘာသာကြိုက်သလိုသယ်၊ ငါ့အတွက်လိုသမျှ အဝတ်အစား အသုံးအဆောင်တွေ စုပေးထားဖို့ မိသီကိုမှာ ... ပြီးတော့ နင်ယူထား၊ မင်္ဂလာပွဲကျမှ ထွက်လာရမှာ ဆိုတော့ ငါက ဘယ်လိုပုံစံနဲ့ ထွက်လာရမယ်မှန်း မသိသေးဘူး၊ လတ်တလောလ်ဖို့ အဝတ်တစ်စုံ အသင့်ထုတ်မိုင်းထား၊ ကြားလား"





"အေးပါဟာ"

"နေဦး ... မပြီးသေးဘူး၊ အရေးအကြီးဆုံးက ဘာလဲဆိုတော့ အချိန်တိကျဖို့၊ ဒီကိစ္စ အချိန်ကိုက်ပြီး လုပ်ရမှာနော်၊ တစ်စက္ကန့်မှ လွဲလို့မဖြစ်ဘူး၊ ညေ့ခံပွဲက ညနေ သုံးနာရီစမှာ၊ ငါက အလှပြင်ဖို့ နှစ်နာရီကျော်ကတည်းက ရောက်မယ်၊ အဲဒီအချိန်တည်းက နင်ရှိနေပြီးတော့ မိသီကိုလည်း ကြည့်ထား၊ အဝင်လမ်း အထွက်လမ်း၊ ဖြတ်လမ်း ပုန်းရှောင်စရာလမ်း အားလုံးကြည့်ထား"

သာဒင်ညိုက ရှု့မဲ့နေပြီ။ ဒီလောက်အထိ အထပ်ထပ် အမှာခံနေရတာ နားတွေလည်း အူလာပါပြီ။

သုံးလလောက် တွေ့ခွင့်မရခဲ့သည့် ကိုယ်ချစ်သူကို တွေ့တုန်းဆုံတုန်းလေး ဘယ်လောက်လွမ်းနေရသည့်အကြောင်း၊ ဘယ်လောက် နေမထိထိုင်မသာ ဖြစ်ရသည့်အကြောင်း ပြောပြချည်လို့ အားခဲထားသမျှ တက်တက်စင်အောင် လွဲတာပဲ။ သာဒင်ညိုမှာ ဘာစကားမှ မပြောနိုင်သည့်အပြင် သူဟာနဲ့သူတောင် အချိန်တိုတိုအတွင်း အချက်အလက် စုံစုံလင်လင်ပါနိုင်ဖို့ အသက်မျှတမ်း ပြောနေရသည့် ချွန်နွယ်ရီးနဲ့ သီလဝါတို့ရဲ့ စကားတွေကို နည်းလိုက်မှတ်နေရလေသည်။

"အညို ... ငါမှာထားပါရစေနော်၊ လုံးဝ မလွဲပါစေနဲ့၊ နင် တစ်သက်လုံး အလွဲအချော်တွေ လုပ်လာတာ ငါ ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်၊ ရှေ့ဆက် အလွဲတွေလုပ်ဦး ခွင့်လွှတ်မှာပဲ၊ ဒီတစ်ခါ လွဲရင်တော့ လုံးဝခွင့်မလွှတ်ဘူးနော်”

ကြောက်စရာကြီး။ ရွှေနှယ်ရီး ပြောနေပုံက တစ်ခုခု အတွက် နိမိတ်ပုံဆောင်နေသလိုမျိုးကြီး။

သူသာဆိုလျှင်တော့ ဒီလိုအချိန်၊ ဒီလိုအခြေအနေ မှာ ဒီစကားမျိုး ပြောထွက်ရက်မှာ မဟုတ်ပါဘူး။

နောက်ပြီး ကိုယ့်ဘက်က တမင်တကာ မှားယွင်း လွဲချော်အောင် ဘယ်တော့မှ မလုပ်မှာ သေချာနေပေမယ့် ကံကြမ္မာရဲ့ ကျီစယ်မှုနဲ့ အလွဲအချော်တွေဆိုတာ ဖြစ်တတ်တာပဲ။ သူ့ဘဝမှာ တမင်တကာ ကျူးလွန်သည့်အမှားမျိုးထက် ဘယ်လို မတတ်သာစွာ အခြေအနေအရ ဖြစ်သွားသည့် အမှားမျိုးကပဲ များလှတာ။

“အဲဒါ ... ဘာဖြစ်လို့ ခုထက်ထိ ကတိမပေးနိုင်သေးတာ လဲ”

သာဒင်ညိုက ခပ်တွေတွေလေး စဉ်းစားနေချိန်မှာ ရွှေနှယ်ရီးကလည်း မေးနေပြန်သည်။

“ပေးမှာပါ၊ ငါလည်း အဆင်အပြေဆုံးဖြစ်အောင် လုပ်ချင် စိတ်ကူး ရှိတာပေါ့”

“ဟွန်း ... အပြောနဲ့အလုပ် ညီပါစေနော်၊ အချိန်တွေ ရွေ့ တွေရော မှတ်မိရဲ့လား”





“အဲဒီမေးခွန်း မမေးပါနဲ့ဟာ _ မိသိဆီက ဖိတ်စာကို ငါ ဘယ်လောက် ရင်နာနာနဲ့ ကြည့်ထားရတယ် မှတ်လဲ”

သာဒင်ညိုက မျက်နှာငယ်လေးနဲ့ ပြောလိုက်လျှင်တော့ ရွှေနှယ်ရီးက လိုက်ခနဲ စိတ်မကောင်းဖြစ်သွားရပါသည်။ ဘယ်လောက်ပဲ အစီအစဉ်တွေ ဆွဲထားပြီးသား ဖြစ်ပါစေ လတ်တလောမှာတော့ သူ့ချစ်သူဟာ တခြားယောကျ်ား တစ်ယောက်ရဲ့ မိန်းလောင်းဖြစ်နေပြီ။ ဒီလို အခြေအနေမျိုးကို ဘယ်ယောကျ်ား လေးကများ ရင်ဆိုင်ရဲမှာတဲ့လဲ။

“အေးပါ ... ငါ သဘောပေါက်ပါတယ်၊ ဘာအကြောင်း ကြောင့်ပဲဖြစ်ဖြစ် ငါက နင့်ဘက်မှာပဲ ရှိတာပါ”

ရွှေနှယ်ရီးက သာဒင်ညိုလက်ကို ကြင်ကြင်နာနာ လေး ဖျစ်ညှစ်အားပေးစကား ပြောလိုက်လျှင် သာဒင်ညိုလည်း ကြည်နူးသွားကာ ရွှေနှယ်ရီးအနား ပိုမို တိုးကပ်ဖို့ ကြိုးစားလိုက် လေသည်။

“အ”

ခြေတစ်လှမ်း အတိုးလိုက်မှာ လူက ရှေ့ကို ရောက် မသွားဘဲ မြေကျွံသလို ခြေထောက်တစ်ဖက် နိမ့်ခနဲ ကျွံဝင်သွား တာမို့ သာဒင်ညိုက အလန့်တကြား ငုံ့ကြည့်ပါသည်။

လား ... လား။ တခြားဟုတ်ပါရီးလား။ ခြံစည်းရိုးပင်



www.burmeseclassic.com

www.burmeseclassic.com



တွေအောက် စပ်ပွပွမြေကြီးမှာ တူးထားသည့် ကြွက်တွင်းထဲ ခြေချော်ကျသွားတာကိုး။ ချော်ကျတာမှ သက်သောင့်သက်သာမဟုတ်။ တွင်းရဲ့အလျားအတိုင်း ခြေထောက်က ကန့်လန့်ဝင်သွားကာ တော်တော်နဲ့ ပြန်ဆွဲထုတ်မရဘဲ ဖြစ်နေသည်။

"ဟား ... ဟား ... နင်ကတော့လေ၊ ဖြစ်ကိုဖြစ်ရမယ်"

ရွှေနှယ်ရီးက ရယ်မောကာ သာဒင်ညိုကို လက်တစ်ဖက်က ဖေးကိုင်ပြီး ခြေထောက်ဆွဲနုတ်ရာမှာ အားပြုဖို့ကူညီပေးလိုက်ပါသည်။

မမြင်ရတာ ကြာပြီဖြစ်သည့် ရွှေနှယ်ရီးရဲ့ အရယ်မျက်နှာလေးကို မြင်လိုက်ရတာမို့ သာဒင်ညိုလည်း စိတ်ချမ်းသာသွားရကာ ခြေထောက်လှုပ်မရတာ၊ ခြေကျင်းဝတ်မှာ နာကျင်သွားတာကိုတောင် ဂရုမစိုက်နိုင်ဘဲ မချိသွားဖြဲလေးနဲ့ လိုက်ရယ်ရင်းကနေ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ဟက်ဟက်ပက်ပက် ရယ်မောမိကြလေသည်။

ထိုရယ်မောမှုဟာ သူတို့နှစ်ယောက်ရဲ့ လှပသောချစ်သူဘဝလေးအတွက် နောက်ဆုံးရယ်မောရခြင်း ဖြစ်ကြောင်းကိုတော့ ရွှေနှယ်ရီးရော သာဒင်ညိုပါ မသိခဲ့ကြချေ။



## ၃၀

"မျက်လုံးအောက်မှာ အရောင်နည်းနည်း လိုနေသေးတယ်ထင်တယ်နော် ... ထပ်ထည့်လိုက်ဦးမယ် သိလား"

ပြောပြောဆိုဆို အလှပန်တီးရှင် မာမီက မိတ်ကပ်ဘူးထဲမှ အနီရောင်မိတ်ကပ်တချို့ကို ဘရပ်ရှ်ဖွားဖွားလေးနဲ့ ယူလျက် မျက်ခုံးအောက်မှာ တဖုတ်ဖုတ် တို့ရိုက်လိုက်လေသည်။

သူ အဲဒီလို ရိုက်လိုက်လို့ပဲ မိတ်ကပ်တွေ မျက်လုံးထဲ ဝင်ကုန်တာလားတော့ မသိ။ ရွှေနှယ်ရီးက မျက်ရည်တွေတောင် ကျချင်လာရပါသည်။

www.burmeseclassic.com



စိတ်လှုပ်ရှားလွန်းတာကြောင့် မနက်ကတည်းက ဘာမှ စားမဝင်သည့်အပြင် ပျို့ချင်အန်ချင်ပါ ဖြစ်နေသေးသည်။ လေချဉ်တွေတက်ပြီး အန်ချင်လာလို့ ဘေစင်ပြေးပြီး အန်ကြည့်လိုက်တော့လည်း လေကလွဲလို့ ဘာမှ ထွက်မလာ။ လူကသာ တအင့်အင့် လှိုက်တက်လာသည့် ပျို့ချင်စိတ်ကြောင့် မျက်ရည်တွေ ထွက်ကာ မျက်နှာအစ်အစ်ကြီး ဖြစ်လာရသည်။

"ကဲ ... ချက်လုံးတော့ ပြီးပြီ၊ နှုတ်ခမ်းနီဆိုးမယ်နော် ... ဘာအရောင် ကြိုက်လဲ ရွေး"

မာမိက နှုတ်ခမ်းနီဘူးတွေပြကာ အရောင်ရွေးခိုင်းနေပါသည်။ ရွှေနှယ်ရီးကတော့ ရင်ထဲ မောဟိုက်နေတာတစ်ခုပဲ သိကာ မျက်စိတွေလည်း ပြာဝေလျက် အရောင်တွေကိုတောင် သဲသဲကွဲကွဲ မမြင်နိုင်ပါ။

"မာမီကြိုက်တာပဲဆိုးပါ၊ ကျွန်မ အရောင်မရွေးတတ်ဘူး"

"သတို့သမီးက အသားညိုတော့ စပ်ဖြဲရောင့်တွေဆို သိပ်မလိုက်ဘူး၊ လိမ္မော်နဲ့အသားရောင် စပ်ထားတဲ့အရောင်လေး ဆိုးလိုက်မယ်"

ပြောပြောဆိုဆို နှုတ်ခမ်းနီတွေ ထည့်ထားသည့် ကတ်ဘူးထဲက လိမ္မော်ညိုရောင်ခွက်ထဲ စုတ်တံထည့်ကာ နှုတ်ခမ်းနီတွေ ကော်ယူလိုက်၊ ရွှေနှယ်ရီးကို ဆိုးပေးလိုက် လုပ်နေပါသည်။





နှုတ်ခမ်းနီရဲ့ စေးပျစ်ပျစ် အထိအတွေ့နှင့် စုတ်တံကို အားကုန်ဆွဲကာ သုတ်လိုက်လေတိုင်း နှုတ်ခမ်းသားတို့ ရွဲ့ရွဲ့ပြီး ပါသွားရသည့် သက်သောင့်သက်သာ မရှိလှသော အခြေအနေကို အရင်လို အချိန်ကဆိုလျှင်တော့ အတော်ခံရခက်မှာ ဖြစ်သော်လည်း ဒီချိန်မှာတော့ ဒီလောက်ကလေးဟာ မှုစရာကို မဟုတ်ပေ။

ရွှေနှယ်ရီးရဲ့ စိတ်ထဲမှာ သာဒင်ညို ဘယ်အချိန် ရောက်လာမလဲ၊ မင်္ဂလာပွဲကနေ ဘယ်အချိန် အလစ်ချောင်းကာ ထွက်ပြေးရမလဲ၊ နောက်ထပ် ဘယ်လိုအတားအဆီး အခက်အခဲတွေနဲ့ ကြုံတွေ့ရဦးမလဲဆိုသည့် အတွေးတစ်ခုတည်းသာရှိလျက် လူက ကျောက်ရုပ်ကြီးတစ်ခုလို အသက်ကင်းမဲ့စွာ ငြိမ်သက်လျက် ရှိသည်။

လူကသာ ငြိမ်သက်နေသော်လည်း ရင်ထဲမှာကား တာဝေးပြေးသမားတစ်ယောက်ရဲ့ မောဟိုက်ခြင်းမျိုးထက် နှစ်ဆသာသော မောဟိုက်ခြင်းမျိုးနဲ့ ပြည့်နှက်နေလေသည်။

သာဒင်ညို့ကို အသေအချာ မှာထားပြီးသား ဖြစ်ပေမယ့် အခြေအနေ မပေးတာကြောင့် တစ်ခါပဲ မှာနိုင်ခဲ့တာကို ဘယ်လိုမှ စိတ်မချ။ ကိုယ့်မှာသာ သူ့ခေါင်းထဲ ဘယ်လောက် အတိုင်းအတာအထိ ဝင်မှာလည်း၊ ဘာတွေ လွဲချော်ကုန်မလဲ၊ မျှော်လင့်ထားသည့်အတိုင်း အဆင်ပြေပါ့မလားဆိုသည့် သောကတွေသာ ရင်ထဲကို မီးမြိုက်သလို ပူလောင်စေလိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နှုတ်ခမ်းနီတော့ ဆိုးလို့ပြီးပြီ ... ဒီမှာ ... နှုတ်ခမ်းနှစ်ခုကို ဟောဒီလို တင်တင်းလေး ဖိကပ်ကြည့်လိုက်စမ်း"

မာမီညွှန်ပြသည့်အတိုင်း နှုတ်ခမ်းကို ဖိပြီး နှုတ်ခမ်းနီတွေ ညီအောင် ညှိပေးနေရစဉ်မှာ ဒီပွဲဟာ သူမနဲ့ သာဒင်ညိုတို့ရဲ့ မင်္ဂလာပွဲသာ ဖြစ်နေခဲ့လျှင် ဘယ်လောက် ပျော်စရာကောင်းလေမလဲဟု ရွှေနှယ်ရီးက တွေးနေမိသည်။

အဲဒီလိုသာဆိုရင် မိရွှေနှယ်ရီးတို့ အခုလို သက်မဲ့ကျောက်ရုပ် ဘယ်ဖြစ်နေမလဲ။ တက်ကြွသွက်လက်ပြီး ဟိုဟာလုပ်ပါဦး၊ ဒီဟာလုပ်ပါဦးလို့ အသံစာစာနဲ့ အမိန့်ပေးလို့ ကောင်းနေမှာ။

"မျက်နှာတော့ ပြီးသွားပြီ၊ ဆံထုံးနည်းနည်း ထပ်ပြင်မယ်နော်"

မာမီက ဆံထုံးဘက် အာရုံရောက်သွားစဉ်မှာ သီလဝါက အနားကပ်လာကာ ...

"အချိန်တောင် သိပ်မရှိတော့ဘူး ... နင် ဘာလုပ်မှာလဲ"

"ဖေဖေရော"

"အန်ကယ် အောက်ထပ်ဆင်းသွားပြီ၊ ဧည့်သည်တွေ ညှိခံနေပြီ၊ အန်တီရောပဲ"





မင်္ဂလာပွဲစဖို့ အချိန်လည်း သိပ်မလိုတော့ဘူးဆိုတော့ ဖေဖေ စိတ်ချသွားပြီ ထင်ပါရဲ့။ တစ်ချိန်လုံး စောင့်ကြည့်နေသည့် အခြေအနေကို လျှော့ချပစ်လိုက်သည်။ ဖေဖေ့တာပည့် အမျိုးသမီးနဲ့ ကြီးကြီးတို့ အခန်းထဲမှာ ရှိနေဆဲဖြစ်သော်လည်း ခပ်လှမ်းလှမ်းက စောင့်ကြည့်ရုံသာ။

"သာဒင်ညို ရောက်နေပြီလား မသိဘူး ... ဟိုတယ်နောက်ပေါက်နားမှာ ကားရပ်စောင့်နေဖို့ မှာထားတာ"

အင်းယားလိပ်ဟိုတယ်ကို မင်္ဂလာပွဲအတွက် ရက်လာချိတ်သည့်နေ့ကတစ်ခါ၊ ရက်ချိန်းသေချာ မသေချာ လာစုံစမ်းစဉ်က တစ်ခါ၊ မနေ့က ပွဲအတွက် အားလုံးစီစဉ်ထားကျ ရှိမရှိ လာမေးစဉ်က တစ်ခါ သုံးခါတိတိ ရောက်ဖူးပြီး ဝင်ပေါက်ထွက်ပေါက်၊ သွားလမ်းလာလမ်းတွေ အားလုံးကိုလည်း ဟိုတယ်ထဲ အပျော်လိုက်လေ့လာသလိုလိုနဲ့ ကြည့်ထားတာမို့ သတို့သမီး အလှပြင်ခန်းထဲက ထွက်ပြီး ဘယ်လှေကားက ဆင်းကာ ဘယ်လမ်းကပြေးလျှင် ဟိုတယ်နောက်ပေါက်ကို ရောက်မည်ဆိုတာ ရွှေနှယ်ရီးက ကြိုသိပြီးသား။

လူသုံးနည်းသော နောက်တံခါးပေါက်ကနေ ပြေးထွက်နိုင်၊ အပြင်ကို ခပ်လျှိုလျှိုလေး ရောက်သွားနိုင်သည်ကို ရွှေနှယ်ရီးက ကြိုတင် စီစဉ်အကွက်ချထားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"အခုဆို သူရောက်နေပြီ၊ ဘာလုပ်ရမလဲ"

"ဒါဆိုလည်း လစ်တော့လေဟာ"

"ဟိုမှာ အစောင့်ကြီးတွေ"

သီလဝါက ရွှေနှယ်ရိုး ကြီးတော်နဲ့ အစောင့်အစ်မကြီးကို တစ်ချက် လှမ်းကြည့်လိုက်ပါသည်။ ရွှေနှယ်ရိုးရဲ့ နိုးရာလိုက်မည့် အစီအစဉ်ကို မသိကြသေးသော ခိုင်မာနဲ့ မြရုံတို့ကိုပါ တစ်ဆက်တည်း အကဲခတ်လျက် ...

"အခြေအနေကတော့ သက်သောင့်သက်သာပဲ ... ဒီမှာ ရွှေရိုး၊ ငါ အခန်းထဲမှာ လူတွေရှုပ်ရှုပ်ထွေးထွေး၊ အုံးအုံးကျက်ကျက် ဖြစ်အောင် လုပ်ပေးမယ်၊ အဲဒီအချိန် ဟိုသက်တော်စောင့်ကြီး နှစ်ယောက်နဲ့ ခိုင်မာ့အလစ်ကို ကြည့်ပြီး ခြေးပေတော့"

သီလဝါက လက်ကာပြခဲ့ကာ အောက်ထပ်ခဏဆင်းသွားပါသည်။ သီလဝါ ပြန်တက်လာလျှင် စကားပြောသံ၊ ရယ်မောသံတွေ တဆူဆူ တညံညံနဲ့ ကျောင်းက သူငယ်ချင်းတစ်အုပ်ကြီးပါလာလေသည်။

"ကဲ ... သတို့သမီး ထဘီလဲဝတ်ရအောင်"

သီလဝါနဲ့ သူငယ်ချင်းတစ်အုပ်ကြီး အခန်းထဲတိုးဝင်လာချိန်နှင့် မာမီက သတို့သမီးဝတ်စုံကြီးကို ဖြန့်ယူလာကာ အဝတ်လဲခိုင်းသော အချိန်ဟာ ကွက်တိပင်။





သတို့သမီးဝတ်စုံ ပြင်ဝတ်ဖို့ ရွှေနှယ်ရိုး ထ,လိုက်သောအချိန်မှာ သူငယ်ချင်းတွေက ဆောနှားလာဝိုင်းကာ ရုတ်တရက် သဲသဲလှုပ်သွားကြပြီးလျှင် လူအုပ်စည်းဝိုင်း အလယ်မှာ ရွှေနှယ်ရိုး၊ သီလဝါနှင့် အလှပြင်ပေးသည့် မာမီတို့သာ ကျန်တော့သည်။

"ကဲ ... လာ ... နင့်ကို ငါကိုယ်တိုင် ထဘီဝတ်ပေးမယ်"

သီလဝါက မာမီ့လက်မှ ထဘီကြီးကို ဖျတ်ခနဲဆွဲယူကာ လက်နှစ်ဖက်စလုံး ဆန့်တန်းလျက် ဖြန့်ပစ်လိုက်ပါသည်။ ပုံမှန်အားဖြင့် သတို့သမီး ထိုင်မသိမ်းဝတ်ရာမှာ ဒီလောက်ဖြန့်ကားနေအောင် ဖြန့်ပစ်ဖို့မလိုချေ။ သီလဝါ လုပ်နေပုံဟာ လိုအပ်တာထက် ပိုနေပြီမို့ ဒါဟာ တစ်ခုခု အကြောင်းကြောင့်ပဲဆိုတာ ရွှေနှယ်ရိုးက သဘောပေါက်လိုက်ပြီ။

အဲဒါတင်မက ထဘီကြီးဖြန့်လျက် နောက်ကျောဘက်က လူတွေကို ကာပေးလိုက်လျှင် ရွှေနှယ်ရိုးက ကိုယ့်ရှေ့မှာကာနေသော သူငယ်ချင်းတစ်ယောက် နှစ်ယောက်ကို တွန်းဖယ်လျက် လှစ်ခနဲ ပြေးထွက်လာခဲ့တော့သည်။

ရုတ်တရက်တော့ ရွှေနှယ်ရိုး ပြေးထွက်သွားတာကို တရုန်းရုန်း လူအုပ်ထဲက အတော်များများက မတွေ့လိုက်ကြချေ။ တွေ့လိုက်ကြသူတွေကလည်း သီလဝါရဲ့ နှုတ်ခမ်းပေါ်လက်ညှိုးကို



www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ဖြတ်တင်ကာ ရှုံးတိုးတိုးဆိုသည့်သဘောနဲ့ သဂေါ်တဖြ လိုကမှုကြောင့် ဘာများလဲဆိုသည့် သဘောနဲ့ အသံမထွက်ရဲကြချေ။

အခန်းထဲက အားကုန်ပြေးထွက်လာခဲ့သော ရွှေနှယ်ရီးဟာ ကံကောင်းထောက်မစွာပင် လမ်းတစ်လျှောက် ဘယ်သူနဲ့မှ မတိုးချေ။

သီလဝါရဲ့ပညာစွမ်း ဘယ်လောက်ထက်သလဲတော့ မသိ၊ နောက်ကနေ ညာသံပေးကာ လိုက်လာသောသူတွေလည်း မရှိချေ။

အင်းယားလိပ်ဟိုတယ်ရဲ့ ညှိခန်းမဆောင်ဟာ အောက်ထပ်မှာရှိပြီး အပေါ်ထပ်လှေကားကို ကွေ့ဝိုက်တက်ပြီးမှ ရောက်သော သတို့သမီး သတို့သား အလှပြင်ခန်းနဲ့ဆို တော်တော် ဝေးကွာသည်ဖြစ်ရာ မင်္ဂလာပွဲလာသည့် ညှိသည်ပရိသတ်တွေ ဟာ ရွှေနှယ်ရီးကို ရုတ်တရက် လှမ်းမမြင်နိုင်ပါ။

ရွှေနှယ်ရီးက အခန်းတွေဘက် ပတ်ပြေးပြီး တစ်ဖက် လှေကားက ဆင်းလာကာ ဟိုတယ်နောက်ဘက် ဝင်ပေါက်ဆီ ပြေးသွားပါသည်။ ရွှေနှယ်ရီးပြေးထွက်သွားတာကို ဟိုတယ်ဝန်ထမ်း တချို့ကတော့ တွေ့လိုက်ကြသော်လည်း ဆံထုံးနဲ့ မျက်နှာမှာ အကျအနပြင်ဆင်ပြီး ရီးရီးဝတ်စုံဝတ်ထားသော တစ်ပိုင်းတစ်စ သတို့သမီးကို အံ့အားသင့်နေကြလျက် ဘာမှ မပြောချေ။





ဟိုတယ်ရဲ့နောက်ဘက်သို့ရောက်လျှင် ရွှေနှယ်ရီးက ဟိုဟိုသည်သည် ကြည့်လိုက်ပြီး ရင်ထဲ ဒိန်းခနဲနေအောင် တုန် လှုပ်သွားရပါသည်။

ဘယ်မှာလဲ သာဒင်ညို့ကား။ ဟိုတယ်နောက်ဘက် ခြံမ်းတစ်ခုလုံး ရှင်းလင်းလို့၊ ကားမပြောနဲ့ လူရော ခွေးပါ ဘာမှ မတွေ့။

ရွှေနှယ်ရီးက နည်းနည်းထိတ်လန့်လာပြီ။ တခြား လူဆိုရင် စိတ်ချယုံကြည်ထားလို့ ရသေးသည်။ အခုဟာက သာဒင်ညို။ အတန်တန် မှာထားပါလျက် သင်းက ဘာတွေများ လွဲချော်နေပါသေးလိမ့်။

နောက်ဆုံးမတတ်နိုင်စွာ ရွှေနှယ်ရီးက ကားတွေ ရပ်ထားရာ ဟိုတယ်ရှေ့ဘက်ခြံမ်းကို အပြေးပြန်ထွက်လိုက်ပါ သည်။ အထဲမှာ ဘာတွေ ရုန်းရင်းဆန်ခတ် ဖြစ်နေသလဲဆိုတာ လှည့်မကြည့်နိုင်အား။ ကားရပ်ထားရာ နေရာတွေမှာ သာဒင်ညို များ ရှိလေမလားဟုသာ အသည်းအသန် ရှာဖွေနေရသည်။

မင်္ဂလာခန်းမဘက်မှာ သာဒင်ညို ရှိမနေဘူးဆိုတာ သေချာသွားသောအခါ ဟိုတယ်ရဲ့ တစ်ဖက်ဝင်ပေါက် အပြေး ပြေးလျက် ညှိခန်းမတွေဘက်မှာ ရှိလေမလားလို့ ဝင်ပေါက်ကြီး ဘက်ဆီ ပြေးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကမှတစ်ဆင့် ဟိုတယ်နောက်ဖက်၊ ပြီးသည့်အခါ ကားတွေ ရပ်လေ့ရှိသော ဟိုတယ်ဘေး ကွင်းထဲအထိ ဝင်ရှာလိုက်သေးသည်။

"ရွှေရိုး ... နင် ဘာလို့ အရူးလို လျှောက်ပြေးနေရတာလဲ"

အသံနှင့်အတူ ကားရပ်နားစခန်းသို့ ခိုင်မာက ပြေးဆင်းချလာပါသည်။

"ခိုင်မာ"

"ဘာမှ ကြောက်မနေနဲ့၊ ငါက နင့်ကို ဒုက္ခပေးမှာ မဟုတ်ဘူး၊ ဘယ်မှာလဲ သာဒင်ညို"

"ညို ... ညို ... ငါ မသိဘူး"

"နင် သိရမှာပေါ့၊ နင်တို့ ခိုးပြေးဖို့ ချိန်းထားတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ် ... ဒါပေမယ့်"

"ထုံးစံအတိုင်း သာဒင်တို့ လွဲပြန်ပြီ မဟုတ်လား"

"အရေးထဲမှာ အပြစ်ပြောမနေပါနဲ့ဟယ် ... ငါ ဘာလုပ်ရမလဲ"

"နင့်ဘာသာ ဆုံးဖြတ်လေ၊ ဒီမှာပဲ ဆက်နေမလား ... သာဒင်ညို့နောက် လိုက်မလား၊ တကယ်လို့ သာဒင်ညို့





နောက်လိုက်မယ်၊ ထွက်ပြေးမယ်ဆိုရင်တော့ ... ငါ့ကား ဒီရှေ့နားမှာ ရပ်ထားတယ်၊ နင် သွားချင်တဲ့နေရာ ငါလိုက်ပို့ပေးမယ်"

"ခိုင်မာ ..."

"ငါ တကယ်ပြောနေတာ"

"ရွှေရိုး ... သာဒင်ညို့ကို ငါလိုက်ရှာနေတာ နှံ့နေပြီ မတွေ့ဘူး"

ခိုင်မာ့ကို စကားပြန်မပြောနိုင်သေးခင် မီသီရောက်လာကာ အမောတကော သတင်းပေးလေသည်။ သူလည်း ရွှေနှယ်ရိုးလိုပဲ ဟိုတယ်တစ်ခုလုံးအနှံ့ ပြေးလွှားလိုက်ရှာခဲ့ပုံရသည်။ လူက ဟောဟဲဆိုက်နေကာ စကားတောင် မနည်းကြိုးစား ပြောနေရလေသည်။

"သူ ... သူ မလာတော့ဘူးလားဟင်"

"နင် တွေဝေမနေနဲ့တော့ ရွှေရိုး၊ တစ်ခုခု အမြန်ဆုံးဖြတ်စမ်း၊ ဘာလုပ်မလဲ၊ ပြေးမလား၊ ပြန်မလား"

ရွှေနှယ်ရိုးက မျက်စိကို စုံမှိတ်ပစ်လိုက်ပါသည်။ ကိုယ်က မိန်းကလေးတန်မဲ့ ဒီလောက်ကြိုးစားနေချိန်မှာ သူကတော့ အချိန်မီလေးတောင် ရောက်အောင်မလာနိုင်။ ဒီဟိုတယ်ဝင်းထဲမှာ ဒီလောက် ရပ်ပျက်ဆင်းပျက် ဖြစ်အောင် ပြေးလွှားရှာဖွေပြီး



www.burmeseclassic.com

www.burmeseclassic.com



မှတော့ လူချင်းလွဲနေတာ မဖြစ်နိုင်။ တကယ်ပဲ ရောက်မနေတာသာလျှင် ဖြစ်ကိုဖြစ်စေရပေမည်။

အဲဒီလိုလူတစ်ယောက်ကို သူမက ဘာတွေ ယုံကြည်လို့ လက်တွဲရဦးမှာလဲ။ ဒီလောက် အရေးကြီးသည့်အချိန်မှာတောင် ရောက်မလာနိုင်တာဟာ သူ့ဘက်က အလေးအနက်မထားလို့။ တခြား ဘယ်လိုကိစ္စမျိုးမဆို သည်းခံခွင့်လွှတ်ပေးနိုင်ပေမယ့် ဒီတစ်ခါတော့ ဘယ်လိုမှ ခွင့်မလွှတ်သင့်တော့ဘူးဟု ရွှေနှယ်ရီးက ဆုံးဖြတ်ချက်ချလိုက်ပါသည်။

တင်းတင်းစေ့မှိတ်ထားသည့် မျက်လုံးအစုံမှ မျက်ရည်နှစ်ပေါက်က ပါးပြင်ပေါ် ဖြတ်သန်းစီးကျသွားချိန်မှာပဲ အလွန်တရာ အေးခဲသောအသံဖြင့် ရွှေနှယ်ရီးက ...

"ငါ မင်္ဂလာခန်းမထဲ ပြန်မယ်"

ဟု ပြောလိုက်လေသည်။



## ၃၁

"ဟာ ... ဟာ ... ရေမွှာပေါက်ပြီ ... ဖယ်ဖယ်"

အော်သံနဲ့အတူ ဝရုန်းသုန်းကား ပြေးလွှားရှောင်တိမ်းနေကြသော ဆေးကျောင်းသားကလေးတွေ အသံကြောင့် ခပ်စင်းစင်းဖြစ်နေသော ရွှေနှယ်ရီးရဲ့ မျက်လုံးတွေ ပြူးကျယ်သွားရပါသည်။

ကလေးမွေးမည့် မိခင်ရဲ့ ဗိုက်ထဲမှ ရေမွှာကို ဖောက်ပေးလိုက်ချိန်မှာ အဆင်မသင့်တာမို့ ရေတွေက မျင်းခန်းအပြင်ကို စဉ်ထွက်သွားပါသည်။ ရေမွှာပေါက်တာကို မမြင်ဖူး

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တာမို့ အနီးကပ် ပြုံးပြုံးချောင်းမြောင်းနေသော ဆေးကျောင်းသား လေးတစ်ယောက်ရဲ့ မျက်နှာမှာ ရေတွေ ရွှဲရွှဲစို။

ကျောင်းသားတစ်ယောက်လျှင် ကလေးမွေးပုံမွေး နည်းကို အယောက်နှစ်ဆယ် စောင့်ကြည့်ပြီး ကိုယ်တိုင်က ဆယ့်ငါးယောက် မွေးပေးရမည့်စည်းကမ်း သတ်မှတ်ချက်ကြောင့် ညဘက်တွေပါ ဂျူတီခွဲကာ သားဖွားမီးယပ်ဌာနမှာ လာရောက် လေ့လာနေသည့် ကျောင်းသားလေးတွေကို ကြည့်လျက် တစ်ချိန် တစ်ခါက Part I ကျောင်းသားကလေးတစ်ယောက်ကို ပြေးမြင်မိ လေသည်။

အဲဒီတုန်းကလည်း ရေမြွှာဖောက်တာကို သူများ ထက်ပိုပြီး သေသေချာချာ လေ့လာခွင့်ရရေးအတွက် မျက်နှာကို နီးနိုင်သမျှ နီးအောင် တိုးကပ်ချောင်းမြောင်းနေခဲ့သော ထိုကျောင်း သားလေးဟာ အရှိန်နဲ့ပေါက်ထွက်လာသော အရည်တွေ တစ် မျက်နှာလုံးစင်လျက် ပါးစပ်ထဲအထိတောင် ဝင်သွားခဲ့ဖူးသေးသည်။

ဘာပဲလုပ်လုပ် ဖရိုဖရဲ၊ မသေမသပ်၊ ပျာယီးပျာယား အများများအယွင်းယွင်း လုပ်တတ်တာဟာ ထိုကောင်လေးရဲ့ စရိုက်ပင်။ ဆေးကျောင်းသားသက်တမ်း တစ်လျှောက်လုံးမှာ နှစ်စဉ်နှစ်တိုင်း ပြောစမှတ်ပြုစရာ တစ်ခုမဟုတ်တစ်ခု ကျန်ခဲ့အောင် လည်း ထိုကောင်လေးက လုပ်တတ်ပါပေသည်။





အင်းလေ။ အဲဒီ မသေမချာအကျင့်ကြောင့်ပဲ ကောင် ကလေးဟာ ချစ်သူနဲ့ လွဲခဲ့ရတာ မဟုတ်လား။ အခုအချိန်မှာ ဒါတွေ ပြန်တွေးဖို့ မသင့်တော့ဘူးဆိုပေမယ့် မတွေးဘဲ မနေ နိုင်အောင် အကြောင်းတွေ တိုက်ဆိုင်လာသည့်အခါမျိုးကျတော့ လည်း သူ့အကြောင်းက ခေါင်းထဲ ရောက်လာရသည်ပင်။

သူ့ဟာနဲ့သူ အကွက်ကျကျ လှုပ်ရှားနေသော လူတွေ ကို အသာခွဲချန်ခဲ့လျက် ရွှေနှယ်ရီးက အသစ်ဆောက်လုပ်ထား သော E ဆောင်ဘက်ကူးသည့် စင်္ကြံရှည်ရှည်ဘက် လျှောက်ထွက် လာခဲ့ပါသည်။

သူမ ရပ်နေသည့် နေရာသည် ဗဟိုအမျိုးသမီး ဆေးရုံကြီးရဲ့ မျက်နှာစာတန်းမှာရှိသည်။ လူသွားစင်္ကြံဆိုသော်လည်း လတ်တလော မွေးတော့မည့် မွေးလူနာတွေထားသည့် အခန်းဘက် မှာ မဟုတ်ဘဲ သီးသန့်ဆောင်ကိုကူးသည့် စင်္ကြံလမ်းရှည်ဖြစ်ပေ ရာ လူနာတွေရဲ့ ဆူညံအော်ဟစ်သံနဲ့ ကင်းဝေးလျက် စင်္ကြံလမ်း ရှည်အပြင်ဘက်မှာ ဖြစ်သလို အိပ်ရာခင်းပြီး အိပ်နေကြသော လူနာစောင့်တွေနဲ့လည်း မျက်စိရှုပ်မနေရချေ။

ညသန်းခေါင်ရောက်နေပြီမို့ လူရှင်းတိတ်ဆိတ်ကာ အေးစက်မှောင်မည်းနေသော ဆေးရုံရှေ့မြင်ကွင်းကို ရွှေနှယ်ရီးက ခပ်ငေးငေးလေး ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရဲ့ ဟိုးဘက်မှာ လက်ဖက်ရည်ဆိုင်၊ လက်ဖက်သုပ်ဆိုင်ကလေး။ တစ်ညလုံး စည်ကားသိုက်မြိုက်တတ်မြဲ နေရာပေမို့ ဆေးရုံရှေ့က စားသောက်ဆိုင်တွေဟာ လုံးဝပိတ်သွားသည်ရယ်လို့ မရှိပါ။

အနည်းဆုံးတော့ အအေးဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် လက်ဖက်သုပ်ဂျင်းသုပ်၊ ခရမ်းချဉ်သီးသုပ် အစရှိသည့် အသုပ်မျိုးစုံရောင်းသည့် ဆိုင်ကလေးတွေကတော့ မီးရောင်မှိတ်တုတ်မှိတ်တုတ်နဲ့ ဖွင့်ထားကြသည်သာ။

သူမတို့ Part I ကျောင်းသားဘဝ ဆေးရုံမှာ Conduct ဆင်းကြရစဉ်က ညသန်းခေါင်းကြီး အုပ်စုလိုက် လက်ဖက်သုပ်ဆိုင်ထွက်ထိုင်ကြတာကို မှတ်မိသေးသည်။

အဲဒီတုန်းကများ ရေနွေးကြမ်းတွေ တစ်အိုးပြီး တစ်အိုး မှာသောက်ကာ အာဝဇ္ဇန်းရွှင်ရွှင်နဲ့ တစ်ဆိုင်လုံးကို ထိန်းထားတတ်သူမှာ သာဒင်ညိုကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ချေ။

သာဒင်ညိုတို့များ သူ့ဘာသာမှာထားသော လက်ဖက်ရည်လည်း သောက်လိုက်သေးသည်။ ရွှေနှယ်ရီးတို့ မိန်းကလေးတွေ မှာစားသည့် လက်ဖက်သုပ်ကိုလည်း ဝင်ရောက်အားပေးလိုက်သေးသည်။ နောက်ပြီးကျတော့ ဆေးရုံထဲက ကျောင်းသား





တွေအတွက် ပေးထားသော အခန်းကိုလည်း ပြန်ရောက်ရောရရာနေရာမှာ စန့်စန့်ကြီး အိပ်ပျော်ပါလေရော။ မနက်စောစောမှထ,ဖာ သူနာပြုဆရာမတွေရဲ့ မှတ်တမ်းစာအုပ်ထဲက တစ်နေ့တာမွေးလူ နာစာရင်းကို သွားကူးလာတတ်တာ။

အချိန်တန်လို့ သတ်မှတ်လူဦးရေ မပြည့်ဘူးဆိုလည်း သာဒင်ညိုက မမှုချေ။ အတန်းထဲက သူငယ်ချင်းတွေ ဟိုလူနဲ့ တိုလူ ပေးစား၊ လိပ်စာအလွဲတွေတပ်ကာ အကြံအဖန်စာရင်းပြုစုရာမှာ သူများထက် သာသေးသည်။

အခုတော့ အရာအားလုံး ပြီးဆုံးသွားခဲ့ပါပြီ။ ပြဇာတ်တစ်ခုမှာ ပွဲသိမ်းကန့်လန့်ကာ ချလိုက်ပြီဆိုလျှင် မင်းသား[illegible]မင်းသမီးခေါင်းသည်ဖြစ်စေ၊ ကွဲသည်ဖြစ်စေ၊ ကိုယ်နှစ်သက်သည့် နိဂုံးမျိုးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဘာမှမတတ်နိုင်ဘဲ အားလုံးအိမ်ပြန်ကြရတာပဲ မဟုတ်လား။

သာဒင်ညိုနဲ့ ရွှေနှယ်ရီးတို့ ဇာတ်လမ်း[illegible]ကန့်လန့်ကာ အပြီးပိတ်ခဲ့တာကြာပြီ။ ကန့်လန့်ကာ ပိတ်သွားရုံသာမဟုတ်၊ သူမနေတော့သည့် တိုက်အိုတိုက်ပျက် တစ်လုံးလို အပြင်မှာ ချုံနွယ်ပိတ်ပေါင်းတွေ အထပ်ထပ်တက်ကာ အတွင်းမှာလည်း ပင့်ကူအိမ်တွေ ဖုံးလွှမ်းလျက်၊ သံချေးတက်နေသော တံခါးတွေက ဖွင့်မရအောင် ပိတ်ဆို့လျက် ရှိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ဒီလိုနေရာမျိုးမှာ လူတွေနေခဲ့ဖူးရဲ့လား လို့တောင် လမ်းသွားလမ်းလာတွေက တွေးမိကြတော့မှာ မဟုတ်သည့် ဖုန်းဆိုးတောကြီးလိုပဲ သူမတို့ဇာတ်လမ်းကိုလည်း လူတွေက မေ့လျော့ကုန်ကြတော့မှာပင်။

ဒါပေမယ့် မမေ့နိုင်ခြင်းဆိုတာ ဝဋ်ကြွေးတစ်မျိုးပါပဲ။ ရွှေနှယ်ရီးမှာ သာဒင်ညို့ကို ပေးဆပ်ဖို့ ဝဋ်ကြွေးမကုန်လို့သာ အခုလို သူ့အကြောင်းတွေးတည်း တွေးနေမိခဲ့တာ။

သာဒင်ညို့ကို စိတ်နာလွန်းလှ၍ သူ့အကြောင်း ဘယ်သူ လာပြောတာကိုမှ နားမထောင်ဘဲ ရွှေနှယ်ရီးက နေခဲ့တာ။ ကိုယ်တိုင်လည်း အလုပ်အမြန်ဆုံး ဝင်ပစ်ပြီး လူတွေနဲ့ ဝေးရာ မြစ်ကြီးနားကို ဖော်လံတီယာ တောင်းယူလျက် ရွှေ့ပြောင်းသွားလိုက်တော့တာ။

မြစ်ကြီးနားမှာ နှစ်နှစ်နေခဲ့ပြီး ဘွဲ့လွန်သင်တန်းတွေခေါ်တော့မှ ရွှေနှယ်ရီးက ရန်ကုန်ပြန်ရောက်လာခဲ့တာ ဖြစ်ပါသည်။ အခုတော့ သူမက M.ScOGဘွဲ့တစ်လုံးနဲ့အတူ အထူးကုဆရာဝန်တစ်ယောက် ဖြစ်နေပြီ။ သာဒင်ညို ဆိုသည့် နာမည်ဟာလည်း သူမရဲ့ ပတ်ဝန်းကျင်ကနေ ကွယ်ပျောက်သွားခဲ့ပြီ။



၃၂

"မမ ... လူနာက နှလုံးရောဂါ ရှိနေတယ်နော်၊ မခွဲခင်မှာ ဖိဆစ်ရှင်နဲ့တော့ ပြထားတယ်၊ ဒါပေမယ့် တစ်ခုခုအရေးပေါ်ဖြစ်လာရင် အသင့်ရှိအောင် ဖိဆစ်ရှင်ကို ခေါ်ထားရမလား"

အိုဂျီမမက လူနာရဲ့ အခြေအနေကို ခပ်သွက်သွက်စစ်ဆေးကြည့်ရှုသာမက သမားတော်နဲ့ ပြထားသည့် လူနာမှတ်တမ်းတွေကိုပါ အကုန်အစင် ဖတ်ကြည့်လိုက်ပါသည်။

"ဒါ နောက်ဆုံးဆွဲထားတဲ့ ECG ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... Ischaemia လေး ရှိနေတယ်လို့တွေ့လား၊ သိပ်ပြီး Severe မဖြစ်ပေမယ့် ကျွန်မက စိုးရိမ်လို့"

ဒီနေ့ ဗိုက်ခွဲပြီး သားအိမ်ထုတ်မည့်လူနာအတွက် ရွှေနွယ်ရီးနဲ့ အိုဂျီမမတို့ တိုင်ပင်ဆွေးနွေးနေရခြင်းပင်။

လူနာတစ်ယောက်ကို ခွဲစိတ်ဖို့ဆိုတာ ကျွမ်းကျင်သည့် ဆရာဝန်တစ်ယောက်အတွက်တော့ မခက်ခဲလှပါ။ ဒါပေမယ့် ခွဲစိတ်နေစဉ်မှာ ဘာအခက်အခဲမှမတွေ့ဖို့နဲ့ ခွဲစိတ်ပြီးသည့်အခါ လူနာပကတိအတိုင်း အန္တရာယ်ကင်းကင်း ပြန်လည်နိုးထနိုင်ဖို့ အတွက်တော့ အထူးပဲ ဂရုပြုရလေသည်။ အဲဒါကြောင့်ပဲ လူနာတစ်ယောက် ခွဲစိတ်တော့မယ်ဆိုလျှင် ကိုယ်ခွဲရမည့်အကြောင်းရင်းနဲ့ တိုက်ရိုက်မသက်ဆိုင်ပေမယ့် လူနာရဲ့တစ်ကိုယ်လုံးကို စစ်ဆေးထားရတာ။

အခုခွဲမည့်လူနာမှာ သိပ်ဆိုးဆိုးဝါးဝါး မဟုတ်ပေမဲ့ လည်း နှလုံးသွေးကြောကျဉ်းသည့် ဝေဒနာရှိသည်။ အသက်က လေးဆယ်မို့ ခွဲစိတ်ဒဏ်ကို လုံးဝမခံနိုင်ဘူးလို့ မပြောနိုင်သလို ခံနိုင်ရည် ရှိပါမည်လို့လည်း အာမမခံနိုင်ချေ။ နောက်ပြီး သားအိမ်ထုတ်ရသည့် ခွဲစိတ်မှုဟာ အဆင်ပြေသွားလျှင် သိပ်မကြာ တတ်ပေမယ့် လူနာရဲ့ ဗိုက်ထဲမှာ ကိုယ်မမြင်နိုင်သော ဘယ်လို အတားအဆီးမျိုး ရှိနေမလဲဆိုတာ သိနိုင်တာမှမဟုတ်တာ။





"အောက်ထပ်မှာ ဖိဆစ်ရှင်တွေ ဆေးခန်းထိုင်ပြီမဟုတ်လား၊ ဒီလူနာပြထားတဲ့ဆရာကြီးကရော ဒီနေ့မထိုင်ဘူးလား"

သူတို့ လူနာခွဲမည့် —— အမည်ရှိ အပြင်ဆေးခန်းကြီးဟာ ဆေးရုံကြီးတစ်ခုစာလောက် ကြီးမားလျက် ,ဖစ္စည်းလည်း အတော်စုံသည်။ မြန်မာပြည်က နာမည်ကြီး ဆရာဝန်ကြီးတွေ အတော်များများလည်း ထိုင်တာမို့ အစစစိတ်ချရသော ဆေးခန်းကြီးတစ်ခုလည်း ဖြစ်လေသည်။

"သူပြတဲ့ ဆရာဝန်ကြီးက ရှိပါတယ်၊ ဒီနေ့လည်း ထိုင်ရမှာ၊ ဆရာကြီးကို ကြိုပြီး အကြောင်းကြားခိုင်းထားလိုက်ရမလားဟင်"

"အေးလေ ... အဲဒါဆိုလည်း အရေးအကြောင်းရှိလာရင် ကူညီပေးဖို့ ဆရာကြီးကို ကြိုပြောထားတာ ကောင်းပါတယ်"

မမအိုဂျီရဲ့ သဘောတူညီချက်နဲ့ သမားတော်ကြီးကို ရွှေနွယ်ရီးက လှမ်းအကြောင်းကြားခိုင်းလိုက်ပါသည်။ ဆရာကြီး မရောက်သေးဘူး ဆိုသဖြင့် ကိုယ်တိုင် စောင့်ပြောဖို့ အချိန်လည်း မရတော့တာနှင့် သူ့နာပြုဆရာမကြီးကိုပဲ မှာထားခဲ့ကာ လူက ခွဲခန်းအရင် ဝင်လိုက်ရပါသည်။

စောစောစီးစီးနှင့် မြန်မြန်ဆန်ဆန် လုပ်ရသည့် သားကြောဖြတ်တာ၊ သားအိမ်ခြစ်တာ စသည့် အသေးစားခွဲစိတ်



www.burmeseclassic.com

www.burmeseclassic.com



မှုလေးတွေ လုပ်ပြီးသွားလျှင် သားအိမ်ထုတ်မည့် လူနာအလှည့် ရောက်လာပါသည်။

လူနာကို ဗိုက်ခွဲ ...။ သိပ်မကောင်းတော့ပြီ ဖြစ်သော သားအိမ်ကို ဖြတ်ထုတ် ... ဗိုက်ပြန်ချုပ်သည်အထိ အခြေအနေက မဆိုး။ လူနာကို ဗိုက်ချုပ်ရာမှာ ဝမ်းခေါင်းထဲက အမြေးကို တစ်ခါချုပ်၊ အသားကိုတစ်ခါချုပ်သည် အထိလည်း ဘာမှမဖြစ် သေး။ နောက်ဆုံး အဆီနဲ့အရေပြားနှစ်ထပ်ပဲ ချုပ်ဖို့လိုတော့သည့် အချိန် မှာ ECGမော်နီတာမှာ ပြနေသည့် မျဉ်းကြောင်းတွေဟာ သွားမြဲအတိုင်း မဟုတ်တော့ဘဲ မလိုအပ်သည့် Waveပေါ်လာလျက် လူနာရဲ့ နှလုံးက ဖောက်ပြန်နေပြီ ဆိုတာကို ညွှန်ပြလာတော့ သည်။

"ဟဲ့ ... လုပ်ပါဦး၊ ဆရာဝန်သွားခေါ်၊ ဒေါက်တာ ---၊ အောက်ထပ်မှာ ရောက်လောက်ပြီ"

သူများတွေ ဆရာဝန်ပြေးခေါ်နေချိန်မှာ ရွှေနှယ်ရီး နဲ့ အိုဂျီမမတို့ လူနာရဲ့ ဗိုက်ကို အပြန်ဆုံး ပိတ်ရပါသည်။ အမှန်က ပိတ်ပြီးလျှင် လူနာကို ရွှေ့သွားလို့ရပြီ ဖြစ်သော်လည်း အခုလို အခြေအနေကျ ဘာမှ ဆက်မလုပ်နိုင်။ ပရက်ရှာတွေ ထိုးကျကာ အမောဖောက်လာဟန်ရှိသော လူနာကို အပြေးအလွှား ပြုစုနေရပါသည်။





"မမ ... ဆရာကြီး ဦး ---က နိုင်ငံခြားသွားနေလို့ ဒီနေ့ မလာဘူးတဲ့"

"ဟင် ... ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ တခြားဆရာမရှိဘူး လား"

"ဆရာကြီးနဲ့ တွဲထိုင်နေတဲ့ ဆရာတစ်ယောက်တော့ ရှိ တယ်၊ ဆရာကြီးခရီးသွားတုန်း သူ့ကို လွှဲသွားတာတဲ့"

"ဘယ်သူလဲ ... စိတ်ချရရဲ့လား"

"ဆရာကြီးကတော့ လွှဲသွားတာပဲ၊ သူက နိုင်ငံခြားကဘွဲ့ ယူပြီး အခုမှ မြန်မာပြည် ပြန်ရောက်တာ"

"အေး ... အဲဒါဆိုလည်း လောလောဆယ် သူ့ပဲ ခေါ်ပေါ့၊ အမြန်ဆုံး လာခဲ့ခိုင်းဦးနော်"

နောက်ထပ် ငါးမိနစ်လောက်ကြာလျှင် အစိမ်းရောင် ခွဲခန်းဝတ်စုံ ကြေပွပွနှင့် လူတစ်ယောက် ရောက်လာပါသည်။

ထိုလူဟာ ဆရာဝန်ကြီး --- ကိုယ်စား ရောက် လာသည့် နိုင်ငံခြားပြန်သမားတော်မှန်း သိလိုက်သော်လည်း လတ်တလော အခြေအနေမှာ လူနာပြန်ကောင်းလာရေးကသာ အရေးကြီးတာမို့ သူ ဘယ်သူလဲဆိုတာ သေသေချာချာ ကြည့်မနေ အား။ လူနာ့အခြေအနေကို စစ်ဆေးကာ လျှပ်တပြက်အတွင်း လိုအပ်သည့် ဆေးတွေတောင်း၊ ကျွမ်းကျင်သွက်လက်စွာ ဆေးထိုး ဆေး၊ လိုအပ်သည့် ပြုစုမှုတွေလုပ်ပေးနေသည့် ဆရာဝန်ရဲ့ ကျွမ်း



www.burmeseclassic.com

ကျင်သွက်လက်၊ တိကျမှုကိုသာ စိတ်တပူပူနဲ့ စောင့်ကြည့်နေရလေသည်။

ဒီဆရာဝန်ဟာ တော်တော်တော့ တော်ပုံရသည်။ လူနာကို သူ ပြုစုကုသနေပုံမှာ ဇဝေဇဝါ မရေမရာ မရှိ၊ ဆုတ်ဆိုင်းနှောင့်နှေးခြင်းမရှိ။ တစ်ချက်ကြည့်လိုက်တာနဲ့ ဘာဖြစ်နေပြီ၊ ဘာလိုအပ်နေပြီဆိုတာ ချက်ချင်း သိကာ သူ ဘာလုပ်ရမည်ဆိုတာလည်း တစ်ပြိုင်နက်တည်း ဆုံးဖြတ်ချက်ချပြီးပြီ။ သူ ဆုံးဖြတ်သည့်အတိုင်းလည်း တိကျထိရောက်သည့် ကုသမှုကို ပေးပြီးပြီ။

နာရီဝက်လောက် အပြေးအလွှား လုံးပမ်းလိုက်ရပြီးလျှင် လူနာအခြေအနေက ပုံမှန်ငြိမ်သက်သွားပါသည်။

"မမရေ ... ကျွန်တော်တော့ လူနာကို ICU ထဲ ရွှေ့ချင်တယ်၊ ဟိုမှာ ECG မော်နီတာနဲ့ ခဏလောက်ထားလိုက်ရင် ပိုစိတ်ချရမလားလို့"

"ဆရာ့ သဘောပဲလေ ... ရွှေ့ကြတာပေါ့"

အိုဂျီမမနဲ့ ဖီဆစ်ရှင်တို့ ဆွေးနွေးတိုင်ပင်ကြပြီးလျှင် လူနာကို အထူးကြပ်မတ်ကုသခန်းသို့ ရွှေ့ပြောင်းထားလိုက်ပါသည်။

လူနာထွက်သွားလျှင် ခဏတော့ စိတ်အေးရပြီမို့ သုံးယောက်သား သက်ပြင်းကိုယ်စီချလျက် ခွဲခန်းအဝနားမှာရှိသည့် ဆရာဝန်များ သီးသန့်နားနေခန်းထဲ ဝင်လာခဲ့ကြပါသည်။





"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ကျွန်မ တော်တော်ဝ သွားတာ၊ ဒီလောက်အထိ ဖြစ်သွားလိမ့်မယ်လို့ ကြို တွေးမထားခဲ့တာ၊ ဆရာရှိနေပေလို့သာပေါ့"

မမအိုဂျီက ကျေးဇူးတင်စကား ပြောလိုက်ပါသည်၊ ဒီနေရာမှာ ကိုယ်ကအငယ်မို့ ဆရာဝန်ကို အထင်ကြီး ကျေးဇူး တင်မိသော်လည်း ရွှေနှယ်ရီးက ဘာမှ ဝင်မပြောသေးပါ။ သူတို့နှစ်ယောက်နောက်က ခပ်ချန်ချန် လျှောက်လိုက်ကာ ဆရာဝန်ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝရှိနေသော ခပ်မတ်မတ် လမ်းလျှောက်သည့်ပုံစံကိုသာ လိုက်ကြည့်နေမိသည်။

"ကော်ဖီ လိုက်သောက်ပါဦး ဆရာ"

မမအိုဂျီက ဖိတ်လိုက်သံကို ကြားရသည်။ ဆရာဝန်ကလည်း အားနာပါးနာဟန်ဖြင့် စားပွဲမှာ ဝင်ထိုင်လိုက်လေသည်။

အဲဒီနောက်မှာတော့ ဆရာဝန်က မျက်နှာကိုအုပ်စည်းထားသော mask နှင့် ခေါင်းမှာအုပ်ထားသည့် ဆောက်ကို ဖြုတ်ဖယ်လိုက်လေတော့ရာ ...

"ဟင်"

ဘယ်လိုမှ မျှော်လင့်မထားသော မြင်ကွင်းမို့ ရွှေနှယ်ရီးသည် အံ့ဩတုန်လှုပ်ခြင်းများစွာဖြင့် အခန်းဝမှာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တောင့်တင်းသွားရလေတော့သည်။



www.burmeseclassic.com

## ၃၃

"ရွှေရိုး"

သာဒင်ညိုက နှုတ်ခမ်းလှုပ်ရုံလေးသာ ခေါ်နိုင်လျက် ကိုယ့်မျက်စိရှေ့က မြင်ကွင်းကို ယောင်ကန်းကန်းနဲ့ ငေးမော နေမိပါသည်။

မြန်မာပြည်ကို ပြန်ရောက်လာကတည်းက တစ်နေ့နေ့မှာ ရွှေနှုယ်ရိုးနဲ့ ပြန်ဆုံကောင်း ဆုံရလိမ့်မယ် ဆိုတာကို သာဒင်ညိုက တွေးထားပြီးသားပါ။ ဆရာဝန်အသိုင်းအဝိုင်းဆိုတာ ဘယ်လောက်ကျယ်ပြန့်တာမှတ်လို့။ ဒီနား ဒီနား။ ဒီလူ ဒီလူတွေ ချည်းရှိသော ပတ်ဝန်းကျင်မှာ တစ်ကွေ့မဟုတ် တစ်ကွေ့တော့ ဆုံကိုဆုံစည်းရမှာပင်။





အဲဒီအတွက် သာဒင်ညိုက ကိုယ့်စိတ်ကို ကိုယ်တည် ဆောက်ယူခဲ့ပါသည်။ ရွှေနှုယ်ရိုးကို ပြန်တွေ့ချိန်မှာ ဘာတစ်ခုမှ မဖြစ်ခဲ့သော သူငယ်ချင်းအဟောင်းတွေအဖြစ်နဲ့ တည်တည်တံ့တံ့၊ ဣန္ဒြေရရ တွေ့ဆုံနိုင်ရမယ်လို့ပဲ သာဒင်ညိုက ခံယူထားပါသည်။

ထိုခံယူချက်ဟာ ရာခိုင်နှုန်းပြည့် မမှန်ကန်နိုင်ကြောင်း ရွှေနှုယ်ရိုးကို တွေ့လိုက်သည့် အချိန်မှာပဲ သာဒင်ညိုက သေချာ သွားရလေတော့သည်။

ခြောက်နှစ်တာ ကာလပတ်လုံး ကြိုးစားတည်ဆောက် ခဲ့သော သူ့ဘဝအသစ်လေးဟာ ဒီနေ့မှာပဲ ဖရိုဖရဲ ပြိုကျပျက်စီး သွားခဲ့ပြီ။ သာဒင်ညိုဟာ ဟိုးလွန်ခဲ့သည့် ဆယ်သုံးလေးနှစ်လောက် က ဆေးကျောင်းသားကလေး သာဒင်ညိုပဲ ပြန်ဖြစ်သွားတာကို ပေါက်ကွဲလုမတတ် ခုန်နေသော သူ့နှလုံးခုန်သံက သက်သေထူ နေလေသည်။

အခုနေများ သူ့ရဲ့နှလုံးကို ECGနဲ့ဆက်ပြီး ထရေ့စင်ကို ကြည့်မည်ဆိုလျှင် စောစောက လူနာအမျိုးသမီးထက် အဆများစွာ ဆိုးဝါးနေတာကို တွေ့ရမှာပင်။

"အခုမှပဲ မိတ်ဆက်ရတော့မယ် … ဆရာ့နာမည်လေး တစ်ဆိတ်ပြောပြပါဦး"

"သာဒင်ညိုပါခင်ဗျာ"

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဒေါက်တာသာဒင်ညို ... ဒီနာမည်ကို မကြားဖူးသလိုပဲနော်၊ ဒေါက်တာက တော်တော်လည်း ငယ်သေးတာပဲ"

"မမ ဘယ်ကြားဖူးပါ့မလဲ ... ကျွန်တော်က ဒီမှာ ဘွဲ့လွန်တက်ခဲ့တာမှ မဟုတ်တာ၊ နိုင်ငံခြားထွက်သွားပြီး ဟိုကပဲ ဘွဲ့လွန်တန်း ယူလာခဲ့တာလေ"

"ဪ ... ဒါကြောင့် ငယ်ငယ်လေးနဲ့ ဒီဘွဲ့ရလာတာ၊ ကောင်းပါတယ်၊ ဆရာတို့လို တော်လည်းတော်၊ ကြိုးလည်း ကြိုးစားတဲ့ ဆရာဝန်တွေ မြန်မာပြည်မှာ အများကြီး လို အပ်နေတာ၊ ဒါဖြင့် ဆရာက ဒီမှာပဲ ပြန်နေတော့မယ်ပေါ့"

"အစကတော့ နိုင်ငံခြားမှာပဲ အပြီးနေတော့မယ်လို့ ဆုံး ဖြတ်ပြီး ထွက်သွားခဲ့တာပဲ မမရယ်၊ ဒါပေမယ့် ကြာရှည် နေလာရတော့ ဘာကြောင့်မှန်းမသိဘူး၊ ကိုယ့်နိုင်ငံ ကိုယ် ပြန်ချင်လာတယ်၊ ဟိုမှာကဆရာဝန်ကို လူနာက သူတို့ လခပေးငှားထားတဲ့အလုပ်သမားလို သဘောထားချင်တာဗျ၊ အဲဒီဖီလင်ကို ကျွန်တော် မကြိုက်ဘူး၊ ဒီက လူနာတွေရဲ့ ကိုယ့်ကို အားကိုးတဲ့မျက်လုံးတွေကို မြင်ရတာကပဲ ကြည် နူးစရာ ကောင်းမယ်လို့ ထင်တယ်"

အိုဂျီဆရာဝန်မကြီးနဲ့ စကားလက်ဆုံကျနေရပေမယ့်





သာဒင်ညို့ စိတ်တွေက ရွှေနှယ်ရီးထံမှာသာ။ အထဲမှာတုန်းက ခွဲခန်းဝတ်စုံပွပွကြီးနဲ့၊ ဆံပင်တွေ၊ မျက်နှာတွေကို အားလုံး အဝတ်စည်းကာ ဖုံးလွှမ်းထားတာမို့ ဘယ်သူမှန်းတောင် မသိခဲ့။ အခုတော့ ရွှေနှယ်ရီးက သူတို့စကားပြောနေခိုက်မှာတင် အဝတ် အစားတွေ သွားလဲလာခဲ့ပြီးပြီမို့ သူမကို ရှင်းရှင်းလင်းလင်း မြင် ခွင့်ရခဲ့ပြီ။

သူ့ရဲ့ချစ်သူမိန်းကလေးဟာ လွန်ခဲ့သည့် ခြောက် နှစ်ကျော်ကအတိုင်း ဘာမှ မပြောင်းလဲသေးဘူးဟု သာဒင်ညိုက ထင်သည်။ အသားညိုညိုလေးဟာ ပိုပြီး စိုပြည်ဝင်းလက်လာကာ ခပ်ပွပွကောက်ကောက် ဆံပင်လေးတွေကို သေသေသပ်သပ် စည်းနှောင်ထားလိုက်တာကလွဲလျှင် အားလုံးဟာအလျှင်အတိုင်း။

"မိတ်ဆက်ပေးရဦးမယ် ... ဒါက မမရဲ့လက်ထောက်ပေါ့၊ ဒေါက်တာရွှေနှယ်ရီးတဲ့၊ M.Sc OG ဘွဲ့ရပြီးသားပေါ့၊ ဒပ်ဖရင်မှာပဲ အတူတူဆင်းနေတာ၊ မမရဲ့ အားအကိုးရဆုံး ညီမလေးလေ"

အိုဂျီမမက မိတ်ဆက်ပေးလိုက်လျှင် သာဒင်ညို့မှာ ကိုယ့်ရည်းစားဟောင်းကို အခုမှ တွေ့ဖူးသည့် လူတွေလို ထပြီး လက်ဆွဲနှုတ်ဆက်ရမလား၊ ဒါမှမဟုတ် ကျွန်တော်တို့ချင်း သိပြီး သားပါလို့ အမှန်အတိုင်း ဝန်ခံလိုက်ရကောင်းမလား ဝေခွဲလို့ မရနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"သာဒင်ညိုနဲ့ ကျွန်မက ဆိမ်းဘက်(ချ်)ပဲ မမရဲ့၊ သိပြီး သားပါ"

ရွှေနွယ်ရိုးကတော့ ထိုကိစ္စကို ဖုံးမထားလိုစွာ အမှန်အတိုင်းပဲ ပြောချလိုက်ပါသည်။ နောက်နောင် ကြုံကြိုက်စရာတွေ ရှိလာခဲ့လျှင် အခုကတည်းက အမှန်အတိုင်း မပြောထားပါက မရိုးမသား လိမ်လည်ရာ ရောက်နေမှာ စိုးရိမ်ရသည်လေ။

"ဩော် ... ဟုတ်လား ... သူငယ်ချင်းတွေလား"

သာဒင်ညို့မှာ ဝန်ခံဖို့ ခက်ခဲနေပြန်ပါရော။ သူငယ်ချင်းတွေလား ... တဲ့။ ကျွန်တော်တို့ နှစ်ယောက်ဟာ ဘဝတစ်ခုကို အတူတကွ တည်ဆောက်ဖို့ ရည်ရွယ်ထားပြီးသား ချစ်သူတွေပါဆိုသည့်အကြောင်း ဘယ်လိုများ ပြောရမှာပါလိမ့်။

"ဟုတ်ကဲ့ မမ ... မိတ်ဟောင်းဆွေဟောင်းတွေပေါ့"

ရွှေနွယ်ရိုးက ဘာမှမဖြစ်သလို တစ်ခွန်းချင်းဖြေနေလေသည်။ ရွှေနွယ်ရိုးရဲ့ တည်ငြိမ်နိုင်မှုကို သာဒင်ညိုက အံ့ဩသလိုတော့ ရှိမိသား။

အေးလေ။ သူကတော့ တည်ငြိမ်နိုင်မှာပေါ့။ ကိုယ့်အပေါ် နာကြည်းမှုတွေနဲ့ ကျန်ရစ်ခဲ့သူကိုး။ ပြီးတော့ ဘဝသစ်တစ်ခုကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီကိုး။

သာဒင်ညိုကတော့ သူမလို မဟုတ်ပါ။ ဘဝတစ်ခုကို ဘယ်လိုပဲ အသစ်စတင်နိုင်ပြီလို့ဆိုဆို ထိုဘဝသစ်ထဲမှာ ဘဝဟောင်း





က အရောရော အထွေးထွေး ပါလာနေမြဲပင်။ အင်္ဂလန်မှာတွဲ့လွန်သင်တန်း ဆက်တက်နေစဉ် ကာလအတွင်းမှာလည်း ရွှေနွယ်ရိုးကို သတိမရသည့် ရက်ရယ်လို့ မရှိ။

တကယ်ဆိုလျှင်တော့ ဘုရင့်နောင် ဖောင်ဖျက်သလို ကိုယ့်ဇာတိရပ်ရွာကနေ အပြီးအပိုင် ခွာနဲ့ခွာဖို့ ဆုံးဖြတ်ခဲ့ပြီးသား လူတစ်ယောက်အနေနှင့် ဟိုနိုင်ငံမှာလည်း အသင့်အတင့် နေရာတစ်ခု ရပြီဖြစ်သော အနေအထားမှာ ဒီကို ပြန်လာစရာပင် မလိုတော့ပါ။ အဲဒီလို မလိုအပ်ပါဘဲလျက် ပြန်ဖြစ်အောင် ပြန်လာချင်စိတ် ပေါက်ခဲ့တာက ဘယ်သူ့ကြောင့် ဖြစ်နိုင်မလဲ။

မဟုတ်သေးပါဘူးကွာ။ ဒုဿနသော အတွေးတွေ မတွေးတာပဲ ကောင်းပါတယ်။ ရွှေနွယ်ရိုးဟာ အခုဆိုရင် အိမ်ထောင်သည်တစ်ယောက် ဖြစ်နေပြီ။ သားသမီးလေးတွေတောင် ရှိချင်ရှိနေဦးမှာ။ အဲဒီလို အိမ်ထောင်ရှင် မိန်းမတစ်ယောက်ကို သံယောဇဉ်မကုန်တဲ့ အတွေးမျိုးတွေးမိတာ အပြစ်ကြီးလှပါတယ်။

"လူနာ စိတ်ချရလား မချရလား ခဏလောက် သွားကြည့်လိုက်ဦးမယ် ... ပြီးရင် ကျွန်တော် ပြန်ဆင်းလိုက်တော့မယ်ခင်ဗျ။ အောက်မှာလည်း လူနာတွေ ရှိနေသေးလို့"

"ဩော် ... ဟုတ်ကဲ့ပါ၊ ကျေးဇူးပါပဲဆရာ"

သာဒင်ညိုက ခွဲခန်းဝတ်စုံကို လဲလှယ်ကာ အခန်းထဲက ထွက်လာခဲ့ပါသည်။ အိုဂျီဆရာဝန်မကြီးကို နှုတ်ဆက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရွှေနှယ်ရီးကိုတော့ အစကအဆုံးတိုင် ဘာစကား တစ်ခွန်းမှ မပြောဖြစ်ခဲ့ချေ။ ရွှေနှယ်ရီးကလည်း သူ့ကို ဘာစကား မှ တိုက်ရိုက်မပြောခဲ့။

အောက်ထပ် ပြန်ရောက်ပြီး လူနာတွေ ပြန်ကြည့်ချိန် မှာ အလုပ်ထဲ တော်တော်လေးကိုပဲ အာရုံမဝင်စားနိုင် ဖြစ်နေသည် လို့ သာဒင်ညိုက ကိုယ့်ဘာသာ သတိထားမိနေသည်။

ဒီလို ဖြစ်ရတာ လူနာတွေအတွက် ဘယ်လိုမှ မကောင်းနိုင်တာမို့ ကိုယ့်စိတ်ကိုယ် မနည်းသတိပေး ဆုံးမနေရ သည်။

နောက်ဆုံးလူနာကို ကြည့်အပြီး ဘောစင်မှာ လက် သွားဆေးနေခိုက် ကြမ္ဘာငင်ချင်သော မျက်လုံးတွေက ပြတင်းပေါက် ကတစ်ဆင့် ဆေးရုံရှေ့ ကားရပ်နားရာသို့ ရောက်သွားလေသည်။

မြင်ကွင်းထဲမှာ ရွှေနှယ်ရီးက ဆေးရုံထဲက ထွက် လျက် ခပ်ယဲ့ယဲ့ချောချော ယောကျ်ားတစ်ယောက် မောင်းသော ကားထဲ ဝင်ထိုင်လိုက်ပါသွားတာကို မြင်လိုက်ရလျှင် ရင့်ကျက် လှပြီလို့ ထင်ထားမိသော သာဒင်ညို့နှလုံးသားက နင့်ခနဲ နာကျင် ရပြန်လေသည်။



၃၄

"— ဆို — နောက်ဆုံးအကြိမ် — မင်းရဲ့အပြုံးများ
ငါမြင် နေပါရစေ — အရမ်းဝေးခဲ့ကြပြီးတော့ —
နောက်ထပ်တွေ့ရဖို့ မသေချာပြီမို့ —
မဆုံသောလမ်း — မင်းပဲ ရှေ့ဆက်သွားပြီး
ကျန်နေသူဟာ တစ္ဆေ —
ဟော — တည်ကြည်ပြီး
မဆိုရှင်တူး အလွမ်းရဲ့ — မင်းဘာသာတွက်ချက်ရဲ့
မဆုံသောလမ်း — မဆုံသောလမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရှေ့လက်ဖက်ရည်ဆိုင်က ဖွင့်ထားသော သီချင်းသံက ရွှေနှယ်ရိုးရဲ့အခန်းထဲအထိ ငြိမ့်ငြိမ့်ညောင်းညောင်းလေး ထိုးဖောက်ဝင်လာပါသည်။

တကယ်လို့များ သူမတို့နှစ်ယောက်ဟာ ဆုံစည်းခွင့်ရှိပါလျက် ဝေးကွာခဲ့ရသော ချစ်သူတွေ ဖြစ်ကြသည်ဆိုလျှင် သူမတို့အတွက် ဝေးကွာခြင်းကို ဘယ်သူကများ ဖန်တီးခဲ့တာလဲ။ ကံကြမ္မာလား၊ ဖေဖေလား၊ သာ်ဒင်ညိုလား၊ ဒါမှမဟုတ် သူမကိုယ်တိုင်ပဲလား။

သာဒင်ညိုဟာ အံ့သြစရာ ကောင်းလောက်အောင် ပြောင်းလဲခဲ့တာတော့ အမှန်ပဲ။ ထိုပြောင်းလဲမှုဟာ သူမကြောင့် ဖြစ်ကောင်းဖြစ်မည်။ ကံကြမ္မာကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ ဘာကြောင့်ပဲဖြစ်ဖြစ် ကြိုဆိုထိုက်သည့် ကောင်းသောပြောင်းလဲခြင်း ဖြစ်တာတော့ အမှန်ပါပဲ။

သာဒင်ညိုရဲ့ ပြောင်းလဲမှုဟာ ဒီလောက်ပဲလား။ အင်မတန် ကချော်ကချွတ် နိုင်လှသော ကောင်ကလေးဟာ တိကျသေသပ်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝရှိသူ တစ်ယောက် ဖြစ်လာခဲ့ပြီ။ ကျောင်းစာမှာ ညံ့ဖျင်းလှပြီး အထူးသဖြင့် Part II တုန်းက ဆေးပညာဘာသာရပ်မှာ ကျရှုံးခဲ့သေးသော ကျောင်းသားကလေးဟာ အခုတော့ နိုင်ငံခြားက ဘွဲ့တစ်လုံး





ကို ပိုင်ဆိုင်ထားသည့် သမားတော်ပေါက်စလေး တစ်ယောက် ဖြစ်လာခဲ့လေပြီ။

ဒီအတိုင်းဆိုလျှင် သူမကို သိပ်ချစ်ခဲ့သော သာဒင်ညိုရဲ့ စိတ်ကရော ပြောင်းလဲမသွားနိုင်ဘူးလား။

ကိုယ့်ဘာသာ လျှောက်တွေးနေမိပြီးမှ ရွှေနှယ်ရိုးက အတွေးစကို အတင်းကာရော ဖြတ်ပစ်လိုက်ရပါသည်။ မဖြစ်သင့်သေးပါဘူး။ ဒီလိုအတွေးမျိုး ဒီအချိန်မှာ မတွေးသင့်တော့ဘူး။ လွန်ခဲ့သည့် ခြောက်နှစ်ကျော်ကတည်းက သာဒင်ညိုနဲ့ရွှေနှယ်ရိုးဆိုတာ ချစ်သူတွေစာရင်းထဲမှာ ရှိခဲ့ကြတော့တာမှ မဟုတ်ဘဲ။

... မဆုံသောလမ်း ... မင်းပဲရွေးချယ်သွားပြီး
ကျန်နေသူသာအရှုံးမီး ...
ဟော့ ... လှည့်ကြည့်ဦး ...

ဗဟိုအမျိုးသမီးဆေးရုံရှေ့ ပေါ်တီကိုအောက်မှာ ကားရပ်နားလျက် ကားထဲက လူနာအမျိုးသမီးကို သယ်ချနေရင်းမှပင် သာဒင်ညိုက သီချင်းသံကို သတိထားမိဖြစ်အောင် ထားလိုက်မိသေးလေသည်။

သူ မြန်မာပြည် ပြန်ရောက်ကတည်းက တကြွေးကြွေးတည်း ကြားနေရသော အဲဒီသီချင်းစာသားတချို့ကို သာဒင်ညိုက အလွတ်တောင်ရနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မဆုံသောလမ်း ... မင်းပဲရွေးချယ်သွားပြီး ... တဲ့။

မရွေးမဖြစ်လို့ ရွေးလိုက်ရတာပဲဟု ခွင့်လွှတ်နိုင်စွမ်းသော်လည်း ရင်ထဲက အနာကတော့ မသက်သာပါ။

ကိုယ့်ဘဝရဲ့ တစ်ဦးတည်းသော ချစ်ရသူလေး၊ တစ်ခုတည်းသော မျှော်လင့်ချက်ကလေးဟာ ရွေ့နှယ်ရိုးပဲ မဟုတ်လား။ သူမကို ဆုံးရှုံးလိုက်ရခြင်းသည် ဖဏ်ရာဒဏ်ချက်တွေ ဗလပွဖြစ်နှင့်ပြီးသား သူ့နှလုံးသားကို အထိနာစေလေသည်။

“ဆရာ ... ကားကို ဟိုဘက်ပါကင်နေရာမှာ ရပ်ပါခင်ဗျာ”

ဆေးရုံဝန်ထမ်းကောင်လေးက သတိပေးလိုက်တော့မှပဲ သာဒင်ညိုက သူ တွေဝေငိုင်ငေးသွားမိပြီဆိုတာ သတိဝင်လာတော့သည်။

ပထမတော့ ဆက်ထွက်သွားဖို့ပါပဲ။ သူ အခုလာပို့သည့် လူနာအမျိုးသမီးဟာ သူ့လူနာလည်း မဟုတ်။ အသိအကျွမ်းလည်း မဟုတ်ချေ။ ကားမောင်းလာရင်း လူရှင်းသည့် လမ်းမတစ်နေရာမှာ သူ့မျက်စိရှေ့တွင် လူးလိမ့်နေသော မိန်းမတစ်ယောက်ကိုတွေ့လို့ ကားရပ်ပြီး ဆင်းကြည့်ရာက မီးဖွားကာနီးဖြစ်နေမှန်း သိလိုက်ရတာမို့ ဆေးရုံကို မောင်းခေါ်လာခဲ့ရတာ။

ဒီမိန်းမဆေးရုံရောက်ပြီဆိုလျှင် သူ့တာဝန်က ပြီးပြီ။ ဘာမှဆက်လိုက်သွားဖို့မလို။





သို့သော်လည်း ဒီနေရာဟာ ဗဟိုအမျိုးသမီးဆေးရုံပါလားလို့ သတိဝင်လာတာနဲ့ တစ်ပြိုင်နက် ဘာမှန်းမသိသည့် ဆွဲအားတစ်ခုက သာဒင်ညိုကို ဆွဲခေါ်လိုက်လေသည်။

ဆေးရုံပေါ် သူတက်လိုက်သွားလျှင် သူတို့ ကျောင်းသားဘဝ၊ အလုပ်သင်ဆရာဝန်ဘဝနဲ့ သိပ်ကြီးခြားခြားနားနား မပြောင်း လဲသေးသည့် မြင်ကွင်းကို တွေ့လိုက်ရတာမို့ နှလုံးသွေးတို့ ပူနွေး လာရသည်။

“ဒီလူနာရဲ့ အိမ်က ဘယ်သူရှိလဲ”

တာဝန်ကျဆရာမလေးက ခပ်ကျယ်ကျယ် အော်လိုက်ချိန်မှာ သာဒင်ညိုက အနားကို အချိန်ကိုက်ရောက်သွားလေရာ ဆရာမလေးက ...

“သွား ... သွား ... ရှင် ဒီနားအထိမလာနဲ့၊ ဒါ ဗိုက်စမ်းတဲ့ နေရာ၊ အခန်းပြင်မှာပဲနေ”

သူ့ကို လူနာရှင်နဲ့မှားကာ မောင်းထုတ်ခံနေရသည့် အဖြစ်ကို သာဒင်ညိုက ရယ်ချင်နေသည်။ ဆရာမလေးကတော့ အကြောင်းမသိစွာ ဆက်လက်မှားယွင်းကာ ...

“သူ့ဗိုက်စနာတာ ဘယ်အချိန်ကတည်းကလဲ”

“ခင်ဗျာ ... ကျွန်တော် မသိဘူးခင်ဗျ”

“ဗိုက်အပ်ထားတာရော ရှိလား”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကျွန်တော် ဘယ်လိုလုပ်သိမှာလဲ"

"ဒါပထမဆုံးအကြိမ် ဆေးရုံရောက်လာတာ ထင်တယ်၊ သူ့ကိုယ်ဝန် ဘယ်နှစ်လလဲဆိုတာရော သိလား"

"ဟာ ... သူ့မေးပါလားဗျ"

သာခင်ညိုက စိတ်တိုစိုနဲ့ အော်လိုက်လျှင် ထဘီပြာနဲ့ ဆရာမက မျက်နှာရှုံ့မဲ့သွားကာ ...

"ရှင်တို့ မေးလိုက်ရင် ဘာမှ သိတာမရှိဘူး၊ လူနာက အသည်းအသန်ဖဲ အော်နေတာ၊ ဘာမှမှ မေးလို့မရဘဲ"

"မေးလို့မရလဲ မေးမနေနဲ့တော့ပေါ့ဗျာ၊ အရေးကြီးတာက ကလေးအရင်ထွက်ဖို့ပဲ၊ ကလေးထွက်ပြီးမှ History က လိုက်မေးလည်း ရပါသေးတယ်"

စုတ်ပြတ်နွမ်းဖတ်နေသော လူနာအမျိုးသမီးကို လိုက်ပို့သည့် ယောကျ်ားက ရှပ်အင်္ကျီအဖြူဖွေးဖွေးဆွတ်၊ စတိုင် ဘောင်းဘီ အနက်ခွဲရောင်နဲ့ သအးနားသပ်ရပ်လှပြီး သူ့တို့ဆေးလောက က အသုံးအနှုန်းမျိုးလည်းသုံးပြီး ပြောလိုက်သေးတာမို့ ဆရာမက အနည်းငယ်တော့ တွေဝေသွားပါသည်။

"မမော်ရေ ... N.A လာတယ်ဆို"

အခုမှ အခန်းထဲက ထွက်လာတာမို့ ကပိုကရိုဆံပင် ကို လက်တစ်ဖက်နဲ့ သိမ်းစုပြီး ကျန်တစ်ဖက်က ခေါင်းစည်း





ကြိုးလေးကို ကိုင်ကာ ဆံပင်စည်းရင်းတန်းလန်းနဲ့ အနားရောက် လာသော ရွှေနှယ်ရီးက လူနာကို အရင်ဆုံး လှမ်းကြည့်လိုက် ပါသည်။

ခုတင်ပေါ်မှာ လူးလှိမ့်နေသော အမျိုးသမီးရဲ့ အခြေ အနေက မွေးကာနီး ဖြစ်နေတာကို သိသွားလျှင် သူမကိုဗိုက်စမ်း၊ V.E စမ်းပြီး ပါးစပ်ကတွေ့သမျှ တတောက်တောက် ရွတ်ပြလျက် ယောက်ဆာချင်ကောင်မလေးကို လိုက်ရေးစေသည်။

လူနာအခြေအနေက မွေးကာဖွားကာနီး ဖြစ်နေ တာကလွှဲလျှင် ဘာမှဆိုးဆိုးဝါးဝါး မရှိတာမို့ ရွှေနှယ်ရီး ကိုယ် တိုင်မွေးပေးဖို့ မလိုအပ်ဘူးဟု ယူဆလိုက်ကာ ...

"မမော်ရေ ... ရပြီ၊ မမော်ပဲ ကြည့်လုပ်တော့၊ နော်မယ်ပဲ"

"ဒါဖြင့် ကျွန်မ မွေးကြည့်လိုက်မယ်နော် မမ"

ယောက်ဆာချင်မလေးကတော့ တက်တက်ကြွကြွနဲ့ သူကိုယ်တိုင် မွေးကြည့်ဖို့ လိုက်ပါသွားပြီ။ လူနာကို ရှေ့သွားလျှင် ရွှေနှယ်ရီးက လက်အိတ်ချွတ်ကာ လက်ဆေး၊ မျက်နှာသုတ်ပဝါ နဲ့ ရေခြောက်အောင်သုတ်ပြီးတော့မှ ကိုယ့်ဘေးမှ ရပ်နေသူ ဆီ အာရုံရောက်တော့သည်။

"လူနာအတွက် ဝယ်ရမယ့် ပစ္စည်းတွေ ဒီမှာရေးထားတယ်၊ အောက်ကဆေးဆိုင်မှာ သွားဝယ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

ကိုယ့်ကို အခုထက်ထိ လူနာရှင်မှတ်နေဆဲ ဆရာမလေးက ဆေးစာရေးပေးကာ အတင်းပဲဝယ်ခိုင်းနေတာမို့ ကြောင်တက်တက်ဖြစ်နေသော သာဒင်ညိုက ရွှေနှယ်ရိုးကို တွေ့တာတောင် လှမ်းမခေါ်အားပါ။

"ဘာအူကြောင်ကြောင် ဖြစ်နေတာလဲ၊ ဒါ လူနာကလေး မွေးဖို့ အရေးတကြီးလိုတဲ့ ပစ္စည်းတွေ၊ မြန်မြန်သွားဝယ်လေ"

"ဟို ... ကျွန်တော်"

"ဩော် ... အရေးထဲ ဒီလူက အူကြောင်ကြောင်နဲ့၊ မမရေ ကြည့်ပြောပါဦး၊ ဒီတစ်ယောက်က တဟင်ဟင်နဲ့ ဘာတွေ ဖြစ်နေမှန်းကို မသိဘူး"

ထဘီနီ ဆရာမလေးက လှမ်းဝ ိ ြလိုက်ချိန်မှာ ရွှေနှယ်ရိုးကလည်း ဒီဘက်လှည့်အကြည့်နဲ့ဆုံကာ သာဒင်ညို့ကို မျက်နှာချင်းဆိုင် တွေ့လိုက်ရလေသည်။

"သာဒင်ညို ... နင် ... ခုနက မိန်းမနဲ့ ..."

"ဟာ ... ဘာဆိုင်စရာရှိလဲ၊ လမ်းမှာ လဲနေတာတွေ့လို့ ခေါ်လာတာ၊ အဲဒါကို ငါ့ပဲ လူနာစောင့်ထင်ပြီး လျှောက်မေးလိုမေး၊ ဆေးဝယ်ခိုင်းလိုခိုင်းနဲ့"

"ဆေးတွေ မဝယ်ခိုင်းနဲ့တော့ ချိုချိုရေ ... သူ့ကြည့်ရတာ





ပိုက်ဆံလည်း ပါလာပုံမရဘူး၊ အိမ်သားတွေလည်း မပါဘူး၊ ဒီကပဲ စိုက်ထားပေးလိုက်၊ သူ့အိမ်ကလူတွေ လိုက်လာမှ အစားပြန်ဝယ်ခိုင်း၊ မရတော့လဲ မတတ်နိုင်ဘူး"

"လိုအပ်တဲ့ဆေးဖိုးဆိုရင်တော့ ငါ စိုက်ပေးလိုက်ပါ့မယ်၊ အလုပ်သမားတစ်ယောက် သွားဝယ်ခိုင်းလိုက်လေ"

သာဒင်ညို ဆေးဝယ်ဖို့ပိုက်ဆံ ထုတ်ပေးနေတာကို ကြည့်ပြီး ရွှေနှယ်ရိုးရင်ထဲမှာ လှိုက်နေသည်။ ချစ်သူကို စကားတစ်ခွန်းခွန်းလောက် ပြောလိုက်ချင်ပေမယ့် ဒီလိုအချိန်မျိုးမှာ အပြောသင့်ဆုံးစကားဟာ ဘယ်လိုစကားမျိုး ဖြစ်သလဲဆိုတာ စဉ်းစားလို့ကို မရချေ။

"ဒီမှာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ... နင်ရော"

"ငါလည်း မဆိုးပါဘူး၊ အပြင်က Poly clinic သုံးခုမှာ လိုက်ထိုင်တယ်လေ၊ ဆရာကြီး ---နဲ့ အင်္ဂလန်မှာ တွေ့ခဲ့တော့ သူက ငါ့ကို ကြိုးစားတယ်ဆိုပြီး မြန်မာပြည် ပြန်လာရင် အကူအညီပေးမယ်လို့ ကြိုပြောထားတာလေ၊ ဒီရောက်လာတော့ ဆရာကြီးက တော်တော်ကူညီနိုင်ပါတယ်"

"နင် တော်တော် ပြောင်းလဲသွားတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ယံအားဖြင့်တော့ ပြောင်းလဲသွားတာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ငါ့နှလုံးသားကတော့ အရင်အတိုင်းပါပဲလို့ ပြောချပစ်လိုက်ချင်စိတ်ဟာ နှုတ်ခမ်းနှစ်လွှာကို ဆောင့်ဟိုးနေပြီ။ ရယ်လိုက ရယ်ကြပါစေတော့။ ဒီအသက်အရွယ်အထိ နူးညံ့သော နှလုံးသားခံစားချက်ဟာ အသစ်အတိုင်း နုပျိုရှင်သန်ဆဲပါလို့ သာဒင်ညိုက ဝန်ခံချင်ပါရဲ့။

"မကြိုးစားရင် မဖြစ်တော့တဲ့ အခြေအနေရောက်လာတော့လည်း ဒီလိုပဲ ဖြစ်သွားရတာပေါ့လေ။ ရေမကူးတတ်တဲ့ ကလေးတစ်ယောက်ကို ရေကန်ထဲပစ်ချလိုက်တဲ့အခါ သူ့အသက်ရှင်ရေးအတွက် ရုန်းကန်ကူးခတ်ရင်း ရေကူးတတ်သွားတာမျိုးပေါ့"

နှစ်ယောက်သား စကားမပြောဖြစ်ဘဲ တိတ်ဆိတ်သွားကြပြန်ပါသည်။

အမှန်ကတော့ သူတို့ကြားမှာ ပြောစရာစကား မရှိတာမဟုတ်။ ပြောစရာတွေ များလွန်းပြီး မပြောသင့်ဘူးလို့ ထင်ရတာတွေလည်း များလွန်းတာကြောင့်သာ စကားဝိုင်းက တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေရတာ။

"မိသီတို့ရော"

"မိသီက အိမ်ထောင်ကျသွားပြီ၊ ငါတို့ထဲမှာ သူက အရင်ဆုံး အိမ်ထောင်ကျတာ"



"ဆရာနဲ့တော့ မဟုတ်ဘူးမို့လား။ ဆရာဦးစိုင်းမောင်နဲ့လည်း ဟိုမှာ တွေ့သေးတယ်၊ သူကတော့ မမှတ်မိပါဘူး"

"ဆရာနဲ့မဟုတ်ဘူး၊ ကောင်လေးက ငါတို့ထက် အများကြီး ငယ်တယ်၊ အခုမှ Part II အောင်ကာစလေး"

"နိုင်မှာရော"

"နိုင်မှာ ဇာတ်လမ်းက မထင်မှတ်ပဲ ရှုပ်လာတာ၊ ငါတောင် သိပ်မသိတော့ဘူး၊ မြရုံက ရှေ့လထဲ မင်္ဂလာဆောင်မယ်၊ နေဦး နင်နဲ့ ပြန်တွေ့တဲ့အကြောင်းသာပြောလိုက်ရင် သူ နင့်ကို ဖိတ်မှာပဲ၊ သူက အခု JICA မှာလေ၊ Medicine အောင်သွားပြီ"

"အင်း ... အားလုံး တစ်ခုခုတော့ ပြောင်းလဲနေကြတာပဲနော်၊ ဒါနဲ့ နင့်အဖေရော"

သာဒင်ညိုက သတိတရ ကောက်မေးလိုက်ပြီးမှ စကားမှားသွားသလားလို့ ထိတ်လန့်သွားရပါသည်။

ကိုယ့်ကို ခါးခါးသီးသီး အထင်သေးခဲ့သော မတော်လိုက်ရသည့် ယောက္ခမကြီး။ အခုလို အောင်မြင်လာတာဟာ သူ့ရဲ့တွန်းအားတွေကြောင့် ရာခိုင်နှုန်းအတော်များများ ပါတာမို့ ကျေးဇူးတင်သင့်သည့် လူစာရင်းထဲမှာ ခွေနွယ်ရီး အဖေကိုလည်း ထည့်သင့်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကတော့ အရင်အတိုင်းပါပဲ။ အသက်လေးရလာပေမယ့် သူဖြစ်ချင်တာတွေကို အမြဲတမ်း အိပ်မက်,မက်နေတာပဲ"

ရွှေနွယ်ရိုးက သာဒင်ညိုကို အားနာစွာ တွန့်ဆုတ်ဆုတ်ကလေး ဖြေသည်။

သာဒင်ညို ပြန်သွားသည့်အချိန်မှာတော့ ဆေးရုံအပေါ်ထပ်ကနေ စောင့်ကြည့်ကျန်ရစ်ခဲ့ရင်း ရွှေနွယ်ရိုး ရင်ထဲနာလာသည်။

အခုနေ ဘာကိုမှ မငဲ့ဘဲ မေးခွန်းတစ်ခု မေးကြေးဆိုလျှင်တော့ ငါတို့ နိုးပြေးဖို့စီစဉ်ကြတဲ့နေ့က နင် ဘာဖြစ်လို့ရောက်မလာခဲ့တာလဲဆိုသည့် မေးခွန်းကို မေးဖြစ်လေမလားမသိ။



၃၅

ပွဲထုတ်လာသော မင်္ဂလာစုံတွဲမှ သတို့သားကို ကြည့်ပြီး သာဒင်ညိုက ဇဝေဇဝါ ဖြစ်သွားရသည်။

မှားစရာမရှိပါ။ ဒီလူဟာ ဟိုတစ်နေ့က ရွှေနွယ်ရိုးကို လာကြိုသည့်လူပဲ။ မျက်ခ[illegible]လေးတွေ့လိုက်ရတာ ဖြစ်ပေမယ့် သူ့ရဲ့ အာရုံတွေဟာ ရွှေနွယ်ရိုးနဲ့ ပတ်သက်လျှင် ရှင်သန်လွန်းလှသည်လေ။

ပိုပြီး သေချာအောင် ရွှေနွယ်ရိုးနဲ့ သီလဝါတို့ ဓနိမောင်နှံ သူ့စားပွဲလာထိုင်တော့ သာဒင်ညိုက မေးကြည့်ဖြစ်လိုက်ပါသည်။

"သတို့သားက ဟိုတစ်နေ့က နင့်ကို ဆေးရုံမှာ လာကြိုသွားတဲ့ လူများလားလို့"

www.burmeseclassic.com



"ဟုတ်တယ်လေ ... အဲဒါ မြရုံရဲ့လူပေါ့၊ ကိုရွှေပြည်စိုးတဲ့၊ သူနဲ့ငါ့အစ်ကိုက သူငယ်ချင်းတွေလေ၊ အဲဒီနေ့က မင်္ဂလာဆောင်အတွက် ပန်းသွားမှာဖို့ ငါက လမ်းသိလို့ ဝင်ခေါ်တာ"

"ဪ ... မသိပါဘူး၊ ငါက 'လူတွေဘာတွေ မှားလို့"

"ဘာလဲ ... ဘာမှားတာလဲ"

အရေးထဲ မိသီက အလိုက်မသိစွာ မေးနေသေးသည်။ ဘာမဆို သူသိရမှ ကျေနပ်တတ်သော မိသီအကြောင်း သိနေတာမို့ သာဒင်ညိုမှာ အားတုံ့အားနာနဲ့ပင် ...

"အဲဒီတစ်ယောက်ကို ရွှေရိုးရဲ့ ဟိုဒင်း ... မှတ်လို့"

သာဒင်ညိုက ရိုးရိုးတန်းတန်း ပြောလိုက်တာပါ။ သို့သော် သီလဝါက ဘာတွေ စိတ်တိုသွားမှန်းမသိ မျက်နှာကြီး မည်းပုတ်ကာ (အနားကလူတွေ အလန့်တကြား လှည့်ကြည့်လာလောက်အောင်) စားပွဲပေါ် လက်နဲ့ ဖြန်းခနဲ ရိုက်လိုက်လေသည်။

"ဘာဟိုဒင်းလဲ ... နင်က ငါ့သူငယ်ချင်းကို ဖောက်လွဲဖောက်ပြန်နဲ့ ယောကျ်ားယူပစ်လိုက်မယ့် လူမျိုးလို့ထင်လို့လား၊ နင် သတ္တိမရှိပေမယ့် ရွှေရိုးက နင့်ထက် သတ္တိရှိတယ်ဟဲ့"

"ငါ ... ငါ နားမလည်ဘူး မိသီ"





"အေး ... နင် ဘယ်နားလည်ပါ့မလဲ၊ နင်က ရွှေရိုးအဖေကြီးပြောသလိုပဲ ဘာကိုမှ အလေးအနက် မထားတတ်တဲ့ ခပ်ပေါ့ပေါ့ လူစားကိုး"

"မိသီရယ်၊ တော်ပါတော့ ... ဒီအချိန်မှာ ဒီစကားတွေ မပြောရင်ကောင်းမယ်"

"... မဟုတ်သေးဘူး၊ ပြောပါ မိသီ ... ငါသိချင်လို့ပါ၊ ငါ ပြောချင်တာတွေလည်း ရင်ထဲအပြည့်ရှိပါတယ်။ မပြောသင့်တော့ဘူးထင်လို့ ရွှေရိုးရဲ့ အနည်ထိုင်နေတဲ့ ဘဝလေး ပျက်သွားမှာစိုးလို့ မပြောချင်ရက်နဲ့ မျိုသိပ်နေရတာပါ"

ပြောရင်းပြောရင်း သာဒင်ညိုက အသံတွေ တုန်အက်လာကာ ငိုချချင်စိတ်ပေါက်လာသည်။ ကိုယ့်ရဲ့ ဆိုးဝါးလှသော ဆင့်ကဲဆင့်ကဲ ဆိုးရွားမှုတွေကို နှစ်ပေါင်းများစွာ ဘယ်သူ့ထံမှာမှ တိုင်တည်ရင်ဖွင့်ခွင့်မရဘဲ မျိုသိပ်ထားရတာသည် သူ့အတွက် အပင်ပန်းဆုံး ဝေဒနာတစ်ခု။

"ဘာလဲ ... နင်က ယောက်ျားလေးလောက်မနည်းမယ်ဆိုပြီး ငိုဦးမလို့လား၊ ဒီမှာတော့ မငိုပါနဲ့ဟာ၊ နင်ငိုချင်ရင် ငါတို့ တစ်နေ့ သေချာချိန်းကြသေးတာပေါ့၊ အခုတော့ သိတို့ ဒီအား သိပ်တို့ ဆီမီးပွဲထုတ်တာလေး ကြည့်ပါရစေဦး"

သီလဝါက ပြောပြောဆိုဆို မြစ်ပွဲရှိရာဘက်သို့သာ သေသေချာချာကြီး လှည့်ကြည့်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သာဒင်ညို့မှာ တစ်ခုခုပဲ ပြောချလိုက်ချင်သလိုလို၊ တစ်ခုခု မေးရမလိုလိုနဲ့ ဖြစ်နေပေမယ့် ရွှေနှယ်ရိုးက ခေါင်းကလေး ငုံ့ပြီးကာ တစ်ခုခု ပြောလိုက်ရင်ပဲ မျက်ရည်တွေ တားဆီးမရ ဖြိုကျတော့မည့်ပုံမို့ ဘာမှ မပြော်ရဲချေ။

မင်္ဂလာပွဲပြီးအောင်သာ စိတ်ရှည်ရှည် စောင့်နေရပါသည်။ ပွဲပြီးသွားတာနဲ့ သာဒင်ညိုက သီလဝါနားကပ်ကာ ...

"မိသီ ... ငါပြောစရာရှိသေးလို့ ..."

"တစ်နေ့နေ့ ချိန်းမယ်လို့ ပြောထားတယ်လေ"

"အဲဒီတစ်နေ့ဟာ အခုဖြစ်ပါလားဟာ၊ ငါ သေလောက်အောင် ပြောပြချင်နေလို့ပါ"

"ကောင်းပြီလေ ... ဒါဆို ငါ့အိမ်လိုက်ခဲ့၊ ရွှေရိုးကိုလည်း ပြောလိုက်မယ်၊ ခိုင်မာရော ခေါ်ဖို့လိုသေးလား"

"နင်တို့အားလုံးရှိနေရင် အကောင်းဆုံးပေါ့ဟာ"

သီလဝါက ခပ်မြန်မြန် လှုစုလိုက်ပါသည်။ အစကတော့ သူရယ်၊ ရွှေနှယ်ရိုးရယ်၊ ခိုင်မာရယ် သုံးယောက်တည်းသာ ရှိလိမ့်မည် ထင်ထားသော်လည်း သတို့သမီးမြလွှာရုံကပါ အိမ်အထိ ဗွီဒီယိုသမားတွေ လိုက်ရိုက်ပြီးတာနဲ့ သူမပါ လိုက်လာမည်လို့ ဖွတ်အတင်းတောင်းဆိုတာကြောင့် လေးယောက် တစ်ဖြိုင်နက်တည်း ဆုံဖို့ဖြစ်လာလေသည်။



၁၆

တရားခံတစ်ယောက်ကို ဝိုင်းစစ်သလိုမျိုး သာဒင်ညို့ကို အလယ်ကောင်ကထားကာ ရွှေနှယ်ရိုးတို့တွေက စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ဝိုင်းထိုင်လိုက်ကြပါသည်။ အားလုံးထဲမှာ အရယ်ရဆုံးက သတို့သမီး ဝတ်စုံနဲ့ မြရုံလွှာပင်။

"ကဲ ... နင် ပြောစရာရှိတယ်ဆို၊ ပြောလေ"

"ဟို"

တကယ်တမ်း ပြောထွက်ဖို့ကျတော့ သာဒင်ညိုက တွန့်ဆုတ်နေမိပါသည်။ သူ့ဘက်က တမင်လွှဲချော်အောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မဟုတ်၊ သူ့ရဲ့ညှဲ့ဖျင်းချွတ်ချော်မှုလည်း လုံးဝ မပါဝင်ဘဲ ကံကြမ္မာရဲ့ ရက်စက်စွာ တိုက်ခိုက်ခံလိုက်ရတာကြောင့် ချိန်းထားသည့်နေ့က ရောက်မလာနိုင်ခဲ့သည့်အကြောင်းကို ဘယ်လို ပြောရပါ့။

အဖြစ်မှန်ကို သိလျှင် ရွှေရိုး စိတ်မကောင်းဖြစ်ရှာပေမည်။ သူ့ကို သနားကရုဏာသက်ရှာမည်။ အဲဒီ အဖြစ်ဟာ သူမရဲ့ အိမ်ထောင်ရေးကို ထိခိုက်မှုရှိမည်လည်း သာဒင်သိုက စိုးမိသေးသည်။

"ဘာလဲ .... အခုတော့ ပြောစရာမရှိတော့ဘူးလား"

"မရှိတော့တာ မဟုတ်ပါဘူး၊ ပြောသင့် မပြောသင့် ချိန်ဆနေရလို့ပါ၊ ငါ အခုလို ပြောလိုက်လို့ ရွှေရိုးရဲ့ အိမ်ထောင်ရေး ထိခိုက်သွားမှာ [illegible]"

"[illegible] ပြောလိုက်စမ်းပါ [illegible]"

[illegible]

ရွှေရိုးက အိမ့်ရွှေ [illegible] ဟုဆို [illegible]

"[illegible] ကြားလိုက်ရသော စကားကို မယုံချင်။ ဒီသတင်းဟာ မှန်ချင်မှ [illegible] မကောင်း [illegible] ဖြစ်နေသည်လေ။

"[illegible] ငါတို့ ရွှေရက်ပြေးဖို့ [illegible]





[illegible] နေ့ကို ရွှေရိုး [illegible] လား။ ငါ ရောက်မလာလို့ ထွက်မပြေးဖြစ်တဲ့အခါ [illegible]

[illegible] ... [illegible]

[illegible]

အခု အိမ်ထောင်နဲ့ဆိုရင် ငါတို့က နင့်ကိုစွ အခုမှ [illegible]

[illegible]

[illegible]

"မဟုတ်ဘူး ... အဲဒီနေ့က ..." [illegible]

[illegible] မျှော်လင့် [illegible]

[illegible] ရွှေနှယ်ရိုးက မျက်ရည်လည်ရွဲနဲ့ [illegible]

[illegible] အံချိုးချင်း [illegible] အမျိုးစု [illegible]

[illegible] စိတ် [illegible] ရိုးက [illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ လှုအုပ်ရဲ့ ရှေ့ဆုံးက သတို့သားရဲ့ အမေ ပြေးထွက်လာကာ ...

"အောင်မယ်လေး ... သမီးရေ၊ ဘယ်လိုလုပ်ကြမလဲ၊ အန်တီ့သား မရှိတော့ဘူးကွဲ့၊ သူ့ရည်းစားနဲ့ ခိုးပြေးသွားကြပြီ"

ရင်ဘတ်စည်တီး အော်ငိုတိုင်တမ်းလိုက်သော သတို့သား အမေကြီးကို ကြည့်ပြီး ချွေနွယ်ရိုးက ခဏတော့ ကြက်သေ သေသွားမိသေးသည်။

အဲဒီနောက်မှာတော့ သူမ လတ်တလော ရင်ဆိုင် ရမည့်အခက်အခဲအားလုံး ပြေလည်ရှင်းလင်းသွားပြီဟု စိတ်လွတ် လပ်ပေါ့ပါးသွားလေတော့သည်။

"အဲဒါပဲ ... အဲဒီနေ့က သတို့သမီး ထွက်ပြေးဖို့ အစီအစဉ် မအောင်မြင်လိုက်ပေမယ့် သတို့သားကတော့ အောင်မြင် စွာ ထွက်ပြေးသွားနိုင်လို့ ပွဲပျက်သွားတယ်၊ ငါ့အဖေလည်း စိတ်ခါတ်ကျပြီး နောက်ထပ် ငါ့ကို အိမ်ထောင်ရေးကို ဘာမှ မစွက်တော့ဘူး၊ အဲဒီကိစ္စဖြစ်ပြီး သိပ်မကြာခင်ပဲ အလုပ်လျှောက်လွှာခေါ်တော့ နယ်စွန်နယ်ဖျားတွေ ပေးပါလို့ ဖော်လံတီယာ တောင်းယူပြီး နယ်မှာ သွားနေလိုက်တာ၊ အဲဒီမှာပဲ ကိုယ့်ဘဝကို မနည်းပြန်တည်ဆောက်ခဲ့ရတာလေ"





"ဒါဆို နင့်မှာ တကယ်ပဲ အိမ်ထောင်မရှိဘူးပေါ့"

"သာဒင်ညို ... နင့်အပြစ်တွေ ဖုံးချင်တာနဲ့ပဲ ဒါချည်း ထပ်ခါတလဲလဲ မေးမနေနဲ့၊ နင် ဘာတွေဖြစ်ပြီး ချိန်းထား တဲ့ကိစ္စ ဘယ်လို လွဲသွားသလဲ ဆိုတာသာပြော"

ချွေနွယ်ရိုးတို့ သီလဝါတို့တတွေက ထုံးစံအတိုင်း ကြားနေကျဖြစ်သည့် ဘောလုံးပွဲကြည့်နေလို့၊ နာရီနောက်ကျလို့၊ ကားပျက်လို့ စသည့် ခပ်ချာချာ အကြောင်းပြချက်မျိုးကိုပဲ ကြား ရမည်ဟု အထင်သေးစွာ စောင့်မျှော်နေကြပါသည်။

သို့သော် သာဒင်ညို စပြောလိုက်လျှင်ကား အားလုံး တအံ့တသြ ရင်တုန်ပန်းတုန် ဖြစ်ကုန်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

[illegible]

"ရွှေရိုး မင်္ဂလာဆောင်မှုတိုင်ချင် ဆွစ်ပတ်အလိုမှာ ငါတို့မိသားစု ဖေဖေ့ရုံးကားစီးနဲ့ ကျောက်မဲကို သွားကြတယ်၊ မင်္ဂလာပွဲလုပ်ဖို့ နှစ်ရက်အလိုကျတော့ ငါက အတင်းပြန်ချင်တယ် ပူဆာတာနဲ့ မိသားစုသုံးယောက် ရန်ကုန်ပြန်ဆင်းလာတာ၊ လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်သွားကြတယ်၊ ဖေဖေနဲ့ မေမေကတော့ ပွဲချင်းပြီးပဲ၊ ငါကတော့ ခေါင်းကို ထိခိုက်ပြီး တစ်ပတ်လောက် သတိလစ်သွားတာ၊ ငါ သတိပြန်လည်လာတဲ့အချိန်မှာ ငါ့မိဘ



[illegible] ရွှေရိုး မင်္ဂလာဆောင် [illegible] နေ့ [illegible] အဲဒီမှာ

ငါလည်း စိတ်ထိခိုက် [illegible]

[illegible] ရှမ်းပြည်နယ်

[illegible]

[illegible] ရန်ကုန်ပြန်ရောက်တော့

[illegible] ခဏပိုင်လှုပ်သေးတယ်၊

[illegible]

[illegible] အဖေနဲ့အမေ

[illegible]

[illegible]

[illegible] လို့လည်း

[illegible]

[illegible]"

သာဒင်ညို့စကား [illegible]

[illegible] တွေ့ရလေသည်။

[illegible]

တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သည်မှာ ရွှေနှင်းရိုးရဲ့ ရှိုက်သံအက်အက်ကလေးပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အညိုရယ် ... နင့်ကို သနားလိုက်တာ၊ ငါကတော့ နင့်ထုံးစံအတိုင်း အလွဲအချော်တွေလုပ်ပြီး ရောက်မလာတာပဲထင်လို့ အရမ်းစိတ်နာသွားခဲ့တာ"

"အဟဲ ... တော်သေးတာပေါ့နော်၊ ဟိုကျေးဇူးရှင် သတို့သားကယ်ပေလို့ပေါ့၊ သူသာ မိန်းမခိုးပြေးမသွားရင် ခုလောက်ဆို နင်က တကယ် အိမ်ထောင်ကျနေလောက်ပြီ"

ရွှေနှယ်ရီးက တအားငိုနေပြီမို့ သာဒင်ညိုက ပြေရာပြေကြောင်း စကားကို ရယ်ရယ်မောမော ပြောပေးရပါသည်။

သူ့အဖြစ်ကို ခုမှ သိရသော ရွှေနှယ်ရီးက သနားကြင်နာကာ ဝမ်းနည်းကြေကွဲရသော်လည်း ရွှေနှယ်ရီးရဲ့အဖြစ်ကို သိလိုက်ရသော သာဒင်ညိုကတော့ ဝမ်းသာရွှင်မြူးရသည်လေ။

သူချစ်သော မိန်းကလေးဟာ အိမ်ထောင်သည်ကလေး မဟုတ်သေးပါတဲ့။ သူ့ဘဝရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်၊ တစ်ဦးတည်းသော ချစ်မြတ်နိုးရာကလေးကို ပိုင်ဆိုင်ယူနိုင်ခွင့် သူ့မှာ ရှိသေးသည်ပဲ။

ကဲ ... ဒီထက် သာယာလှပသောအဖြစ် ဘယ်မှာရှိတော့မလဲ။



၃၀

"ဟော့ ... အားလုံးမျက်နှာစုံညီနေတဲ့အချိန်မှာ ပုပုရွေးရွေး အဆင်ပြေသွားတဲ့ စုံတွဲကို မေးခွန်းတစ်ခုမေးရော့ ရှိတယ်"

သီလဝါက ဖောက်ပြီး အော်လိုက်လျှင် သာဒင်ညိုမှလွဲ၍ ကျန်အားလုံးက ဘာမေးချင်လဲဆိုတာ သိလိုက်ကြပြီ။

"မဖြစ်သေးဘူးထင်တယ်၊ ငါတို့ထဲမှာ သူစိမ်းတစ်ယောက်ပါနေတယ်လေ၊ ဒီကိစ္စဆွေးနွေးဖို့အတွက်ဆိုရင် ငါတို့လေးယောက်တည်း သီးသန့်ရှိရမယ်မို့လား"

ထုံးစံအတိုင်း နိုင်မာက ဝင်ရောက်ကန့်ကွက်ဖြန့်



www.burmeseclassic.com

www.burmeseclassic.com



ည်။ ဒီတစ်ခါတော့ သာဒင်ညိုကို ကြည့်မရလို့မဟုတ်တော့ဘဲ ပျော်သဘော နောက်ပြောင်ကျီစယ်လိုက်တာမှန်း ခိုင်မာ့မျက်နှာ ကြည်ကြည်ပြုံးပြုံးက သက်သေထူနေလေသည်။

"သူစိမ်းမဟုတ်ပါဘူး၊ အညိုဟာ ငါနဲ့ထပ်တူပဲ၊ ငါရဲ့ အနီးစပ်ဆုံးချစ်သူပဲ၊ အညို့ကို ငါနဲ့ တစ်ယောက်တည်း လိုပဲ နင်တို့ သဘောထားရမယ်"

ရွှေနွယ်ရီးက သာဒင်ညိုအကျီလက်မောင်းကို ခပ်ဖွဖွ ပုတ်ကိုင်လျက် ဘက်မင်းစွာ ပြောလိုက်လျှင် အားလုံးထံမှ ကျေမနပ် မျက်စောင်းတွေ အပြိုင်အဆိုင် ရောက်ရှိလာလေသည်။ လာကစ်ကို အလူးအလိမ့် ခံစားရပြီးသား သာဒင်ညို့အတွက် တော့ ချစ်သူလေး ကိုယ့်နံဘေးနား ရှိနေချိန်မှာ အဲဒီ မျက် [illegible]

"[illegible] အမေ့အခွင့်အရေးနဲ့ ဒီမေးခွန်းကို ဖြေခွင့်ပေး [illegible]

[illegible]

[illegible] မသိသေး [illegible] သာဒင်ညိုက [illegible] ရွှေနွယ်ရီး [illegible] ရွှေနွယ်ရီးက [illegible] မကိုယ်တိုင် မဖြေ [illegible] ပြောပြလိုက် [illegible] မေးခွန်းတ [illegible] ပါသည်။





[illegible] အချစ်ဆိုတာ [illegible]

[illegible] သာဒင်ညိုက

သိပ်စိတ်ဝင်စား [illegible] ရွှေနွယ်ရီး [illegible] စောင့်မျှော် နေမိတော့သည်။

[illegible] အချစ်ဆိုတာ [illegible] အလွန်ကျယ်ပြန့်လှတဲ့ [illegible] ရဲ့ [illegible] ရှိကြတယ်၊ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးဟာ အဲဒီ [illegible] နေကြရ တာပါ၊ သေချာတာတစ်ခုကတော့ ဘယ်လိုချစ်သူစုံတွဲမျိုးမှ [illegible]

"[illegible] မရှိကြတာဘူပါပဲ [illegible]"

[illegible] နားထောင်နေကြသူတွေကို တစ်ချက် အကဲခတ်ပြီးမှ ဆက်ပြော သည်။

[illegible] ရယ်စရာတွေလည်း အများကြီး [illegible] တဲ့ ခံစားချက်တွေကို ကောင်းကော [illegible] ဆိုင်နိုင်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိကြပြီလို့ ထင်တယ်၊ ရှေ့လျှောက် ကြုံကိုကြုံလာဦးမယ့် ပျော်ရွှင်စရာတွေ၊ ရင်မောစရာတွေ အားလုံးကို ငါတို့ ရဲရဲရင့်ရင့် ရင်ဆိုင်ဖြတ်ကျော်နိုင်မှာပဲ"

"ဟုတ်တယ် ... ဒါမှန်တယ်"

သာဒင်ညိုက သဘောကျစွာ လက်ခုပ်တဖြောင်းဖြောင်း တီးလျက် ချီးမွမ်းလိုက်ပြီးမှ ဘယ်သူမှ သူ့လို လိုက်မပါကြတာကို တွေ့သွားသည့်အခါ ခပ်ရှက်ရှက်နဲ့ သွားလေးဖြဲလျက် ...

"သူ့အယူအဆသိပြီးရင် အဲဒီမေးခွန်း ငါ့ကိုရော မေးဦးလေ၊ ငါ ဖြေချင်တယ်"

"နင် ဖြေစရာမလိုဘူး၊ ဒါ ငါတို့ လေးယောက်ကြားထဲက သီးသန့် မေးခွန်း၊ အပြင်လူ ပါစရာ မလိုဘူး"

"မဟုတ်သေးဘူးလေဟာ၊ ပြောလိုက်တော့ရော ဘာဖြစ်မှာမို့လို့လဲ"

"မသိချင်ပါဘူးဆို"

မေနိုင်မာနဲ့ သီလဝါက တစ်ယောက်တစ်ခွန်းစီ ညစ်ကျယ်ကျယ်နဲ့ တားမြစ်နေကြပါသည်။

"ရွှေရိုး အခုပဲ ပြောတယ်လေ၊ သူနဲ့ငါ ထပ်တူသဘောထား ရမယ်လို့"





"ဒါဆိုလည်း ရွှေနွယ်ရိုးရဲ့ သဘောထားကို ငါတို့ သိပြီးပြီပဲ၊ နင့်သဘောထား သိစရာ မလိုတော့ဘူး"

တမင်တကာ ညစ်စုတ်နေကြသော မိန်းမတွေကို သာဒင်ညိုက အမြင်ကတ်လာပြီး ဆုံးရှုံးရပြီလို့ သေချာနေသည့် ချစ်သူလေးကို မမျှော်လင့်ဘဲ ပြန်လည် ပိုင်ဆိုင်ခွင့် ရလိုက်တာမို့ လူကလည်း ငှက်မွှေးလေးလို ပေါ့ပါး လွင့်မြောက်နေအောင် ပင် ပျော်ရွှင်တက်ကြွနေခိုက်ဖြစ်ပေရာ ငယ်ငယ်တုန်းကလို ပြောင်ချော်ချော်စိတ်ကလေးလည်း ပြန်ဝင်လာသည်။

"အေး ... နင်တို့ သိချင်ချင် မသိချင်ချင် ငါက ပြောဖြစ်အောင်ကို ပြောမယ်၊ အချစ်ဆိုတာ လူတစ်ယောက်ရဲ့ ဘဝရှင်သန်ဖို့အတွက် သက်စောင့်ဆေးပဲ၊ ဟိုးအရင်က အချစ်မရှိတော့လို့ ငါ့ဘဝဟာ စက်ရုပ်ကြီးလိုပဲ ပညာရေးနဲ့ တာဝန်တွေကြားထဲမှာ အဓိပ္ပာယ်မဲ့နေခဲ့တာပေါ့၊ အခုတော့ အချစ်ကို ငါ ပြန်ရပြီ၊ ငါ့ရဲ့ဘဝကိုလည်း ငါ ပြန်ရပြီ၊ ငါဟာ အရင်က သာဒင်ညို ပြန်ဖြစ်သွားပြီ"

စကားဆုံးတာနဲ့ သာဒင်ညိုက ရွှေနွယ်ရိုးလက်ကို ကောက်ခနဲဆွဲကာ ထ,ပြေးလေသည်။

သို့သော် ကံဆိုးချင်တော့ တံခါးဝမှ မရှောင်ကြဉ်ခင် ညှိခန်းကြမ်းပြင်ကနေ့ ဖိနပ်ချွတ်ကိုအဆင်း တစ်ထစ်နိမ့်သွား



www.burmeseclassic.com

www.burmeseclassic.com



သော် နံနက်ခင်းလေးကို အစတိမ်မှုန်ဆီ မြူးဆင်းလိုက်မိလေရာ လူက ဟန်ချက်ပျက်ပြီး ဗမ်းလျှောက်ထိုး လဲနေတော့သည်။

ဟုတ်တာပေါ့ ... အိမ်မှန် ... နံစဗော ဂုဏ်ရေ့ကြီးတဲ့၊ ပါကျော်သီပဲစတဲ့ ဖိုးစိတ်ရှင်ကြီး ပြီးတော့ ကိစ္စဆရာဒင်ညို မဟုတ်တော့ဘူး၊ အဲဒီအမောကျိုတို့ ကောင်းချော်ကုမ္ပဏီတော့ကောင် သာဒင်ညို ပြန်ဖြစ်သွားပြီ။ ရွှေရီး အခုတော့ နင့်ကို အမင်းသော ဆေးဖိုးပါ

ရိုင်မာရဲ့ ပျော်ပျိမ့်စိန်စိတ် ဝေဝေနိုသာအဆုံးမှာ အားလုံး ဒိုင်ရယ်ကြတဲ့မိုး ရွှေနှယ်ရီးလည်း အခန်းသည်ကြားကပဲ ဝင်ရယ်မိသည်။ ကာလတော်ရှင် သာဒင်ညိုလည်း နားနေသည့်ကြားက မချိုလေး ရယ်နေတော့မိပါသည်။

ရွှေနှယ်ရီးနဲ့သာဒင်ညိုတို့ရဲ့ အချစ်ပြဇာတ် အဆိုင်းနှင့်ကြော်တော့ ရယ်လိမ့်မောခြင်းဖြင့် တစ်ဖန် ပြင်လှစ်လိုက်ပြန်ပြီလေသည်။

**ခင်ဦးခင်ခင်**

**(ဆေးတက္ကသိုလ်)**

**23.10.2001**

**TUESDAY**

**4:20 P.M**



www.burmeseclassic.com